





# ရွှေသွေး
ဂျာနယ်

## ပေါင်းချုပ်

အတွဲ ၁။ အမှတ် ၁ မှ ၂၆







၁ နေ့ နေ့ တိုင်း ထုတ် ဝေ သည်။


## တို့ပြည် လွတ်လပ်ရေး

ပန်းချီ - ဦးဘကြည်

# ရွှေသွေး


ဂျာနယ်

အတွဲ ၁။ အမှတ် ၁။ ၄-၁-၆၉




ဇန်နဝါရီလ ၄ ရက်နေ့ဟာ ဗမာ့ လွတ်လပ်ရေးနေ့ဖြစ်လို့ တနိုင်ငံလုံးမှာ ပျော်ပွဲ၊ ရွှင်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ပြေး - ခုန် - ပစ်ပွဲတွေ ပြုလုပ်ကြတယ်ကွဲ့။



လွတ်လပ်ရေးလို့ ဘာလို့ခေါ်သလဲ သိလား။ ဒီလိုကွဲ့။ ဟိုအစတုန်းက ဗမာနိုင်ငံကို ဗမာမင်းများ အုပ်စိုးပြီး အေးအေး ချမ်းချမ်း နေလာကြသကွဲ့။
တခါကျတော့ အင်္ဂလိပ်က သေနတ်ပြပြီး ဗမာမင်းထံက သိမ်းယူလိုက်တယ်။
နှစ်အတော်ကြာမှ သခင်အောင်ဆန်းနဲ့ လူငယ် တစုဟာ တိတ်တိတ်လေး ထွက်ပြေးပြီး
ဂျပန်ပြည်မှာ စစ်ပညာသင်တန်း သွားတက်တယ်။ (အခုလို ကျောင်းတွေမှာ မသင်သေးလို့လေ)
ဗိုလ်တေဇ တဲ့ ဟေ့
စစ်တိုက်တတ်ရော ဂျပန်ပါခေါ်လာပြီး အင်္ဂလိပ် ကိုပြန်ချတော့တာဘဲ။




အင်္ဂလိပ် ပြေးတော့ ဗမာနိုင်ငံကို ဗမာ့မပေးဘဲ ဂျပန်က အပိုင်စီးထားပြန်တယ်ကွဲ့။



အဲဒီတုန်းကလဲ ဗိုလ်ချုပ်အောင်ဆန်းဟာ ခေါင်းဆောင်ပြီး ရှိတဲ့လက်နက်နဲ့ တော်လှန်တာဘဲ။



တဖက်ကလဲ အင်္ဂလိပ်က ဂျပန်ကိုဘဲ လိုက်တိုက်တယ်ကွဲ့။





စစ်လဲပြီးရော ဗမာနိုင်ငံထဲအင်္ဂလိပ်တွေ ပြန်ရောက်နေပြန်ရော (အရင်လိုဘဲ မောင်ပိုင်စီးမယ်ပေါ့လေ)




ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းဘဲ ခေါင်းဆောင်ပြီး ပြည်ထောင်စုသားတွေပါ ခေါ်ပြီးတော့ (ဒို့ပြည်-ဒို့ပြန်ပေး-ဒါဘဲ) လို့အတင်းပြောတော့တာဘဲ။


၁၉၄၈-ခုနှစ်
ဇန္နဝါရီလ-၄-ရက်
ကဲ ပါကွယ် အိမ်ပြန်တော့မယ်
တာ့ တာ သွားပေတော့
အင်္ဂလိပ်တွေလဲ လှည့်ပတ်လို့မရတဲ့ အဆုံးကျတော့ ဒီလူတွေ ပြန်ချလိမ့်မယ်လို့သိပြီး နံနက် ၄ နာရီ အချိန်မှာ ပြန်ထွက်သွားတယ်ကွဲ့။


ဒါပေမဲ့ဗိုလ်ချုပ်အောင်ဆန်း ခမျာလွတ်လပ်ရေး နေ့ကျတော့ မရှိတော့ဘူး။


သူ့ကျေးဇူးတို့ မမေ့နိုင်ကြလို့ ကြေးရုပ် ထုလုပ်ပြီး ကန်တော်ကြီးနားမှာ ထားတယ်။


တနိုင်ငံလုံး စည်းလုံးဖို့အတွက် ရန်ကုန်မြို့တော်ခန်းမမှာ ဗိုလ်ချုပ် နောက်ဆုံးဟောခဲ့တဲ့ ဟန်အတိုင်း ထုလုပ်ထားတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်က အဖိုးတန်တဲ့ စကားတွေအများကြီး ပြောခဲ့သကွဲ့။


ထမင်းစားဝိုင်း
မှာ
သတိပြုစရာ
ကဲကဲ စားကြတော့ စားကြတော့
ရှေးဦးစွာလူကြီးကို ဦးတင်ပြီးမှ စားသောက်ကြသည်။
အသံမမြည်စေနဲ့ဟဲ့
ပြွတ် ပြွတ်
ပါးစပ်မှ အသံ မမြည်စေရန်
မောင်လေးကလဲ နှုတ်ခမ်း ပါးနားတွေပေလို့ ရွံ့စရာကြီး
နှုတ်ခမ်းပါးနား မပေစေရန်
ဇွန်းကိုလဲ မပေတဲ့ ဘယ်လက်နဲ့ကိုင်မှပေါ့
ဇွန်းကိုညာလက်ဖြင့် မကိုင်ရန်
ထမင်းစားတာကလဲ ကြက်ယက် ထားတဲ့အတိုင်းပါဘဲလား လူလေး
ထမင်းလုံး ဖိတ်စဉ်ခြင်း မရှိစေရန်
ဒူးထောင်ပေါင်ကား မထိုင်ရန်နှင့်
မဟုတ်ဘူး
စကားလည်း တတွတ်တွတ်မပြောရန်
လူကြီးသူမများက ဆိုဆုံးမကြသည်။

# မြစ်ကြီးဧရာဝတီ

သရုပ်ဖော်-ဦးပေါကြီးအောင်



အတာတယောက် အလွန်ပျော်နေသည်။ ကျောင်းကြီးပိတ်ရက် အတွင်း သူ့အစ်ကို ထွန်းထွန်းတို့အဖွဲ့သည် ဧရာဝတီ လေ့လာရေးခရီးထွက်မည်။ ထိုအဖွဲ့တွင် အတာလိုက်ပါရန် သူ့မိဘများက ခွင့်ပြုလိုက်၍ ဖြစ်သည်။ အတာသည် ခရီးစဉ်အတွက် မြန်မာ နိုင်ငံ မြေပုံကားချပ်ကို လေ့လာ နေသော ထွန်းထွန်းနှင့် အဖွဲ့ခေါင်းဆောင် ဆရာဦးစိုးလွင်တို့လူစု အနီးတွင် ရစ်ဝဲရစ်ဝဲ လုပ်နေသည်။

တာ။ ။ဧရာဝတီ မြစ်ကြီးက အရှည်ကြီးဘဲ နော်။

ထွန်း။ ။အေး၊ မိုင် ပေါင်း ၁၃၅၀ ရှည်တယ်။ မင်းတို့ ကျောင်းမှာ သင်ရတယ် မဟုတ်လား။

တာ။ ။သင်တော့ သင်ရပါတယ်။ ဒါပေမဲ့ ကိုကို သိသလိုလဲ ပြောပြပါအုံး။

ထွန်း။ ။မင်းကလူရည်ချွန်ဖြစ်ဖို့ မှန်းနေတော့ အကြောင်းရပ်တခုကို ကျောင်းမှာသင်ထားတာထက် ပိုသိထားယင် ကောင်းတာပေါ့လေ။

ဆရာ။ ။ဒီလိုဆိုယင်ကွာ ဆရာပြောပြပါမယ်။ ကဲ နားထောင်။ ဧရာဝတီမြစ်ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၅ သန်းလောက် ကတဲက ပေါ်ပေါက် နေ ခဲ့တယ် လို့ ပညာရှင်တွေက ဆိုတယ်။ ဒါပေမဲ့ ခု အ တိုင်း တော့ မဟုတ်ဘူးပေါ့ကွာ။ ဒို့နိုင်ငံလဲ အဲဒီအခါကမပေါ်သေးဘူး။ ဒို့နိုင်ငံပေါ်ပေါက်လာ

ဖို့ ရောဝတီ မြစ်ကြီးက အများကြီးအလုပ်လုပ် ပေးရတယ်။ အခု ဒို့နေတဲ့မြစ်ဝကျွန်းပေါ် ဟာ ရောဝတီက တည်ဆောက် ပေးတာပေါ့။

တာ။ ။ရောဝတီ မြစ်ကြီးကို ဘာကြောင့် မြန်မာနိုင်ငံရဲ့ အသက်သွေးကြောလို့ ခေါ်တာလဲ ဆရာ။

ဆရာ။ ။ဒီမြစ်ကြီးဟာ ဒို့နိုင်ငံ အတွက် အင်မတန်အရေးပါတယ်။ မြစ်ကြောင်းဟာ ဒို့နိုင်ငံကို မြောက်ဖက်ကနေ ပြီးတော့ တောင်ဖက်ဆုံး အထိ တောက် လျှောက် ဖြတ် စီးတယ် မဟုတ်လား။ ဒါကြောင့် နိုင်ငံရဲ့ အထက်အောက်ကူးလူးဆက်ဆံရေး အတွက် အင်မတန် အသုံးဝင်တယ်။ မြောက်ပိုင်းသစ်တောက သစ်တွေ မျောချရတယ်။ အလယ် ပိုင်းနဲ့ မြစ်ဝ ကျွန်းပေါ်က ရေနံနဲ့ ဆန် စပါးတွေ သယ်ရပို့ရတယ်။ ဒါကြောင့် မြစ်ကြောင်း တလျှောက် အရောင်းအဝယ် ကောင်းတဲ့ ဆိပ်ကမ်း မြို့ကြီးတွေ ပေါ်ပေါက် ခဲ့တယ်။ ရှေးရှေးက မင်းနေပြည်တော် တွေဟာလဲ ရောဝတီမြစ်ကြောင်းကို မှီပြီး တည်ထားခဲ့ကြတယ်။


တာ။ ။ဒါဆက် ရောဝတီမြစ်ကြီးဟာ ကျွန်တော်တို့ နိုင်ငံထဲမှာဘဲ မြစ်ဖျား ခံတယ် နော်။


ဆရာ။ ။မှန်တယ်ကွဲ့။ ကချင်ပြည်နယ် မြစ်ကြီးနား မြို့ရဲ့ မြောက်ဖက် ၂၇မိုင်လောက် မှာ မေခနဲ့ မေလိခ မြစ်တို့ ပေါင်းမိရာက ရောဝတီ မြစ်ကြီး အစပြုတာ ဘဲ။ မြစ်နှစ်ခု ပေါင်းဆုံရာ အရပ်ကို “မြစ်ဆုံ” လို့ ခေါ်ကြတယ်။

တာ။ ။ကျွန်တော်တို့ ခရီးစဉ်က ဘယ်လိုလဲကိုကို။

ထွန်း။ ။မြစ် ဖျား ကို အ ရင် သွား လေ့လာမယ်။နောက် ပြီးမှ စုန်ဆင်းမယ်။ ဆရာက မြစ်ကြီးနားက မိတ်ဆွေတွေ နဲ့ စီစဉ်နေတယ်။

အတာတို့အဖွဲ့သည် မြစ်ကြီး နားသို့ မီးရထားဖြင့် သွားကြသည်။ နောက်တနေ့တွင် မြစ်ဆုံ သို့ သွားကြသည်။ ရှုမျှော်ခင်းများသည် တော တောင် အထပ်ထပ် နောက်ခံလျက် သာယာလှသည်။ ကျောက်ဆောင်များ အကြားမှ စီးဆင်းလာသော မေခနှင့် မေလိခမြစ်နှစ်သွယ်တို့ ပေါင်းဆုံရာ၌ ဝဲဂယက်ကလေးများ ထနေသည်။ ထိုနေရာ၌ ရေကလည်း မနက်လှ၊ ရေပြင်ကလည်း အေးမြကြည်လင်သည်။ ရောင်စုံကျောက်တုံးကလေးများ ရေအောက်၌ သဘာဝအတိုင်း ရှိနေကြသည်ကလည်း တမျိုးလှပသည်။ အတာတို့သည် အမှတ်တရ ယူသွားရန် ကျောက် တုံး က လေး များ ကောက်ကြသည်။ ဓာတ်ပုံများ ရိုက်ကြသည်။ (ဆက်ရန်)




အာချိန်နှင့်လူသား
သမိုင်းမတင်မီခေတ်က လူတို့သည် နေရောင်ကြောင့် ဖြစ်ပေါ်လာသော တိုင်တတိုင်၏ အရိပ်အတိုအရှည်ကို ကြည့်၍ အချိန်ကို သတ်မှတ်ခဲ့ကြ၏။
သဲနာရီ တွင် ဖန်ဗူး အောက်ဖက်သို့ သဲအကုန် ကျသွားခြင်းကို မှတ်၍ အချိန် တိုင်းတာသည်။ မိုး အုံ့နေသည့် အခါနှင့် ညဥ့်ဖက်တွင် အသုံး ပြု နိုင်သည်။
ထိုနောက် နေနာရီ ကို တီထွင်ကြ၏။ နေနာရီတွင်လည်း နေရောင်ကြောင့် ဖြစ်ပေါ် လာသော အရိပ်ဖြင့်ပင် အချိန်ကို သတ်မှတ်ခဲ့ ကြသည်။
ဖယောင်းတိုင်နာရီတွင် တမှတ်ပြီး တမှတ် မီးလောင်သွားသည့် အချိန်ကိုယူ၍ အချိန်ကို တိုင်းတာသည်။



မြန်မာဘုရင်များ လက်ထက်က အချိန်သတ်မှတ်ရာ၌ **ရေနာရီ**ကို အခြေပြုထားသည်။ သတ်မှတ်ထားသော အပေါက်ကလေးပါသည့် ကြေးဖလားကို ငွေအင်တုံထဲရှိ ရေထဲ၌ ချထားသည်။ ဖလားတွင် ရေတခါပြည့်၍ နစ်သွားသော အချိန်မှာ မြန်မာ တနာရီဖြစ်၏။ ငွေမောင်းတီးပြီး အချက်ပေးရသဖြင့် တမောင်းဟုလည်း ခေါ်သည်။ ခုနစ်မောင်းခွဲ စေ့ရောက်သည့်အခါ တပဟိုရ် တီးခတ်ရလေသည်။

ရှေးက **နှိုးစက်နာရီ**ပုံ ဖြစ်၏။ ကြိုးကို မီးလောင်သောအခါ သတ္တုဘောလုံးများ ကျသဖြင့် အသံ မြည်သည်။

**ချိန်သီး နာရီ**တွင် အောက်သို့ တွဲလောင်း ချထားသော အလေးတုံးဖြင့် နာရီစက်ကို လည် စေ သည်။

စက်အားဖြင့် သွားသော ဤရှေးဦးပေါ် **စက်နာရီမျိုး**ကို ဂျာမနီနိုင်ငံ၌ ပထမဦးဆုံး တီထွင်ခဲ့လေသည်။


ဟိုမှာ မိန်းမကြီး တယောက် လာနေပြီ၊ နောက်ကြရအောင် ဟ -
ကြွက်လေး - ကြွက်လေး -
ဟား - ဟာ - ဟား -
ဟီး - ဟီး - ဟီး -
ဟား - ဟား - ဟား -


ကျမအိုးလေးပေးပါ-
ကျမအိုးလေးပေးပါ-
ဟား - ဟား -


ဖိုးပေကွ ဖိုးပေကွ
ဟေ့-ဟေ့-ဖိုးပေ ပထမ ပန်းဝင်ပြီ-



# တုတ်ထောက်ခုန်

"မြန်မြန်ပြေး၊ ဝေးဝေးပစ်၊ မြင့်မြင့်ခုန်" ဟူ၍ အားကစားသမားတို့ လက်သုံးစကားရှိသည်။

ပြေးခုန်ပစ် ပြိုင်ပွဲများ၌ ခုန်ခြင်း အမျိုးမျိုးရှိသည့်အနက် တုတ်ထောက်ခုန်ခြင်းသည် တမျိုးပါဝင်၍ အမျိုးသားများသာ ပြုလုပ်သော ကစားနည်းဖြစ်သည်။

တုတ်ထောက် ခုန်နိုင်ရန် အားရှိဖို့လိုသည်။ အလေ့အကျင့် များစွာရှိဖို့လိုသည်။ ဇွဲရှိဖို့လိုသည်။ သို့မှသာ အောင်မြင်နိုင်သည်။

မြန်မာ့သမိုင်း ပုံပြင်များတွင် ကျန်စစ်သားသည် ဆူးစည်းရိုးကာထားသော သခွားယာတောတခုတွင်းသို့ ခုန်ဝင်ခဲ့ဘူးသော အဖြစ်အပျက်တရပ်ရှိသည်။ သခွားယာတောမှာ ထီးလှိုင်ရှင်သူကြီး၏ ယာတောဖြစ်၍ ဆင်တရပ်ခန့်မြင့်အောင်ကာထားသည်။ ဆူးခြံတွင်းမှ သခွားသီးကို ရေတော်၍လာသော ကျန်စစ်သားကတောင်းရာ ယာတောရှင်က "ငါကဲ့သို့ ခွန်အားဖြင့် ခုန်ဝင် ခုန်ထွက် နိုင်လျှင် စားတော့" ဟု ဆို၏။ ထိုအခါ ကျန်စစ်သားသည် လှံကိုထောက်၍ ခုန်ဝင်ပြီး သခွားသီး များကို စားကာ လှံဖြင့်ထောက်၍ပင် ခုန်ထွက်ခဲ့သည်။

ယခုခေတ် ပြေးခုန်ပစ်ပြိုင်ပွဲများ၌ ဆင်တရပ်ခန့်မြင့်သောတန်းကို တုတ်ထောက်၍ ခုန်နေကြလေပြီ။ တုတ်ထောက်ခုန်ပြိုင်ပွဲများတွင် ရှေးကဝါးလုံးကိုထောက်၍ခုန်သည်။ နောင်အခါ သစ်သားချောင်း၊ သတ္တုချောင်းများကို အသုံးပြုလာကြပြီး ယခုသော် ဖိုင်ဗာဂလပ်ခေါ် ဖန်ဖြင့်ပြုလုပ်ထားသော တုတ်ကို အသုံးပြုကြသည်။

အမြင့်ဆုံး တုတ်ထောက် ခုန်နိုင်သူများ၏ ခုန်ကျော်နိုင်သော အမြင့်ကို မှတ်သား၍ စံချိန်တင်ထားလေ့ရှိသည်။ ၁၉၆၄ ခုနှစ် အိုလံပစ်တွင် အမြင့်ဆုံးခုန်နိုင်သူမှာ အမေရိကန် နိုင်ငံသား ဟန်ဆင်ဖြစ်သည်။ သူ၏စံချိန်မှာ ၁၇ ပေ၊ ၄ လက်မ ဖြစ်သည်။ အာရှတိုက်မှ ဂျပန်အမျိုးသား ယာဆူးဒါး၏ စံချိန်မှာ ၁၃ ပေ နှင့် ၈ ၁/၈ လက်မဖြစ်သည်။ မြန်မာနိုင်ငံမှ စိုးမရ၏ စံချိန်မှာ ၁၂ ပေ နှင့် ၁၀ ၁/၄ လက်မဖြစ်သည်။




# ကျောင်းမပြေးတော့ပါ

ကျွန်တော် ရေကူးတတ်ချင်ပါသည်။ ရေကူးချန်ပီယံ တင်မောင်နီလို ရွှေတံဆိပ် ရချင်ပါသည်။ သို့သော် ကျွန်တော် ရေ မကူးတတ်ပါ။ သင်ပေးမည့်သူမရှိ၍ မတတ်ပါ။ ကျွန်တော်တို့ အတန်းထဲမှ မမြင့်မြင့်သည် ရေကူးအသင်းဝင် ဖြစ်ပါသည်။ ရေကူး ကျွမ်းကျင် နေပါသည်။ ရေကူး ပြိုင်ပွဲများတွင် ဆုရဘူးပါသည်။

တနေ့သောအခါ တာတွတ်က ကျွန်တော့်ကို ကန်တော်ကြီးကို လိုက်ခဲ့ရန် ခေါ်ပါသည်။ရေကူးကြမည်ဟုလည်း ပြောပါသည်။ တာတွတ်က ကျွန်တော့်ကို ရေကူးတတ်အောင်သင်ပေးမည်ဟုလည်း ပြော ပါ သည်။ တာတွတ်က –

“ငါတို့ အိမ်က ကန်တော်ကြီးကို မသွားရဘူးလို့ ပြောထား တယ်။ အဲဒါ ဒို့ ဒီနေ့ ကျောင်းပြေးပြီး သွားကြမလို့ မင်းလိုက်ခဲ့ပါလား။ မြင့်မြင့်တို့ ရေကူးကန်ကိုလဲ ငါတို့ သွားကြမယ်၊ တိရစ္ဆာန်ရုံကိုလဲ ရောက်မယ်၊ လိုက်ခဲ့ပါကွယ် ညီညီရာ ပျော်စရာ သိပ်ကောင်းတာဘဲ” ဟု ပြောပါသည်။ ကျွန်တော် လိုက်တော့ လိုက်ချင်ပါသည်။ သို့ပေမဲ့ ဆရာကြီး ကိုလည်း ကြောက်ပါသည်။

“လာပါကွာ၊ မင်းကလဲ တခါတလေ သွားကြတာဘဲဟာ ဘယ်သူမှမသိပါဘူး” ဟု ကျော်ခင်က ကျွန်တော့်ကို ပြောပါသည်။ အခြား သူငယ်ချင်းများကလည်းကန်တော်ကြီးကို လိုက်ဖို့ အတင်း ခေါ် နေကြပါသည်။ ထို့ကြောင့် ကျွန်တော် လိုက်သွားမိပါသည်။ ကျွန်တော်တို့ အားလုံး ငါးယောက် ဖြစ်ပါသည်။ လွယ်အိတ်များကို တာတွတ်က လက်ဖက်ရည်ဆိုင် တဆိုင်တွင် အပ်ထား ခဲ့ပါသည်။ ကျောင်း ပြေးဘူး၍ တာတွတ် အကုန်လုံး လုပ်တတ် နေပါသည်။

တာတွတ်တို့သည် ကျောင်းပြေးဘူးနေ၍ ပျော်နေပုံ ရပါသည်။ ကျွန်တော်ဖြင့် ကြောက်နေပါသည်။ လမ်းတွင် ဖေဖေ့မိတ်ဆွေ တယောက်နှင့် တွေ့နေ၍ ကျွန်တော်ပုန်းနေရပါသည်။ ကျွန်တော့်ကိုမမြင်၍ သက်သာရာ ရခဲ့ပါသည်။အကယ်၍ တွေ့ရှိသွားပါလျှင် ဖေဖေ့ကို တိုင်ပြောပေ လိမ့်မည်။ ယခုကဲ့သို့ ကျောင်းပြေးခြင်းကို ဖေဖေ သိပါလျှင် ကျွန်တော့်ကို ရိုက်ပေလိမ့်မည်။

တာတွတ်တို့ ပျော်ပေမဲ့ ကျွန်တော်မပျော်ပါ။ ကျောင်းသို့ ပြန်ချင်ပါသည်။ ကျွန်တော်တို့ ကန်တော်ကြီးကို ဦးစွာသွားကြပါသည်။ ကန်တော်ကြီးမှ တာတွတ်တို့ ပန်းများခူးလာကြပါသည်။ လူကြီးတယောက်က ပန်းမခူးရန် ကျွန်တော်တို့အား တားပါသည်။ “ပန်းမခူးရ” ဟူသော ဆိုင်းဘုတ်ကိုလည်း တွေ့ရပါသည်။ သို့သော် လူကြီး အလစ်တွင် တာတွတ်တို့ ပန်းများ ခူးလာ ကြပါသည်။ ပန်းခူးပြီးလျှင် ကျွန်တော်တို့ ကန်စပ်ကို သွားကြ ပါသည်။ ကန်စပ်သို့ ရောက်ကြလျှင် တာတွတ်တို့သည် အင်္ကျီလုံချည်များကိုချွတ်၍ ကုန်းပေါ်တွင် စုပုံပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချ ကြပါတော့သည်။ ရေမကူးတတ်၍ ကုန်းပေါ်မှ ကျွန်တော်ထိုင်ကြည့်နေပါသည်။

“ဟော့ကောင် ညီညီ လာပါ

ကွ၊ ငါသင်ပေးပါ့မယ်”ဟု တာတွတ်က ရေထဲမှ လှမ်းခေါ်ပါသည်။ ကျွန်တော် ရေထဲဆင်းရန် ကြောက်နေ၍ ငြင်းလိုက်ပါသည်။ ကျွန်တော် ထိုင်နေသော သစ်ပင်ကြီး ပေါ်တွင် “ရေမကူးရ” ဟူသော ဆိုင်းဘုတ်ကြီးကို မြင်ရပါသည်။ ထိုဆိုင်းဘုတ်ကြီးကို မြင်မှ အကိုကြီးပြောသော စကားများကို ကျွန်တော် သတိရကြားယောင်မိပါသည်။

“ငါတို့ ဗမာတွေဟာ စည်းကမ်း သိပ်ပျက်ကြတယ်ကွ ညီထွေးရ။ ပန်းမခူးရဆိုတဲ့ နေရာမှာ ပန်းခူးကြတယ်။ ငါးမမျှားရဆိုတဲ့ နေရာမှာ ငါးမျှားကြတယ်။ ရေမကူးရဆိုတဲ့နေရာမှာ ရေကူးကြတယ်။ တကယ်တော့ ဒီလို တားမြစ်ထားတာတွေဟာ ကောင်းစေ ချင်တဲ့ သဘောဘဲ ညီထွေး။ ဒါပေမဲ့ အချို့က စည်းကမ်းဖောက်တယ်၊ မလိုက်နာကြဘူး။ ဒါကြောင့်လဲ ဒုက္ခတွေ့ကြရတာပေါ့။ ဒီတော့ မင်းလိမ္မာပါကွာ၊ စည်းကမ်းရှိတဲ့ လူကလေးတယောက် ဖြစ်အောင် ကြိုးစား ပါ”ဟု ကျွန်တော့်ကို ဆုံးမဘူးပါသည်။

ထိုသို့ အကိုကြီးစကားများကို ကျွန်တော် ပြန်လည် တွေးနေစဉ် -

“ကယ်ကြပါအုံး ဗျို့” ဟု အော်ဟစ်နေကြသော သူငယ်ချင်းများ၏ အသံကိုကြားရပါသည်။ သူတို့အားလုံး ကုန်းပေါ် တက်လာပြီး အော်ဟစ်အကူအညီ တောင်းနေ ကြပါသည်။ တာတွတ် ရေနစ်နေခြင်း ဖြစ်ပါသည်။ ထိုစဉ်လူကြီးနှစ်ယောက် ရောက်လာပြီး ရေနစ်နေသော တာတွတ်ကိုကယ်လိုက်ပါသည်။ တာတွတ် မေ့နေပါသည်။ ကျွန်တော် အလွန် ကြောက်မိပါသည်။ မကြာမီ လူကြီးများက ကျွန်တော် တို့ကို ကျောင်းသို့ ပြန်ပို့ပေးပါသည်။

နောက် တနေ့တွင် ကျွန်တော်တို့အားလုံး အရိုက်ခံကြရပါသည်။ တာတွတ် အရိုက်မခံရပါ။ နေမကောင်းသေး၍ ဆရာကြီးက မရိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့နောက်ကျောတွင် “ကျောင်းပြေး”ဟု ရေးထားသော စာရွက် တရွက်ကို ကပ်၍ အတန်းတိုင်း ဝင်ပြရပါသည်။ ကျွန်တော် အလွန် ရှက်ပါသည်။ တကျောင်းလုံး ကလည်း “ကျောင်းပြေး၊ကျောင်းပြေး”ဟု ဝိုင်းလှောင် ကြပါသည်။

ကျွန်တော့် အိမ်က လည်း ကျွန်တော့်ကို ကျောင်းပြေး၍ ရိုက်ပါသည်။

ထို့ကြောင့် နောက်နောင်ကို ကျွန်တော် ကျောင်းမပြေးတော့ပါ။

ကွန်းဇော်၏

၁၉၆၇၊ အမျိုးသား စာပေဆုရ “မောင်ညီညီ၏ပုံဝတ္ထုတိုများ”စာမူမှ

❖❖❖❖❖❖❖❖❖




## အောင်လံ

အနီရောင်ဇာနည်သွေး၊
ငါတို့အလံလေး။
အပြာရောင်က စိတ်မြတ်မွန်၊
ငါတို့အောင်လံ ဘယ်ဖက်စွန်။
ငါးထောင့်ချွန်ကြယ်ပွင့်များ၊
အပြာရောင်ကို နောက်ခံထား။
ကြယ်ကြီးတလုံး ပတ်ပတ်လည်၊
ငါးပွင့်ကြယ်တွေဝန်းရံတည်။
တို့ပြည်ထောင် ဒီသဘော၊
ကြယ်ခြောက်ပွင့်ကပြော။
ညီညီထွေး မှတ်စေချင်၊
အထွတ်အမြတ် အောင်လံပင်။
နေ့စဉ်ကွယ်အလေးပြု၊
ညီထွေးရှိသေမှု။

မောင်ထွန်းရီ၏

၁၉၆၇၊ အမျိုးသားစာပေဆုရ “ညီထွေးလိမ္မာကဗျာများ”စာမူမှ






ရန်ကုန်မြို့၊ ၅၂၉ – ၅၃၀ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးသင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စ နေ နေ့ တိုင်း ထုတ် ဝေ သည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၁။ အမှတ် ၂။ ၁၁-၁-၆၉

## ဗိုလ်ချုပ်၏ အမှာစကား

ပန်းချီ ဦးဘကြည်



ဗိုလ်ဗိုလ်ချုပ် အောင်ဆန်း ဟာ လူထုကို မကြာမကြာ ဆုံးမခဲ့တယ်ကွဲ့။



သူ့စကားတွေဟာ သီချင်းတွေဖြစ်လာပြီး လူကြီး လူငယ်မရွေး သီဆိုကြတယ်။ အတော် ခေတ်စားခဲ့တယ်ကွဲ့။



"အပျော်အပါး လျှော့ပါ" ဆိုတာက ဒီလိုကွဲ့။ အဲဒီခေတ်တုန်းက ခုနစ်ရက်တခါ မြင်းပြိုင်ပွဲလုပ်ပြီး ငွေတွေ သိန်းနဲ့ချီပြီး လောင်းကစားတာတွေ



ဇကာဇာ ပျော်ပွဲစားထွက်ပြီး မဲဒိုက် - အရက်သောက် - အလကားဆူပူတာတွေ




ဗမာ့ယဉ်ကျေးမှုနဲ့ လုံးဝဆန့်ကျင်တဲ့ အနောက်တိုင်းဓလေ့ဖြစ်တဲ့ မိန်းမ-ယောကျ်ား တွဲကတာတွေဟာ




အချိန်ကုန် ငွေကုန်ပြီး အကျင့်ပျက်လို့ အဲဒီအချိန်တွေ ငွေတွေကို လွတ်လပ်ရေးရအောင်လုပ်တဲ့နေရာမှာ သုံးဖို့လိုတယ်လို့ ဆိုလိုတာဘဲ။




“စည်းလုံးကြပါ” လို့လဲပြောခဲ့တယ်။ အဲဒါက ပြည်ထောင်စု တိုင်းရင်းသား အားလုံးဟာ တပေါင်းတစည်းတည်း ညီညီညွတ်ညွတ်နဲ့ လွတ်လပ်ရေး ကိုသာ ဦးတည်တိုက်ယူပြီး လွတ်လပ်ရေးရပြီးယင်လဲ တသက်လုံး မိသားစုတစုတည်းလို နေကြပါလို့ ဆိုလိုတာဘဲ။




“နွားကွဲ ကျားကိုက်” လို့ ဗမာစကား ရှိတယ်။ နွားကို ကျား လာချောင်းတဲ့အခါ နွားလေးကောင်စလုံး ညီညွတ်နေတော့ ကျားဟာ အနားမကပ်နိုင်ဘူးကွဲ့။



တကောင်ချင်း တကိုယ်တည်းနေတော့ ကျားက တကောင်ချင်း လာကိုက်စားတာပေါ့။ အဲဒါဟာ ဥပမာတခုဘဲ။




လွန်ဆွဲတဲ့အခါ လူတိုင်းဟာ မပေမကတ်ဘဲ တစည်းတလုံးတည်းဆွဲမှ နိုင်နိုင်တယ် မဟုတ်လား။



ဘောလုံး ကန်ရာမှာလဲ စည်းလုံးညီညွတ်မှ အပေးအယူ ကောင်းပြီး နိုင်နိုင်တယ် မဟုတ်လား။



"ဝီရိယ ရှိရမယ်"တဲ့။ ကျောင်းသားတွေသာ စာကျက်ရတာ မဟုတ်ဘူး။ စာပြတဲ့ ဆရာ ဆရာမတွေလဲ စာသင်ပြနိုင်အောင် ကြိုးစား ရတယ်။
လယ်သမား ဦးကြီးတွေလဲ မိုးတွေ လေတွေထဲမှာ ကြိုးစားပြီး ထွန်ယက် စိုက်ပျိုးရတယ်။ ဒါမှ ဒို့တတွေစားဖို့ ထန်ရမှာပေါ့။
ရဲဘော်တွေလဲ အထုပ်အပိုးတွေ၊ လက်နက်တွေနဲ့ တောကြီးထဲမှာ ရန်သူတွေကို ကြိုးစားနှိမ်နင်းရတယ်။ တိုင်းပြည် အေးချမ်းအောင်။
ရေ လုပ်သားကြီးတွေလဲ နေ့ညမရွေး ရေထဲမှာ ငါးဖမ်းရတယ်။ အားလုံး ငါးဟင်း စားရအောင် ကြိုးစားတာတဲ့။
အေးသေးသည်
ပူသေးသည်
မိုးချုပ်သေးသည်
စောသေးသည်
ဆာသေးသည်
ပြည့်အင့်သေးသည်လို့
ဆိုပြီး မကြိုးစားဘဲနေခဲ့ယင် ငါတို့ဟာ ခုထက်ထိ လွတ်လပ်ကြအုံးမှာ မဟုတ်ဘူးကွဲ့။




"စည်းကမ်းရှိရမယ်"တဲ့။ လမ်းပေါ်မှာ စည်းကမ်း မရှိကြယင် ကားတိုက်မှု ဧကန္တ ဖြစ်မှာပေါ့။




အစား စည်းကမ်းမရှိယင် ဗိုက်နာမယ်၊ ပျားမယ်၊ သေတောင် သေနိုင်သေးတယ်။



စာကျက်ချိန် စည်းကမ်းမထားဘဲ အရုပ်ထဲလည်ပြီး သီချင်း လျှောက်အော်ဆိုနေယင် နောက်ဆုံး စာ ဘယ်တတ်မလဲ။



ကစားချိန် ကစားပြီး၊ စာကျက်ချိန် စာကျက်၊ အိပ်ချိန် အိပ်ပြီး၊ စားချိန်မှာ စားတဲ့ စည်းကမ်းရှိယင် ကြီးပွားမှာဘဲ။



ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီလို ဆုံးမခဲ့တယ်။ ကိုယ်တိုင် စစ်တိုက်ခဲ့တယ်။ ကိုယ်တိုင် လွတ်လပ်ရေး တောင်းဆိုခဲ့တယ်။




ဒါတွေကြောင့် ငါတို့ဟာ အခု လွတ်လပ်ရေးအကျိုး ခံစားနေရတော့ သူ့စကားတွေကို ဘယ်တော့မှ မမေ့အပ်ဘူးကွဲ့။


သွားမတိုက်ချင်
မုန့်တွေစားပြီး သွားကိုလဲ
တိုက်အုံးနော် နီတွတ်
နီတွတ်သည် သူ့အမေထံမှ မုန့်ဖိုးတောင်းပြီး အစားအစာ
အမျိုးမျိုး ဝယ်စားလေ့ရှိ၏။
သွားမတိုက်ချင်ဘူး မေမေ
မနက်ကျ ယင် ဘာမို့
ဈေးမှာလဲ
နီတွတ် သွား မတိုက်
ဘူးတဲ့ ဗွ
နီတွတ်၏ အသံကို သွားပိုးများ ကြားသွားလေရာ —
ထိုညနေ
ရှေ့သွားတချောင်း
အံသွားတချောင်း
ဟာ!
သွားတွေ
မရှိတော့ဘူး
ညတိုင်း သွားပိုးများလာ၍ ဖျက်ဆီးကြသဖြင့် နီတွတ်
ခမျာ "သွားကျိုးလေး" ဖြစ်သွားရှာလေ၏။




**ယခင်အပတ်မှ အဆက်**

ဆရာ ဦး စိုး လွင် က "ကြည့် ကြစမ်း၊ အခု စီးဆင်း နေတဲ့ ရေတွေဟာ တို့ ပြည်ထောင်စု ကြီးအတွက် အလုပ် လုပ်ပေးဖို့ စီးဆင်းသွားတဲ့ ရေတွေဘဲ။ ဒီ မြစ်ကြီးဟာ တို့ပြည်ထောင်စု ကို အင်မတန်အကျိုးပြုတဲ့ မြစ် ကြီး။ တို့တတွေ အင်မတန်ဂုဏ် ယူရတဲ့ မြစ်ကြီးကွဲ။ ဧရာဝတီ ကြီးဟာ တို့တိုင်းရင်းသား စစ် စစ်ကြီးဆိုတာကိုကော မင်းတို့ သတိထားမိကြရဲ့လား"

အတာ။ ။ပြောပြပါ ဆရာ။

ဆရာ။ ။ဧရာဝတီ မြစ် ကြီး ဟာ တို့ နိုင် ငံတွင်း မှာ ဘဲ မြစ်ဖျားခံတယ်။ တို့နိုင်ငံ တွင်းမှာ ဖြတ်စီးတယ်။ တို့ နိုင်ငံ တွင်းမှာဘဲ အဆုံး သတ်တယ်။

နောက်ပြီးတော့ ဧရာ ဝတီကြီးက တို့ပြည်ထောင်စု သားတွေဟာ တမြေထဲနေ၊ တ ရေ ထဲ သောက် တွေ ဆို တာကို ထင်ထင်ရှားရှားပြ ထား တယ်။ ကြည့် စမ်း။ ဟောဒီ ကချင်ပြည်နယ်မှာ

ဖြစ်ဖျားခံတယ်။ နောက်တော့ တောင်ဖက်ကို စီးလာတယ်။ မိုးပါး ရေရှားရပ်ဝန်းကို ဖြတ်တဲ့အခါ ချင်း ဝိသေသတိုင်း ဖက်ကလာတဲ့ ချင်းတွင်း မြစ်ကြီးက စီးဝင်တယ်။ ရှမ်းပြည်ဖက်က တပိန်မြစ်၊ ရွှေလီမြစ်၊ မြစ်ငယ်မြစ်တို့ စီးဝင်တယ်။ အောက်ဖက်ဆင်းလာတော့ ရခိုင်ရိုးမဖက်ကလာတဲ့ မုန်းချောင်းတို့ စီးဝင်တယ်။ နောက်ဆုံးမှာ မွန်၊ မြန်မာ၊ ကရင်တို့ရဲ့ဒေသ မြစ်ဝကျွန်းပေါ်ကို ဖြတ်ပြီးတော့ ဗင်္ဂလားအော်ထဲ စီးဝင်တယ်။ အဲဒီတော့ ပြည်ထောင်စုရဲ့ ပြည်နယ်တွေက ရေတွေဟာ ဧရာဝတီထဲမှာ လာပြီး ပေါင်းဆုံမနေပါလား။ တို့ သောက်သုံးနေတဲ့ ဧရာဝတီမြစ်ရေ တွေဟာ ပြည်ထောင်စု အရပ်ရပ်က ပေါင်းစီးလာတဲ့ရေတွေဘဲ။

အတာ။ ။ဒီမြစ်ဆုံက နေပြီးတော့ အထက်ကို တက်သွားယင် ဘယ်ကိုရောက်မလဲဆရာ။

ဆရာ။ ။တြိဂံ နယ်မြေကို ရောက်သွားမယ်။ တြိဂံနယ်မြေဆိုတာ မေခနဲ့ မလိခ မြစ်နှစ်မြစ် ဆုံတွေ့ပြီးတော့ ဧရာဝတီမြစ် ဖြစ်ပေါ်ဖို့ တဖြေးဖြေး ချဉ်းကပ်လာတဲ့ အဝန်းအဝိုင်း နယ်မြေပေါ့။ အဲဒီနယ်မြေဟာ သုံးမြှောင့် ပုံသဏ္ဌာန်နဲ့ ဆင်ဆင်တူလို့ တြိဂံနယ်မြေလို့ ခေါ်ကြတယ်။ ပူတာအိုမြို့ဟာ အဲဒီ တြိဂံ နယ်မြေမှာ ရှိတယ်။

အတာ။ ။အဲဒီကိုကျွန်တော်တို့ သွားကြမလား ဆရာ။ မြစ်ကြီးနားမှ မိတ်ဆွေ ဦးနော်

ဒွတ်။ ။အဲဒီကို သွားဖို့က မလွယ်လှဘူးကွဲ့။ တနေ့ထဲနဲ့လဲ မရောက်နိုင်ဘူး။

အတာ။ ။မော်တော်ကားနဲ့ သွားရသလား ဦးလေး။

ဒွတ်။ ။အေးကွဲ့။ မြစ်ဆုံ မရောက်ခင်ကလေးမှာ တို့တွေ့ခဲ့တဲ့ တန်ဖို့ရွာကနေ မော်တော်ကား လမ်းဟာ ဆက်သွားတယ်။ ဆွမ်ပရာဗွမ်ကို အရင် ရောက်ပြီးမှ ပူတာအိုကို ရောက်တယ်။ အင်မတန် တောတောင်ထူထပ်တဲ့ ဒေသဘဲကွဲ့။


အတာ။ ။အဲဒီ ဒေသမှာ ဘယ်သူတွေ နေသလဲ ဦးလေး။


ဒွတ်။ ။ခန္တီးရှမ်း၊ ဂျိန်ဖော့၊ လီဆူ၊ ဝရမ်တွေ အနေများပါတယ်။


အတာ။ ။ကချင်ပြည်နယ်ရဲ့ တခြား တိုင်းရင်းသားတွေ အကြောင်း ပြောပြပါလား ဦးလေး။

ဒွတ်။ ။ပြောပြရတာပေါ့ကွယ်။ တို့ကချင်ပြည်နယ်မှာ ပြောခဲ့တဲ့ တိုင်းရင်းသား လူမျိုးတွေအပြင် ဟို မြောက်ဖက် ရေခဲ တောင်ကြီးတွေ ခြေရင်းမှာနေကြတဲ့ ထရုံလူမျိုး၊ သူတို့က လူပုကလေးတွေကွဲ့။ နောက်ပြီးတော့ အရှေ့မြောက်နယ်စပ် တောင်တန်း ဒေသမှာ လရှီ လူမျိုးတွေ ရှိတယ်။ လရှီနဲ့ ဝရမ် လူမျိုးတွေဟာ လောခေါင် တောင်တန်း တလျှောက်မှာလဲ နေကြတယ်။ လောခေါင် ဆိုတာ မြစ်ကြီးနားရဲ့အရှေ့မြောက် ဖက်မှာရှိတယ်။ အဇီး လူမျိုးတွေကတော့ မြစ်ကြီးနားခရိုင်နဲ့ နီးတဲ့ တောင်တန်းတွေမှာ နေကြတယ်။ မြစ်ကြီးနား အရှေ့ဖက်မှာရှိတဲ့ ဆဒုံးတို့၊ စိန်လုံတောင်တန်းတို့၊ ဆမား တောင်တန်းတို့မှာ သူတို့ ပြန့်နှံ့နေကြတာပေါ့။ ကဲ ကျေနပ်ပလား။

အတာ။ ။ကျေးဇူးတင်ပါတယ် ဦးလေး။




ရေ
ဤကမ္ဘာကြီးတွင် ရေပိုင်းသည် ငါးဆရှိ၍ ကုန်းပိုင်းသည် နှစ်ဆသာရှိသည်။
လူ၏ကိုယ်ခန္ဓာတွင် ရေသည် သုံးပုံနှစ်ပုံပါရှိသည်။
ရေ
သီးနှံများတွင်လည်း ရေ သုံးပုံနှစ်ပုံ ပါရှိသည်။
ရေ
ရေ
ရေ
ကူးသန်း ရောင်းဝယ်ရေးတွင် ရေလမ်းခရီးသည် အလွန်အရေးပါ၏။
အဝတ်အစား သန့်ရှင်းရေး
အစားအစာ ချက်ပြုတ်ရေး၊ သန့်ရှင်းကျန်းမာရေးအတွက် ရေလိုသည်။


လယ်ယာစိုက်ပျိုးရေးတွင်လည်း ရေမရှိလျှင်မဖြစ်။
လျှပ်စစ်ဓာတ်ကိုလည်း ရေအားဖြင့် ထုတ်ယူ နိုင်သည်။
မီးလောင်လျှင်လည်း ရေဖြင့်ပင် ငြိမ်းသတ်ရသည်။
ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တမနက် ဟူ၍လည်း ဆိုရိုးစကား ရှိသည်။
ရေလှူလျှင် အကျိုးဆယ်ပါး မတောင်းပဲနှင့် ပြည့်သည် ဟူ၍လည်း ဆိုသည်။
သာဓု၊ သာဓု သာဓု
ဤမျှ အသုံးဝင်လှသော ရေကို အကျိုးမဲ့ မဖြုန်းတီးရ။


ထမင်းဟင်း
ချက်တာ
လွယ်ပါတယ်
အဩနှင့် အမော ပါဝင်သည်
အရေးကြီးတဲ့ ကိစ္စနဲ့ မေမေ မြို့ထဲသွားစရာရှိတယ်.. ကွယ့်.. ကောင်းကောင်းနေကြနော်..
ဟုတ်ကဲ့ မေမေ
မေမေ မြန်မြန် မြန်ခဲ့ပါနော်
ဒါနဲ့ မေမေ မန္တလေးက ဒီည မြန်ရောက်ယင် ကျနော်တို့ ကစားစရာတွေပါမှာဘဲနော်
ဒါပေါ့ကွယ်.. ကဲ... မေမေ သွားမယ်
ညနေ
မိုးချုပ်တော့မယ် မေမေလဲ မလာ သေးဘူးကွယ်
မေမေလာတော့ အသင့်စားရအောင် ညို ချက်ပြုတ်ထား ကြမယ်ဟေ့
မေမေ ချက်တာ ပြုတ်တာ ညို မြင်နေတာဘဲ. လွယ်လွယ် ကလေးပါ... ဆန်ကို ဒီလို ဆေး.... နင်က မီးမွှေး..
ထင်းပေါ် ရေနံဆီ လောင်းပြီး မီးရှို့ လိုက်ရုံပေါ့. ဘာ ခက်သလဲ
ဟား.. ဟား... နင့်မျက်နှာ မလဲ မီးခိုးတွေ ပြာတွေနဲ့ မဲသဲနေပါလား
မီးမွှေးတာ မလွယ်ပါလား


ရေဆွဲပြီး သယ်ထည့်မှ
ဟောဗျ
ကြိုးစ လက်က လွတ်သွားပြီ
ထမင်းအိုးတောင် ဆူနေပြီ အဖုံးဖွင့်… အမေ့
လက်နှီးနဲ့ မကိုင်ဘဲ ဖွင့်တာကိုး ပူမှာပေါ့
ထမင်းက ရေနဲလို့လား မသိဘူး ခန်းသွားပြီ
လွယ်ပါတယ် ဟယ် ရေခန်းယင် ရေထပ် ထည့်လိုက်ပေါ့
နောက်
ထမင်းတော့ ကျက်ပြီ ဘူးစော်နံ့တာက ခက်တယ်
ကဲဟေ့ ဟင်းအတွက် ဘဲဥကြော် ရအောင်..
ဆီထဲ ကြက်သွန်နဲ့ ဘဲဥထဲ့ မွှေရုံဘဲ မေမေက ကြာကြာမွှေမှ ကောင်းတယ် လို့ပြောဘူးတယ်



ဟော ဒယ်အိုးထဲ မီး ဝင်တောက်ကုန်ပြီ.. မှုတ်မှ
ဖူး
မှုတ်လိုက်တာ မငြိမ်းတဲ့အပြင် မီးတွေ ငါ့မျက်နှာ ဟပ်ကုန်ပြီ
ဘာလုပ်ရမလဲ ဘာလုပ်ရမလဲ
ဂုံအိတ်နဲ့ဖြစ်ဖြစ် အဝတ်နဲ့ဖြစ်ဖြစ် အုပ်လိုက်ယင် မီးငြိမ်းတယ် လို့ကြားဘူးတယ်
တော်ပါသေးရဲ့ မီးငြိမ်းသွားပြီ
ဒီလုပ်တာ တခုမှ အဆင်မပြေပါလား
နေ့တိုင်းမေမေ ဒီလိုလုပ်နေတာ သိပ်ပင်ပန်းမှာဘဲနော်.. မေမေဟာ သိပ်သနားဘို့ကောင်းတယ်
မေမေ့အလုပ်တွေဟာ မလွယ်ပါလား
ကိုင်း.. မေမေ မလာခင် ဒီလုပ်ထားတာတွေကို ရှင်းလိုက်ကြရအောင်
နောက်ဆို အချိန်အားတွေမှာ မေမေ့ကို ကူပြီး လုပ်ပေးကြရမယ်

# တန်းကျော်ပြေး

တန်းကျော် ပြေးခြင်းသည် အမျိုးသမီးရော၊ အမျိုးသားပါ ယှဉ်ပြိုင်နိုင်သော အားကစားနည်း ဖြစ်သည်။

တန်းကျော်ပြေးပွဲများကို ၁၈၉၆ ခုနှစ် အိုလံပစ်ပြိုင်ပွဲကစ၍ ထည့်သွင်းခဲ့သည်။

တန်းကျော် ပြေးပွဲများမှာ အမျိုးသားများအတွက် မီတာ ၁၁၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ စသည်ဖြင့်ရှိပြီး အမျိုးသမီးများအတွက် မီတာ ၈၀ ပြိုင်ပွဲများရှိသည်။

တန်းကျော်ပြေးခြင်းသည် ခုန်လည်းခုန်၊ ပြေးလည်း ပြေးရသော အားကစားနည်း ဖြစ်သည်။ တန်းကျော် ပြေးသူများသည် အရပ်ရှည်သူများ ဖြစ်သည်။ အရပ်မရှည်ပါက အနည်းဆုံး ပေါင်တန်ရှည်ရသည်။

တန်းကျော်ပြေးမည့်သူသည် တင်ပါးနှင့် ခြေထောက်ကြွက်သားများ ပျော့ပျောင်းအောင် အကြောလျှော့ လေ့ကျင့်ခန်းများကို ပြုလုပ်ထားဖို့ လိုသည်။

တန်းကျော် ပြေးရာတွင် မှန်ကန်သော ခန္ဓာကိုယ်အနေအထား ရှိရမည်။ တန်းကို ခုန်ကျော်ရာတွင် သက်သာညက်ညောမှု ရှိရမည်။ တန်းကို ပြေး၍ကျော်ရန် အားပြုရသောအချိန်မှ မြေသို့ ခြေထောက်နင်းချသောအချိန်အထိ ခြေထောက်များ၏ လှုပ်ရှားမှုသည် အဆက်မပြတ်ပဲ ရှိရမည်။

တန်းကျော် ပြေးသူသည် မိမိသန်ရာ ခြေထောက်ဖက်မှစ၍ လှမ်းကျော်နိုင်သည်။ သို့သော် ရှေ့ကထားသော ခြေ၏ ဒူးသည် စန့်စန့်ကြီးဖြစ်မနေစေရပေ။ နောက်ခြေကိုအနည်းငယ် ဆိုင်းထားရသည်။ တန်းကိုကျော်ပြီး ရှေ့ခြေကနင်းလိုက်စဉ် နောက်ခြေကို ရှေ့သို့ဆွဲယူခြင်းသည် အမြန်ပြေးသည့်သဘောအတိုင်း သွက်လက်ရမည်။

တန်းကျော် ပြေးသူသည် တတန်းပြီး တတန်းကို ကျော်မည်ပြုစဉ် မျက်လုံးများက တန်းထိပ်များဆီသို့ ကြည့်ရှုနေရမည်။ ကိုယ်မှာ ရှေ့သို့ကိုင်းပြီး အားပြုနေသော အနေအထား ဖြစ်ရမည်။

မြန်မာနိုင်ငံတွင် မီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ စံချိန်တင်ထားသူမှာ စိုးမရ ဖြစ်သည်။ စိုးမရ၏ စံချိန်သည် ၁၅ ဒသမ ၁ စက္ကန့်ဖြစ်သည်။ ကမ္ဘာ့အိုလံပစ် ချန်ပီယံ ဟယ်ရီဆန်ဒေးလတ်၏ ၁၉၄၈ ခုနှစ်က စံချိန်မှာ ၁၃ ဒသမ ၆ စက္ကန့် ဖြစ်သည်။





## အားကစားစိတ်ဓာတ်

ကျွန်တော် ဘောလုံး ကန်ခြင်းကို အလွန် နှစ်သက် ဝါသနာ ပါပါသည်။ မိုးရေထဲ၌ ဘောလုံး ထွက်ကန်ရလျှင် အလွန် ပျော်မိပါသည်။ ကျောင်းမှာလည်း တခြားကစားနည်းထက် ဘောလုံး ကန်ခြင်းကို ပိုမိုနှစ်ခြိုက်စွာ ကစားပါသည်။ ဘောလုံးကန်လျှင် ကျွန်တော်တို့ဖက်မှ နိုင်လိုစိတ် အမြဲရှိပါသည်။ ရှုံးလျှင် ကျွန်တော်ညစ်သည်ဟု သူငယ်ချင်းများက ပြောကြပါသည်။ သို့သော် ကျွန်တော် ဂရုမစိုက်ပါ။

အကိုကြီးနှင့် အကိုလေးတို့လည်း ဘောလုံး ကန်ကြပါသည်။ ရပ်ကွက် အသင်းတွင် အကိုကြီးသည် အသင်းခေါင်းဆောင် ဖြစ်ပါသည်။ သို့သော် အကိုကြီးကို ကျွန်တော် အားမရပါ။ အကိုကြီးသည် ဘောလုံးကို ဖြည်းဖြည်း ကစားတတ်ပါသည်။ လူချ၍ မကစားပါ။ ရှောင်လေ့ ရှိပါသည်။ သူ့ကိုချလျှင် လည်း သည်းခံတတ်ပါသည်။ ကျွန်တော် သဘောမကျပါ။ ကျွန်တော့် သဘောဆိုလျှင် သူချလျှင် ကိုယ်က ပြန်ချမှ ကောင်းသည်ဟု ထင်ပါသည်။

အကိုကြီးနှင့် ဘောလုံးပွဲများ လိုက်ကြည့်ဘူး ပါသည်။ ရှုံးသည့် အသင်းမှ လူချကစားလျှင် "ချပေးကွ" ဟု ကျွန်တော် အားပေးမိပါသည်။ အကိုကြီးက ကျွန်တော့်ကို ဆူပါသည်။

"ဟေ့ညီထွေး ဒီလိုမအော်ရဘူး၊ ဘေးက ဒီလိုအော်နေကြလို့ ခဏခဏရန်ဖြစ်ရတာ၊ ဘောလုံးကစားတယ်ဆိုတာ အနိုင်အရှုံးက အဓိက မဟုတ်ဘူး၊ ယှဉ်ပြိုင်ခြင်းသာ အဓိက ကွ၊ နောက် ဒီလို အားမပေးနဲ့"

အကိုကြီး စကားကို ကျွန်တော် သိပ် မကျေနပ်ချင်ပါ။

တနေ့ ကျွန်တော် ခေါင်းဆောင်သော "ရွှေကျား" အသင်းနှင့် တာတီး ခေါင်းဆောင်သော "ရွှေမျှား" အသင်း ဘောလုံး ချိန်း ကစား ကြပါသည်။ တာတီးတို့ ရပ်ကွက်တွင် သွားရောက် ကစားကြခြင်း ဖြစ်ပါသည်။

ပထမပိုင်းတွင် ဂိုးမရှိ သရေ ဖြစ်နေပါသည်။ ဒုတိယပိုင်း စလျှင် တာတီးကြောင့် ကျွန်တော်တို့အသင်းမှ အေးဝင်း နာသွားပါသည်။ တာတီးက မတော်တဆ ဖြစ်ကြောင်း ကျွန်တော့်ကို လာတောင်းပန် ပါသည်။ ကျွန်တော် မကျေနပ်နိုင်ပါ။ နောက်တကြိမ် တာတီးတို့ဖက်မှ ကျွန်တော့်ကို အသားလွတ် ချပြန်ပါသည်။ တာတီးတို့အသင်းသားအားလုံး ကျွန်တော့်ကို ဝိုင်းတောင်းပန်ပါသည်။ ကျွန်တော် အလွန်ဒေါပွပါသည်။ ကျွန်တော့်နား ရောက်လာသမျှ ဘောလုံးသမားတိုင်းကို လိုက်ချပါတော့သည်။ ကျွန်တော်နှင့် နောက်တန်းတွင် ကစားဖက်ဖြစ်သော တင်ထွန်းက-

"ဟေ့ကောင် ညီညီ၊ လူချည်းရှောက်ချမနေနဲ့ ဘောလုံးလွတ်သွားမယ်"

တင်ထွန်း စကားကို ကျွန်

တော် ဂရုမစိုက်ပါ။ လူချမြဲ ချနေပါသည်။ ထိုစဉ် တာတီးသည် လိမ်ခေါက်၍ ဘောလုံးကို ယူလာပါသည်။ ကျွန်တော့်အနားရောက်လျှင် အသားလွတ် တာတီးကို ကျွန်တော် ကန်လိုက်ပါသည်။ သို့သော် တာတီးကို မထိပါ။ တာတီးက ရှောင်တိမ်း၍ တဂိုးသွင်းသွားပါသည်။ သူတို့ဖက်မှ အော်လိုက်သော "ဂိုး" ဟူသော အသံသည် ကျွန်တော့်ကို ဒေါသ ထ စေ ပါ သည်။ ထို့ကြောင့် ဘောလုံးထက် လူကို မဲ၍ ချနေသဖြင့် နောက်ထပ် နှစ်ဂိုးအဝင်ခံရပါသည်။

ဘောလုံးပွဲ ပြီး ကာ နီးတွင် ကျွန် တော် ၏ လူချ ကစားမှုကြောင့် ရန် ဖြစ် ကြ ပါ သည်။ အားလုံးက ကျွန်တော့်ကို ဝိုင်းထိုးကြပါသည်။ ညိုမဲနေသော ဒဏ်ရာ များ နှင့် အိမ်သို့ ပြန်ရောက်ရပါသည်။

နောက်တနေ့သည် အာဇာနည်နေ့ ဖြစ်ပါသည်။

ညိုမဲနေသော ဒဏ်ရာများနှင့် အိပ်ရာပေါ် တွင် ကျွန်တော် လှဲအိပ်နေပါသည်။ ထိုစဉ် ရေဒီယိုမှ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း များ ထွက် ပေါ် လာ ပါ သည်။ ကျွန်တော် အကုန်လုံး မမှတ်မိပါ။ မှတ်မိသော မိန့်ခွန်းသည် ကျွန်တော့်ကို အသိတရား ရစေပါသည်။

"ကျုပ် တခါက ဘောလုံးပွဲ တခု သွားကြည့်တယ်။ အဲ တဖက် သင်းက နိုင်တယ် ဆိုရင်ပဲ လူချပြီ။ ဗမာတွေ သောက်ကျင့်...."

ဗိုလ်ချုပ်မိန့်ခွန်း ဆုံးသွားလျှင် အကိုကြီး ကျွန်တော့် အနားလာ၍ ပြောပြပါသည်။

"ခုနက ဗိုလ်ချုပ်ပြောသွားတာ ညီထွေး ကြားလိုက်လား၊ ဗမာတွေမှာ အဲဒီ အကျင့် ကလေးတွေ ရှိနေလို့ ခက်နေတာ၊ ဘယ်အားကစား မဆို အားကစားစိတ်ဓာတ် အပြည့်အဝနဲ့ ကစားရမယ်၊ ခေါင်းဆောင်ဆိုယင်လဲ ခေါင်း ဆောင် ကောင်း ပီသရမယ်။ ကိုယ်ကချည်း အနိုင်ယူချင်စိတ်၊ ပျော့ညံ့တဲ့ သဘောနဲ့ 'ညစ်'ချင်စိတ်မျိုးမထားရဘူး၊ ဟုတ်လား ညီထွေး"

ကျွန်တော်ခေါင်းညိတ်လိုက်ပါသည်။ ဘယ်အခါမဆို အားကစား စိတ်ဓာတ် အပြည့်အဝနှင့် ယှဉ်ပြိုင်မည်ဟူ၍လည်း ဆုံးဖြတ်လိုက် ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြောသော "ဗမာတွေသောက်ကျင့်" ဆိုသည်ကို ပျောက်အောင် ဖျောက်မည်ဟု ကတိပေးပါသည်။

ကွန်းဇော် ၏ ၁၉၆၇ အမျိုးသား စာပေဆုရ "မောင်ညီညီ၏ ပုံဝတ္ထုတိုများ" စာမူမှ



# တိရစ္ဆာန်ဥယျာဉ်

တိရစ္ဆာန်ရုံ ညီညီသွားတော့၊
မျောက်များနေတဲ့ ရွာရောက်တယ်။
မျောက်မကြီးကွယ် သားကိုပိုက်လို့၊
ချိုချိုတိုက်တာ တွေ့ခဲ့တယ်။
မျောက်လူပျိုတွေ ခုန်ကာပြေးလို့၊
ညီထွေးတို့လို ကစားတယ်။
ဖျံကလေးတွေ ရေမှာ ကူးလို့၊
ပျော်မြူးတာလဲ မြင်ခဲ့တယ်။
ဆင်ကြီးကိုကွယ် "မိုမို" လို့ခေါ်၊
ပြန်ထူးဖော်လဲ ရပါတယ်။
မြင်းကျား၊ သမင်၊ ဒရယ်များက၊
မြက်စားနေကြ စားကျက်ဝယ်။
ကိုလူဝံတွေ ပုကွကွနဲ့၊
ခုန်ဆွ ခုန်ဆွ သွားကြတယ်။
ကျားခြင်္သေ့တွေ ဒေါသ ထွားလို့၊
ဟိန်းဟောက်သံလည်း ကြားပါတယ်။
ညီ မကြောက်ပါ သေချာကြည့်တော့၊
နောက်ကို လှည့်ပြီး ပြန်သွားတယ်။
မိကျောင်းနဲ့မြွေ သူတို့ များတော့၊
အုတ်ကန်ကြီးနဲ့ ခွဲထားတယ်။
ငှက်မျိုးစုံကွယ် တေးသီ ကြတာ၊
ညီထွေး သဘော ကျပါတယ်။
ဒီမြင်လဲကွယ် စုံလို့ဘဲပေါ့၊
ညီထွေး ပြောတတ် တော့ဘူးတကယ်၊
စုံလှတယ် — စုံလှတယ်။ ။

မောင်ထွန်းရီ၏
၁၉၆၇ အမျိုးသား စာပေဆုရ
"ညီထွေးလိမ္မာ ကဗျာများ" စာမူမှ



# တိုးနယား

တိုးနယားမှာ ပန်းချီဆရာ၊ ပန်းပုဆရာတို့ စိတ်ကူးဖြင့် ရေးခြယ် ထုလုပ်လေ့ရှိသော အရုပ်ဖြစ်၏။ ယွန်းထည်၊ ပန်းပုထည်၊ မှန်စီရွှေချထည်များတွင် ထုလုပ်ခြယ်လှယ်လေ့ ရှိသည်။ အဆောက်အအုံ မုတ်ဝများတွင် တိုင်ဆင်း နယားရုပ် ထုလုပ်လေ့ရှိသည်။ မြန်မာဘုရင်များလက်ထက်က တိုးနယားဖောင် ပြုလုပ်ခဲ့သည်။

ဘုရားပွဲ၊ အလှူပွဲများတွင် ခြင်းကြားဖြင့် ပြုလုပ်၍ အတွင်း၌ လူဝင်ကပြလေ့ရှိသော တိုးနယားမှာ လူသိများ၍ ယခုတိုင် ခေတ်စားလျက်ရှိသည်။

၂၅ ပြား


ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်

# ရွှေသွေး ဂျာနယ်


အတွဲ ၁။ အမှတ် ၃။ ၁၈-၁-၆၉




ဆရာမပြောတာ မှတ်စုထဲမှာ မှတ်ထားကြ — အဲဒါ ရွှေတိဂုံစေတီတော်ကြီးဘဲ။ ဘေးနားကစေတီလေးကို (နောင်တော်ကြီး) လို့ခေါ်တယ်။ ပထမ နမူနာပုံတော်ပေါ့ကွယ်။ ဟိုဘက်ကတော့ လွတ်လပ်ရေးကို အသက်ပေးပြီး တောင်းခဲ့တဲ့ ဦးဝိစာရရဲ့ ကျောက်တိုင်ဘဲကွဲ့
အဲဒါက ဆူးလေစေတီ။ ရွှေတိဂုံဘုရားအတွက် မြတ်စွာဘုရား ဆံတော်တွေ ရောက်လာတုန်းက ခေတ္တထားတဲ့ နေရာဘဲ။ ဟိုဘက်ကတော့ မြို့တော်ခန်းမဆောင်
ဒီလမ်းတလျှောက်လုံးမှာတော့ ပြည်သူပိုင်ရုပ်ရှင်ရုံများဖြစ်တယ်ကွဲ့.
ဒီကုန်းတံတားကြီးပေါ်က မြင်ရတာကတော့ ရန်ကုန်မီးရထားဘူတာရုံကြီး
ဟိုဘက်က အောင်ဆန်းကစားကွင်းကြီးဘဲ၊ မီးမောင်းကြီးတွေဟာ - ညဘက်ဘောလုံးကစားတဲ့အခါသုံးတယ်ကွဲ့
မင်းတို့ကျောင်းမှာ အခု သင်နေတာဟာ ရှေ့နှစ်ဒီအခါလ ကျွန်းဆွယ်အားကစားပြိုင်ပွဲ ကျင်းပတဲ့အခါ အဲဒီ အောင်ဆန်းကွင်းမှာ ဧည့်ခံဖို့ဘဲ။ မင်းတို့လေ့ကျင့်ခန်းတွေ လုပ်နေကြတာလဲ ဒီပွဲအတွက်ဘဲဖြစ်တယ်။


တိရစ္ဆာန်ဥယျာဉ် ရောက်သော် —
တိရစ္ဆာန်ဥယျာဉ်ထဲ ဝင်တဲ့အခါ တန်းစီပြီး စည်းကမ်းတကျ ဝင်ကြရမယ်။ သားကောင်တွေကို တွေ့ကရာ မကျွေးရဘူး နော်
လိုက်ကြည့်တဲ့အခါ လှောင်အိမ်မှာ ဆွဲထားတဲ့ စာကို ဖတ်ပြီး မှတ်သားထားရမယ်
ဥပမာ မြင်းကျား၊ သစ်ကုလားအုပ်၊ ခြင်္သေ့တွေဟာ
အာဖရိကတိုက်က လာတာ —
သားပိုက်ကောင် ဟာဆိုလျှင် ဩစတြေးလိယ တိုက်က လာတာ —
ဆင်တွေထဲမှာ အဖြူလဲရှိတယ် စသည်ဖြင့်ပေါ့ကွယ်


ညနေဖက် လေ့လာရေးခရီး ပြီးဆုံး၍ ကျောင်းပြန်ရောက်သော် –
ပညာ ရှာတယ် ဆိုတာ စာအုပ်ထဲက စာ သာမက ခုလို ဗဟုသုတ လဲ ရှာရတယ်။ တိရစ္ဆာန် အကြောင်း ထပ်သိချင်လျှင် တော့ တေဇရုပ်စုံထဲမှာ တခါတခါ ပါလာတာ တွေကို လေ့လာကြကွဲ့ – ကဲ ပြန်နိုင်ကြပြီ
နောက်တနေ့
ဟေ့ သူငယ်ချင်း - မနေ့က ပျော် လိုက်တာကွာ – မင့်ကို သိတ် သတိရတာဘဲ ဆရာမ.က လဲ ပြောပြလိုက်တာ စုံလို့ဘဲ
အေး.လေ - မင်း တို့ပျော်ကြပေါ့ – ငါကတော့ အိပ်ရေး တောင် မဝချင်သေးဘူး
များမကြာမီ
စာမေးပွဲစစ်သော် ကျောင်းသား အားလုံး ဖြေဆိုနိုင်ကြ၏။ အောင်စာရင်းထွက်လာသောအခါ၌ကား–
ငါလဲ ဖြေတာဘဲကွ - ဆရာမကလဲ စာအုပ်ထဲ မပါတာတွေပါ မေးတော့ မဖြေနိုင်လို့ အမှတ် နည်းသွား တယ် ကွာ
အေး ကွာ
မင့်ကို ငါပြော သွားဘဲ – ဗဟုသုတ လဲ လိုတယ်လို့
ဝိရိယနည်းသော ကျောင်းသားမှာ နောင်တ ကြီးစွာ ရလေတော့သတည်း။ ။


ဆေးလိပ်
နှင့်
ကိုမိုး
ကျော်
တနေ့သ၌ –
ကိုမိုးသည် လူကြီးများ ဆေးလိပ် သောက်သည်ကို အားကျမိသဖြင့် –
ဝိ ဝိ ဝိ
မိမိကိုယ် မိမိ ဟန်လုပ်ပြီထင်ပြီး နင်းကန် ဖွာသောအခါ မခံနိုင်အောင်ခေါင်းမူးလာ၍
ချောင်း လည်း တဟွတ်ဟွတ် ဆိုးကာ အော့အံ့ပြီးလဲလေ၏။
ဝေါ့
ဒီညကိုမိုးတယောက် စါကျက်တာ မမြင်ရ ပါလား ကွယ့်
ည ကျသောအခါ ခေါင်း မထူနိုင်၍ စာမကျက်နိုင်ပဲ အိပ်နေရ၏။
နောက်တနေ့ ကျောင်း ရောက်သောအခါ –
ဖြေနိုင်တဲ့လူ လက်ညှိုးထောင်
ကိုမိုးကလေးမှာ စာမရ၍
ကဲထိုင်ထဆယ်ကြိမ် လုပ်စမ်း
ဒဏ်ပေးခံရသဖြင့် အရှက်ရသွားလေ၏။

# မြစ်ကြီးဧရာဝတီ ၂

သရုပ်ဖော်-ဦး[illegible]

ယခင်အပတ်မှအဆက်

အတာတို့ အဖွဲ့သည် မြို့ထဲ လှည့်လည် ကြည့်ရှု လေ့လာပြီး နောက် တည်းခိုစခန်းသို့ ပြန် လာကြသည်။ အဖွဲ့ဝင် အသီး အသီးသည် တာဝန်ကျရာ ချက် ပြုတ်ရေး၊ သန့်ရှင်းလှဲကျင်းရေး၊ စားသောက်ရန် ပြင်ဆင်ရေး အတွက် လုံးပမ်း နေကြသည်။ ဆရာ ဦးစိုးလွင်သည် ဦးနော် ဒွတ်၊ ဦးဂေါင်မိုင်၊ ဆရာဦးအေး မောင် စသော မိတ်ဆွေများနှင့် စကားဝိုင်း ကောင်းနေသည်။ အတာသည် သူတို့ အနီးတွင် ဗာဟီရအလုပ်များကို လုပ်ကိုင် ရင်း ဆရာတို့လူစု ပြောဆိုဆွေး နွေးသည်ကို နား ထောင် နေ သည်။

ဆရာ။ ။မြစ်ကြီးနား ကတော့ အတော် တိုးတက်ပြောင်း လဲနေတာဘဲ။ ကချင်ပြည် နယ်ရဲ့ မြို့တော်ဆိုတဲ့ အဆင့် အတန်းနဲ့ တော်တော် ညီ ညွတ်နေပြီ။ ဒါနဲ့ မနောအ ဆောင်တော်ကို ဘယ်တုန်း က ဆောက်ပါသလဲ။

ဒွတ်။ ။အင်း – ၁၉၅၇ ခုနှစ် နောက်ပိုင်းမှာ ထင်တယ်။

ဆရာ။ ။အရင်က ခင်ဗျားတို့ ကချင် အနွယ်ဝင်တွေဟာ မနောအဆောင်ကို မနော ကတဲ့အခါမှ ဆောက်ကြ တယ်နော်။

မိုင်။ ။ဟုတ်ပါတယ်။ အခု တော့ ပြည်နယ်ဦးစီးအဖွဲ့က တာဝန်ယူပြီးတော့ တခါထဲ ခိုင်ခိုင်ခံ့ခံ့ ဆောက်ထား လိုက်တယ်။ ကျွန်တော်တို့ အဖို့ အမြင့်မြတ်ဆုံး အ ဆောက်အအုံ တခုပေါ့။ မနောပွဲဟာ ကချင်အနွယ် ဝင်တို့အတွက် အကြီးကျယ် ဆုံး နတ်ပူဇော်ပွဲကြီးပါဘဲ။

ထိုနောက် ဆရာတို့သည် ကချင် ပြည်နယ်၏ စီးပွားရေး လုပ်ငန်းများအကြောင်း ပြော ဆိုဆွေးနွေးကြသည်။ ဆွေးနွေး ရာတွင် မြစ်ကြီးနား ခရိုင် အ တွင်းရှိ သစ်တောများမှ အဖိုး တန် ကျွန်းသစ်လုပ်ငန်း၊ မိုး ကောင်းမြို့နယ် အတွင်းရှိ ဖား ကန့်ရွာမှ ကျောက်စိမ်းတွင်း လုပ်ငန်း၊ မြစ်ကြီးနားခရိုင် အ တွင်းရှိ သကြားစက် များနှင့် လှေကားထစ် စိုက်ပျိုးရေး အ ကြောင်းများ ပါဝင်သည်။

နေစောင်း၍ မှောင်တရီဖြစ် လာသည်။ ထိုအချိန်တွင် ပြည် မဥ္ဇူ ပူအိုက်လျက် ရှိပေမည်။ ကုန်းမြင့်ဒေသ၌ရှိသောမြစ်ကြီး နားတွင်မူ အေးစိမ့်စိမ့် ဖြစ်နေ သည်။ ဆရာတို့လည်း လူစုကွဲ လေပြီ။ အတာတို့သည် ညနေ ထမင်း စားသောက် ကြလေ သည်။

× × ×

ဆရာဦးစိုးလွင်နှင့် ဦးနော် ဒွတ်တို့သည် မြစ်ကြီးနားမှ ဗန်း





မော်အထိ စုန်ဆင်းရေးအတွက် ဆွေးနွေးနေကြသည်။

မြစ်ကြီးနားမှ မြစ်ကြောင်းအတိုင်း ၅၅ မိုင်ဝေးသော ဆင်ဘိုအထိ သွားရန် ပ-ရ-သ-ဖ သင်္ဘော ရက်ခြားရှိသည်။ သို့သော် ဆင်ဘိုမှ ၃၆ မိုင်ဝေးသော ဗန်းမော်သို့ သင်္ဘောဖြင့် မသွားနိုင်ပေ။ တနှစ်ပတ်လုံးတွင် ဇန္နဝါရီလ ၄ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း၌သာ ရေပြည့်၍ ရေစီးမကြမ်းလှသဖြင့် မြစ်ကြီးနားနှင့် ဗန်းမော် အကြား သင်္ဘောများ တောက်လျှောက် သွားနိုင်သည်။ အခြားအချိန်များတွင် ဆင်ဘိုနှင့် ဗန်းမော် အကြား ခရီးလမ်းသည် အလွန်ကြမ်းတမ်းသည်။ အန္တရာယ်လည်း များလှသည်။

ဆွေးနွေးနေကြရင်း ဆရာဦးစိုးလွင်သည် နက်နက်နဲနဲ စဉ်းစားနေသည်။ ဆင်ဘိုမှ ဗန်းမော်သို့ မော်တော်ဘုတ်များဖြင့် တခါတရံသွားလာနိုင်သည်ဟု သိရသည်။ သို့သော် မော်တော်ဘုတ်ရဖို့ကလည်း အဆင်ပြေချင်မှပြေဦးမည်။ မော်တော်ဘုတ် ရပြန်ဦးတော့ ထိုအပိုင်းသည် စွန့်စားသွားရမည့်အပိုင်းဖြစ်သည်။ အတာတို့ အဖွဲ့ဝင်နှစ်ဦးသုံးဦးကမူ စွန့်စွန့်စားစား လုပ်ချင်ကြသည်။ သို့သော် အဖွဲ့ခေါင်းဆောင်အတွက် တာဝန်ကြီးလှသည်။ အတာသည် သူ့ဆရာကို ငေးကြည့် နေလေသည်။

ဦးဂေါင်မိုင်။ ။ကျွန်တော်တို့ကတော့ ဒီခရီးစဉ်ကို သွားဘူးပါတယ်။ အဲဒီဒေသတဝိုက်ကလူတွေလဲ လှေကလေးတွေနဲ့တော့ သွားလာနေကြတာဘဲ။ ဒါပေမဲ့ ခင်ဗျားတို့လို တရပ်သားဧည့်သည်တွေကိုတော့ သူတို့ ပို့ပေးမှာမဟုတ်ဘူး။ ရေစီးကြမ်း၊ ဝဲကများ၊ ကျောက်ဆောင်တွေကလဲ ပေါတော့ သွားလာနေကျ လူတွေတောင် တော်တော် သတိထား သွားရတယ်။

ဆရာအေးမောင်။ ။ကျွန်တော်တော့ ခင်ဗျားတို့ကို ရေကြောင်းက စုန်ဖို့ မတိုက်တွန်းဘူး။ ကဲ ဦးနော်ဒွတ်တို့ ဦးဂေါင်မိုင်တို့ သူတို့လူစုကို မြစ်ကြီးနားကနေပြီးတော့ ဗန်းမော်အထိရောက်အောင် မော်တော်ကားနဲ့ လိုက်ပို့ကြစို့ဗျာ။ မီးရထားနဲ့သွားယင်လဲ ကသာအထိ သွားပြီးမှ ဗန်းမော်ကို တခါပြန်ပြီးတော့ ဆန်တက်နေရလိမ့်မယ်။

ဒွတ်။ ။ကောင်းတယ်–ကောင်းတယ်။ ခင်ဗျားတို့မြစ်ကျဉ်းကို လှေ့လာချင်ယင် ဗန်းမော်ကျမှဘဲ လေ့လာကြပါ။

လွင်။ ။ခင်ဗျားတို့ အကြံပေးချက်ကို ကျွန်တော်လက်ခံပါတယ်။ (အဖွဲ့ဝင်များဖက် သို့လှည့်၍)ကိုင်း တပည့်တို့၊ သဘောတူကြရဲ့လား။

အတာနှင့် အဖွဲ့ဝင်များ။ ။သဘောတူပါတယ်ဆရာ။

( ဆက်ရန် )

[အမှားပြင်ချက်။ အတွဲ - ၁၊ အမှတ် - ၂၊ စာမျက်နှာ ၇ တတိယကော်လံ စာကြောင်းရေ ၄ နှင့် ၂၁ တွင် ဝရမ် အစား ရဝမ် ဟုဖတ်ပါ။]



# မီးမသုံးတတ်လျှင် ရန်သူ

၁။ မီးလောင်မှုဖြစ်လျှင် မီးဖိုချောင်မှ စတင်လောင်တတ်သည်မှာ အများဆုံးဖြစ်သည်။ မီးဖိုတွင် မီးတောက်နေစဉ် ရေနံဆီ မထည့်သင့်ပါ။ မီးဟပ်တတ်ပါသည်။ လေကွယ်ရာမှာ မီးဖိုရှိပါစေ။

၂။ ကလေးများကို မီးခြစ် မကိုင်စေ၊ မဆော့စေသင့်ပါ။ ခြစ်ပြီး မီးခြစ်ဆံကိုလည်း မီးငြိမ်းပြီးမှစွန့်သင့်ပါသည်။

၃။ အိပ်ရာထဲတွင် ဆေးလိပ်သောက်ခြင်းသည် ဘေးအန္တရာယ် များလှသည်။ မွေ့ရာ၊ ခြင်ထောင်ပေါ်သို့ မီးပွားကျရာမှ စတင်၍ တအိမ်လုံးသို့ မီးကူးစက် လောင်ကျွမ်းတတ်ပါသည်။

၄။ မီး ပေါ်ဆမှုကြောင့် အသက် အိုးအိမ် စည်းစိမ်ဥစ္စာ သစ်တောများ ပျက်စီးခဲ့ရပေါင်း များပေပြီ။

# သုံးတတ်လျှင် မိတ်ဆွေ




၁။ မီးမှ အလင်းရောင် ရသည်။ ချမ်းအေးမှုဒဏ်ကို ကာကွယ်ရန် အပူဓာတ် အနွေးဓာတ်လည်း ရသည်။


၂။ မီးသည် သံကို အရည် ပျော်စေသည်။ သံရည်ကို ပုံသွန်းခြင်း အားဖြင့် ဆောက်လုပ်ရေး ပစ္စည်း၊ စက်ပစ္စည်းများ ရရှိသည်။

၃။ မီးမရှိလျှင် အသီးအနှံ သားငါးတို့ကို နူးအောင် ကျက်အောင် ချက်ပြုတ် ကြော်လှော်နိုင်မည် မဟုတ်ပေ။

၄။ မီးသည် မီးရထား၊ မီးသင်္ဘော စသည်တို့ အတွက် သွားလာမှု စွမ်းအားကိုလည်း ပေးသည်။


ဒိုင်း
ဒိုင်း
မင်းတို့မယားတွေ
မုဆိုးမဖြစ်သွားမယ်–
ရှိတဲ့ပစ္စည်းတွေအကုန် ထုတ်လိုက်ပါ၊
အသက်တော့ချမ်းသာပေး ပါမောင်တို့ရယ်၊
ဟာ
ကြပါလိမ့်၊
ဟေ–ဟုတ်လား၊
မယ်၊ ဟုတ်ပြီ–အကြံရပြီ–





ရွာပြန်ရောက်သော်-
ကုလားလိုလမ်းလွှဲပေး လိုက်တာ၊ ငါမှားတယ်၊
ငါ့ကြောင့် လူဆိုးတွေ ခုလို ပစ္စည်းတွေကို ယူ သွားနိုင်ကြ၊ ငါမှားတယ်-ငါမှားတယ်၊
ရွာသာကြီး အလယ်တန်းကျောင်းက ကျောင်းဆင်းပြန် လာတဲ့ ဘပုဆီက စက်ဘီးကို ခဏငှားပြီး ရွာသာ ကြီး ကင်းဆီကိုသွား အကြောင်းကြားရမယ်၊
ဘပုရေ-အရေးကြီးတဲ့ ကိစ္စရှိလို့၊ ငါ့ကို စက်ဘီး ခဏငှားစမ်းပါဟေ့၊
ဟူလေ-
သချိုင်းကုန်းဖြတ်လာရတာ ခပ်လန့်လန့်ရှိကွ၊ သူရဲများ ချောက်မလား မသိဘူး၊ ဟဲ့-သူရဲမှ မရှိပါဘူး ကြောက် စရာမလိုပါဘူး၊
သံလုံးသည် ရွာသာကြီး ကင်းတွင် အကျိုးအကြောင်း ပြောပြသဖြင့် ကင်းမှူးသည် သံလုံးကိုခေါ်၍ ဂျစ်ကား နှစ်စီးဖြင့် သံလုံးတို့ ရွာသို့ အပြေးမောင်းလာခဲ့သည်၊
ရွာကျုံးမင်း ဓားပြများ ခုနခဲ့နေရာက လူဆိုးတွေ နောက်ကို လိုက်ရမယ်၊
နောက် တစ်နေ့
သံလုံးရေ-မင်းခေါ်လာတဲ့ ရဲသားတွေက၊ လူဆိုးတွေကို ဖမ်းမိလာကြတဲ့ ပစ္စည်း တွေလည်း အားလုံးပြန်ရ လာတယ်တဲ့ကွ၊
ဟုတ်လား-ဝမ်းသာ လိုက်တာမေမေ-
ခုလို သံလုံးအနေနဲ့ တာဝန်သိသိ လာပြီး သတင်းပေး တဲ့အတွက် လူဆိုးတွေကို ဖမ်းမိတာ ဖြစ်ပါတယ်၊ ခုခေတ်မှာ သံလုံးလို လူငယ်တွေ အများကြီး လိုအပ်နေပါ ပြီဗျာ၊

# ရေကူး



ရေကူးခြင်းသည် ယှဉ်ပြိုင်ရသော အားကစားနည်းတရပ်ဖြစ်သည်။ သို့ရာတွင် အားကစား လုပ်ငန်းဖြစ်မလာမီကပင် ရေကူးခြင်းအတတ်ကို လူတို့တတ်ခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်း သုံးထောင်ခန့်က ယခု အာရပ်လူမျိုးများ နေထိုင်ရာ ဒေသတွင် လူများ ရေကူးနေပုံကို ကျောက်တွင် အရုပ်ထွင်း၍ ထားခဲ့ကြသည်။ ထိုအချိန်က လူချည်းသက်သက် မကူးပဲ ရေတွင် ပေါလောပေါ်နိုင်အောင် ဆိတ်သားရေအိတ်များကို လေမှုတ်သွင်း၍ ဖော့သဘောဖြင့် ဖက်တွယ်၍ ကူးကြသည်။

နောင်အခါတွင် မည်သည့်ပစ္စည်း အကူအညီမျှ မပါပဲ လူချည်းသက်သက် ကူးကြသည်။ ရေကူးကျွမ်းကျင်သူများလည်း ပေါ်ပေါက်ခဲ့ကြသည်။ ရေကူးသူများသည် ငါးနှင့် ဖားလောင်းကောင်ကဲ့သို့သော ရေသတ္တဝါများကိုကြည့်ပြီး အတုယူခဲ့ကြဟန် တူသည်။ လူတို့ အတုယူခဲ့ကြသော သဘာဝ ရေကူးသမားများထဲတွင် ဖား၊ ဝမ်းဘဲ၊ ငှက်စသော ကုန်းတပိုင်း ရေတပိုင်း သတ္တဝါများ၊ တွားသွားကောင်များလည်း ပါဝင်သည်။ ခွေး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စသည်တို့မှာလည်း မည်သူမျှ မသင်ကြားရပဲ အလိုလို ရေကူးတတ်နေသူများ ဖြစ်ကြသည်။

ဖား၊ ဝမ်းဘဲ စသည်တို့တွင် ခြေချောင်း တခုနှင့် တခု အကြား၌ အရေပြားများ ပါရှိသောကြောင့် ရေကိုယက်၍ ကူးနိုင်သည်။ ခွေးကလေးများမှာ ရှေ့ခြေဖြင့်ယက်၍ နောက်ခြေဖြင့် ကန်လျက် ကူးကြသည်။

လူများ ရေကူးသောအခါ လက်ဖြင့်ယက်၍ ခြေဖြင့်ခတ်လျက် ကူးကြသည်။ သို့ရာတွင် လူဖြစ်စေ၊ အခြားသက်ရှိသတ္တဝါဖြစ်စေ ရေထဲသို့ရောက်၍ လှုပ်ရှားနေလျှင် မြုပ်၍မသွားနိုင်ပေ။ ရေထဲတွင် ပေါလောပေါ်၍ နေနိုင်သည်။ လူကသာ စိတ်ရဲဖို့ အရေးကြီးသည်။

ရေကူးနည်းတွင် လက်ပစ်ကူး၊ ပက်လက်ကူး၊ ဖားကူး၊ လိပ်ပြာကူးဟူ၍ လေးမျိုးရှိသည်။ ရေကူးတတ်စေရန် ဆရာမပါပဲ မိမိဘာသာ လေ့ကျင့်လျှင် ဘေးအန္တရာယ်ရှိနိုင်သည်။ စနစ်လည်းမကျနိုင်ပေ။

မြန်မာ ရေကူး လောကတွင် တင်မောင်နီ၊ အုန်းသွင်၊ နန္ဒကျော်စွာ၊ ဆယ်လီစိုး၊ မေရီစိုး၊ မာလာဆွေ၊ ပေါ်လီဘစန်း၊ မြမြင်း စသူတို့မှာ ထင်ရှားသူများ ဖြစ်လေသည်။

# ရိုးရာကစားနည်း



ယနေ့ည စာကြည့်တိုက်တွင် ခြင်းလုံးခတ်ပွဲရှိသည်ဟု ကြားသိရပါသည်။ ခြင်းလုံးအလှခတ်သည်ကို ကျွန်တော် တခါမှ မကြည့်ဘူးပါ။ ခြင်းခတ်ခြင်းကိုလည်း စိတ်ဝင်စားစရာ တခုဟု မအောက်မေ့မိပါ။ သို့သော် ယနေ့ညတွင် ကျွန်တော့်ထက်ပင်ငယ်သော ၁၁ နှစ်သားလေး တယောက် ခြင်းခတ်ကစားပြမည်ဟု ကြားသိရသဖြင့် သွားကြည့်ရန် စိတ်ကူးမိပါသည်။

ညနေဖက်တွင် ကျွန်တော် တင်ထွန်းကို ခေါ်၍ စာကြည့်တိုက်ဖက် ထွက်ခဲ့ပါသည်။ ကျွန်တော်တို့ မောင်သောင်းကို ဝင်ခေါ်ကြပါသည်။ မောင်သောင်းအမေသည် ကျွန်တော်တို့ လာခေါ်သည်ကို သိပ်မနှစ်သက်ပါ။ ထို့ကြောင့် မောင်သောင်းကို နောက်ဖေးလမ်းကြားမှ တိတ်တဆိတ်သွားခေါ်ကြရပါသည်။ ကျွန်တော်တို့ သုံးယောက်သည် နောက်ဖေးလမ်းကြားမှ လှည့်လာခဲ့ရာ ဒေါ်အေးတင်တို့ အိမ်နောက်ဖေးတွင် လူတစု မျှောက်ပန်းလှန်နေသည်ကို တွေ့ရပါသည်။ မျှောက်ပန်းလှန်နေသူများမှာ ကျွန်တော်တို့ အရွယ်ကလေးတယောက်နှင့် လူကြီးငါးယောက် ဖြစ်ပါသည်။ မျှောက်ပန်းဝိုင်းနားရောက်လျှင် မျှောက်ပန်းလှန်နေသော စိန်မောင်ကို တွေ့ရပါသည်။ စိန်မောင်သည် လူကြီးများနှင့်ရောနှော၍ မျှောက်ပန်းလှန်လေ့ရှိပါသည်။ ကျွန်တော်တို့က မကြိုက်ပါ။ မျှောက်ပန်းမလှန်ရန် စိန်မောင်ကို အမြဲပြောကြပါသည်။ သို့သော် စိန်မောင် မလိုက်နာပါ။ ယခုလည်း ကျွန်တော်က ခြင်းဝိုင်းသွားကြည့်ရန် ခေါ်ရာ စိန်မောင်က မလိုက်လိုကြောင်း ငြင်းပါသည်။

"လိုက်ခဲ့ပါကွ စိန်မောင်ရ၊ မီးကွင်းနဲ့ခတ်မယ်လို့ ပြောတယ်၊ ဒို့အရွယ်လောက် ကောင်လေး တယောက်လဲ ပါတယ်"ဟု တင်ထွန်းကပြောပါသည်။

သည်တော့မှ စိန်မောင် စိတ်ဝင်စားလာကာ –

"ဟေ ဟုတ်လား၊ ဒီလိုဆိုယင် ငါလဲလိုက်မယ်ဟေ့"ဟုဆိုကာ ကျွန်တော်တို့နှင့် အတူလိုက်ခဲ့ပါသည်။

လမ်းတွင် စိန်မောင်က ၁၁ နှစ်သားလေး ခြင်းခတ်မည် ဆိုသည်ကို မှန်မမှန် မေးပါသည်။ ကျွန်တော်တို့ကလည်း အမှန်ပင်ဖြစ်ကြောင်း ဖြေကြားကြပါသည်။

ကျွန်တော်တို့စာကြည့်တိုက်သို့ရောက်ချိန်တွင် ခြင်းမခတ်သေးပါ။ လူအများ စုရုံးရောက်ရှိနေကြပါသည်။ ဆိုင်းလည်း တီးလျက်ရှိပါသည်။ ခုနစ်နာရီခန့်တွင် ခြင်းစခတ်ပါသည်။ ပထမတွင် ခြင်းခတ်နည်း အခြေခံများကို ပြသပါသည်။ ၁၁ နှစ်သားလေး တဦးတည်း ခတ်ပြပါသည်။ ခြေဖျားဖြင့် ခြင်းလုံးကို

တော့ပြပါသည်။အတော့ပေါင်း ငါးရာကျော်ကျော် တော့နိုင်ပါသည်။ ခြင်းဝိုင်းကြည့်သူ အားလုံးက ၁၁ နှစ်သားလေးကို ဝိုင်းချီးကျူးကြပါသည်။ကျွန်တော်တို့လည်း လက်ခုပ်တီး၍ ဩဘာပေးကြပါသည်။ နောက် လူကြီးများ၏ ခြင်းဝိုင်း စခတ်ပါသည်။ ခြင်းဝိုင်းတွင် ခြောက်ယောက် ခတ်ကြပါသည်။ အလွန်ကြည့်၍ ကောင်းပါသည်။ တယောက်နှင့်တယောက် လှ၍ မခတ်ကြပါ။ တယောက်ခတ်နေလျှင် အခြားသူများက ဝိုင်းရံ၍ ခြင်းလုံး မြေသို့ မကျစေရန် ထောက်ပေး ကြပါသည်။ လူကြီး တယောက်သည် ခြင်းကို မကြည့်ဘဲ မှန်းပြီးခတ်ပါသည်။ လူအများက သူ့ကို ချီးကျူးကြပါသည်။နောက်ဆုံးတွင် လူငယ်တယောက်တည်း မီးကွင်းဖြင့် ခုန်၍ ခြင်းခတ်ပြပါသည်။ ခြင်းကိုဂုတ်ပေါ် တင်၍လည်း ခတ်ပါသည်။ နဖူးပေါ် တင်၍လည်း ခတ်ပါသည်။ ထို့ပြင် သံပုရာသီးလေးနှင့်လည်း ခြင်းခတ်သလို ခတ်ပြပါသည်။ ကျွန်တော်တို့ အားလုံး ခြင်းခတ်ကစားနည်းကို စိတ်ဝင်စား သွားကြပါသည်။ ခြင်းဝိုင်းပြီးသော်လည်း မထချင်ကြပါ။ ခြင်းခတ်သည့် စင်မြင့်ပေါ် သို့ ငေးငိုင်ကြည့်နေမိပါတော့သည်။

အိမ်သို့အပြန် လမ်း၌ ကျွန်တော့်အကိုကြီးနှင့်တွေ့ပါသည်။ ကျွန်တော်က ခြင်းဝိုင်းကို သဘောကျကြောင်း အကိုကြီးကို ပြောပါသည်။

"ခြင်း ခတ် တယ် ဆို တာ ကျန်းမာခြင်းနဲ့ပြည့်စုံတယ်၊ အညောင်းပြေတယ်၊ ဗမာများရဲ့ ရိုးရာကစားနည်းတခုကွဲ့။ ခြင်းကစားတာမှာ တကိုယ်ကောင်း မကစားကြဘူး၊ညီညီညွတ်ညွတ်နဲ့ ကစားကြရတယ်။ မိသားစုစိတ်ဓာတ် အပြည့်အဝရှိတဲ့ ကစားနည်းလို့ခေါ် ရမှာပေါ့ကွယ်" ဟု အကိုကြီးက ရှင်းပြပါသည်။

နောက်နေ့ များတွင် စိန်မောင်ကို မျောက်ပန်းဝိုင်း၌ မတွေ့ရတော့ပါ။ စာကြည့်တိုက်ရှေ့တွင် လူကြီးများ ခတ်နေသော ခြင်းဝိုင်းကို ငေးကြည့်လျက်ရှိသည်ကို တွေ့ရပါသည်။ ခြင်းကစားနည်းသည် စိန်မောင်ကို ပြောင်းလဲသွားစေပါသည်။ ခြင်းခတ် ကစားနည်းကို စိန်မောင် အလွန် စိတ်ဝင်စားသွားပါသည်။ ကျွန်တော်လည်း စိတ်ဝင်စားမိပါသည်။

ဤသို့ ညီညွတ်သော ရိုးရာခြင်းခတ် ကစားနည်းကို ကစားကြည့်ချင်ပါသည်။


ကွန်းဇော်၏
၁၉၆၇ အမျိုးသားစာပေဆုရ
"မောင်ညိုညို၏ ပုံဝတ္ထုတိုများ" စာမူမှ



## အပြေးပြိုင်ပွဲ


ယုန်ကလေး ဖြူဖြူဖွေး၊
လျှင်လျှင်မြန်မြန် ပြေး။
လိပ်ကလေး ခပ်ငယ်ငယ်၊
နှေးကွေးလွန်းပါတယ်။
ယုန်နဲ့လိပ်ကွယ် ပြေးပြိုင်ပွဲ၊
ဘယ်သူနိုင်မလဲ့။
သည်ပြေးပွဲကိုကြည့်ကြမယ်၊
ညီညီတွေးလေးရယ်။
တာလွှတ်ရင်ကွယ်၊ ယုန်ကလေး၊
ဦးစွာရှေ့ကပြေး။
လိပ်ကလေး ကြိုးစားတယ်၊
နောက်မှာပါဘဲကွယ်။
ခရီးလယ်မှာ ယုန်ကလေး၊
အစာစားလို့ အိပ်နေသေး။
လိပ်ပုလေး အိပ်ဘူးကွယ်၊
ပန်းတိုင်ရောက်အောင် သူပြေးတယ်။
ယုန်ဖြူငယ်လေး အိပ်နေတော့၊
လိပ်ပု ပန်းဝင်ပေါ့။
ယုန်ကလေး ရှုံးခဲ့ပြီ၊
အပျင်းကြီးလို့ မှတ်ပါညီ။
လိပ်ပုလေးလို ဇွဲစိတ်များ၊
ညီညီ မွေးလို့ထား။ ။

မောင်ထွန်းရိုက်၏
၁၉၆၇ အမျိုးသားစာပေဆုရ
"ညီတွေးလိမ့်မှာ ကဗျာများ" စာမူမှ










# ဟင်္သာ

ဟင်္သာငှက် အမျိုးမျိုးရှိရာ ရွှေဟင်္သာငှက်ကို မင်္ဂလာရှိသော ငှက်ဟု ယူဆကြသည်။ မြန်မာဘုရင်များသည် ရွှေဟင်္သာကွမ်းအုပ်၊ ဟင်္သာဖောင်နှင့် ဟင်္သာရုပ်ခံသော ပလ္လင်များကို အသုံးပြုခဲ့ကြသည်။ မွန်ဘုရင်များ၏ အလံနှင့်တံဆိပ်တော်တွင် ဟင်္သာရုပ်ကို အသုံးပြုခဲ့ကြသည်။ ဘုရားတံခွန်တိုင်၊ အလေးနှင့် ယွန်းထည်၊ ပန်းပုထည်များတွင်လည်း ဟင်္သာရုပ်ကို အသုံးပြုလေ့ရှိသည်။ သူရဿတီ နတ်မယ်သည် ဟင်္သာရုပ်ကို စီးသည်ဟု ဆို၏။






ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေ နေ့ တိုင်း ထုတ် ဝေ သည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၁။ အမှတ် ၄။ ၂၅-၁-၆၉

## အလျော့အကျိုးဆောင်


ပန်းချီ ဦးဘကြည်




မိန်းကလေးများ စု၍ ကစားနေကြ၏။




ယောကျ်ားကလေးများက တခြားစု၍ ကစားနေကြ၏။




အတန်ကြာသော် ကျား/မ စုပေါင်း၍ ထုပ်ဆီးတိုးကာ ပျော်ပျော်ပါးပါး ကစားကြပြန်၏။




မောကြသောအခါ ရေငတ်သဖြင့် ရေအိုးစင်ရှိရာသို့ ပြေးသွားကြရာ


ရေအိုးထဲရေလဲမရှိဘူး
ဟင်
ဟာ
ရေငတ်လိုက်တာ ဟယ်
အမလေး ဒုက္ခပါဘဲ
မောလိုက်တာ
ဒီလို ထိုင်ငြီးငွေ့နေလို့ ဘယ်ဖြစ်မလဲ
ဟုတ်တယ်၊ ကိုယ်ထရ ကိုယ်ထ စနစ်နဲ့ ဟိုရေတွင်းမှာ သွားသောက်ရအောင်
အေး ဟုတ်တယ်
အများအတွက်လဲ ဒီရေအိုးကို ရေဖြည့်ခဲ့ရအောင်
ခပ်မြန်မြန်သောက် - နောက်က လူတွေ ရေငတ်လှပြီ
အေးပါဟ
ရေသီးနေပါအုံးမယ်
နေပါအုံးကွ —၊ ရေမထည့်ခင် ရေအိုး ဆေးလိုက်ကြအုံးစို့



ကုသိုလ်ရေးမို့ ကြိုးစားပါ
ငါတို့တတွေ မှာ ချွေးတလုံးလုံး
ရှမှာတဲ့ သောက်ရေအိုး
ကျက်သရေ ရှိလှတယ်
မကြာမီ
ရေ
ရေ
လူနာတင်ကားတစီး အခိုးတွေထွက်လျက် ရောက်လာပြီး သောက်ရေအိုးထဲက ရေကို
စက်ထဲထည့်ရန် လာသော်
ဘယ်ဖြစ်ဖလဲ - ဒါ
လူတွေ သောက်ဖို့ - မျ
မရဘူး
လူနာ အသဲအသန်ဖြစ်နေလို့ပါကွယ်။
ဒီ- ရေမရယင် မော်တော်ကား ဆက်
သွားလို့ရမှာ မဟုတ်ဘူး။ ဒီတော့
လူနာလဲ ဆေးရုံကို အချိန်နဲ့ မရောက်
နိုင်ဘူး။ ငါ့တူတို့ ရေလှူပါ —


ဦးလေးတို့ ပြန်လါယင် ရေမြန်ဖြည့်ပေးပါ့မယ်
ပေးလိုက်ပါဟယ် — ဟုတ်သားဘဲ
သို့ဖြင့် လူနာတင်ကားသည် ရေဖြည့်ပြီး ထွက်သွားလေတော့၏။
ဆေးရုံတွင် –
ခင်ဗျားတို့ ကံကောင်းတယ်၊ နဲနဲလေး နောက်ကျသွားယင် အသက်တောင် ရှိမှာမဟုတ်ဘူး
ဆေးရုံသို့ ရောက်သော် ဆရာဝန်ကြီးက အလျှင်အမြန် စမ်းသပ်ကြည့်ရှုပြီး စိုးရိမ်ရန် မရှိကြောင်း ပြောပြမှ စိတ်အေးရတော့၏။
ညနေ၌ —
ကလေးတို့ ရေလှူလို့ ဆေးရုံကို ကါးအချိန်နဲ့ ရောက်သွားပြီး လူနာ သက်သာရာရလို့ ဟောဒီ ဦးလေးက များစွာ ကျေးဇူးတင်ပါသတဲ့ကွဲ။
ဟုတ်ကဲ့ ဝမ်းသာပါတယ် – နောက်ကို ကြုံတဲ့အခါတိုင်း ရေလါယူပါ၊ ကျွန်တော်တို့ ဖြည့်ထားပါမယ်။
ကားဆရာများ ရောက်လာပြီး ဤရွာမှ ရေရ၍သာ လူနာ အချိန်မီ ဆေးရုံရောက်ပြီး ရောဂါ သက်သာရာရကြောင်း ပြောပြသဖြင့် ရွာသူကြီးက ကလေးများကို ခေါ်ယူ၍ ပြောပြလေ၏။
ကလေးတို့လည်း များစွာနှစ်ထောင်းအားရ ဖြစ်ကြလေသည်။

# ပျားတို့၏ စုပေါင်းလုပ်အား




သရုပ်ဖော် - ဦးဘကြီးအောင်




၁ ၂ ၃

ပျားဘုရင်မ၊ ပျားထီး၊ လုပ်သားပျားဟူ၍ ရှိသည်။ ၎င်းတို့သည် တကောင်နှင့် တကောင် ပုံပန်းသဏ္ဌာန်ချင်း မတူကြသလို ထမ်းဆောင်ကြရသော တာဝန်များလည်း မတူကြပေ။ ပျားတို့သည် စုပေါင်း၍ အလုပ် လုပ်ကြရင်း တကောင်အပေါ် တကောင် အမှီသဟဲပြု၍ နေထိုင်ကြရ၏။ ပျားအုံတအုံလျှင် တကောင်တည်းသာရှိသော ပျားဘုရင်မ၏ တာဝန်မှာ ပျားအုံအတွက် လိုအပ်သမျှ ပျားများကို မွေးပေးရခြင်း ဖြစ်၏။ ပျားဘုရင်မသာ မရှိလျှင် ပျားအုံမှာ ပျက်စီးသွားမည် ဖြစ်သည်။ လုပ်သား ပျားများသည် ပျားအုံအတွက် လိုသမျှ လုပ်အားကို မခိုမကတ်ဘဲ စုပေါင်း၍ အပြည့်အဝ ပေးကြ၏။ ပျားဘုရင်မကို စုပေါင်း၍ ပြုစု စောင့်ရှောက်ကြ၏။ (ပုံ – ၅)။ မိမိတို့



၄

အစာကို မိမိတို့ဘာသာ မရှာစားနိုင်ကြသော ပျားဘုရင်မနှင့် ပျားထီးများ စားရန်အတွက် ပန်းများမှ ဝတ်မှုန်နှင့် ဝတ်ရည်များကို စုပေါင်း၍ စုဆောင်းကြ၏။ (ပုံ – ၁)။ ပျားရည်များ သိုလှောင်ရန်နှင့် ပျားကလေးများ ပေါက်ဖွားရန်အတွက် အခန်းကလေးများကို မိမိတို့ကိုယ်မှ ထွက်သော ပျားဖယောင်းများဖြင့် စုပေါင်း တည်ဆောက်ကြ၏။ (ပုံ – ၃)။ အရွယ် မရောက်သေးသော ပျားကလေးများကိုလည်း စုပေါင်း၍ စောင့်ရှောက် ပေးကြ၏။ (ပုံ – ၂)။ သန့်ရှင်းခြင်းကို အလွန်ကြိုက်ကြသဖြင့် ပျားအုံထဲမှ အမှိုက်သရိုက်များကိုလည်း စုပေါင်း ရှင်းလင်းပေးကြ၏။ (ပုံ – ၄)။ ထို့ပြင် ပြင်ပမှ ရန်သူများ ကျူး ကျော်၍မဝင်ရောက်နိုင်ရန် အတွက်လည်းပျားအုံ အပေါက်ဝ၌ စုပေါင်း၍ ကင်းစောင့်ပေးကြ၏။ အချုပ်ဆိုရသော် ပျားအုံတအုံ၏ အသက်သွေးကြောမှာ စုပေါင်းလုပ်အားပင် ဖြစ်ပေသည်။



၅




ယခင်အပတ်မှ အဆက်

အတာတို့အဖွဲ့သည် မြစ်ကြီးနားမှ ဗန်းမော်သို့ မော်တော်ကားဖြင့် လာခဲ့ကြသည်။ ကားလမ်းသည် ၁၁၆ မိုင်ရှိ၍ လမ်းကြမ်းသည်။ မြစ်ကြီးနားမှ သုံးမိုင်ခန့်ဝေးသော ခတ်ချီရွာတွင် ကူးတို့ဖြင့် မြစ်အရှေ့ဖက်ကမ်းကူးရသည်။ ဗန်းမော်သို့ နေ့ချင်းပေါက် ရောက်ကြရာ ဦးနော်ဒွတ်တို့၏ မိတ်ဆွေများ ရှိသဖြင့် အတာတို့ တည်းခိုရေး အတွက် အစစ အဆင်ပြေသည်။

နောက်တနေ့နံနက်တွင် အတာတို့သည် မြို့ထဲ လျှောက်ကြည့်ကြ ရန် ပြင် ဆင် နေ စဉ် မြစ်ဆိပ်သို့လာခဲ့ကြရန် အခေါ်ရောက်လာသည်။ ပထမ မြစ်ကျဉ်းကို ရေလမ်းဖြင့် တစိတ်တဒေသ လေ့လာနိုင်ကြရန် ဦးနော်ဒွတ်တို့နှင့် မြို့ခံ မိတ်ဆွေများက စီစဉ်ပေးကြသည်။ အတာတို့သည် ဝမ်းသာရွှင်မြူးသွားကြသည်။စွန့်စွန့်စားစား လုပ်လိုသူအဖွဲ့ဝင်တို့ကမူ လှေငယ်များဖြင့် သွားလိုကြသေးသည်။ သို့သော် လူကြီးများက မော်တော်တစီးဖြင့်သွားရန် စီစဉ်ထားကြသည်။

မြစ်ဆိပ်သို့ရောက်လျှင် အတာက ရေပြင်ကျယ်ကြီးကို လှမ်းမျှော် ကြည့်ရင်း "ဒီမှာတော့ မြစ်ကြီးက အကျယ်ကြီးဘဲနော်" ဟု ဆိုလိုက်သည်။

ဆရာ ဦးအေးမောင်က "အေးကွဲ၊ ဒီမှာတော့ ကျယ်တယ်။ ကျဉ်းတဲ့နေရာကျတော့လဲ ကျဉ်းတယ်" ဟု ပြန်ဖြေသည်။

ဆရာဦးအေးမောင်၏ ပြောပြချက်အရ သိရသည်မှာ ဧရာဝတီမြစ်သည် မြစ်ဆုံမှ တောင်ဖက်သို့ စီးဆင်းလာရာ မြစ်ကြီးနားအထိ ကူးသန်း သွားလာရေးအတွက် မသုံးနိုင်ပေ။ မြစ်ကြီးနားမှ ဆက်လက်စီးလာရာတွင် မြေပြန့်များကိုင်း၊ ကျောက်တောင် ကျောက်ကမ်းပါးများကိုင်း ဖြတ်ခဲ့သည်။ မြစ်ကြောင်းသည် အချို့နေရာတွင် မိုင်ဝက်ကျော်ကျော်ကျယ်သည်။ သို့သော် အချို့နေရာတွင် ကိုက် ၅၀-၆၀ ခန့်သာရှိ၍ အလွန် ကျဉ်းသွားသည်။ ထိုနေရာတို့ကို မြစ်ကျဉ်းဟု ခေါ်သည်။ ဧရာဝတီမြစ်တွင် မြစ်ကျဉ်းသုံးခုရှိသည်။ ပထမ မြစ်ကျဉ်း အပိုင်းသည် ဆင်ဘိုအောက်ဖက်နားမှ ဗန်းမော် အထက်နားအထိ ဖြစ်သည်။ ထိုတလျှောက် ဧရာဝတီမြစ်သည်



ကျောက်တောင် ကျောက်ကမ်းပါးများကို ဖြတ်၍ စီးသည်။ ဆင်ဘိုမြို့တွင် ဧရာဝတီမြစ်သည် မိုင်ဝက်ခန့် ကျယ် သော် လည်း ထိုမြို့ အောက် ဖက် နား အရောက်တွင် ကိုက် ၅၀ ခန့်သာ ကျယ်သည်။ ထို နေ ရာ သည် ဧရာဝတီမြစ်၏ အကျဉ်းဆုံးနေရာ ဖြစ်သည်။ ရေ လယ် တွင် ကျောက်ဆောင်များ ရှိသည်။ ရေ စီး အလွန် သန်၍ ဝဲလည်း အလွန်များသည်။ ထိုကြောင့် သွား လာ ရေး ခက် ခဲ လေသည်။ သစ် ထုတ် လုပ် ရေး စ ခန်း ရှိ သော ပရှော ရွာ၏ အောက် ဖက် သည် အန္တရာယ် အ များ ဆုံး နေ ရာ ဖြစ်သည်။ ထိုနေရာတွင် မြစ်ကြောင်းသည် တပြေးတည်း မဟုတ်ပဲ လှေကားထစ်ကဲ့သို့ အဆင့် ဖြစ်နေလေသည်။

အ တာ တို့ ၏ မော်တော်သည် မြစ်ကို ဆန် တက် လာ ခဲ့သည်။ မြစ် တ ဖက် တ ချက် ရှိ ကမ်းပါးတို့သည် ပြန့်ပြူးနေရာမှ တဖြည်းဖြည်း မြင့်လာသည်။ ကမ်းပါးထိပ် တ လျှောက် တွင် သစ်ပင်တောအုပ်များ ထိုးထွေ ပေါက်ရောက်နေသည်။ ထုံးဖြူနှင့် စေတီ ပုထိုးငယ်များကို ကိုကြားကိုကြား တွေ့ရသည်။ ထိုနေရာများတွင် ယခင်က ဖွန်းလူမျိုးများ နေထိုင်ခဲ့သော ရွာများရှိခဲ့သည်။

အတာတို့ မော်တော်သည် လှေငယ် ကလေးများကို ရံဖန်ရံခါ ဖြတ် လာ သည်။ ရှေ့သို့ ဆန်တက်လေ ကမ်းပါးတို့သည် မြင့်မားမတ်စောက်လာလေဖြစ်သည်။ မြစ်ကြောင်းသည်လည်း ကျဉ်းလာ၍ အကွေ့အကောက်များ လာ သည်။ ရေစီးလည်း မြန် လာ သည်။ အ ချို့ နေရာ များ တွင် ချောင်း ပေါက် များ ကို တွေ့ ရ သည်။ ကမ်း ပါး အောက်ခြေတွင် ကျောက်တုံးကြီး များ သည် ကျောက်တန်း သဖွယ် ရှိနေကြသည်။ ရေအလယ်၌ ကျောက် ဆောင် ကျောက် တုံး များ ပေါ်ထွက်နေသည်လည်း ရှိသည်။ ရှုခင်းကား ကြွံကြွံခိုင်ခိုင်နှင့် ခန့်ညားလှပေသည်။


မော်တော်ကို သတိကြီးစွာဖြင့် မောင်းရသည်။ အတာတို့လည်း ငြိမ်သက်စွာ လိုက်ပါခဲ့ကြသည်။ ဆရာ ဦးအေးမောင်က "ရှေ့ကို တော်တော်သွားမိယင် ဆင်ကြီးနဲ့တူတဲ့ ကျောက်ဆောင် ကြီး တ ခု မြစ်ထဲ ထိုးထွက်နေတဲ့ နေရာကို ရောက်မယ်။ ဒါပေမဲ့ အဲဒီ အရောက်သွားလို့မဖြစ်ဘူး။ အဲဒီမှာ မြစ်ကြောင်းဟာ တောင့်ချိုးကျကျ ကောက်သွားတယ်။ ရေစီးလဲ အင်မတန်ကြမ်းတယ်။ အဲဒီကရှေ့ ခရီး ဆက် ယင် တော့ ပရှောဂိတ်ကို ရောက်မယ်။ ဒါကြောင့် ဒီကနေပြီးတော့ ပြန်လှည့်ကြ ရ လိမ့် မယ်။ အဖွဲ့ဝင်တွေကျေနပ်အောင် ရှေနားမှာ မော်တော်ကို ကမ်း ကပ် ပေး မယ်။ ကမ်းပေါ် တက်ပြီးတော့ အနီးအနား လျှောက်ကြည့် နိုင်ပါတယ်။"


အတာတို့ အလွန် ပျော်သွားသည်။ ကျောက်တုံးကြီး၊ ကျောက် ဆောင်ကြီး များ ကို တွယ်ကပ်တက်ကြသည်။ ကမ်းပေါ် အရောက်တွင် ဧရာဝတီမြစ်ကြောင်းကို အပေါ် မှ စီးကြည့်ကြသည်။ ဧရာဝတီ မြစ်ကြီးကား တောင်ကြီးများ အကြားမှ ရုန်းကန် ပြေးထွက်လာသည့်နှယ်ပါတကား။


( ဆက်ရန် )


# လေ

လေသည် အလွန် အသုံးဝင်သည်။ ဤကမ္ဘာတွင် လေရှိ၍သာ လူရောတိရစ္ဆာန်ရော အပင်များပါ အသက်ရှင် နေနိုင်ကြခြင်းဖြစ်သည်။










ဤကမ္ဘာ၏ ပတ်ဝန်းကျင်တွင် မိုင် ၂၀၀ ခန့် အထုရှိသော လေထုရှိသည်။ လေထု၏ အလေးချိန် ဖိအားသည် ပင်လယ် ရေမျက်နှာပြင်၌ စတုရန်း တလက်မပေါ်တွင် ၁၅ ပေါင်ခန့်ရှိရာ လူတကိုယ်ပေါ်၌ ဆိုလျှင် ဆင်သုံးကောင်စာခန့် ရှိလေသည်။




ငှက်၊ လေယာဉ်ပျံနှင့် လေထီးတို့သည် လေ၏ ပင့်အားကြောင့် လေထဲတွင် ပျံဝဲနိုင်ကြသည်။ ရွက်လှေနှင့် လေရဟတ်စက်တို့သည် လေ၏ တွန်းအားကြောင့် သွားလာ လည်ပတ်နိုင်ကြသည်။


အချိုသော တူရိယာပစ္စည်းများကို လေအားဖြင့် တီးမှုတ်ခြင်းဖြင့် သာယာသော အသံများကို ထွက်ပေါ်စေသည်။



လေကို ဖိညှစ်ပေးလျှင် အလွန်အားကောင်းလာသည်။ လမ်းဖောက်လုပ်ရာ၌ အသုံးပြုသော စက်တူရွင်း၌ လေ၏ ဖိအားကို အသုံးပြုထား၏။ လေထိုးတံဖြင့် လေကို ဖိသွင်းပေးခြင်းဖြင့် ပူဖောင်းကို ဖောင်းလာစေသည်။



လေသည် အသံများကို တနေရာမှ တနေရာသို့ သယ်ဆောင်ပေးသည်။ လေမရှိပါက လူတယောက်သည် မည်မျှ ကျယ်လောင်စွာ အော်ဟစ် ပြောဆိုစေကာမူ သူ၏အသံကို ကြားရမည်မဟုတ်ပေ။




ကျောင်းသား
စုံထောက်
အောင်မှူး၊ ခင်မောင်၊ ထွန်းရှိန် ဘကြွယ်၊ မိုးသောင်းနှင့် ကြာယ်နီတို့ သည် ကင်းတဲအနီးတွင် ထိုင်နေကြစဉ်.....
ထွန်းခင်လာပြီ ဟေ့
ဦးကြွက်နီရဲ့ နွားကြီး ပျောက်သွားလို့တဲ့ကွ
ဘယ်တုန်းက ပျောက်တာလဲ
မနေ့ကကွ စားကျက်က ပြန်မလာဘူးတဲ့-သနားပါတယ် သူ့မှာနွားတကောင်ထဲနဲ့ ဘယ်လို လယ်ထွန်မလဲ
ဒို့-စုံစမ်းပေးကြရင် မကောင်းဘူးလား
ဒို့ ဦးလေးဒါဝိမှာ ညက အမဲသား ချက်တယ် ဒါပေမဲ့ အမဲသားကို ကောကြီးက ဝယ်လာတာတဲ့
လူ ဦးသတ်တာဖြစ်မှာဘဲကွ လေးဒါဝိတန်းမက်ကို ငှက်ပစ် သွားရင်း-ဒို့ စုံစမ်းကြမယ်


ဟိုမှာ ခွေးတကောင် ဘာ ကိုက်နေသလဲ မသိဘူး
အရိုးတချောင်းကို ကိုက်နေတာလေ
ချောင်းရိုးထဲကို ဆင်း ပြေးသွားတယ်ဟေ့
ဟေ့ ဒီမှာ ပုပ်စော်နံ တယ်
ဟို ခွေး ထွက်ပြေးသွား တယ်
ဟေ့ ဒီမှာ နွားရိုးတွေနဲ့ နွားခေါင်းခွံကြီး၊ ခေါင်းကို ထုသတ်ထားတာလေ - ဦးကြွက်နီ ရဲ့နွားဖြစ်မှာဘဲ
နံတယ်ကွာ ဒီဖက်ကို လာကြဟေ့
ဒီမှာ ကြည့်စမ်း - ဒီသစ်ပင်ကို ခုတ်တဲ့လူတွေဟာ နွားကို ပေါက်ဆိန်နဲ့ ထုသတ်တာဖြစ် မယ်


နွားခေါင်းခွံကြီးမှာလဲ ပေါက်ဆိန်နဲ့ထုထားတဲ့ ဒဏ်ရာ ဆိုးဘဲတွေ ဒါဖြစ်နိုင်တယ်
မြန်မြန် လာကြလေ့ ရဲကြီးတွေကိုသွား ပြောကြရအောင်
ပျောက်ဆုံးနေတဲ့ ဦးကြွက်နီရဲ့ နွားကြီး ကို-ကျောင်းသား ကလေးတွေက စုံစမ်းလို့ ရပြီတဲ့
ကျောင်းသားကလေးတွေ စုံစမ်းတာ မှန်နေပြီဆိုတော့ ဒီလူနှစ်ယောက်ကို အရေး ယူရုံဘဲရှိတော့တာပေါ့
နောက်ဆုံးတွင်-နွားခိုးသောလူ နှစ်ယောက်ကို ဖော်ထုတ်နိုင်ခဲ့ သဖြင့်
သူတို့အားလုံးကို-တရွာလုံးက ချီးကျူးကြလေသတည်း။ ။

# တာတိုပြေး


ပြေးခြင်းသည် လူပေါ်စ ရှေးအခါကပင် ပြုလုပ်ခဲ့သော ကိုယ်လက်လှုပ်ရှားမှုတမျိုး ဖြစ်သည်။ သာမန်အားဖြင့် ပြေးခြင်းကို လူတိုင်း ပြုလုပ်နိုင်ကြသည်။ သို့သော် စနစ်တကျ ပြေးတတ်မှသာ အပြေးပြိုင်ပွဲများတွင် အောင်မြင်နိုင်သည်။ စနစ်ကျနရုံဖြင့် မပြီးသေး၊ အလေ့အကျင့် ရှိပါမှလည်း ဗိုလ်စွဲနိုင်ဖို့ အထောက်အကူ ရနိုင်သည်။

တာတိုပြေးပြိုင်ပွဲများတွင် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အကွာအဝေးများကို အပြေးပြိုင်ခြင်းဖြစ်သည်။ အမျိုးသားရော အမျိုးသမီးများအတွက်ပါ ပြိုင်ပွဲများ ပြုလုပ်ပေးလေ့ရှိသည်။

တာတိုပြေးခြင်းသည် စိတ်မြန်လက်မြန်ရှိသော လူငယ်များအတွက် ဖြစ်သည်။ အထူးသဖြင့် အသက် ၃၀ အောက် လူငယ်များသည် တာတိုပြေးခြင်းတွင် ထူးချွန်ကြသည်။ တာတိုပြေးသမားများသည် ပြိုင်ပွဲတွင် ထူးချွန်နိုင်ရန် တနှစ်ပတ်လုံး လေ့ကျင့်သင့်ကြသည်။ ပြိုင်ပွဲများ၌ မကြာခဏ ဝင်နွှဲပေးဖို့လည်း လိုသည်။ အကြောင်းမှာ အစွမ်းကုန် အားထုတ်ယှဉ်ပြိုင်မှု ပြုလုပ်ပေးမှ စွမ်းရည် တိုးတက် လာနိုင် သောကြောင့် ဖြစ်သည်။ ထို့ကြောင့် တာတိုပြေးသမားတို့သည် အခြား ပြေးခုန်ပစ်သမားများနည်းတူ ပင်ပင်ပန်းပန်း လိုလိုချင်ချင် လေ့ကျင့်ပေးရန် လိုအပ်သည်။

ပြေးခြင်းသည် တကိုယ်လုံး ပါဝင် လှုပ်ရှားရသော လှုပ်ရှားမှု ဖြစ်သည်။ ခြေထောက်၊ လက်၊ ကိုယ်၊ ဦးခေါင်း အစရှိသော အစိတ်အပိုင်းများသည် တခုနှင့်တခု ဆက်စပ်လျက်ရှိသဖြင့် ပြေးနေစဉ်၌ ယင်း အင်္ဂါအစိတ်အပိုင်းအားလုံး လက်ညီတက်ညီ ရှိပြီး အလိုက်သင့် သက်သက်သာသာ ထားတတ်ဖို့ အရေးကြီးသည်။ ဤသို့ ကိုယ်အနေအထား မှန်စေရန် နည်းပြဆရာ ကောင်းများ၏ သင်ကြားပေးမှုကိုလည်း ခံယူသင့်သည်။

တာတိုပြေးရာတွင် ခရီးတို ဖြစ်သည့်အတွက် မြန်မြန်ပြေးနိုင်ဖို့ လိုရုံမက တာထွက်နှင့် ပန်းဝင် ကောင်းဖို့လည်း လိုသည်။ သို့မှသာ ခြေရည်တူလျှင် ကိုယ်က အသာရနိုင်သည်။



တာတိုပြေးအတွက် လေ့ကျင့်ရာ၌ အမြန်ပြေးခြင်းကို ပြုလုပ်ရသည့်အပြင် ရှရှပြေးခြင်း၊ ခုန်ဆွခုန်ဆွပြေးခြင်း၊ လှေခါးထစ်များ တောင်ကုန်းများကို အပြေးတက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခြင်း စသည်တို့ကိုလည်း ပြုလုပ်ရသည်။

မြန်မာ လူငယ်များထဲမှ နာမည်ရ တာတို အပြေးသမားများမှာ စိုးဝင်း၊ စိုးအောင်၊ တင်တင်ရီ၊ မမိုးစံ စသူတို့ဖြစ်ကြသည်။ ကမ္ဘာ့အိုလံပစ်တွင် ရောဗတ် ဟေးစ်၊ ဟင်နရီကား စသူတို့ နာမည်ကြီးလေသည်။



# ရန်ဖြစ်ခြင်း

ကျွန်တော် ရန်မဖြစ်ချင်ပါ။ ရန်မဖြစ်ရန် အကိုကြီးက အမြဲ ဆုံးမပါသည်။ ရန်ဖြစ်လျှင် အသွား နာတတ်ပါသည်။ အသွားနာမှာကိုလည်း ကျွန်တော် ကြောက်ပါသည်။

"ရန်ဆိုတာ ရှောင်နိုင်ရင် ကောင်းသကွ" ဟု အကိုကြီး အမြဲပြောပါသည်။ မှန်ပါသည်။ ရန်ဆိုသည် ရှောင်နိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။

ကျွန်တော် ရန်ကို ရှောင်ပါတော့မည်။

× × ×

ကျွန်တော်တို့ ရပ်ကွက်ထဲတွင် မကြာခဏ ရန်ဖြစ်တတ်ပါသည်။ လက်သီးနှင့် ထိုးကြပါသည်။ တုတ်ဖြင့် ရိုက်ကြပါသည်။ ဓားနှင့်ခုတ်ကြပါသည်။ ကြောက်ဖို့ အလွန် ကောင်းပါသည်။

ယခင်က ကျွန်တော်သည် အထိုးအကြိတ်၊ အပစ်အခတ်စသည်များကို နှစ်ခြိုက်မိပါသည်။ သဘောလည်း အလွန်ကျပါသည်။ ကြောက်ရမှန်းလည်း မသိပါ။ ကျွန်တော်ပင် တခါတရံ ရန်ဖြစ်ဘူးပါသည်။

သို့သော် တနေ့တွင် ကျောင်း၌ ကောင်မလေးနှစ်ယောက်ရန်ဖြစ်ကြပါသည်။ ရန်ဖြစ်ရသည့် အကြောင်း ကလည်း မကြီးကျယ်ပါ။ ခဲဖျက် ပျောက်ရာမှ ရန်စဖြစ်ကြပါသည်။ ကျွန်တော်တို့အတန်းထဲက မတင်ဝင်း၏ ခဲဖျက်ပျောက်ပါသည်။ ရှာမရ၍ အနားရှိ မယဉ်ကြည်ကို "ခဲဖျက်သူခိုး" ဟု မတင်ဝင်းက စွပ်စွဲပါသည်။ မယဉ်ကြည်ကလည်း မယူကြောင်း ငြင်းဆိုပါသည်။ နောက်ဆုံးတွင် သူတို့ နှစ်ယောက် ရန်ဖြစ်ကြပါသည်။ သူတို့ ရန်ဖြစ်ချိန်သည် နေ့လယ်မုန့်စားလွှတ်ချိန်ဖြစ်၍ အတန်းထဲတွင် လူသိပ်မရှိပါ။ ကျွန်တော်တို့ကလည်း ဝိုင်းကြည့်နေမိပါသည်။ ဖြန်ဖြေရန် သတိမရပါ။ သူတို့နှစ်ယောက် တယောက်ကို တယောက် ဆဲကြပါသည်။ တယောက်ဆံပင်ကို တယောက်ဆွဲ၍ ပါးရိုက်ကြပါသည်။ လက်သည်းများဖြင့် ကုတ်ခြစ်ကြပါသည်။ မယဉ်ကြည်က လက်သည်းဖြင့်ကုတ်ခြစ်၍ မတင်ဝင်း အသားများ ပွဲကုန်ပါသည်။ သွေးများ ထွက်လာပါသည်။ မတင်ဝင်းကလည်း ခဲတံဖြင့် မယဉ်ကြည်ကို ထိုးလိုက်ပါသည်။ မယဉ်ကြည်၏ ပေါင်တွင် ပေါက်သွားပါသည်။ ထိုစဉ် ဆရာရောက်လာ၍ ရန်ပွဲ ပြီးသွားပါသည်။ ကျွန်တော်တို့ကိုလည်း ဖြန်ဖြေ မပေးပဲ ဝိုင်းကြည့်နေကြ၍ ဆရာက ဆူပါသည်။

ဆရာက သူတို့နှစ်ယောက်စလုံး ကို ရိုက်ပါသည်။

အမှန်တော့ မ တင် ဝင်း ၏ ခဲဖျက် မပျောက်ပါ။လွယ်အိတ် ထဲမှပင် ပြန်တွေ့ပါသည်။ ဆရာ က မတင်ဝင်းကို အလွန်ဆူပါ သည်။

"ဘယ်သူမဆို ကိုယ့်ပစ္စည်း ကို မှတ်မှတ်ရရသိမ်း၊ မျက်မြင် မဟုတ်ဘဲနဲ့ အရမ်းမစွပ်စွဲကြနဲ့၊ မဟုတ်ဘဲနဲ့ သူခိုးပြောခံရတော့



တဖက်လူလဲ စိတ်ကောင်းမှာ မ ဟုတ်ဘူး၊ အရာရာ တိုင်းကိုလဲ ဒေါသနဲ့ စိတ်လိုက်မာန်ပါ မ လုပ်ကြနဲ့၊ ပြေပြေ လည်လည် ပြောကြ၊ ရန်ဖြစ်တာ မကောင်း ဘူး၊ ရှက် ဖို့ ကောင်း တယ်၊ ကျောင်းသူ ကျောင်းသားချင်း ဟာ ရန်မဖြစ်ရဘူး၊ ညီအကို မောင်နှမတွေလို ချစ်ချစ်ခင်ခင် ရင်း ရင်း နှီး နှီး နေကြရတယ်။ နောက်ကို ဘယ်သူမှ ရန်မဖြစ် ကြနဲ့" ဟု ဆရာက ဆုံးမပါ သည်။

ရန်ဖြစ်ခြင်းသည် အလွန် ရှက်ဖို့ကောင်းပါသည်။ရပ်ကွက် ထဲတွင် မိန်းမကြီးများ ရန်ဖြစ် သည်ကို ကျွန်တော် မြင်ဘူးပါ သည်။ ညစ်ညစ်ညမ်းညမ်း ဆဲ ကြပါသည်။ ရှက်စရာကောင်း ပါသည်။ ရန်ဖြစ်သူများကို လူ တိုင်း မုန်းပါသည်။ လူများ ဝိုင်းကြည့်ကြပါသည်။ တခါတ ရံ ရဲသားများ လာဖမ်းတတ်ပါ သည်။

ကျွန်တော် မရိုက်ချင်ပါ။ ရန်လည်း မဖြစ်ချင်ပါ။ အသား လည်း မနာချင်ပါ။ ဆရာဆုံးမ သလို ကျောင်းသူ ကျောင်း သားချင်း ညီအကို မောင်နှမ များလို ချစ်ချစ်ခင်ခင် နေပါ တော့မည်။

အားလုံးကိုလည်း ရန်မဖြစ် ရန် တောင်းပန်ပါသည်။

ကွန်ဇော်၏

၁၉၆၇ အမျိုးသားစာပေဆုရ

"မောင်ညီညီ၏ ပုံဝတ္ထုတိုများ" စာမူမှ



# အိပ်ရာဝင်ချိန်

အိပ်ကြမယ် အိပ်ကြမယ်၊
တို့များ အိပ်ကြမယ်။
မအိပ်ခင်ကွယ် တို့ဝတ္တရား၊
ပြုလုပ်ကြစို့လား။
ဘုရား တရား သံဃာရယ်၊
ဆရာများပါကွယ်။
လက်အုပ်ချီကာ ဦးနှိမ်ချ၊
တို့များ ဂါရဝ။
ထိုမှတလီ မိဘဆီ၊
သွားလို့ ကန်တော့မည်။
ဝမ်းသာကြသည် တို့မိဘ၊
ပီတိလှိုင်းတွေထ။ ။

မောင်ထွန်းရီ၏

၁၉၆၇ အမျိုးသားစာပေဆုရ

"ညီထွေးလိမ္မာ ကဗျာများ" စာမူမှ

R. 157

# ဇော်ဂျီ






ရုပ်သေး ဇော်က

ဇော်ဂျီကို ရှေးက ဇော်ဂီဟု ရေးသည်။ ဟိန္ဒီစကား ဇောဂီ (ယောဂီ) မှ ဆင်းသက်လာဟန်တူသည်။ အင်းဝခေတ် ရဟန်းစာဆိုတို့၏ အလိုအရ ဇော်ဂျီသည် ပုဏ္ဏားမြို့ပွ ဂိုဏ်းဝင် ဖြစ်၍၊ အလှူခံပုဂ္ဂိုလ်များတွင် တပါးပါဝင်သည်။ ဇော်ဂျီသည် ဗေဒင်ဟော၏။ လက္ခဏာဖတ်၏။ ဆေးလည်း ကု၏။ ရုပ်သေးပွဲ ဇာတ်ပွဲများတွင် ဇော်ဂျီ ထွက်လာသည့်အခါ "ဇော်ရောင်၊ ဂျီရောင်၊ ဆေးကြိတ်တဲ့တောင်။ ကိုင်ဆောင် တောင်ဝှေး၊ လိုလိုရာသွေး၊ နုဆေး–" ဟု သီဆိုလေ့ရှိသည်။



ဇာတ်သဘင် ဇော်က






ကစားစရာ ဇော်ဂျီရုပ်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


# ရွှေသွေး ဂျာနယ်

အတွဲ - ၁၊ အမှတ် - ၅။ ၁ - ၂ - ၆၉

## ရွှေကြောကြီး

ပန်းချီ
ဖိုးအကြည်




မိခင်ကြီးရဲ့ ခွင့်ပြုချက်အရ ခရီးစတင်၍ ထွက်ကြလေတော့သည်
ဟိုး ရှေ့က
တောင်သုံးလုံး
ကိုသွားရမယ်
၅-ရက် ခရီးခန့် ခရီးဆက်သော် တောင်လက်ညှိုး
ဖိုခနောက်ဆိုင်ကို တွေ့ရလေတော့၏။
တောင်နား ရောက်လေလျှင်
သစ်ပင် မရှိသော ကျောက်ခဲ
လမ်းများကို ဖြတ်ကျော်၍ --
ရေတံခွန် သုံးဆင့်အောက်မှ ဖြတ်ပြီး
တောင်ထိပ်သို့-
ခဲ ရာ ခဲ ဆစ် တက် ရ ပြန် ပြီး နောက်-


မြေညီရောက်ဖြို သာယာလိုက်တာကွာ အမောကိုပြေ သွားတာဘဲ
မြေနို မျက်ခင်းတွေ့သော် စိတ်သက်သာရာရပြီး စခန်းချကြလေသည်
ဟာ အကိုရေ့ တေါင်ကွဲကြီး ဗျ
မြန်ကြာပါရို့ အကိုကြီးရယ် ဒီတောင်ကွဲကြီး ဘယ် ဖြတ်ကူးလို့ ရမှာလဲ
ဟုတ်ပါ တယ်ဗျာ
ဟာ- ယောက်ျားဘဲ ဖွဲ့ - သတ္တိရှိမှ ပေါ့
ဒါပြီးယင် ရောက်တော့ မှာကွ
နို့သာ ညီညီ ညာညာ လုပ်အားပေးယင်-ရပါ တယ်- အကိုကြီး ပြောသလိုသာ လုပ်စမ်းပါ - ဝီရိယကြီးတဲ့ လူများဟာ ဆုကြီးများကို ရတတ်တယ် ကွဲ
ဖြောင့်စင်းသော သစ်ပင်တပင် ခုတ်လှဲ စေ၍ အစီအစဥ်များ ကို ပြောပြပြီးနောက်


ဟုတ်ပြီ- တွန်းပေါ့ မြန်မြန်
သစ်တုံးငယ်များကို ခု၍ အရှိန်နှင့် တွန်းသော် သစ်ပင်ကြီးသည် တန်တားကဲ့သို့ တဖက် တောင်စောင်းတွင် မေးတင်နေ၏။
တယောက်ပြီးမှ တယောက်ကူး
ထိုအခါမှ သတိကြီးစွာနှင့် တယောက်ပြီး တယောက် ကူးကြလေသည်။
အနည်းငယ် သွားမိသော် တောင်စောင်း၌ ဂူတခုကို တွေ့ရလေသည်။
ဒို့ပြည် ချမ်းသာပြီ
ရွှေ
ရွှေ
ရွှေ
ဂူကြီးထဲဝင်မိသော် မီးရောင်အောက်၌ ဝင်းဝင်းလက်လက် ရွှေကြောကြီးကို တွေ့ရလေတော့သတည်း။



နီနီမှာ
ဆံကြိုး
ကျောင်းကို ဆံကြိုး ဆွဲသွားလို့ ဆရာမက ချင့်မြမြှာမှတ်ဖုံ့ သမီးရဲ့···
အကျီ်အောက်သွင်း မြိုးဆွဲသွားမှာပါ··
ကျောင်း ရောက်တဲ့အခါ နီနီမာ ကလေးဟာ ဆံကြိုး ကျပျောက်မှာ စိုးလို့ တခြား ကျောင်းသူတွေနဲ့အတူ ဝင်မကစားရဲဘူး
နီနီမာ ဆံကြိုး ဇက်ဆွဲပေမဲ့ ဒါကို ချောင်းနေတဲ့ အလစ်သမားကယောက်က မြင်သွားပြီး
ဦးရဲ့ သုံးဘီးကားနဲ့ လာတာ·· ဟိုဒေါင့်နား မှာကွယ့်·· လာ·· လာ··
ဟော့ ခလေးမ··မင့် မေမေ ကျောင်းမြင်မှာ စောင့်နေတယ်ကွယ့်
ကျောင်းပြင် လူရှင်းတဲ့နေရာ ရောက်တာနဲ့ ဆံကြိုး ကို အတင်း ဖြုတ်ယူပြီး ပြေးပါလေရော
ဟင်
ခုလို ဖြစ်မှာစိုးလို့··စိန်·ရွှေ ဝတ်မလာဘို့ ဆရာမတို့က တားတာပေါ့
မှားပါဘီ ဆရာမ




ယခင်အပတ်မှ အဆက်

အတာတို့သည် နောက်တနေ့ နံနက်စောစောတွင် ဗန်းမော် ဈေးထဲ ရောက်နေကြသည်။ ဗန်းမော်မှ ကျောင်းဆရာဦးလှဖေနှင့် ဦးဟုတ်ကြည်တို့က လမ်းပြလုပ်သည်။ ဈေးထဲတွင် ရှမ်း၊ရှမ်းတရုတ် စသောတိုင်းရင်းသား များကို တွေ့ရသည်။ ရှမ်း တရုတ် အစားအစာတမျိုး ဖြစ်သော မြီးရှေကို အတာတို့လူစု အတော်ပင် ခံတွင်းတွေ့ကြလေသည်။

နေမမြင့်မီမြို့တပတ်လျှောက်ကြည့်ရန် ဈေးမှ ထွက်ခဲ့ကြသည်။ ဗန်းမော်မြို့သည် ဧရာဝတီမြစ်၏ အရှေ့ဖက်ကမ်းတွင်ရှိသည်။ မြို့အလျား လေးမိုင်ခန့်ရှိသည်။ မြို့၏ မျက်နှာပြင်မှာ ညီညာ ပြန့်ပြူးခြင်း မရှိ။ လျှိုများ၊ ချောက်များ၊ တောင်ကုန်း၊ တောင်ပူစာငယ်များဖြင့် အနိမ့်အမြင့် များလှသည်။ မြို့နေလူထုတွင် မြန်မာထက် တရုတ်-မြန်မာ ကပြားက ပိုများသည်။ နေအိမ် များကလည်း အများစုမှာ တရုတ်ဆန်သည်။ ထို အချက် ကို အဖွဲ့ဝင်များက ထင်မြင်ချက် ပေးကြသဖြင့် ဆရာဦးလှဖေက ဤသို့ ပြောပြလေသည်။

"ဗန်းမော်ဟာ တရုတ်နယ်စပ်နဲ့ မိုင် ၅၀ ကျော်လောက်ဘဲ ဝေးတယ်။ ကုန်းကြောင်း၊ ရေကြောင်းနဲ့ သွားလို့ရတယ်။ ခင်ဗျားတို့ မြစ်ကြီးနားက အလာမှာ ဗန်းမော်ရောက်ခါနီး မြို့သစ်ဆိုတဲ့ ရွာနားမှာ ဖြတ်ခဲ့တဲ့ ချောင်းကြီးဟာ တပိန်မြစ်ပေါ့၊ တရုတ်ပြည် ယူနန်နယ်ဖက်က လာပြီးတော့ ဧရာဝတီထဲ စီးဝင်တဲ့မြစ်လေ။ အဲဒီမြစ်ကြောင်းနဲ့ တရုတ်နယ်စပ်ကို ရောက်နိုင်တယ်။ ဒါကြောင့် ဗန်းမော်ဟာ ရှေးရှေးက တရုတ်နယ်စပ်နဲ့ ကုန်သွယ်မှုအတွက် အင်မတန် အရေးပါတယ်။ နိုင်ငံရေးအားဖြင့်လဲ အရေး ပါတယ်။ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်လောက်က အင်မတန်စည်ကားတဲ့မြို့ကြီးပေါ့။ တရုတ်ပစ္စည်း၊ တရုတ် အစား အသောက်အတွက် နာမယ်အလွန်ကြီးခဲ့တယ်။ တရုတ် ကုန်သည်ကြီးတွေလဲ အလွန်ဩဇာကြီးခဲ့တဲ့မြို့ဘဲ။ နောက် ဗြိတိသျှတွေ မြန်မာနိုင်ငံကို သိမ်းတဲ့ခေတ်မှာ မြို့အထိနာသွားတယ်။ အဲဒီက စပြီးတော့ အရင်ကလို ပြန်ပြီး မစည်တော့ဘူး"

"ဘာဖြစ်လို့ အထိ နာတာလဲဆရာ" ဟု အတာက မေးသည်။

"ဒီလိုကွဲ့ မြစ်ကြီးနားတို့ ဗန်းမော်တို့ တဝိုက်ကို ဗြိတိသျှတွေ သိမ်းတဲ့အခါ မြန်မာတွေ ရှမ်းတွေနဲ့ ကချင် အနွယ်ဝင်တွေဟာ ပြင်းပြင်းထန်ထန် ခုခံခဲ့ကြတယ်။ ဗန်းမော်နဲ့ ဆဒုံးတို့ ဆမားတို့ဆိုတဲ့ ဒေသတွေမှာ တိုက်ပွဲတွေ တော်တော် ပြင်းထန်ခဲ့တယ်။ ဗြိတိသျှတွေဟာ ဒီဒေသ တဝိုက်ကို တော်တော် တိုက်ယူရတယ်။ သူတို့လဲ အထိနာ ၊ တိုင်းရင်းသားတွေဖက်က




လဲ အထိနာ၊ ဗန်းမော်မြို့လဲ တော်တော်ပျက်ခဲ့တယ်။ ဖြိုတိ ဿျခေတ်မှာခရိုင်မြို့ကြီးဖြစ်လာ ပေမဲ့ ရှေးကလောက် ပြန်ပြီး တော့ မစည်တော့ဘူး။ ၁၉၃၇ ခုနှစ် တရုတ်-မြန်မာ လမ်းမကြီး ဖောက်ပြီးတဲ့ နောက် ပိုင်းမှာ ဗန်းမော်နဲ့ တရုတ်နယ်စပ် ဆက် သွယ်မှုဟာလဲ မ ရှိသ လောက် ဖြစ်ခဲ့တယ်။ စင်စစ်တော့ ဗန်း မော်ဟာ ရှမ်းအဆက်ပါ။ နာ မယ်ကလဲ ရှမ်းဘဲ။ အခုမြို့က မြို့ သစ်၊ ရှေးက ရှမ်းမင်းဆက်တွေ တည်ခဲ့တဲ့ ဗန်းမော်မြို့ဟောင်း ဟာ တပိန်မြစ်ကမ်းပေါ်မှာ ရှိ ပါတယ်"

ထိုနောက် ဆရာဦးစိုးလွင်က ဗန်းမော်ခရိုင် အတွင်းရှိ စီးပွား ရေး လုပ်ငန်းများ အကြောင်း မေးမြန်းသည်။ ဦးဟုတ်ကြည် က လယ်ယာ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင် ကြကြောင်း၊ မြစ်ဝှမ်းတလျှောက် မြေနိမ့်လွင် ပြင်များ၌ ဆန်စပါး၊ မြေပဲ၊ ကြံ၊ ဆေး စသည်တို့ကို စိုက်ပျိုး ကြ ကြောင်း၊ တောင်ပေါ် ဒေသ များမှ လျှော်ကားထစ် စိုက်ပျိုး ရေးများလည်း အောင်မြင် နေ ကြောင်း တို့ကို ပြောပြသည်။

ထိုနောက် အစိုးရ စံပြ သကြား စက်နှင့်သစ်လုပ်ငန်းအကြောင်း ပြောပြ ဆွေးနွေးသည်။ သစ် လုပ်ငန်းအကြောင်း ပြောပြရင်း ဆင်များ အရေးပါ အသုံး ဝင် ကြောင်း စကားစပ်မိကြသည်။ မြစ်ကြီးနား၊ ဗန်းမော်၊ ကသာ ခရိုင် သစ်တောများ၌ ဆင်ရိုင်း များ ဖမ်းပုံကို အဖွဲ့ဝင်များက တယောက် တခွန်း ဝင်မေးကြ သည်။ ဆရာ ဦးလှဖေနှင့် ဦး ဟုတ်ကြည်တို့က စိတ်ရှည် လက် ရှည် ပြောပြသဖြင့် အတာ တ ယောက် အလွန် စိတ်ဝင်စားနေ လေသည်။

နောက် တနေ့ နံနက်တွင် အတာတို့ ဗန်းမော်မြို့မှ ထွက် ခွာ ခဲ့ကြသည်။ ဗန်းမော်မြို့ သည် အောက် မြန်မာနိုင်ငံမှ သင်္ဘောများ ဆန်တက်ရာ နောက်ဆုံးမြို့ ဖြစ်သည်။ မန္တ လေးမှ ၂၇၅ မိုင် ဝေးသည်။ မန္တလေးနှင့် ဗန်းမော် သွားလာ ရန် ပ ရ သ ဖ သင်္ဘော ရက် ခြားရှိသည်။ အတာတို့ လိုက်ပါ လာသည့် သင်္ဘော၏ အမည်မှာ "ပတ္တမြား" ဖြစ်လေသည်။

(ဆက်ရန်)





# ငှက်သွင်ပျံကြ တွင်ကြံဆ

ရှေးအခါက လူတို့သည် ငှက်များကို အားကျသဖြင့် လေပေါ်တွင် ပျံသန်းနိုင်ရန် တဆင့်ပြီး တဆင့် ကြံဆတီထွင်လာခဲ့ကြရာ –





၁၉၀၃ ခုနှစ်တွင် ရိုက်ညီနောင်တို့သည် စက်တပ် လေယာဉ်ပျံကို အောင်မြင်စွာ ပြုလုပ်နိုင်ကြသည်။





ထိုမှ လေယာဉ်ပျံ အမျိုးမျိုး စက်အမျိုးမျိုး
ကို ကောင်းသည်ထက် ကောင်းလာအောင် လူ
တို့သည် ဆက်လက်၍ ကြိုးစား လာခဲ့ကြရာ အ
တောင် နှစ်ထပ်လေယာဉ်ပျံမှ အတောင် တထပ်
လေယာဉ်ပျံ၊ ပန်ကာတပ် လေယာဉ်ပျံမှ ဂျက်
လေယာဉ်ပျံတို့အထိ တိုးတက်လာပြီး ယခုအခါ
အသံထက် လျင်မြန်သော ဆူပါဆွန်းနစ် လေ
ယာဉ်ပျံပင် ပေါ်ပေါက်၍ နေလေပြီ။




ဟေ့ ကျော်ကျော်နှင့်ဝိုင်ပြုံး၊ နောက်ကျပါလား၊ ဒို့တော့ ထမင်းစားပြီးကြပြီ၊
ကျွန်တော်လမ်းထိပ်က စာကြည့်တိုက်ကိုဝင်နေလို့ပါ၊ ဒါပေမယ့် ဖတ်ချင်တဲ့ စာအုပ်ရှာမရဘူး၊ တခြားစာအုပ်ကို ဖတ်ခဲ့ရတယ်၊
ကျော်ကျော်က စာကြည့်တိုက်တွေကိုတွေ့ သွားလို့၊ ကလေးများအတွက်ကော ဖွင့်သလား၊ ပြောစမ်းပါဦး၊




ကျွန်တော်တို့ စာအုပ်အသစ်တွေ
ထပ်ဝယ်ပြီး ပို့ပါအုံးမယ်
နေ့တွေရက်တွေ
ပြောင်းလာသည့်
နောက်ပိုင်းတွင် -
ငါတို့မောင်နှမ
လူငယ်ချွန်ဖြစ်လာရတာ၊
စာကြည့်တိုက်က ရတဲ့ဗဟုသုတ
ကျေးဇူး အများကြီးပါတာ
ပေါ့ကွယ်




ရှေးအခါကပင် လူတို့သည် အတားအဆီးများကို ခုန်ကျော် ခဲ့ကြသည်။ ခုန် ကျော် သူ ၏ စွမ်းအားနှင့် အလေ့အကျင့်ကို လိုက်၍ အချို့မှာ သာမန်မျှသာ ခုန်နိုင်သည်။ အချို့မှာ အခြား သူများထက် ပို၍ မြင့်အောင် ခုန်နိုင်ကြသည်။

အမြင့်ခုန်ခြင်းသည် နောင် သော် ယှဉ်ပြိုင်ရသော အား ကစား ပြိုင်ပွဲတရပ် ဖြစ်လာခဲ့ သည်။ ကမ္ဘာ့အိုလံပစ် အား ကစားပွဲများတွင် ၁၈၉၆ ခုနှစ် မှစ၍ အမျိုးသားများအတွက် အမြင့်ခုန်ခြင်းကို ထည့်သွင်းခဲ့ သည်။ အမျိုးသမီးများ အ တွက် အမြင့်ခုန်ပြိုင်ပွဲကို ၁၉၂၈ ခုနှစ် အိုလံပစ် အားကစားပြိုင် ပွဲများတွင် စတင် ထည့်သွင်းခဲ့ သည်။

အ မြင့် ခုန် ခြင်း တွင် ခုန်ရ သော တန်းကို တိုင်နှစ်တိုင် အ ကြား၌ အနိမ့်အမြင့် သတ်မှတ် ချက်အလိုက် တင်၍ထားသည်။ အမြင့်ခုန်သူသည် ခြေထောက် ကို အားပြု၍ခုန်ရသဖြင့် အဝေး မှ ပြေးပြီး အရှိန် ယူ ရ သည်။ ကမ္ဘာကျော် အမြင့်ခုန်သမား များသည် ပေ ၄၀ ခန့် ပြေးပြီး အရှိန်ယူ ခုန်လေ့ရှိကြသည်။

အမြင့်ခုန်ပြိုင်ပွဲတွင် အမျိုး သားများအတွက် ကမ္ဘာ့ စံချိန် မှာ ၇ ပေနှင့် ၅¾ လက်မဖြစ် သည်။ ထိုအမြင့်စံချိန်ကို တင် ခဲ့သူမှာ ဆိုဗီယက် ယူနီယံမှ ဘရူးမဲ ဆိုသူဖြစ်သည်။

အမျိုးသမီးများ အ တွက် ကမ္ဘာ့စံချိန်မှာ ၆ ပေနှင့် ၃¼ လက်မ ဖြစ်သည်။ ထိုအမြင့်ကို ခုန်ခဲ့သူမှာ ရူမေးနီးယားမှ ဘာလပ်စ် ဖြစ်သည်။

မြန်မာနိုင်ငံမှ အမျိုးသား အမြင့်ခုန်စံချိန်မှာ ခင်မောင်၏ ၆ ပေနှင့် ၃¼ လက်မဖြစ်သည်။ အမျိုးသမီးများ ထဲမှ မြင့်မြင့် အေးသည် ၅ ပေနှင့် ၀¼ လက်မ စံချိန်ကို တင်ထားသည်။

အမြင့်ခုန်နည်းမှာ လေးမျိုး ခန့် ရှိသည်။ ပထမ နည်းတွင် ခုန်သူသည် ထိုင်လျက် အနေ အထားဖြင့် တန်းကို ခုန်ကျော် သည်။ ဒုတိယနည်းတွင် တန်း ပေါ်၌ကိုယ်အထက်ပိုင်းကိုလှဲချ ပေး၍ ခုန်ကျော်သည်။ တတိ ယနည်းတွင် ခုန်သူသည် တန်း ပေါ်၌ ကိုယ်ကို အလျားလိုက် လှဲချ၍ ခုန်ကျော်သည်။ စတုတ္ထ နည်း၌ ခုန်သူသည် တန်းပေါ် တွင် မှောက်လျက် အနေ အ ထားဖြင့် ခုန်ကျော်သည်။ ယခု အခါ စတုတ္ထနည်းမှာ ခေတ် အစားဆုံးဖြစ်သည်။ ဆိုဗီယက် ယူနီယံမှ အမြင့်ခုန် တံခွန်စိုက် ဘရူးမဲသည် ဤနည်းဖြင့် ခုန်ခဲ့ သည်။ ယခုခေတ်တွင် ခုနစ်ပေ ကျော်အမြင့်ကို ခုန်နိုင်သူတိုင်း ပင် ဤနည်းကို အသုံး ပြုခဲ့ကြ လေသည်။

အမြင့်ခုန် သမားများသည် ခြေတန် ရှည်သူများ ဖြစ်ပါက အခုန်ကောင်းတတ်သည်။ အ ရပ်ရှည်ခြင်း၊ ခြေတန်ရှည်ခြင်း အပြင် ခုန်အားရှိဖို့လည်း လို သည်။

အမြင့်ခုန်သမား တဦး အ ဖြစ် ထူးချွန်လိုလျှင် စနစ်တကျ လေ့ကျင့်ခြင်းကို မမေ့အပ်ပေ။



## ဘောတန်တားဘေးကမှ လူချွန်ကောင်းများ

ကိုးလပတ်စာမေးပွဲ ပြီးဆုံးသွားသည်နှင့် ရဲစိုးဝင်းတို့ လူသိုက်မှာ အလွန်ပျော်ရွှင်နေကြ၏။ သို့ရာတွင် နှစ်ပတ်လောက်ကြာလျှင် ပေတိုးမှာ အတန်းထဲ၌ အလွန်ကြီးမားသော ဒုက္ခနှင့် ရင်ဆိုင် လာရလေသည်။ အကြောင်းမှာ စာမေးပွဲဖြေစဉ်ကပထဝီဘာသာနှင့်ပတ်သက်၍ ဆရာမက ပေတိုးနှင့် ညိုကြီးကို ခေါ်မေးသောကြောင့် ဖြစ်၏။

"ပေတိုး ဒီမြေပုံကို မင်းဆွဲတာလား"

"ဟုတ်ကဲ့ ဆရာမ"

"မညာနဲ့နော်၊ ညိုကြီးက စာမေးပွဲ ဖြေတုန်းက သူ့မြေပုံ စာရွက် ပျောက်သွားတယ်လို့ ဆရာမကို လာတိုင်ထားတယ်"

"ညိုကြီး – ဟောဒီ မြေပုံဟာ မင်းဆွဲတာ အမှန်ဘဲလား"

"ကျနော်ဆွဲတာ အစစ်ဘဲ၊ ဘယ်လို သူ့ဆီ ရောက်သွားလဲ မသိဘူး"

"ကဲ – ကောင်းပြီ၊ မင်းတို့ နှစ်ယောက် ပိုင်ရှင်ရွေးမယ်"

ဆရာမသည် ပေတိုးနှင့် ညိုကြီးတို့အား ကျောက်သင်ပုန်းပေါ်၌ မြန်မာပြည်မြေပုံကို တလှည့်စီ ရေးဆွဲစေသည်။

"တတန်းလုံး မှန်မှန်ပြောကြစမ်း၊ ဒီမြေပုံနှစ်ပုံမှာ ဘယ်ဟာက အဖြေလွှာထဲက မြေပုံနဲ့ ပိုတူသလဲကွဲ့"

"ညိုကြီးပုံက ပိုတူပါတယ်"

ပေတိုးမှာ အလွန်ရှက်ပြီး ခေါင်းငုံ့ထားလေ၏။

"မှန်မှန်ပြောစမ်း ပေတိုး၊ ညိုကြီးမြေပုံကို မင်း ခိုးပြီးလာတယ်မဟုတ်လား"

"ဟုတ် – ဟုတ်–ဟုတ်ကဲ့ – ဆ – ဆရာမ"

ပေတိုးမှာ ငြင်းကွယ်၍ မရတော့ချေ။ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာလေ၏။

"ဆရာမ–မရိုက်ရသေးဘဲနဲ့ ဘာလို့ငိုနေရလဲ ပေတိုး။ မင်းကို ဆရာမ ရိုက်တဲ့အပြစ်ဒဏ်မျိုး မပေးပါဘူး။ မင်း အခုရထားတဲ့ ပထဝီအမှတ်ထဲက မြေပုံဆွဲတဲ့ အမှတ်တွေကို နုတ်ပြီး ညိုကြီးအမှတ်ထဲ ပေါင်းထဲ့ပေးရမှာဘဲ၊ အကျင့်စာရိတ္တ ပျက်ပြားလို့ ဆယ်မှတ် ထပ်နုတ်ပြီး အပြစ်ဒဏ်ပေးရမယ်။ ကဲ – တတန်းလုံး မှတ်ထားကြ။ နောက်ကို ပေတိုးလို မြေပုံသူခိုးမိယင် စာမေးပွဲကျပြီသာ မှတ်တော့"

ပေတိုးမှာ ကျောင်းလွှတ်လျှင် မိုးဖြူတို့နှင့်အတူ အိမ်သို့ ပြန်မလိုက်တော့ချေ။ အလွန်ရှက်နေ သဖြင့် ပန်းဆိုးတန်း ကမ်းနားဖက်သို့ လျှောက် ခဲ့လေသည်။ ဆိပ်ကမ်း ဘောတန်တားပေါ် ရောက်လျှင် မြစ်ထဲမှ သင်္ဘောကြီးများကို ကြည့်နေလေ၏။ အလုပ်သမားကြီးများမှာ ကုန်ပစ္စည်းများကို ကရိန်းဖြင့် တင်လိုက် ချလိုက်နှင့် ဆူညံစွာ အလုပ်လုပ်နေကြ၏။

"မြေပဲဆားလှော် ကျွတ်ကျွတ်လေး"

"မြေပဲတထုပ် ရောင်းကွာ"

ပေတိုးမှာ သူနှင့်ရွယ်တူ မြေပဲသည်ကို လှမ်းခေါ်လိုက်၏။

"မင်း တယောက်ထဲလားကွ"

"အေး–ငါတယောယ်ထဲဘဲ"

"မင်းနံမယ်ဘယ်လိုခေါ်လဲ"

"ပေတိုး"

"ငါ့နံမယ်က ချစ်တီးလို့ ခေါ်တယ်"

"ကျောင်းမနေဘူးလားကွ"

"ငါ သုံးတန်းရောက်ပြီးဒီ့က ညနေပိုင်းမှ တက်ရတာ၊ မနက်ပိုင်း မြေပဲ ရောင်းရသေးတယ်"

"မင်း လိုက် ၆ လား ကွ၊ မောင်ပေါက်တို့ အောင်ကြည်တို့ဆီ သွားရအောင်"

ပေတိုးမှာ ဘောတန်တား

အောက်သို့ ဆင်း၍ လိုက်လာလေသည်။ မောင်ပေါက်တို့မှာ သံဘောင်ပေါ်တွင် ဖင်ထိုင်ရင်း ပလာစာအုပ်ထဲ၌ ဂဏန်းတွက်နေကြ၏။

"သူတို့ကော ဈေးမရောင်းဘူးလား"

"ငါ့လိုဘဲမြေပဲရောင်းတယ်၊ မောင်ပေါက်က ညကျယင်ဟော်တယ်ကို အရက်လာသောက်တဲ့ သူဌေးတွေရဲ့ ကားတွေကိုလဲ စောင့်ပေးရတယ်ကွ၊ စောင့်ခ ပိုက်ဆံရတယ်"

ချစ်တီးက ပေတိုးကို သူ့သူငယ်ချင်းများနှင့် မိတ်ဆက်ပေးလိုက်၏။ ပေတိုးမှာ ဝင်ထိုင်ရင်း သူတို့၏ စွန့်စားခန်းများကို နားထောင်လေ၏။

မောင်ပေါက်က တခါတုန်းက အလုပ်သမားကြီးတယောက် ရေထဲသို့ ခြေချော်ကျသွားရာ သမ္ဗာန်နှင့် လိုက်ပြီး ဆယ်ရပုံကို ပြောပြသည်။ အောင်ကြည်က အရူးမကြီးတယောက် ထမင်းချိုင့်ပျောက်၍ လာသမျှ လူအားလုံးကို ဆဲဆိုနေရာ ခွေးချီသွားသော ထမင်းချိုင့်ကို ရှာပေးလိုက်မှ အဆဲရပ်သွားပုံကို ပြောပြသည်။

"အေးကွာ – မင်းတို့နဲ့နေရတာ သိတ်ပျော်တာဘဲ။ ငါ အိမ်ပြန်အုံးမယ်"

ပေတိုးမှာ ချစ်တီးကိုခေါ်ရင်း လမ်းမပေါ် တက်ခဲ့ကြ၏။

"ငါလဲ ကျောင်းသွားတော့မယ်"

ချစ်တီးမှာ လက်သုတ်ရောင်းနေသော သူ့အမေကြီးကို မြေပဲတောင်း ပေးရင်း လွယ်အိတ်လွယ်ကာ ပေတိုးနှင့်အတူ လိုက်လာ၏။

"မင်းမြေပဲ ညကော ရောင်းလား"

"ညဆယ်နာရီအထိ ရောင်းရတယ်။ မနက်အစောကြီးထပြီး အမေကြီးအတွက် သဘော်သီးခြစ်ပေးရတယ်။ ကျောင်းမသွားခင်လဲ မြေပဲ ရောင်းပေးရသေးတယ်"

"မင်းအဖေက ပိုက်ဆံမရှာဘူးလားကွ"

"ငါ့အဖေ ဟိုသဘော်ကြီးမျိုးအပေါ်က ဆန်အိတ်ထမ်းရင်း ရေထဲလိမ့်ကျပြီး သေသွားတယ်ကွာ"

"မင်း ဘယ်မှာစာကြည့်လဲ"

"ဘောတန်တား အောက်မှာ ကြည့်ရတာဘဲကွာ"

"မင်းတို့ဟာ ပိုက်ဆံလဲရတယ်၊ စာလဲသိပ်ကြိုးစားတာဘဲကွာ၊ သတ္တိလဲ ရှိတယ်၊ မင်းတို့ဟာ လူစွမ်းကောင်းတွေဘဲ"

ပေတိုးမှာ ဘောတန်တား အောက်တွင် စာကြည့်နေကြသော မောင်ပေါက်တို့ကို အားကျလာပြီး စာမေးပွဲ၌ ကောင်းစွာ ဖြေဆိုနိုင်ရန် သူလည်း စာကြိုးစားတော့မည်ဟု သန္နိဋ္ဌာန် ချလိုက်လေတော့၏။

တက္ကသိုလ် မောင်အောင်ဆွေ၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
"ပေတိုး" စာမူမှ

## မဟုတ်မခံ

ကျီးကန်းလို မျိုးချစ်စိတ်
ပရွက်ဆိတ်ရဲ့ မာန်။
မွေးကြဘို့ရန်
မဟုတ်မခံ
စိတ်ထန် မြွေပွေး။
ပင့်ကူလို ကြိုးစားလို့
မျိုးသားစိတ်မွေး။ ။

မောင်သက်ကြွ၏
၁၉၆၇၊ အမျိုးသား စာပေဆုရ
"ရွှေသင်နုချိန်" စာမူမှ




R. 157



# မြန်မာ့ဆိုင်းဝိုင်း

မြန်မာ့ရိုးရာ တူရိယာဝိုင်း၌ ဆိုင်းဝိုင်းကြီးပါဝင်သည်။ ဆိုင်းဝိုင်းကြီးကို ပတ်ဝိုင်းဟုလည်း ခေါ်သေးသည်။ ဆိုင်းဝိုင်းကြီး အတွင်းဖက်၌ ''ပုံ'' ဟုခေါ်သော ပတ်လုံးများကို ကြိုးဖြင့်ချည်လျက် ချိတ်ဆွဲထားသည်။ ဆိုင်းဝိုင်းတွင် ပတ်လုံးပေါင်း ၁၉ လုံးမှ ၂၁ လုံးထိပါဝင်လေ့ရှိသည်။ ဆိုင်းဝိုင်းကြီး၏ အဝန်းသည် ၁၅ ပေနှင့် ၁၀ ၃/၄ လက်မခန့်ရှိသည်။ ဆိုင်းဝိုင်း၏ အမြင့်သည် ခြေထောက်အပါအဝင် ၂ ပေနှင့် ၈ လက်မခန့်ရှိသည်။ ဆိုင်းဝိုင်းထိပ်ဖျားများတွင် ဖန်ပြောင်းများ တပ်ဆင်ထားတတ်သည်။ ထိုဖန်ပြောင်းများထဲတွင် မီးထွန်းညှိရသည်။ ဆိုင်းဝိုင်းကြီး၏ နောက်ဖက်၌ ဆိုင်းဆရာ ဝင်ထွက်နိုင်ရန် အပေါက်ကြီးပါရှိသည်။ ထိုအပေါက်ကြီးကို ''မင်းပေါက်''ဟု ခေါ်သည်။ ပတ်လုံး ပြုလုပ်ရာတွင် ပိတောက်သားဖြင့် ပြုလုပ်၍ နွားသားရေဖြင့် နှစ်ဖက်ပိတ်ပြီး ကျက်ထားရသည်။ ပတ်လုံးတွင် ထမင်းနှင့်ပြာကို ညက်အောင်နယ်ထားသော ပတ်စာ တပ်၍ အလိုရှိသောအသံ ထွက်အောင် ညှိ၍ တီးရသည်။







၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်

# ရွှေသွေး ဂျာနယ်

## ပြည်ထောင်စုနေ့


ပန်းချီ · ဦးဘကြည်

အတွဲ-၁၊ အမှတ်-၆ ၁-၂-၆၉




ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့လို့ခေါ်တယ်။ နှစ်စဉ် မြို့ကြီးတမြို့မြို့မှာ ပြပွဲ ပြိုင်ပွဲ ပျော်ပွဲ ရှင်ပွဲတွေနဲ့ အထူးကျင်းပလေ့ရှိတယ်။ ဒီနှစ်တော့ မန္တလေးမြို့မှာ အထူး ကျင်းပလိမ့်မယ်။ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံကတော့....


စစ်ကြီးပြီးသွားပြီ - ဒို့ပြည် ဒို့ပြန်ပေးပေါ့ ဒို့ကတော့ လွတ်လပ်ရေး မရမခြင်း မအေးဘူး ဘဲ
အေး - အိုင်တို့လဲ စစ်တိုက်ရလို့မောလှပါပြီ၊ အိမ်လဲလွမ်းလှပြီ၊ အိုင်တို့အစိုးရကို ယူတို့ပြောကြည့်ပါလား
စစ်ကြီးအတွင်း ဖက်ဆစ်ဂျပန်တွေကို တော်လှန်ခဲ့ပြီးနောက် အင်္ဂလိပ်တွေပြန်လာပြီး အုပ်ချုပ်နေလို့ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးတောင်းတယ်ကွဲ့။
ကျုပ်တို့ကို လွတ်လပ်ရေးပေးတော့ဗျာ
အေးလေ ဗမာတွေကို တော့ပေးမယ် စိတ်ချပါ
ဒါနဲ့ အင်္ဂလန်သွားပြီး အင်္ဂလိပ်အစိုးရထံ အရေးသွားဆိုတယ်ကွဲ့။
ဟာ-တယ်ဆိုးတဲ့လူတွေဘဲ ကတ်သီး ကတ်သတ်
ဗမာပြည်မှာ နေတဲ့တိုင်းရင်းသားအားလုံး ဟာ - ဗမာတွေဘဲပေါ့ဗျ
ဗမာတိုင်းရင်းသားတွေအားလုံး လွတ်လပ်ရေးလိုချင်နေပြီ
နိုး နိုး - ဘယ်ဟုတ်ရမှာလဲကွ တောင်တန်းသား တွေရဲ့ကိစ္စကို တမျိုးစဉ်းစား ရမယ်


မြန်မာပြည်သို့
ပြန်ရောက်သော်....
ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာပြည် ပြန်လာပြီး ရှမ်းပြည် ပင်လုံမြို့မှာ လူမျိုးစု ကိုယ်စားလှယ်အားလုံးကို ဖိတ်ကြားပြီး ပြောပြတယ်။ အင်္ဂလိပ်တွေကိုလဲ ဖိတ်ခေါ်ထားတယ်။
....ဂျပန်ကိုမကြိုက်လို့တော်လှန်တုန်းက ခင်ဗျားတို့လဲ ဝိုင်းပြီးတော်လှန်လို့ အောင်မြင်တာဘဲ....
....လွတ်လပ်ရေး ရယင် ခင်ဗျားတို့ရော ကျွန်တော်တို့ရော အတူတကွ လွတ်လပ်ရမှာပေါ့....
ကျွန်တော်တို့ တတွေ အတူတူလွတ်လပ်ပြီး အတူတူ ပေါင်းနေမယ် ဆိုယင် တိုင်းရင်းသားအားလုံးပါဝင်တဲ့ မြန်မာနိုင်ငံကြီးဟာ အင်အားရှိတဲ့နိုင်ငံ တခု ဖြစ်လိမ့်မှာဘဲ



ဒါနဲ့သဘောပေါက်ပြီး ဗမာတိုင်းရင်းသားအားလုံးဟာ တပေါင်းတစည်းတည်း လွတ်လပ်ရေး လိုချင်တယ်ဆိုပြီး ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ လက်မှတ် ရေးထိုးကြတယ်ကွဲ။




ဒီစာချုပ်ကို အင်္ဂလိပ်ထံ ပို့လိုက်တော့ အင်္ဂလိပ် အစိုးရဟာ အချင်းချင်း တိုင်ပင်ပြီးတော့ မြန်မာပြည်ကို ဆက်လက်ပြီး အုပ်ချုပ်ထားလို့ရပုံမပေါ်တာနဲ့ လွတ်လပ်ရေး ပေးလိုက်တာဘဲ။




ဒါကြောင့်မို့ ဂျပန်တော်လှန်ရေးတုန်းက သုံးခဲ့တဲ့ တော်လှန်ရေး ကြယ်ပွင့်ကြီးကို အလယ်ကထားပြီး တိုင်းရင်းသား အားလုံးပါဝင်တဲ့သဘောကို ဆောင်တဲ့အနေနဲ့ ဘေးက ကြယ်ပွင့်လေးတွေ ဝိုင်းထားတဲ့ ပြည်ထောင်စုအလံ ပေါ်လာရတယ်ကွဲ။ ။


အမှိုက်ပစ်စရာ
ထိုင်နေရာ
ငါ လွှင့်ပစ်ခဲ့တဲ့ ငှက်ပျောခွံကို
တက်နင်းမိလို့အဒေါ်ကြီးချော်လဲပြီ
ငှက်ပျောခွံကို သမီး
အမှိုက်ပုံးထဲ ပစ်ခဲ့ယင်
ဟို အဒေါ်ကြီး ခုလို
ဒုက္ခရောက်မှာမဟုတ်
ဖူး.. သမီးရဲ့..
ဟုတ်ပါတယ်
မေမေ
သမီးရေ.. ဒီအမှိုက်တွေ သွားသွန်
လိုက်ပါကွယ်... မြေ့နေ ဘိ
ဟုတ်ကဲ့
မေမေ
မြူအမှိုက်ပုံး ဆီသွားရမှာ
ဝေးတယ်.. ခြံ မြင်ကိုဘဲ အလွယ်
တကူ ပစ် လိုက်တော့မယ်
သွားပေရော့
ဟယ်
သမီး..အမှိုက်တွေကို မြူအမှိုက်ပုံးထဲ
ရောက်အောင်သွားမထဲ့လို့ ဟို ဦးဦးမှာ
ပေကျံ ကုန်ရှာတယ်၊ မြို့တော်ရဲ့ သန့်ရှင်းမှု
ကိုလဲ ထိခိုက်တယ်
ဦးဦးကို တောင်းပန်
ပါတယ်... သမီး
မှားပါဘိ

# မြစ်ကြီးဧရာဝတီ ၄

သရုပ်ဖော် – ဦးဘကျော်



**ယခင်အပတ်မှ အဆက်**

“ပတ္တမြား”သည် ဗန်းမော်ဆိပ်ကမ်းမှ ခွာခဲ့သည်။ အတာတို့သည် ဝေး၍ ဝေး၍ ကျန်ခဲ့သော ဗန်းမော်မြို့ ရှုခင်းကို မျှော်ကြည့်နေမိကြရာ အတန်ကြာမှ ပတ်ဝန်းကျင်ကို သတိထားမိကြသည်။

ဧရာဝတီ မြစ်သည် ပထမမြစ်ကျဉ်းမှထွက်၍ ဗန်းမော်အထက် ၁၂ မိုင်ကွာခန့်ရှိ သဖန်းပင်ရွာအနီးမှအစပြုကာ မြေပြန့်ပိုင်းကို ဖြတ်၍ စီးသည်။ ဗန်းမော်ကို အတန်ငယ် လွန်လာသည်အထိ မြစ်၏ဝဲယာတွင် မြေပြန့်များကိုသာ တွေ့နေရသည်။ မြစ်ကြောင်းလည်းကျယ်၍ ရေစီးလည်း သာသည်။ ရေနည်းချိန်ဖြစ်၍ သဲသောင်များလည်း ပေါ်နေသည်။

စာဝတီးရွာသို့ မရောက်မီမှစ၍ မြစ်ကြောင်းသည် တောင်ဖက်သို့ စီးနေရာမှ အနောက်ဖက်သို့ ကွေ့သွားသည်။ ကမ်းပါးတို့သည် တဖြည်းဖြည်း မြင့်လာ၍ မြစ်ကြောင်းလည်းကျဉ်းလာသည်။ ဧရာဝတီသည် ထုံးကျောက်တောင်များ အပိုင်းသို့ ဝင်စပြုလေပြီ။ ဆရာ ဦးစိုးလွင်က –

“စင်းခမ်းဆိုတဲ့ရွာကိုရောက်တော့မယ်။ စင်းခမ်းဟာ ဗန်းမော်နဲ့ ၁၈ မိုင် ဝေးတယ်။ ဒုတိယ မြစ်ကျဉ်း ဟာ စင်းခမ်း အောက်ဖက် နားမှာ အစပြုတယ်” ဟု ပြောပြသည်။

အတာတို့သည် ဒုတိယ မြစ်ကျဉ်းသို့ ရောက်တော့မည် ဆို၍ လေ့လာနိုင်ရန်သတိထားနေကြသည်။ “ပတ္တမြား” သည် မြစ်ကျဉ်းအတွင်းသို့ ဝင်စပြုလာပြီ။ ဧရာဝတီသည် မတ်စောက်သော ကျောက်တောင် ကျောက်ကမ်းပါးကြီးများ တဖက် တချက် ညှပ်ထားသည့် အကြားမှ တသွင်သွင် စီးဆင်း နေသည်။ ကျောက် ကမ်းပါးတို့သည် အမြင့်ပေ ၈၀၀ ခန့်ရှိမည်ဟုခန့်မှန်းရသည်။ ခရမ်းရင့်လိုလို စိမ်းရင့်လိုလို သစ်ပင် နွယ်ပင်ကြီးများ ပေါက်နေ၍ တမျိုးကြည့်၍ လှသည်။ မြစ်ရေသည် ပြာနက်နေရာ ရေနက်ကြောင်း သိရသည်။ မြစ်၏အကျယ်သည် ကိုက် ၂၀၀ ခန့်သာရှိမည်။ မိုးတွင်းအခါရေပြည့်၍ ရေစီးလည်းအလွန်သန်ပြီးလျှင် ဝဲဂယက် များသည်။ သို့သော် အန္တရာယ် မများလှ။ တနှစ်ပတ်လုံး ဗန်းမော် – မန္တလေး သင်္ဘောများ သွားလာနိုင်သည်ဟု သင်္ဘောပေါ်တွင် ပါလာသော ခရီးသွားဖော်များက အတာတို့ကို ပြောပြသည်။ မတ်စောက်သော ကမ်းပါးထိပ်တနေရာ နှစ်နေရာတွင် ထုံးဖွေးဖွေးနှင့် စေတီငယ်များကိုလည်း ဖူးတွေ့ရသည်။ ဧရာဝတီ မြစ်ကြောင်း တလျှောက် ဒုတိယ မြစ်ကျဉ်းသည် ရှုမျှော်ခင်း အလှဆုံးဟု ဆိုကြလေသည်။

“ပတ္တမြား” သည် ဒုတိယ မြစ်ကျဉ်းမှ ထွက်ခဲ့သည်။ ရှေ့တွင် ရပ်နားမည့်စခန်းမှာ ရွှေဂူ



မြို့ဖြစ်သည်။ ရွှေဂူသည် ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ် ရုံးစိုက်မြို့တမြို့ဖြစ်သည်။ ဗန်းမော်မှ ၃၈ မိုင် ဝေးသည်။ မြို့နယ်အတွင်း သစ်လုပ်ငန်းသည် အဓိကလုပ်ငန်းတရပ်ဖြစ်ကြောင်း ခရီးသွားဖော် များကို မေးမြန်းကြည့်သဖြင့် အတာတို့ သိရသည်။

ရွှေဂူမြို့ မရောက်မီကလေးတွင် စေတီကြီးငယ်တို့ဖြင့် တင့်တယ်ကြည်နူးဖွယ်ရာ ရှိနေသော ကျွန်းကြီးတကျွန်းကို မြစ်လယ်၌ တွေ့မြင်ရသည်။ ကျွန်းကို ကျွန်းတော်ကြီးဟု ခေါ်သည်။ ကျွန်းပေါ်ရှိ ဘုရားမှာ တန်ခိုးကြီး၍ ထင်ရှားသော ရွှေပေါ်ကျွန်းဘုရားဟု ခရီးသွားဖော်များက ပြောပြသည်။

ရွှေဂူသင်္ဘောဆိပ်တွင် ကုန်များတင်သဖြင့် သင်္ဘောကို ရပ်နားထားသည်၊ အများဆုံး တင်သော ကုန်များမှာ ရွှေဂူမြို့၏ နာမည်ကျော် မြေအိုးမြေခွက်များဖြစ်သည်။ လှပစွာ ဆေးခြယ်ထားသော အိုးခွက်များကို လှေကြီးလှေငယ်တို့ဖြင့် တင်ဆောင်ကြသည်ကို အတာတို့ တွေ့မြင်ရသည်။

ရွှေဂူမှ ကသာသို့ ထွက်ခွာလာခဲ့ကြရာ ကြား စခန်း မှာ ဗိုလ်ကုန်းနှင့် မိုးတားတို့ ဖြစ်သည်။ ရွှေဂူနှင့် ကသာအကြား မြစ်ကြောင်း တလျှောက် ရေလယ်ကျွန်းများကို အတော်ပင် တွေ့ရသည်။ ညနေ ပိုင်းတွင် ကသာမြို့သို့ သင်္ဘော ဆိုက်ရောက်၍ တညအိပ် ရပ်နားသည်။ ရေဝတီသည် ကချင်ပြည်နယ်တလျှောက် စီးဆင်းခဲ့ရာမှ ပြည်မဖက်သို့ ကူးလေပြီ။


အ တာ တို့ သည် ည ပိုင်းတွင် ကသာမြို့ပေါ် တက်ကြည့်ကြသည်။ ခရီးသွားဖော် မိတ်ဆွေများက လိုက်ပို့သဖြင့် မြို့ပေါ်ရှိ မြစေတီ၊ ရွှေဂူကြီး စသော ဘုရားများကို ဖူးခဲ့ရသည်။ ရှပ်ရှင်ရုံ၊ မီးရထား ဘူတာရုံတို့ဖက်လည်းရောက်သည်၊ မန္တလေး၊မြစ်ကြီးနား မီးရထား လမ်းသည် နဘားမှတဆင့် ကသာသို့ လမ်းခွဲရှိသည်။

သင်္ဘောပေါ် သို့ ပြန်ရောက်ကြလျှင် ဆရာ ဦး စိုး လွင်က ကသာ ခရိုင်နှင့် ကသာမြို့ အကြောင်း ဆွေးနွေးရင်း –

“ဟေ့အတာ၊ အထက် မြန်မာနိုင်ငံကို ဗြိတိသျှတွေ သိမ်းပိုက်တုန်းက အပြင်းအထန် ခုခံခဲ့တဲ့ အာဇာနည် ဝန်းသိုစော်ဘွားကြီးအကြောင်း မင်းကြားဘူးတယ် မဟုတ်လား။ အဲဒီစော်ဘွားကြီးရဲ့နယ်ဟာ ကသာခရိုင်ထဲမှာရှိတယ်။ ကသာခရိုင်ဟာ ရှမ်းအဆက် အနွယ်တွေများတဲ့ နယ်တနယ်ဘဲကွဲ” ဟု ပြောလေသည်။

နောက် တ နေ့ နံနက်တွင် “ပတ္တမြား”သည် ကသာမှထွက်ခွာလေသည်။


( ဆက်ရန် )



# အလင်း


သရုပ်ဖော်-

အလင်းရောင်သည် လူသားတို့အား အကျိုးပြုသော ကျေးဇူးရှင်ဖြစ်သည်။ အလင်းရောင်သာ မရှိလျှင် ကမ္ဘာကြီး ဆိတ်သုန်းနေမည် ဖြစ်ပြီး အသက်ပင် ရှင်နေနိုင်ကြမည် မဟုတ်။













ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးတွင် အကျိုးပြုသည်။


လူ့အကျိုးဆောင် အလင်းရောင် နှစ်မျိုးရှိသည်။
နေမှရသော အလင်းရောင်သည် အရေးအပါဆုံး
သဘာဝအလင်းရောင်ဖြစ်သည်။
သဘာဝ အလင်းရောင်များ
လူတို့လုပ်ယူသော
အလင်းရောင်


ကျွန်တော့ အပြစ်ပါ
ကိုမိုးတွင် ဦးလေး တယောက် ရှိ၏။
ကစားစရာများ လုပ်ပေးသဖြင့် ကိုမိုးသည် ဦးလေး စန်းအောင်ကို အလွန်ချစ်လေသည်။
ခွေးကလေးလဲ လုပ်ပေးအုံးနော်
တနေ့တွင်
ဘယ်ကလာလဲကွ
အရှေ့အိုးစုမှာငှက် သွားပစ်တာဗျိုင်းလေး တကောင်ရခဲ့တယ်
ငါ့ပြစမ်း၊ဟယ်အရှင်ကြီးပါလား ငါ့ရောင်းပါလားကွာ မွေးထားချင်လို့
ပိုက်ဆံနဲ့တော့ မရောင်းချင်ပါဘူး ကွ
ဒါဖြင့်မင့်ဗျိုင်းလေးကို ဘာနဲ့လဲမှာလဲ
ခွေးရုပ်နဲ့ ဆိုရင်တော့ လဲမယ်
သူတွင် ပေးစရာခွေးရုပ်မရှိ၍ အကျပ်ရိုက်နေ၏။ ထို့သော်
အကြံရပြီ
လာ၊ဒို့အိမ်လိုက်ခဲ့
ကိုမိုးသည် ဗျိုင်းကလေးကို လိုချင်လှသော်လည်း။


မင်းအောက်ကခဏစောင့်နေ ငါအိမ်ပေါ်တက်ကြည့်လိုက်အုံးမယ်
မကြာစေနဲ့နော်
ဟာ၊ အတော်ဘဲ၊ အေါ်လေးတယောက်ထဲ အိမ်နောက်ဖေးမှာထမင်းချက်နေတယ် ကယ်သူမှမသိခင် အိပ်ဦးခန်းမြန်မြန်သွားမှ
ကွမ်းအစ်ထဲမှ ဆေးလိပ်ကို အလျင်စလို နှိုက်ယူပြီး ပြန်ထွက်လာရာ
ဟာ အရေးထဲ မှာမှ
ဟဲ့ကြောင်
အင်း၊ တော်ပါ သေး၇ဲ့! ဘုရား ဘုရား
ကော့မင့်လိုချင်တဲ့ဆေးလိပ် ကဲ မင့်မျိုင်းလေးငါ့ပေးတော့
ကိုမိုးသည် သူအလွန် လိုချင်လှသော မျိုင်းကလေးကို ရသဖြင့် အပျော်ကြီး ပျော်နေလေ၏။


မိုးချုပ်သောအခါ၌
ငါ့ဆေးလိပ် ဘယ်သူယူလဲဟေ့၊ ခန်းအောင်နင်ယူတယ်မဟုတ်လား
ကျွန်တော်မယူပါဘူး မမ
နင်မယူရင် ဘယ်သူယူမှာလဲ နင်တယောက်ဘဲ ဆေးလိပ်သောက်တတ်တာ
ငါလဲမယူရဘဲနဲ့ သူ့ဆေးလိပ်ဘယ်လို ပျောက်သွားပါလိမ့်
ငါ့မပြောဘဲနဲ့ ယူတာငါနဲနဲမှ မကြိုက်ဘူး
သူ့ကြောင့် သူအလွန်ချစ်သောဦးလေး အဆူ ခံနေရသဖြင့် စိတ်မကောင်းဖြစ်ကာ
အတန်ကြာ စဉ်းစားပြီးသောအခါ၌
ဟုတ်ပြီ၊ ငါ့အပြစ်ကိုငါဝန်ခံလိုက်မယ်၊ ဆရာကလဲကျောင်းမှာ ကိုယ့်အပြစ်ကိုဝန်ခံရဲရမယ်လို့ သင်ထားတယ်
ဒေါ်လေးဆေးလိပ်ကိုကျွန်တော်ယူမိပါတယ်ဒေါ်လေး၊ ပေါ်ဒီချိုင်းလေးနဲ့ ကျွန်တော်လဲချင်လွန်းလို့ပါ
ဟင်!
ကိုယ့်အပြစ်ကိုဝန်ခံလို့ဒေါ်လေးကလဲ ခွင့်လွှတ်ပါတယ်၊ နောက်တခါဒီလို မမိုက်နဲ့နော်
ဟုတ်ကဲ့ဒေါ်လေး




သံလုံးပစ်ခြင်းသည် အမျိုးသားရော အမျိုးသမီးပါ ပါဝင်ယှဉ်ပြိုင် ကစားနိုင်သော နည်းဖြစ်သည်။ အမျိုးသားများ အတွက် ၁၈၉၆ ခုနှစ်နှင့် အမျိုးသမီးများအတွက် ၁၉၄၈ ခုနှစ် အိုလံပစ်ပြိုင်ပွဲများမှစ၍ သံလုံးပစ်ပြိုင်ပွဲကို ထည့်သွင်းခဲ့သည်။

ပြိုင်ပွဲဝင်သူတို့ပစ်ရသော သံလုံးအလေးချိန်မှာ အမျိုးသားများအတွက် ၁၆ ပေါင် (လေးပိသာခွဲခန့်) ရှိသည်။ အမျိုးသမီးများအတွက်မှာ ရှစ်ပေါင်နှင့် ၁၃ အောင်စ (နှစ်ပိသာခွဲခန့်) ရှိသည်။

သံလုံးပစ်သူ ရပ်ရသော စက်ဝိုင်း၏အကျယ်မှာ အချင်း ခုနစ်ပေရှိသည်။ ပစ်သူသည် သံလုံးကို ထိုစက်ဝိုင်းအတွင်းမှ နေ၍မိမိရှေ့ရှိ ၆၅ ဒီဂရီ ပစ်နယ်အတွင်းသို့ ကျရောက်အောင် ပစ်ရသည်။

သံလုံးပစ်ခြင်းကို ကိုယ်ကာယ ကြီးမားသန်စွမ်းသူများ အတွက်သာဖြစ်သည်ဟု ယခင်က ယူဆခဲ့ကြသည်။ သို့သော် လျင်မြန် သွက်လက်ရန်လည်း လိုအပ်ကြောင်းကို စစ်ပြီးခေတ်၌ တွေ့ရှိလာကြသည်။

သံလုံးပစ် နည်းများတွင် ယခု အသုံးအများဆုံးသောနည်းမှာ ၁၉၅၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲ၌ အမေရိကန်မှ ပယ်ရီ အိုဘရိုင်ယင် ဆိုသူ တီထွင်အသုံးပြုခဲ့သော နည်းဖြစ်သည်။ အိုဘရိုင်ယင်၏ နည်းမှာ ပစ်လွှတ်မည့်ဖက်ကို ကျောပေး လျက် နောက်ခြေကို စက်ဝိုင်းနောက်သို့ ညွှန်ပြသော အနေအထားဖြင့် စတင်ခြင်းဖြစ်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်ကို ပို၍နိမ့်နေအောင် ပြုလုပ်နိုင်ပြီး သံလုံးကို စက်ဝိုင်းပြင်ပသို့ စွန်းထွက်နေအောင် ပြုလုပ်နိုင်သည်။

ကမ္ဘာ့ သံလုံးပစ်စံချိန်မှာ အမျိုးသားများအတွက် အမေရိကန်မှ ရန်ဒီမတ်ဆွန် ဆိုသူ၏ ၇၁ ပေနှင့် ၅$\frac{၃}{၂}$လက်မ ဖြစ်သည်။ မြန်မာနိုင်ငံမှ သိန်းဝင်း (တပ်မတော်) ၏ ၁၉၆၅ ခုနှစ် စံချိန်မှာ ၄၅ ပေနှင့် ၆$\frac{၃}{၄}$လက်မ ဖြစ်သည်။

အမျိုးသမီးများ အတွက် ဆိုဗီယက်ယူနီယံမှ တာမာရာပရက် ဆိုသူ၏ ကမ္ဘာ့စံချိန်မှာ ပေ ၆၀ နှင့် ၁၀$\frac{၁}{၂}$လက်မ ဖြစ်သည်။ မြန်မာနိုင်ငံမှ ဂျင်နီဖာတင်လေး၏ ၁၉၆၅ ခုနှစ် စံချိန်မှာ ၃၅ ပေနှင့် ၁၁$\frac{၃}{၄}$လက်မ ဖြစ်သည်။



# မီးရထားတွဲချိတ်ပေါ်မှာ

ကျောင်းအပြီး လွှတ်လိုက်လေပြီ။ ပေတိုးသည်သူငယ်ချင်းများနှင့် အတူ လွယ်အိတ် ကို စလွယ် သိုင်း လွယ် လျက် အိမ်ပြန်လာသည်။

အိမ်ပြန်ရာ လမ်းတွင် မီးရထားလမ်းကို ဖြတ်ကျော်လာရသည်။ ထို မီး ရ ထား လမ်း မှာ ဗိုလ်တထောင် ကမ်းနားလမ်းမှ ကုန်များတင်ဆောင်ရန်အတွက် သီးသန့် ဖောက်ထားခြင်း ဖြစ်လေသည်။

"တူး .... တူး၊ ဂျုံး .... ဂျုံး ဂျက် .... ဂျက်"

ကုန်တင် မီးရထား တစင်း ဖြတ်မောင်းလာသဖြင့် ပေတိုးတို့ စောင့်နေကြရသည်။

"ပေတိုးရေ ငါတို့ မီးရထား ခိုစီး ရအောင် ကွာ" ဟု သာကျော်ဇံက အကြံပေးသဖြင့် —

"အေးကွာ စီးရအောင်"

"မစီးပါနဲ့ကွာ၊ ထမင်း လဲ မစားရသေးဘူး"

အီစမန်နှင့် မိုးဖြူတို့က တားသည်။

"မင်းတို့ ဒီက ခဏ စောင့်နေ ဟိုနားရောက်ယင် တို့ ချက်ခြင်း ပြန်ဆင်းခဲ့မယ်"

ပေတိုးမှာ ပြောပြောဆိုဆို ရထားနောက်ဆုံးတွဲ၏ ချိတ်ကို ကုတ်ကတ်တက်ပြီး သာကျော်ဇံနှင့်အတူ မတ်တတ်ရပ်လျက် လိုက်ပါသွားလေသည်။

"ဟေ့ ကောင် တွေ ဆင်းတော့ကွာ" ဟု အီစမန်က လှမ်းအော်ခေါ် လိုက်၏။

သို့သော် သူတို့နှစ်ယောက်သည် တွဲချိတ်ပေါ်၌ ဆက်လက်၍ လိုက်ပါခဲ့ကြလေ၏။

တဖြည်းဖြည်းနှင့် သူတို့၏ ရပ်ကွက်နှင့် အလှမ်းပင် အလှမ်းဝေးလာကြသည်။ ထိုစဉ် တခြား မီးရထားတစင်းသည် သူတို့ မီးရထားနှင့် ယှဉ်၍ ခုတ် မောင်းလာရာ ထိုတွဲ၌ ပါလာကြသော ကောင်ကလေး သုံးယောက်က သူတို့ကို မြင် သည် နှင့် လှမ်း၍ အော်ဟစ်ကြလေသည်။

"ဟေ့ကောင်တွေ ကျောင်းပြေး — ဝါး ဝါး ဝူး ဝူး"

ပေတိုးနှင့် သာကျော်ဇံမှာ ဒေါပွ၍နေသည်။ အင်္ကျီနီနှင့် ကောင်ကလေးက တွဲလက်တန်းကိုကိုင်ပြီး ကိုယ်ကို အပြင်ထုတ်၍ သူတို့ကို နောက်ပြောင်ယင်း လျှာထုတ်ပြလျက်ရှိသည်။

"ဖိုင်း — ဝုန်း"

ရုတ် တ ရက် အင်္ကျီ နီ နှင့် ကောင် က လေး မှာ မီးရထား လမ်း ဘေး ရှိ အ လံ ပြတိုင် နှင့် ခေါင်းကိုရိုက်မိပြီး အောက်သို့ ပြုတ်ကျသွားလေသည်။

"အ မ လေး — ကလေးတယောက် ပြုတ်ကျသွားပြီ"

တွဲပေါ် မှ လူများက အလန့်တကြား အော်လိုက်ကြသည်။

"ပေ တိုး ရေ — ဟိုကောင် တွဲပေါ် ကလိမ့်ကျသွားပြီ၊ သွေးတွေ သွေးတွေ"

သာကျော်ဇံမှာ ပေတိုးကို ဖက်၍ အော်ပြောရင်း ရင်တဒိတ်ဒိတ် ခုန်နေလေသည်။

"ငါတို့ ခုန်ဆင်းရအောင်"

ပေတိုးသည် ပြောယင်း ခုန်ဆင်းလိုက်လေသည်။ သူတို့နှစ်ယောက်စလုံး ကိုယ်ကို မထိန်းနိုင်သဖြင့် ကျောက်ခဲများပေါ် လဲ ကျ သွား ကာ ဒူးနှင့် လက်မောင်းများ ပွန်းပဲ့ သွား လေသည်။ သွေးများ စို့၍ ထွက်လာကာ နာကျင်သဖြင့် အံကြိတ်၍ နေကြရ၏။

သူတို့ နှစ် ယောက် သည် ထော့ နင်း ထော့ နင်း နှင့် မီးရထား လမ်း တ လျှောက် ပြန်

လျှောက်လာကြသည်။ တဖြည်းဖြည်းနှင့် စောစောက အလံတိုင်နှင့် တိုက်မိ၍ ပြုတ်ကျသွားသော ကောင်ကလေးကို ဝိုင်းအုံ ကြည့်နေသည့် လူအုပ်ကြီး ရှိရာသို့ ရောက်လာကြသည်။ သူတို့ နှစ်ယောက်သည် လူကြားထဲမှ တိုးဝှေ့ကြည့်ရာ –

"ဟာ –"ဟု သံပြိုင်အော်ရင်း မကြည့်ရဲသဖြင့် ခေါင်းငုံ့ထားမိလိုက်ကြလေ၏။

"တယ်ဆော့တဲ့ကလေးတွေဘဲ မီးရထားစီးပြီး ငြိမ်ငြိမ်မနေသေးဘူး၊ ကိုယ်ကို အပြင်ထုတ်ပြီး ကမြင်းကြောထကြတာကိုး၊ မိဘမနိုင်တဲ့ ကလေးတွေ၊ အခုတော့ လိမ့်ကျပြီး သေရှာပြီကောဗျာ"

လူကြီး တယောက်က ကောင်ကလေး အလောင်းကို ကြည့်ပြီး မြည်တွန် နေလေသည်။

ပေတိုးနှင့် သာကျော်ဇံမှာ ထိုနေရာမှ အမြန်ဆုံး ထွက်ခွာခဲ့ကြလေသည်။

"ငါ နောက်ကို ဘယ်တော့မှ ရထားတွဲ ခိုမစီးတော့ဘူးကွာ၊ ဟိုကောင်လို လိမ့်ကျပြီး သေမှာကြောက်လာပြီ"ဟု ပေတိုးက အသံတုန်တုန်ရင်ရင်နှင့် ပြောလိုက်သည်။ သာကျော်ဇံမှာလည်း ဝမ်းနည်း ပန်းနည်း ဖြစ်နေလေသည်။

သူတို့နှစ်ယောက်မှာ တနာရီမျှ ကြာအောင် အိမ်သို့ ပြန်လျှောက်လာရလေ၏။ အိမ်သို့ရောက်လျှင် ပေတိုးမှာ နေပူထဲတွင် လျှောက်လာရသဖြင့် ဖျားချင်သလို ဖြစ်လာ၏။မကြာမီ–

"ကြောက်ပါပြီ၊ ဟီး ဟီး ကျနော် နောက် မီးရထား ခိုမစီးတော့ဘူး၊ ကြောက်ပါပြီ အမေရဲ့"

သာကျော်ဇံ၏ အော်ငိုသံနှင့် သူ့အမေရိုက်နေသံကို ကြားရင်း ပေတိုးမှာ ခေါင်းမူးလာသဖြင့် အိပ်ရာပေါ်တွင် ပြေး၍ လှဲ လိုက်၏။ တကိုယ်လုံးမှာလည်းချစ်ချစ်တောက်ပူလာ၏။

"ဖွားဖွား ရေ – ခေါင်းမူးတယ်၊ ခေါင်းမူးတယ်"

သူသည် ဖွားဖွားကို အော်ခေါ်ရင်း အိပ်ရာပေါ်တွင် လူးလှိမ့်ကာ မနေတတ်အောင် ဖြစ်လေသည်။

"ပေတိုး၊ မင်းဘယ်သွားနေသလဲ၊ မိုးဖြူတို့ပြောတယ် မင်းရထားတွဲ ခိုစီး သွားတယ် ဆို၊ ဟုတ်လား"

"ဟုတ်တယ် ဖွားဖွား၊ ဟီးဟီး– ဟီး၊ ကျနော် နောက်ကို ခိုမစီးတော့ပါဘူး ဖွားဖွားရယ်၊ ဟီးဟီး"


ပေတိုးမှာ အကျႌ နီ နှင့် ကောင်လေး တွဲပေါ်မှ လိမ့်ကျပြီး သေဆုံးနေပုံကို မျက်စိထဲမှ မထွက်သဖြင့် ကြောက်ကြောက်နှင့် လန့်အော်ရင်း ငိုနေလေတော့၏။ ။

တက္ကသိုလ် မောင်အောင်ဆွေ၏
၁၉၆၇၊ အမျိုးသား စာပေဆုရ
"ပေတိုး" စာမူမှ

# ကျောက်တိုင်ကြီး

ကျောက်တိုင်ကြီး
ကျောက်တိုင်ကြီး
မိုးသို့ ထိလုနီး။
ကျောက်တိုင်ကြီး
ပတ်ချာလည်
ငါးခု ကျောက်တိုင်ငယ်။
မြို့လယ်ခေါင် မားမားရပ်
အလွန် ဖြောင့်တန်းမတ်။
လွတ်လပ်ရေး ဤကျောက်တိုင်
ဘယ်ခါ မယိမ်းယိုင်။
တို့နိုင်ငံ တို့မိသား
ဝိုင်းဝန်း တည်ထောင်ထား။
တို့များစိတ်တွင် အမြဲစွဲ
ဤကျောက်တိုင်လိုပင်။
ကရင် မွန် ရှမ်း မခွဲတမ်း
မြန်ပြည် လွန်ငြိမ်းချမ်း။ ။

မောင်သက်ကြွ ၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
"ရွှက်သစ်နုချိန်" စာမူမှ



R. 597






# မြန်မာ့ ကြေးနောင်ဝိုင်း

ကြေးဝိုင်းသည် မြန်မာ့ ဆိုင်းအဖွဲ့တွင် ပါဝင်သော တူရိယာဖြစ်သည်။ ကြေးဝိုင်းကို ကြေးနောင်ဝိုင်းဟုလည်း ခေါ်ကြသည်။ ကြေးဝိုင်း၏အဝန်းသည် ၁၄ ပေခန့် ကျယ်သည်။ ရှေးက ကြေးဝိုင်း၏အမြင့်သည်တပေနှင့် လေးလက်မခန့် ရှိသော်လည်း ယခုအခါ ပို၍မြင့်သော ကြေးဝိုင်းကို တီထွင်လာကြပြီ။ ကြေးဝိုင်း တဝိုင်းတွင် ကြေးနောင် အလုံးပေါင်း ၁၈ လုံး ဖြစ်စေ၊ ၁၉ လုံးဖြစ်စေ ပါဝင်ရသည်။ ကြေးနောင်ကို အသံမြည်အောင် လက်ခတ်ဖြင့် တီးရသည်။ လက်ခတ် ဟူသည် သစ်သား အချောင်းကလေးတွင် ထိပ်ဖျားဖက်မှ အဖုကလေး တပ်ထားသော ကရိယာတခုဖြစ်သည်။

ကြေးဝိုင်းကို လှပတင့်တယ်စေရန် မှန်စီရွှေချ ပြုလုပ်လေ့ရှိကြသည်။





၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။

# မိခင်မေတ္တာ


ပန်းချီ ဦးဘကြည်

# ရွှေသွေး ဂျာနယ်

အတွဲ-၁၊ အမှတ် ၇ ၁၅-၂-၆၉





ကဲ - မုန့်ထုပ်တထုပ်စီ ယူသွားပြီး ကောင်းကောင်း သွားကြနော်
ဟုတ်ကဲ့ ဦးလေး
ညီညီ လိလေ မစားသေးဘူး လား
မစားသေးဘူး မေမေစားဖို့ ယူသွားမလို့
စားပြီးလေသော် ဦးရိုးတော်က လမ်းတွင် စားရန် မုန့်တထုပ်စီပေးလိုက်သတဲ့ -
ခရီး အတော်လေး သွားမိသော် ဆာသော ဖြင့်၍ မုန့်ထုပ်များကို ဖြေစားကြသတဲ့ -
အေး ကောင်း သွား ဘဲ
အကြီးသုံးယောက်က တနေရာတွင် တီးတိုး တိုင်ပင်ကြပြီး....
မကြာမီ
မမနိုးကမိုးရွာချတာကိုး— ညီညီလ မုန့်ထုပ်လေးရေစို သွားပါလေရော
ပြီးတော့
ကိုကိုနေက နေပူ ပြန်တော့ မုန့်ထုပ် ကို နေလှန်း ရပြန်ရောတဲ့
တခါ — မမလေက လေ တိုက်တော့ မုန့် တွေလေ ထဲ လွင့်ကျပြန် ပါရော


ဟား ဟား ဟား ဟား
မေမေနဲ့ တိုင်ပြောမယ်
ဟိဟိ
ဟဲ့ဟဲ့
အဲဒါကို အကြီးသုံးယောက်က ဝိုင်းဟားကြသတဲ့-
ကိုကိုနဲ့- မမဖိုး- မမလေ တို့က အရမ်း ဆိုး တာဘဲ
ဟီး ဟီး
အိမ်ရောက်လို့ မိခင်ကြီးကိုလဲ တွေ့ရော ညီညီလက ငိုပြီး တိုင်တော့တာဘဲ
သားတို့ ချစ်လို့ ကျီ စားတာပါ
ဖိုးဖိုးတို့ လဲ ချစ်လို့ စ တာပါ မေမေ
လေလေ တို့ ပျော်လို့— အဟဲ
မိခင်ကြီးမေးသော် အကြီးသုံးယောက်က ညီညီလေးကို ချစ်လို့ အပျော် ကျီစားကြောင်း ပြောပြသဖြင့်....
မိခင်ကြီးက "ချစ်လို ကျီစားတာဆိုတော့ မေမေ ခွင့်လွှတ်ပါတယ် ကွယ်။ နောက်နောင်ကို ညီညီလေး စိတ်ညစ်အောင် မစ,ကြနဲ့ ကြားလား။ ညီညီလေးကလဲ စိတ်ကျေလိုက်ပါ။ မေမေ့သားသမီး များ ကျန်းမာ ချမ်းသာကြပါစေ၊ မြင်သူတကာ ချစ်ခင်ကြပါစေ၊ သနားကြပါစေ...."

ဒါပေမဲ့ - သားသမီးတိုင်း မိခင်ကြီးပေးလိုက်တဲ့ဆုနဲ့ အကုန်မပြည့်ဘူးကွဲ့ -




မိုးရွာယင် အချို့က ငြူစူကြပြီး၊ အချို့က မိုးမရွာယင် ငြူစူကြတယ်ကွဲ့ -




နေပူယင် အချို့က ညည်းတွားကြပြီး အချို့က နေမပူယင်ညည်းတွားကြတယ်ကွဲ့ -




လေတိုက်ယင် အချို့က မကျေမနပ်ဖြစ်ပြီး အချို့က လေမတိုက်ယင်မကျေနပ်ပြန်ဘူးကွဲ့




လမှာတော့ မိခင်ကြီးရဲ့ ဆုတောင်း ပြည့်ဝ တဲ့အတွက် လူတိုင်းက မသာလဲတ သာလဲ တ ဖြစ်ကြရပေတယ်။


နီနီမာ
အဝတ်ပေမှာ စိုးလို့
လေ့လာရေး သွားကြမယ်ဆိုယင် အပေအတေခံမဲ့ အဝတ် ဝတ်သွားပါလား သမီး
ကောင်းကောင်း ဘဲ ဝတ်သွား မယ် မေမေ
လေ့လာရမယ့်ရွာ ရောက်ပြီပေါ့
လမ်းတွေကလဲကြမ်း လိုက်တာ. ငါ့ဖိနပ် သစ်ကလေးမြတ်သွားမှဖြင့်..
သူ့အဝတ်အစားတွေ ပေမှာစိုးလို့ တခြား ကျောင်းသူတွေလို လုပ်ငန်းတွေမှာ လက်တွေ့ဝင်မလေ့လာနိုင်ဘူး။
တခြားကျောင်းသူတွေက ရွာခံဦးကြီးတွေနဲ့ ကြမ်းတပြေးထဲထိုင်ပြီး သိမှတ်စရာတွေကိုလေ့လာမေးမြန်းနေတဲ့အခါ မှာလဲ နီနီမာဟာ သူ့လုံချည်လှလှကလေးကိုပေမှာစိုးလို့ ဝင်မထိုင်နိုင်ရှာဘူး။
ဒီ အဝတ်အစားတွေ ငဲ့နေရလို့ ငါဘာဗဟုသုတမှ ထိထိရောက်ရောက် မလေ့လာနိုင်ပါကလား ငါမှားတယ်




ယခင်အပတ်မှ အဆက်

"ပတ္တမြား"သည် ကသာမှ ထွက်လာပြီးနောက် အင်းရွာတွင် ဆိုက်သည်။ အင်းရွာသည် ရွှေလီမြစ်ဝတွင် ရှိသည်။ ရွှေလီမြစ်သည် တရုတ်နိုင်ငံအတွင်း၌ မြစ်ဖျားခံ၍ ရှမ်းပြည်နယ်ကို ဖြတ်ကာ ဧရာဝတီမြစ် အတွင်းသို့ စီးဝင်သည်။ ရှမ်းတို့က ရွှေလီမြစ်ကို နမ့်မောဟုခေါ် သည်။ ရှေးက ကသာ၊ ဗန်းမော်နယ်များနှင့် တရုတ်နယ်စပ် ဆက်သွယ်သော ရေလမ်းတခု ဖြစ်သည်။ ရွှေလီမြစ်ဖြင့် မျောချလာသော သစ်ဖောင် များကို အင်းရွာတဝိုက်တွင်တွေ့ရသည်။ အင်းရွာမှ သင်္ဘော တင်သော ကုန်များမှာ ပဲရာဇာ၊ မြေပဲနှင့် ငရုတ်တို့ဖြစ်လေသည်။

အင်းရွာ ပြီးလျှင် ကမ်းနီ၊ ထို့နောက် ထီးချိုင့်သို့ ရောက်သည်။ရေတိမ်သဖြင့် ဆိပ်ကမ်း မကပ်နိုင်။ရေလယ်ရှိ သဲသောင်ခုံတွင် ဆိုက်ရသည်။ ကုန်လှေနှင့် ခရီး သည် လှေ များ သည် ထိုးဝါး ထိုး၍ သွားလာကြသည်။ သဲသောင်ခုံမှာ မြင်းခွာပုံသဏ္ဌာန် ရှိသည်။ လေလည်းငြိမ်၊ ရေ လည်း တိမ် သ ဖြင့် သင်္ဘော ကုန်တင်စဉ် ခရီးသည် အများပင် ရေ ဆင်း ချိုး ကြသည်။အတာတို့လည်း ရေဆင်း ကူးကြရာ သင်္ဘော ညောင်းလည်း ပြေ၊ ပျော်လည်း ပျော်ကြသည်။

ထီး ချိုင့် မှ ငါး ချဉ် ခြင်း၊ င ခြောက် ခြင်း များ သင်္ဘော တင်သည်။ ငါး ပေါ သည့် နယ် ဖြစ်မည်ဟု အတာတို့ စုံစမ်းကြရာ မြစ်တွင်း၌လည်း ငါးဖမ်းသည်၊ ထီးချိုင့် အောက်ဖက်နှင့် အတွင်းဖက်၌လည်း အင်းများ ရှိသည်ဟု သိရသည်။


ထီးချိုင့်မြို့၏ တဖက်ကမ်းတွင် မြတောင်မြို့ရှိသည်။ ထိုမြို့များဆီမှ သကြန်ရက် နီးပြီဖြစ်၍ အိုးစည် ပုံမောင်း သံများ ကြားနေရလေသည်။

"ပတ္တမြား"သည် ငါးဖမ်းလှေများကို ဖြတ်ကျော်လာခဲ့သည်။ ဧရာဝတီအတွင်း စီးဝင်သော မဲဇာချောင်းဝသို့ အရောက်တွင် နေစောင်းလေပြီ။ ဦးစိုးလွင်က –

"လက်ဝဲသုန္ဒရ အမတ်ကြီး အပို့ခံရတဲ့ မဲဇာအရပ် ဆိုတာပေါ့"ဟု တောင်တန်းများဆီသို့ ညွှန်ပြသည်။ အတာတို့သည် မှုတွေ ဆိုင်းနေသော တောင်တန်းများဆီသို့ မျှော်ကြည့်ကြသည်။ တောင်ခုလတ်ခန့်တွင် ထုံးဖွေးဖွေးနှင့် စေတီ နှစ်ဆူကို ရေးရေး မြင်ရလေသည်။

တကောင်းမြို့သို့"ပတ္တမြား" ရောက်ချိန်မှာ နေဝင်လုပြီ။ မိုးရိပ်လည်း ဆင်နေသည်။ "မြန်မာ အစ၊ တကောင်းက" ဆိုကြသော တကောင်းမြို့တော်ပျက် နေရာကို သင်္ဘော ပေါ် မှ ပင် မှန်းဆကြည့်ကြရလေသည်။

ကသာမှ တကောင်းအထိ



ရောဝတီသည် မြေနုပိုင်းကိုဖြတ် စီးသည်။ အခ ရွှေ ဖက် ကမ်း မှ ခပ်လှမ်းလှမ်းတွင် မြင်ရသော တောင် တန်း ညို့ ညို့ များ သည် ရှမ်း ကုန်းပြင်မြင့်၏ အဆက်၊ ပ တ္တ မြား မြေ မိုး ကုတ် နယ် မှ တောင်တန်းများဟု သိရလေ သည်။

တကောင်း ပြီးနောက် ကြံ ညှပ်ကို လွန်လာ၍ မလည်အနီး ရောက်လာလျှင် မြစ်ကြောင်း ကျဉ်းလာသည်။

"သပိတ်ကျင်းမြို့နား နီး လာပြီ။ တတိယမြစ်ကျဉ်းဟာ သပိတ်ကျင်း အထက်နားမှာ စ တယ်"ဟု ဆရာက ဆိုသည်။ တတိယမြစ်ကျဉ်း၏ ကမ်းပါး စောက် တဖက်တချက်တွင် သစ် တောများ ထူထပ်စွာပေါက်နေ သည်။ ပထမနှင့် ဒုတိယ မြစ် ကျဉ်းလောက် ရှခင်း မလှချေ။

အတာတို့သည် သပိတ်ကျဉ်း တွင် ဝည အိပ်ကြသည်။ မိုး ကုတ်နှင့် မော်တော်ကားလမ်း အားဖြင့် မိုင် ၆၀ ခန့် ဝေး၍ ပတ္တမြားမြေ၏ တံခါးပေါက်ဟု ဆိုကြသဖြင့် မြို့ပေါ်တက်ကြည့် ရန် အားခဲထားသည်။ သို့သော် သကြန်ကိုမိုးရွာသဖြင့် အတာ တို့မှာ အိပ်လိုက် ကြရ တော့ သည်။

သပိတ်ကျင်းမှ နံနက် စော စော ထွက်၍ မကြာမီ ရွှေဘို ခရိုင်ကျောက်မြောင်းသို့ရောက် သည်။


"အလောင်းမင်းတရားကြီး လက်ထက်က ရေတပ် စခန်း လုပ်ခဲ့တဲ့မြို့ပေါ့"ဟု ဆရာ ဦးစိုး လွင်က ပြောသည်။ ခရီးသွား ဖော် တဦးကမူ –

"အခုတော့ စဉ့် ရာဝင်အိုး ကြီးတွေ ထွက်တဲ့အတွက် နာ မယ်ကျော်တယ်"ဟု ပြောလေ သည်။

မကြာမီ မင်းဝံတောင်တန်း ကို မြင်ကြရသည်။

"မင်းဝံတောင်တန်း အဆုံး လောက်မှာမြင်ရတာ တောင်ပူ စာ မဟုတ်ဘူးနော်။ မင်းကွန်း စေတီပျက်ကြီးကွဲ။ ကဲ-မန္တလေး ရောက်လုပြီ။ ပစ္စည်းတွေ သိမ်း ကြတော့"ဟု ဦးစိုးလွင်ကပြော လေသည်။

မန္တလေးသို့ ဝင်စပြုလာရာ မကြာခဏ သောင်နှင့်ငြိသဖြင့် သင်္ဘောမှာ တန့်ကန် ဖြစ်ဖြစ်



ကျောက်မြောင်းမှ လွန် သော် မြစ်ကြောင်း ပြန်ကျယ် လာပြန်သည်။ ရှိမ်းမကားမြို့သို့ အရောက်တွင် တောင်လေနှင့် တိုးတော့သည်။ လေပြင်းသဖြင့် သောင်ပြင်မှ သဲမှုန့်များ လွင့် တက်ကာ မှုန်မှိုင်း နေသည်။ ကုန်လှေကြီးများသည် တောင် လေ အားကိုးဖြင့် ရွက်ဖွင့်ကာ ဆန်လာကြသည်။

သွားသည်။ ဗန်းမော်နှင့် မန္တ လေး အကြား မြစ်ကြောင်း သည် သဲသောင်လည်း များ၊ အကွေ့အကောက်လည်း များ သည်။ ဂေါဝိန် ဆိပ်ကမ်းတွင် "ပတ္တမြား" ဆိုက်သော အခါ နေစောင်းစ ပြုလေပြီ။

(ဆက်ရန်)


# သက်ရှိ တို့သည်




အပင်သည် အမြစ်မှတဆင့် မြေဆီကို စားသုံးရသည်။ သမင်ကလေးသည် မြက်ကို စားရသည်။ ဗျိုင်းသည် ငါးကို စားရသည်။ ကျားသည် သားကောင်ကို ဖမ်းစားရသည်။ လူတို့သည် ထမင်းကို စားကြရသည်။




ငါးသည် ရေထဲမှ လေကို ပါးဟက်ဖြင့် ရှူရသည်။ သစ်ပင်တို့သည် လေကို အရွက်ဖြင့် ရှူကြရသည်။ မိကျောင်းသည် ရေထဲမှလေကိုလည်း ရှူနိုင်သည်။ ကုန်းပေါ်မှ လေကိုလည်း ရှူနိုင်သည်။ လူတို့က နှာခေါင်းဖြင့် လေကို ရှူကြရသည်။




ကြက်ကလေးသည် နှုတ်သီးဖြင့် ရေသောက်သည်။ သစ်ပင်သည် အမြစ်ဖြင့် ရေသောက်သည်။ ဆင်ကြီးက နှာမောင်းဖြင့် ရေကိုစုတ်ယူကာ ပါးစပ်ထဲသို့ ထည့်ပြီး သောက်သည်။ လူတို့က ပါးစပ်ဖြင့် ရေကိုသောက်ကြသည်။




ပန်းပင်တို့သည် ပန်းပွင့်မှ မျိုးပွားသည်။ သီးပင်တို့သည် အစေ့မှ မျိုးပွားသည်။ ကြက်ငှက်တို့သည် ဥများ ဥကြရသည်။ လူတို့သည်လည်း မျိုးဆက်အောင် သားသမီးများ မွေးဖွားကြရသည်။


ပါဝင်သော-
ကျော်ကျော် - ဒီဘက်ကိုပေးဟေ့ - ဒီဘက်ကို -
အောင်မယ်လေးဗျ-
မကြာမီ-
ဟေ့ - ကျော်ကျော် မော်တော်ကားကြီး - မော်တော်ကားကြီး -


အနားကပ်မကျောက်နဲ့ဟေ့၊ ဘောလုံးမှန်လို့လဲနေ ဦးမယ်၊
ဟာ- ပေပဝိတို့ဆရာကြီး ဝင်တိုက်မိပြီ၊
ဟေ့-ဟေ့- ဆရာကြီးတော့ မမြင်ဘူးလားကွ၊
ဝုန်း
တော်တော်နာသွားသလားခလေးမင်းတို့က လမ်းပေါ်မှာ ဘောလုံးကန်ကြတာကိုးကွ၊
ဆရာကြီးနဲ့တိုက်မိလို့တော်သေးတာပေါ့ကွာ ကားနဲ့ တိုက်မိရင်မသက်သာဘူး၊ နောက်- လမ်းပေါ်မှာ မကန်ကြနဲ့ကြားလား၊
ဟုတ်ကဲ့ဦးဦးကျော်တို့ ဘောလုံးကွင်းမှာသွားကန် ပါ့မယ်၊
လာကြဟေ့-ဘောလုံးပွဲ ပြန်စ ကြမယ်-
ဟေ- ကျော်ကျော်- ငါ့ဘက်ပေး- ငါ့ဘက်ပေး-
ချွမ် ချွမ်


ဟာ- မင်းတို့အိမ် ဘာတွေ ကွဲကျန်ခဲ့ပြီလဲ မသိဘူး။
အော- မြန်မြန် သွားကြည့်အုံးမှကွာ။
ဟဲ-ဘော်လုံးအကန်ကောင်းလို့ နင့်စာအုပ်ဗီဒိုတော့ ကွဲသွားပြီ ကျော်ကျော်-
ဟာ-
ဒါ ငါ့အပြစ်ပဲ၊ ငါ့အပြစ်ပဲ၊ ငါသာ လမ်းမပေါ်မှာ ဘော်လုံးမကန်ရင်၊ ငါ့မှန်ဗီဒိုလေး ကွဲမှာမဟုတ်ဘူး၊
ဖေဖေဝယ်ပေးထားတာ၊ မှန်ဗီဒိုလေးတော့ ဘော်လုံးမှန်လို့၊ ကွဲသွားပြီကွာ၊
ဟာ- ဟုတ်လား-
အော- ဒို့များ ဘော်လုံးမှန်လို့၊ ဂုပ်ထိုက်တော့မယ်ကွာ၊ လမ်းပေါ်မှာ ကစားတာမကောင်းဘူး၊

အပြေးပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရသော ခရီးအရှည်အလျားကိုလိုက်ပြီး တာတို၊ တာလတ်၊ တာဝေး ဟူ၍ ခွဲခြားခေါ်ဝေါ်ကြသည်။

တာလတ်ပြေးပွဲများသည် မီတာ ၈၀၀၊ ၁၅၀၀၊ ၅၀၀၀၊ ၁၀၀၀၀ ပြိုင်ပွဲများ ဖြစ်သည်။ တာလတ်ပြေးပွဲတွင် တာလတ်တို ပြိုင်ပွဲနှင့် တာလတ်ရှည် ပြိုင်ပွဲများ ဟူ၍ ခွဲခြားနိုင်ပြန်သည်။ တာလတ်တိုမှာ မီတာ ၈၀၀ နှင့် ၁၅၀၀ ပြိုင်ပွဲများဖြစ်သည်။ တာလတ်ရှည်မှာ မီတာ ၅၀၀၀ နှင့် ၁၀၀၀၀ ပြိုင်ပွဲများ ဖြစ်သည်။


တာလတ်ပြေးပွဲတွင် လျင်မြန်မှု လိုသည်။ အမောခံနိုင်မှုလည်း လိုပေသည်။ ထိုအရည်အချင်းများရှိစေရန် မှန်မှန်လေ့ကျင့်ပေးဖို့ လိုသည်။

စစ်ပြီးခေတ်တွင် ကမ္ဘာ့တာလတ်ပြေးပွဲ စံချိန်များ တိုးတက်လာခဲ့သည်။ တိုးတက်လာရသည့်အကြောင်းမှာ လေ့ကျင့်မှု အကူအပံ့များကို အသုံးပြုနိုင်ခြင်းနှင့် အပြိုင်အဆိုင် များပြားလာခြင်းကြောင့် ဖြစ်သည်။ ခုပြေးပုံပြေးနည်း စံနစ်များ တိုးတက်လာခြင်းကြောင့်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် တာလတ် ပြေးပွဲ စံချိန်များ ယခုထက်ပို၍ တိုးတက်စေရန်အတွက် ကြိုးစားကြဖို့လိုသည်။

တာထွက်ရာ၌ မီတာ ၁၅၀၀ အောက် ပြေးပွဲများတွင် ဒူးထောက် တာစနည်းကို အသုံးပြု၍ ယင်းအထက်ပြေးပွဲများ၌ ရပ်လျက် တာစနည်းကို အသုံးပြုတတ်ကြသည်။


တာလတ် အပြေးသမားများသည် ပြိုင်ပွဲတာတလျှောက်လုံး ပြေးအားမျှ၍ ပြေးနိုင်ရန် အထူးလေ့ကျင့်ထားဖို့ လိုသည်။ သို့သော် ပြိုင်ပွဲတိုင်းတွင် အခြေအနေအရ ကြိုတင်စီမံမှုများကို ပြုလုပ်ရမြဲဖြစ်သည်။ တာအထွက်၌ မည်သို့ထွက်မည်၊ မည်သည့်နေရာလောက်ဆီမှ လိုက်မည်၊ မည်သည့်နှုန်းဖြင့် ပြေးမည်၊ ပြိုင်ဖက်များ မည်မျှ အရည်အချင်းရှိသည်၊ ပန်းဝင်ခါနီးတွင် မည်သည့်နေရာလောက် ဆီမှ စ၍ တက်သုတ်ရိုက်မည်တို့ကို မိမိဖာသာ ကြိုတင်တွက်ချက်၍ ထားသင့်သည်။

ထိုမျှမက ပြေးကွင်းအခြေအနေ၊ ရာသီဥတုအခြေအနေ၊ ပြိုင်ပွဲဝင်သူ ဦးရေတို့ကိုပါ ထည့်သွင်းတွက်ချက်၍ မိမိနှင့် အဆင်ပြေအောင် ပြုလုပ်နိုင်ဖို့ အရေးကြီးသည်။




ကမ္ဘာ့ကျော် တာလတ် အပြေးသမားများမှာ ဇာတိုပက် (ချက်ကိုစလိုဗက်ကီးယား)၊ ကွတ်အီလီယော့ (ဩစတြေလျ)၊ ပီတာရှနဲလ် (နယူးဇီလန်)၊ ဂျင်မ်ရိုင်း(အမေရိကန်) စသူတို့ ဖြစ်သည်။ မြန်မာနိုင်ငံမှ တာလတ်တိုနှင့် တာလတ်ရှည် အပြေးသမားများမှာ ကျော်ခင်၊ ငွေသိန်း၊ ရှင်ဗှေဂန်၊ လှသိန်း စသူတို့ ဖြစ်သည်။

# ဘောင်းဘီဖင်ပေါက်



တန်ဆောင်တိုင် ပွဲတော်ရောက်လာသဖြင့် လမ်းတိုင်း အိမ်တိုင်းတွင် ရောင်စုံမီးများ ထွန်းကြသည်။ ပေတိုးတို့ လူသိုက်မှာ ဝတ်ကောင်းစားလှနှင့် လမ်းမတော်ဖက်၌ မီးထွန်းပွဲ လျှောက်ကြည့်ရန် ဟီးနိုးကားစီး၍ ထွက်လာကြသည်။

"ဟေး – ဟေး – ခွေးကလေး တချောင်း ကောက်ရတယ်ကွ"

မိုးဖြူက ကြမ်းပြင်ပေါ်မှ ခွေးကလေးတချောင်းကို ကုန်းကောက်လိုက်ပြီး ဝမ်းသာနေ၏။

"ငါ့ခဏပြစမ်း၊ မင်းခွေးက ထက်မှ ထက်ရဲ့လားလို့"

ပေတိုးက လှမ်းတောင်းယူပြီး ခွေးသွားကို လက်ဖြင့် စမ်းကြည့်ရင်း ရှေ့ထိုင်ခုံမှ ဆိုဖာကို စမ်း၍လှီးကြည့်လိုက်၏။ ထိုင်ခုံမှာ ဗြိကနဲ ပြဲသွားလေ၏။

ပေတိုးမှာ အငြိမ်မနေပဲ သူထိုင်လျက်ရှိသော ဆိုဖာကို လှီးဖြဲနေလေသည်။ မကြာမီ ထိုင်ခုံမှာ အပေါက်ကြီး ဖြစ်သွားပြီး အထဲမှ စပရင်ခွေများ အပြင်ဖက်သို့ ကြွတက်လာလေ၏။ ပေတိုးသည် စပရင်ခွေအပေါ် ဖင်ထိုင်ရင်း အပေါ်ကြွချည် ဖိချည်လုပ်ပြလျက် –

"ထိုင်လို့ သိပ်ကောင်းတယ်ကွ" ဟု ဆို၏။

ထိုစဉ် မှတ်တိုင်ရှေ့တွင် ကားရပ်၍ ခရီးသည်များ တက်လာကြ၏။

"ဟေ့ – ပေတိုး၊ ဒီလာထိုင်ကွာ" ဟု ရဲစိုးဝင်းက ခေါ်လိုက်၍ ပေတိုးထသွားသည်။

မိန်းမကြီး တယောက်မှာ ပေတိုးဖယ်ပေးလိုက်သော ထိုင်ခုံပေါ်သို့ တက်ထိုင်ရင်း –

"ဟဲ့ – ပလုတ်တုတ် – လန့်လိုက်တာ"

"ဟား–ဟား–ဟား"

သူတို့အားလုံးက ဝိုင်းရယ်လိုက်ကြသည်။

မိန်းမကြီးမှာ သူတို့ကို မျက်စောင်းထိုးရင်း ရှက်သွားလေ၏။

မကြာမီ ဘတ်စကား ရပ်လျှင် မိန်းမကြီးမှာ ကမန်းကတန်း မတ်တတ်ရပ်လိုက်၏။ ထိုအခါ မိန်းမကြီး၏ ထမီမှာ စပရင်ခွေနှင့်ငြိ၍ စုတ်ပြဲသွားလေ၏။ သူတို့သည် တယောက်နှင့် တယောက် လက်တို့ပြကာ ရယ်မောရင်း ကျန်ရစ်ခဲ့လေသည်။

လမ်းမတော်သို့ရောက်လျှင် သူတို့အားလုံး ကားပေါ်မှ ဆင်းကြလေ၏။ ပွဲဈေးတန်းထဲတွင် သူတို့လူသိုက်ကို ရှယ်တူ ကောင်မလေးများနှင့် ကောင်လေးများက ကြည့်ကြည့်ပြီး ရယ်သွားကြလေသည်။

အိစမန်မှာ မသင်္ကာ၍ သူ့သူငယ်ချင်းများကို နောက်ကနေ လိုက်ကြည့်ရာ မျက်လုံးပြူးသွားလေ၏။ ထို့နောက် တဟားဟားရယ်ရင်း –

"ဟေ့ ပေတိုး၊ မင်းမှာ ဖင်ဖောက်ကြီးနဲ့ကွ"

ပေတိုးမှာ လက်ဖြင့် စမ်းကြည့်ရင်း လန့်ဖျပ်သွား၏။ ပုဆိုး ဆိုလျှင် လှည့်ဝတ်၍ ရသေး၏။ ယခုမူ ဘောင်းဘီဖြစ်နေသဖြင့် လူမြင်ကွင်းတွင် ရှက်စရာအလွန်ကောင်းနေရှာ၏။

"ငါ့ဘောင်းဘီ ဘယ်တုန်းက ပြဲသွားလဲမသိဘူးကွာ"

ပေတိုးမှာ ရှက်လွန်း၍ အသံများပင် တုန်နေ၏။

"နင် ဟီးနိုးကားပေါ်တုန်းက စပရင်ပေါ်တက်ထိုင်ပြီး ခုန်တယ်မဟုတ်လား" ဟု ပူစူးမက ပြောသည်။

"အေး – ဟုတ်တာပေါ့၊ အဲဒီတုန်းက မင်းဘောင်းဘီနဲ့ငြိပြီး ပြဲသွားတာ ဖြစ်မှာဘဲကွ" ဟု သာကျော်ဇံက ထောက်ခံသည်။

ပေတိုး မှာ မီးထွန်း ပွဲ ကို လိုက်၍ ကြည့်နေရသော်လည်း စိတ်ထဲက မပြောင့်ပေ။ သူ့ဖင် ပေါက်ကို ဘယ်သူ ကြည့်နေ သလဲဟု ဘေးနားမှ လူများကို သာ အာရုံပြုနေမိ၏။ ပြဇာတ် စင် တခုရှေ့ ရောက်လျှင် နောက် မှ ကောင်မလေးတသိုက်က သူ့ ကို ကြည့်ပြီး ကျိတ်ရယ်နေကြ ၏။ ကောင်ကလေး တသိုက်က လည်း "ဟို ကောင် ဖင်ပေါက် ကြီးနဲ့ကွ" ဟု အချင်းချင်းပြော ကာ ရယ်နေကြ၏။

"မင်းတို့နေခဲ့ကွာ၊ ငါတော့ အိမ်ပြန်တော့မယ်"

ပေတိုးမှာ ပြောပြောဆိုဆို လူအုပ်ကြားထဲမှ အတင်း တိုး ဝှေ့၍ ထွက်ခဲ့လေ၏။ ရှက်ရှက် ဖြင့် မှတ် တိုင် တွင် ဆိုက်လာ သော ဟိုးနိုးကားပေါ် သို့ အ တင်းပြေးတက်၍ ထိုင်လိုက်၏။

"အင့် – နာလိုက်တာ"

သူထိုင်ခုံမှာ ဘယ်သူဖြဲထား မှန်းမသိပေ။ အထဲမှ စပရင်ခွေ ချွန်ထွက်နေသဖြင့် ဖင်ကို စူး သွားလေ၏။

"အေးကွာ – ငါ့တူ တော် တော် နာ သွား လား။ ဘယ်သူ တွေ လက်ကမြင်း ထားသလဲ မ သိပါဘူးကွာ။ ခရီးသယ်တွေကို သက်သက်မဲ့ အ နှောင့် အ ယှက် ပေးနေတာဘဲ။ ဒီ ထိုင် ခုံ တွေ ဟာ ခ ရီး သယ် တွေ ကောင်း ကောင်းမွန်မွန်စီးဖို့ နိုင်ငံခြားက ပိုက်ဆံအများကြီးပေးဝယ်ထား ရတာ။ ဟော အခုတော့ လူ ကျင့်ဝတ် မ သိ တဲ့ လူမိုက်တွေ ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ် ကုန်ပြီ"

လက်မှတ် ရောင်းသော ဦး လေးကြီးက ဆို ဖာ ထိုင် ခုံ တွင် ပေါက်ပြဲနေသည်ကို ကြည့်ရင်း ပြောပြနေ၏။ ခ ရီး သည် တ ယောက်ကမူ ဒေါပွလျက် –

"အေးဗျာ – ထိုင်ခုံဖျက်ဆီး တဲ့ကောင်တွေ လက်ပူး လက် ကြပ်မိယင် ဘာမှ ပြောမနေနဲ့၊ ကလေးဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် ထောင်ထဲသာ တခါထဲ ပို့လိုက် ဗျာ"

ပေးတိုးမှာ နားထောင်ရင်း ကြက်သီးမွေးညှင်းများ ထသွား လေသည်။

"ငါဟာ လူမိုက်ဘဲ၊ ဆိုဖာ တွေကို ဖျက်ဆီးနေသူဘဲ၊ ငါ့ ကို သိယင်တော့ ထောင်ထဲကို ဝိုင်းပြီး ပို့ကြလိမ့်မယ်"

ပေတိုးမှာ နောင်တ ရလာ လေ၏။ ဝမ်းလည်း နည်းလာ မိ၏။

"နောက် ကို ဆိုဖာ ထိုင်ခုံ တွေကို ဓားနဲ့ မလှီးတော့ဘူး။ ကျနော့ကို ထောင်ထဲမပို့ကြပါ နဲ့ခင်ဗျာ"

သူသည် စိတ်ထဲက ရေရွတ် ရင်း ကားပေါ် လိုက်ပါလာခဲ့ရ သည့် အဖြစ် အ ပျက် ကို ဝမ်း နည်း၍ ယူကျုံးမရ ဖြစ်နေရှာ တော့၏။ ။

တက္ကသိုလ် မောင်အောင်ဆွေ၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
"ပေတိုး" စာမူမှ



## တိုဗိုလ်ချုပ်

တိုဗိုလ်ချုပ် တိုဗိုလ်ချုပ်
တကယ် အလုပ်လုပ်။
ရိုးရိုးကုပ်ကုပ် သူ့အသွင်
အတု ယူဘို့ပင်။
ငယ်စဉ်ကတဲက သူ့ဘဝ
အလွန် ရိုးသားစွ။
တိကျမှန်ကန် ပြောတတ်ပြန်
မှားလျှင် သူဝန်ခံ။
မမှန်မုသား ဆိုစကား
အမြဲ သူရှောင်ရှား။
စိတ်ထားစေတနာ မွန်မြတ်စွာ
ထားရှိ တိုပေါ်မှာ။
သူသာသတ္တိ ပြောင်ပါဘိ
ပြိုင်သူ ဘယ်မရှိ။ ။

မောင်သက်ကြွယ်၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
"ရွှက်သစ်နုချိန်" စာမူမှ

# မြန်မာ့နှဲ




နှဲသည် မြန်မာ့ဆိုင်းအဖွဲ့မှတူရိယာများအနက် အရေးပါသော တူရိယာတမျိုး ဖြစ်သည်။ နှဲကို လေဖြင့် မှုတ်ရသည်။ နှဲကြီး နှဲကလေးဟူ၍ နှစ်မျိုး ရှိသည်။ နှဲတလက်တွင် နှဲခင်၊ နှဲတံနှင့် နှဲဂေါ်လံ ဟူ၍ အစိတ်အပိုင်း သုံးခုပါရှိသည်။ နှဲဂေါ်လံကို နှဲတံ၏ အရင်းပိုင်းတွင် ကြိုးဖြင့် ချည်ဆွဲထားရသည်။ နှဲကြီးတွင် လည်းကောင်း၊ နှဲကလေးတွင် လည်းကောင်း နှဲတံအပေါ်ဖက်၌ လက်ပေါက် ခုနစ်ပေါက် ဖောက်ရ၍ အောက်ဖက်၌ လက်မပေါက် တပေါက် ဖောက်ရသည်။ နှဲဂေါ်လံကို ရွှေရောင်ဖြင့် လည်းကောင်း၊ ငွေရောင်ဖြင့်လည်းကောင်း မွမ်းမံ ခြယ်လှယ်ကြသည်။ မြန်မာ့ဆိုင်းအဖွဲ့တွင် နှဲဆရာတဦး သို့မဟုတ် နှစ်ဦး ပါဝင်တီးမှုတ်သည်ကို တွေ့ကြရသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်

# ရွှေသွေး ဂျာနယ်

အတွဲ-၁၊ အမှတ်-၈ ၂၂-၂-၆၉


## စုပေါင်းအင်အား

ပန်းချီ ဦးစိန်





ဒုန်ဂဏ်ကဓာထွေး
ဒီကနေ့က စပြီး ကျောင်းအားရက် တိုင်း ....
ဒို့ကျောင်းရဲ့အရှေ့ဘက်မှာ ရှိတဲ့ သဲချောင်း ထဲကိုဒို့ အတန်းသားအားလုံးစုပေါင်း ပြီးဆရာနဲ့ တူတူသွားရမယ်
သဲချောင်းထဲမှာရှိတဲ့ ပော ဒီအရွယ်-ကျောက်စရစ်ခဲ ကလေးတွေကိုရှာပြီး စု ဆောင်းရမယ်
နောက်တနေ့ကျောင်းပိတ်ရက် တွင်ရေခန်းနေသော သဲချောင်း ထဲသို့စုပေါင်းချီသွားကြလေ၏
ဒီဘက်မှာ အများ ကြီးဘဲ ဆရာလေး
ဒီကျောက်ခဲတွေ ကောက်ပြီး ဘာလုပ် ဖို့လဲ မသိဘူးကွ
ထုံးဒါကွင်း
လာကြပါအုံး လုံးချည်ကျွတ် နေလို့


လေးလိုက်တဲ့ ကျောက်တုံးလုံးချည်း ကျွတ်မလို့
ဟေ့ ချက်ကြီး-ဆရာလေး ပြောတာကို သေသေချာချာ မှန်အောင် နားမထောင်ဘဲ ဒီအရွယ် ကလေးတွေ ကောက်ရမှာကွ
ဟဲ တပည့်တို့ ဒါမှမဟုတ် ဖြစ်စို့-ကျောက်ခဲတွေ တော်တော်ရပြီဘဲ
ကျောက်စရစ်ခဲကလေးများကို လှံလှံ လောက်လောက် စုဆောင်းမိသဖြင့်
ကျောက်စရစ်ခဲတွေကို ဆေးရောင်စုံ ခြယ်ရမယ်၊ ပြီးတော့ လုပ်စရာရှိသေးတယ်
စုပေါင်းပြီး အလုပ်လုပ် ရတာ သိပ်ပျော်တာဘဲ မောလဲ-မမောဘူးကွ
ဒီကုန်းစောင်းက မြက်ခင်းပြင်မှာ အက်ဝေလောင်း ပြီးတော့


ရောင်စုံခြယ်ထားတဲ့ကျောက်ခဲကလေးတွေကို ဆရာပြထားတဲ့အကွက်အတိုင်း သေသေချာချာစီကြ
အဲဒီနေရာမှာ အဝါရောင်တလုံးသွင်းရမယ်
ဟော်. ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပေါ်လာပြီကွ
မင်းတို့တတွေ အခုလို-စုပေါင်းပြီး ညီညီညာညာလုပ်ကြမယ် ဆိုယင် ဘာမဆိုအောင်မြင်မှာဘဲ
ဗိုလ်ချုပ်အောင်ဆန်းကို အလေးပြု


တနေ့တော့ မောင်ညိုဆိုတဲ့ သူငယ်လေးတယောက်ဟာ တောစပ်နားမှာ ကစားနေတုန်း ပျော်လွန်းအားကြီးလို့ လှမ်းအော်လိုက်သတဲ့
ဦးမောင်မောင်မြ ၏
ပဲ့တင်သံ
ပျော်လိုက်တာ ဟေ့
ပျော်လိုက်တာ ဟေ့
ဟေး-ဟေး-ဟေး-
ဟေး-ဟေး ဟေး-
ဟေ့-အရူး
ဟေ့-အရူး
နှင်-ခွေး-တိရစ္ဆာန်
နှင်-ခွေး-တိရစ္ဆာန်
ဒီအသံတွေ မောင်ညိုကြားတော့ ကြောက်လန့်ပြီး အိမ်ကိုပြေးသတဲ့
ငါ့သား-ဒါ-တခြား မဟုတ်ဘူးကွ-ပဲ့တင်သံ-လို့ခေါ်တယ်၊ ကိုယ့်အသံ-ကိုယ့်ဆီ ပြန်ဟပ်တာ- အင်မတန်၊ သတိပြုဘို့ ကောင်းတဲ့-သင်ခန်းစာဘဲ၊ ကိုယ်ဘာလုပ်လုပ်-ပြောပြော- အကောင်းလုပ်ယင်-အကောင်းပြန်လာမယ်၊ အဆိုးလုပ်ယင်-အဆိုးပြန်လာမှာဘဲ၊




**ယခင်အပတ်မှအဆက်**

မန္တလေး မိတ်ဆွေများက စီစဉ်ပေးသဖြင့် သင်္ကြန် အကြိုနေ့ နံနက်စောစောတွင် အတာတို့သည် မင်းကွန်းဖက်သို့ မော်တော်ဘုတ်ဖြင့် ကူး ကြ သည်။ သူတို့ဆီတွင် "ငှက်" ဟု ခေါ်သော သမ္ဗန် ကလေး များဖြင့်လည်း ကူးနိုင်သည်။ မင်းကွန်းသည် မန္တလေးမြောက်ဖက် မြစ်တဖက်ကမ်း ခြောက်မိုင်ခန့်တွင် ရှိသည်။


"မင်းကွန်း ပုထိုးတော်ကြီးဟာ ကမ္ဘာမှာ အုတ်နဲ့ဆောက်တဲ့ အကြီးဆုံး အဆောက်အအုံတခုဘဲ။ ခေါင်းလောင်းကြီးကတော့ ကမ္ဘာမှာ တတိယ အကြီး ဆုံး လို့ ဆို ကြ တယ်" ဟု လှည့်လည် ကြည့်ရှုကြရင်း ဆရာဦးစိုးလွင်က ပြောပြသည်။ အတာတို့သည် ပုထိုးတော်ကြီး အရှေ့ဖက် မြစ်ကမ်းနဖူးရှိ ခြင်္သေ့ရုပ်ကြီးများကိုလည်း လေ့လာကြသည်။ ရှေးခေတ် မြန်မာ့ ဗိသုကာ၏ ပြောင်မြောက်သော လက်ရာ တ ခု ဖြစ် သည့် မြသိန်းတန်စေတီကိုလည်း ဖူးခဲ့ကြသည်။ မြစ်ကမ်းဘေးရှိ ဒေါ်ဦးဇွန်း၏ ဘိုးဘွား ရိပ် သာ သို့လည်း ဝင်ရောက်ကာ ဘိုးဘွားများ၏ဝေယျာဝစ္စများကို တတ်အားသ မျှ လုပ် ကိုင် ပေး ကြသည်။ ထိုနောက် နွားလှည်းများ စီးကာ ၁၆ မိုင်ခန့် ဝေးသော စစ်ကိုင်း မြို့ဖက်သို့ တပျော်တပါးလာခဲ့ကြလေသည်။

စစ်ကိုင်းမြို့သည် မိုးပါးရေရှား ရပ်ဝန်းအတွင်း၌ ရှိသော်လည်း တောင် ရိပ် ကမ်းရိပ် ကြောင့် မန္တလေးလောက် ရာသီဥတု မပြင်းလှ။ ဧရာဝတီသည် စစ်ကိုင်းခရိုင် မြေနိမ့်ပိုင်းကို နှစ်စဉ် ရေလွှမ်းသည်။ ထိုကြောင့် မြစ်ကမ်းပါးနှင့် ရေလယ်ကျွန်းများတွင် နုန်းတင် မြေနုများ တင်ကျန်ခဲ့သည်။ ထိုဒေသများတွင် ဆန်စပါး၊ ဆေးရွက်နှင့် ပဲအမျိုးမျိုး အထွက်ကောင်းသည်။ ကုန်းကျသော အပိုင်းများတွင် ဝါဂွမ်း၊ ဂျုံစပါး၊ လူး၊ ဆပ်၊ မြေပဲနှင့် နှမ်းတို့ကို စိုက်ပျိုးလုပ်ကိုင်ကြလေသည်။ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆားချက်လုပ်ငန်း၊ ရေအိုး လုပ်ငန်း တို့လည်း ထင်ရှားသည်။

စစ်ကိုင်းမှ ဦးကျော်ဒင်က အတာတို့ကို စစ်ကိုင်း အချိတ်လုံချည် များ ရက် လုပ် ပုံ ကို လိုက်ပြသည်။ ရွှာထောင်ရွှာမှ လက်ရာကောင်းသော ငွေထည်များကိုလည်း အတာတို့ မြင်ခဲ့ရလေသည်။

ထိုနောက် မြို့နှင့် ခပ် လှမ်းလှမ်းရှိ စစ်ကိုင်း တောင်ရိုးကို တက်ကြသည်။ စစ်ကိုင်းတောင်ရိုးကား သူတော်စင်တို့ တရားကျင့် သုံး ရာ ဂူ ကျောင်း နှင့် ချောင်း များ၊ တောင် ထိပ် တောင်ထွတ်တိုင်းလိုလို၌ တွေ့ရသော စေတီပုထိုးများဖြင့် ချမ်းမြေ့ ကြည်နူးဖွယ် ကောင်းလှသည်။

အတာတို့ တတောင်ဆင်း တတောင်တက်၊ တဂူဝင်၊ တချောင် တိုး ကြ သည်။ ပျော်



လည်းပျော်၊ တော်တော်လည်း ပင်ပမ်းကြလေသည်။

လွမ်းစေတီ တောင်ထိပ်ပေါ်မှ တဖက်ကမ်းကို လှမ်းမျှော်ကြည့်ကြသည်။ အင်းဝမြို့တော်ဟောင်း၊ အမရပူရမှ ရွှေကြက်ယက် စေတီတော်နှင့် ခပ်ရေးရေး မြင်ရသော မန္တလေးမြို့တို့ကို နောက်ခံလျက် ဧရာဝတီ၏ ရှုခင်းကား လှပလှပေသည်။ ရှေးမင်းနေပြည်တော် ဖြစ်ခဲ့ကြသော စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ အမရပူရနှင့် မန္တလေးမြို့တို့ ဧရာဝတီကိုအမှီပြုလျက် တစုတဝေးရှိခဲ့ကြသည်ကို အတာတို့ လူစု ဆွေးနွေးကြလေသည်။

စစ်ကိုင်းမှ အပြန်တွင် မီးရထားဖြင့် အင်းဝတန်တားကြီးကို ဖြတ်ကျော်ကြသည်။ ထိုအချိန်တွင် အင်းဝဖက်မှာ မီးတထိန်ထိန်ရှိနေလေပြီ။ အင်းဝတန်တားကြီးသည် စစ်ကိုင်းနှင့် အမရပူရမြို့ကို ဆက်သွယ်ထားသည်။ အလျား ၃၉၄၈ ပေ ရှည်၍ ၁၀၂ ပေ မြင့်သည်။ အင်းဝတန်တားကြီးကြောင့် ရန်ကုန်၊ မြစ်ကြီးနား မီးရထားသည် တောက်လျှောက် မောင်းနိုင်သည်။

ထိုတန်တားကြီးကို ဗြိတိသျှတို့လက်ထက် ၁၉၃၄ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရာ ၁၉၅၄ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ပြီးစီးသည်။ စင်စစ် အင်းဝတန်တားကြီးသည် ရှေးမြန်မာမင်းများ လက်ထက်ကပင် လက်ငုတ်လက်ရင်း ရှိခဲ့သည်။ ပြည်




သီဟသူ နရပတိမင်းနှင့် မင်းရဲနန္ဒမိတ်တို့သည် မြန်မာ သက္ကရာဇ် ၈၁၄–၈၂၈ ခုနှစ်များ အတွင်း၌ မြစ်ကို ဖြတ်ကျော်၍ အင်းဝ–စစ်ကိုင်း ကူးနိုင်ရန် အင်းဝ တန်တား တည်ဆောက်ခဲ့ကြသည်။ မင်းရဲနန္ဒမိတ်သည် စစ်ကိုင်း ထူပါရုံ ဘုရားသို့ စစ်အင်္ဂါလေးပါးနှင့်ပင် သွားလာနိုင်ရန် တည်ဆောက်ခဲ့သည်ဟု အဆိုရှိလေသည်။

အတာတို့ မီးရထားသည် တောင်မြို့ခေါ် အမရပူရ မြို့ကို ဖြတ်ကျော်ခဲ့သည်။ အရပူရမြို့ကား ရက်ကန်းမြို့တော် ဖြစ်နေလေပြီ။

သကြံန်ရက်များအတွင်း အတာတို့သည် ရန်ကုန်ရေသဘင်နှင့်မတူ တမူထူးခြားသော ရွှေမန်းရေသဘင်တွင် ဝင်ပျော်ကြသည်။ မြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားများသို့လည်း ရောက်ခဲ့ကြသည်။ မန္တလေး တောင်ကိုတက်ရသောအခါ ရသေ့ကြီး ဦးခန္တီ၏ စွမ်းရည်ကို အံ့ဩချီးကျူး မိကြသည်။ ကျုံးပတ်လည်နှင့် နန်းမြို့တွင်းသို့ ဝင်ရောက် လေ့လာရသော အခါ ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ရှိခဲ့ကြသော ခေတ်ကို ရော်ရမ်း မှန်းဆမိကြသည်။

သကြံန်ရက်ပြီးသောအခါမှ အတာတို့သည် မြစ်ရေ နဒီကြောတွင် ဆက်၍မျောကြပြန်လေသည်။


(ဆက်ရန်)








အမြင်ပင် ဆိုးသော်လည်း ကျောက်မီးသွေးသည် ရွှေထက် အသုံးဝင်သည်။ အသုံးဝင်ဆုံးသော ကျောက်တမျိုး ဖြစ်သည့် အတွက် စိန်မဲ ဟုလည်း တင်စား၍ ခေါ်ကြသည်။ ကျောက်မီးသွေးကို အဓိကအားဖြင့် စက်မှုလက်မှု လုပ်ငန်းများတွင် လောင်စာအဖြစ် အသုံးပြုသည်။ သို့သော် အခြားလူသုံးကုန် ပစ္စည်းများကိုလည်း ကျောက်မီးသွေးမှ ထုတ်ယူရရှိသည်။ ဥပမာ-ကျောက်မီးသွေးကို လေလုံပေါင်းအိုးတွင်ထည့်၍ မီးပြင်းတိုက်ပေးသောအခါ ကုတ်မီးသွေး၊ ကျောက်မီးသွေးကတ္တရာ၊ လောင်စာဆီ၊ ဓာတုဗေဒပစ္စည်းများနှင့် ကျောက်မီးသွေး ဓာတ်ငွေ့များကို ရရှိသည်။ ၎င်းပစ္စည်း အသီးသီးမှတဆင့် အောက်ပါ လူသုံးကုန်ပစ္စည်းများကို ပြုလုပ်နိုင်ပေသည်။

## ကုတ်မီးသွေးမှ




## ကျောက်မီးသွေးကတ္တရာမှ




လောင်စာဆီမှ
အလှကုန်များ
ဆေးသကြား
ဂေါ်မာဘူ
နိုင်လွန်
ယမ်းဘီလူး
ဖယောင်းပုဆိုး
ဓာတုဗေဒပစ္စည်းများမှ
ပလပ်စတစ်
ပစ္စည်းများ
ရေခဲသေတ္တာတွင်သုံးသည့်
အမ်မိုနီယမ်ဓါတ်ငွေ့.
ထုံဆေးငွေ့.
ကျောက်မီးသွေးဓာတ်ငွေ့မှ
အဆိပ်
ဆိုင်ယနိုက်
အဆိပ်ဆေး
အပူဓါတ်


နီတွတ်
စိတ်ကူး နှင့် လက်တွေ့
နီတွတ်ဟာ အမြဲ စိတ်ကူးယဉ်တတ်တယ်။
ငါ ရေခဲချောင်း ရောင်းသူ ဖြစ်ချင်တယ်
တဝက်ကိုစားမယ် တဝက်ကိုရောင်းမယ်..ပြီးတော့ ခလေးတွေကို အလကား ကျွေးမယ်
ည ကင်းစောင့်သူကို တွေ့ပြန်တော့ နီတွတ်ဟာ ည ကင်းစောင့်သမား ဖြစ်ချင်ပြန်တယ်။
လူကြီးတွေက နီတွတ်ကို ကြီးလာယင် ဘာလုပ်မလဲ မေးတဲ့အခါတိုင်း နီတွတ်ဟာ တကြိမ်မှာ တမျိုး ဖြေလေ့ရှိတယ်။
တနေ့ သူ့ ဖေဖေနဲ့ ဘူတာရုံ ရောက်သွားတယ်။
ဟိုလူကြီး ဘာလုပ် နေတာလဲ ဖေဖေ
မီးရထားတွဲ ချိတ်တဲ့ လူပေါ့
ဒါဖြင့် ကျနော်ကြီးလာယင် မီးရထားတွဲတွေကို ရှည်အောင် ချိတ်ပေးရတဲ့ ရထားတွဲ ဆက်သူ လုပ်မယ်
ဟင်


ဒါဖြင့်.. ရေခဲချောင်း မရောင်း တော့ဘူး ပေါ့
မနက်မှာ ရေခဲချောင်း ရောင်းမယ်.. ပြီးတော့.. ဘူတာကို သွားပြီး.....
ရထားတွဲတွေကို ဆက်မှာပေါ့..
ဟား ဟား
တွဲတွေဆက်ပေး ပြီးယင် ညဘက်မှာ ကင်းစောင့်သမား တောင် လုပ်နိုင် ပါသေးတယ် ဖေဖေ..
နီတွတ်ဟာ လေယာဉ်မောင်းတဲ့ ပိုင်းလော့လဲ ဖြစ်ချင်တယ်။
တခါတခါ ကျတော့လဲ ရုပ်ရှင်မင်းသား ဖြစ်ချင်ပြန်တယ်....
လူဆိုးတွေကို နှိမ်နင်းဖမ်းဆီးရတဲ့ ပြည်သူ့ရဲလဲ ဖြစ်ချင်တဲ့ အခါလဲ ရှိတယ်။
တခါတလေကျပြန်တော့လဲ ပန်းချီဆရာ၊ အနုပညာသည် ဖြစ်လိုပြန်တယ်။



တနေ့တော့ နီတွတ်ဟာ သူရဲ့ ခွေးကလေး ဂုတ်ကျားကို ခေါ်ပြီး လမ်းလျှောက် ထွက်ခဲ့တယ်။
မြို့ပြင်က လယ်ကွင်းတွေနားရောက်တော့
ငါ နွားကျောင်းသား ဖြစ်ယင်ကောင်းမယ်
နွားတွေနဲ့ လယ်ကွင်းပြင် ထဲမှာ ရောက်သွားနိုင်တယ် ငါသွားစေချင်တဲ့နေရာ မသွားတဲ့ နွားတွေကို..
ဟောဒီလို ကြိမ်လုံးနဲ့ ရိုက်ပစ်ရမယ်..
ဟေ့ သူငယ်.. အပြစ် မရှိတဲ့ ခွေးကလေးကို ဘာဖြစ်လို့ ရိုက်ရတာလဲ
ကိန် ကိန်
ကျနော် နွားကျောင်းသားလုပ်မယ် စိတ်ကူးပြီး ခွေးကလေးကို နွား အမှတ်နဲ့ ရိုက်မိတာပါ..
ခွေးကို နွားဖြစ်အောင် စိတ်ကူးတာ ဘယ်ဟုတ်မလဲ
အရေးကြီးတာက.. မင်း လူကြီးဖြစ်အောင် ပထမကြိုးစားပြီး.. မင်း လုပ်ချင်တာကိုလက်တွေ့ အကောင်အထည်ဖော် ရမယ်ကွယ့်
ဟုတ်တယ်.. ငါဖြစ်ချင် တာတွေကို ဖြစ်အောင် လုပ်နိုင်ဘို့ အသိဉာဏ်ရှိ တဲ့ လူကြီးဖြစ်အောင် ငါကြိုးစားရမယ်

# လှံတံပစ်

ကမ္ဘာဦး လူတို့သည် အမဲလိုက်ရာ၌ လှံတံကို အသုံးပြုခဲ့ကြသည်။ လှံတံကို အသုံးပြုရာ၌ အဝေးသို့ရောက်အောင်ပစ်ခြင်း၊ တည့်မှန်အောင်ပစ်ခြင်းတို့မှာ အရေးအကြီးဆုံး ဖြစ်သည်။ ယခုခေတ်ပြိုင်ပွဲများတွင်ကား လှံတံပစ်ရာ၌ ပစ်ကွင်းနယ်အတွင်း ဝေးဝေးရောက်အောင် ပစ်နိုင်ဖို့ အရေးကြီးသည်။

လှံတံပစ် ပြိုင်ပွဲများတွင် အမျိုးသမီးရော၊ အမျိုးသားပါ ပါဝင်နိုင်သည်။ အမျိုးသားများ ပစ်ရသော လှံတံအလျားမှာ ရှစ်ပေနှင့် ၆$\frac{၃}{၈}$ လက်မဖြစ်၍ အလေးချိန်မှာ တပေါင်နှင့် ၁၂$\frac{၁}{၄}$ အောင်စဖြစ်သည်။ အမျိုးသမီးများ ပစ်ရသော လှံတံမှာ အလျား ခုနစ်ပေနှင့် ၂$\frac{၃}{၅}$ လက်မ ဖြစ်၍ အလေးချိန်မှာ တပေါင်နှင့် ၅$\frac{၁}{၈}$ အောင်စ ဖြစ်သည်။



လှံတံပစ်သမားများအတွက် အရေးအကြီးဆုံးအရည်အခြင်းမှာ ပစ်အားကောင်းသော လက်ရှိခြင်းဖြစ်သည်။ ၁၉၅၆ ခုနှစ် အိုလံပစ်တွင် နော်ဝေးပြည်မှ ဒင်နီယယ်ဆင်သည် ၂၈၁ ပေနှင့် ၂$\frac{၁}{၂}$ လက်မ အဝေးသို့ပစ်နိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် နော်ဝေးပြည်မှပင် ပီဒါဆင်ဆိုသူက ပေ ၃၀၀ နှင့် ၁၁ လက်မ အဝေးသို့ပစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ သန်းမောင် (တပ်မတော်)သည် ၁၉၆၁ ခုနှစ်တွင် ၁၈၇ ပေနှင့် ခြောက်လက်မ အဝေးကို ပစ်နိုင်ခဲ့၏။

ကမ္ဘာ့အမျိုးသမီး လှံတံပစ်စံချိန်မှာ ၁၉၆၄ ခုနှစ်တွင် ရုရှားပြည်မှ ဂေါ်ချာကိုဗာက ၂၀၄ ပေနှင့် ရှစ်လက်မခွဲကို ပစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ ခင်ခင်ထွေးသည် ၁၉၆၆ ခုနှစ်တွင် ၁၂၃ ပေနှင့် ၇$\frac{၃}{၈}$ လက်မကိုပစ်၍ စံချိန်တင်ခဲ့သည်။ ဂျပန်အမျိုးသမီး ကာတားယာမ၏ ၁၉၆၆ ခုနှစ် အာရှစံချိန်မှာ ၁၆၂ ပေနှင့် ၂$\frac{၁}{၂}$ လက်မ ဖြစ်သည်။

လှံတံပစ်သူသည် လှံတံကို မပစ်လွှတ်မီ လက်တဖက်ဖြင့် ကိုင်တွယ်၍ အရှိန်ယူပြီး ပြေးရသည်။ ထိုနောက် ကြွက်သားများ၏ စွမ်းအင်နှင့် မောင်းအားကိုအသုံးပြု၍ လှံတံကိုပစ်လွှတ်ရသည်။ လှံတံကို ကိုင်တွယ်ရာ၌ ကျွမ်းကျင်မှုမှာ အရေးကြီးသည်။ ဤအချက် သုံးချက် ပြည့်စုံလျှင် လှံတံကို အဝေးဆုံးသို့ ရောက်စေရန် သင့်လျော်သော ထောင့်(ဒီဂရီ)ကိုချိန်၍ ပစ်လွှတ်ဖို့ ဖြစ်သည်။

လှံတံပစ်မှု တိုးတက်စေရန် အကူအပံ့ လေ့ကျင့်ခန်းများကို စံနစ်တကျ ပြုလုပ်ပေးဖို့လည်း လိုပေသည်။



# အချစ်ဆုံးသူငယ်ချင်း ခွဲခွာသွားခြင်း

ဂုတ်ကျားမှာ ပေတိုး၏ အချစ်ဆုံးသော ရဲဘော်တဦး ဖြစ်၏။ ပေတိုး ဘယ်သွား သွား နောက်မှ အမြီးကလေး တနန့်နန့်နှင့် တကောက်ကောက်လိုက်လေ့ရှိ၏။

ဂုတ်ကျားကို မိုးဖြူ၊ ရဲစိုးဝင်းနှင့် ပူစူးမတို့ အားလုံးကပါ ရဲဘော်တဦးအနေဖြင့် ဆက်ဆံကြ၏။ ဂုတ်ကျားမှာ သူတို့၏ အန္တရာယ်ကိုလည်း ကာကွယ်ပေးတတ်၏။

တခါက အခြား လမ်းတလမ်းကို သူတို့ရဲဘော်တစု ဖြတ်သန်းကြစဉ် ခွေးနက်ကြီး တကောင်က သီတာကို လိုက်ဆွဲရာ ဂုတ်ကျားက ပြန်ကိုက်ပြီး အနိုင်ယူခဲ့ဘူးလေသည်။

တခါကလည်း အကောက်တို့အိမ်သို့ ညဥ့် သန်ကောင် အချိန် သူခိုးဝင်ကပ်ရာ ဂုတ်ကျားက လှမ်းမြင်၍ ဟောင်သဖြင့် လူတွေ ဝိုင်းလိုက်၍ သူခိုးမှာ ဦးရားဖားရား ထွက်ပြေးရဘူး၏။

ဂုတ်ကျားမှာ ဘောလုံး ဂိုးသမား ကောင်း လည်း ဖြစ်၏။ တခါတရံ ပေတိုး တယောက်တည်း ဘောလုံးကစားစဉ် ဂုတ်ကျားကဂိုးစောင့်၍ မြှောက်ကန်လိုက်သောဘောလုံးကို နှုတ်သီးဖြင့် ခုန်ဖမ်းပေးတတ်၏။

ပေတိုးသည် သူ အလွန်ချစ်သောဂုတ်ကျားကိုညဥ့်အိပ်လျှင် သူ့အိပ်ရာဘေး၌ သိပ်လေ့ရှိလေသည်။

တနေ့တ၌ ပေတိုးနှင့် ရဲစိုးဝင်းတို့လူသိုက်မှာ ညနေစောင်းတွင်သူတို့၏ ဌာနချုပ်ဖြစ်သော နောက် ဖေး လမ်း ကြား မြေကွက်လပ်၌ စုရုံးမိကြလေ၏။

မုတ်ကြီးမှာ နို့ဆီခွက်ကို အပေါ်မြှောက်လိုက် ဖမ်းလိုက်နှင့် ကစားနေသည်။ ပေတိုးမှာ ဂုတ်ကျား၏ခေါင်းကို ပွတ်သပ်ပေးနေ၏။ မိုးဖြူနှင့် ရဲစိုးဝင်းမှာ သံစည်ပိုင်းပေါ်၌ ထိုင်ရင်း ကစားမည့်လူ မစုံသေးသဖြင့် စောင့်နေကြ၏။ သာကျော်၊ဒီစမန်၊ အကောက်၊သီတာနှင့် နီလာတို့မှာ မရောက်လာကြသေးချေ။

"ငါတို့ ဘာလုပ်တမ်းကစားကြမလဲ"

"ခွက်ပစ်တမ်းဘဲ ကောင်းပါတယ်ကွာ"

တယောက်တပေါက် ပြောကြ၏။

ပေတိုးမှာ ရုတ်တရက်အကြံရသဖြင့် မုတ်ကြီးလက်ထဲမှ နို့ဆီခွက်ကို လှမ်းယူလိုက်၏။ ထိုနောက် အိမ်အောက်မှ ကြိုးတချောင်းရှာကာ ဂုတ်ကျား၏ အမြီးတွင် နို့ဆီခွက်ကို ချည်နေလေသည်။

"ပေတိုး – ဘာလုပ်မလို့လဲကွ" ဟု ဝိုင်းမေးကြ၏။

"ခွက်ပစ်တမ်းက ရိုးနေပြီကွ၊ ဂုတ်ကျားနောက်ကို ဒို့ဝိုင်းလိုက်ပြီး ကစားရအောင်"

ပေတိုးက မောင်းလိုက်လျှင် ဂုတ်ကျားသည် လမ်းမပေါ်သို့ ပြေးလေ၏။ အမြီးတွင် ချည်ထားသော နို့ဆီခွက်မှာ တလမ်းလုံး ဆူ ညံ အောင် မြည် နေတော့၏။ သူတို့အားလုံး ဂုတ်ကျားကိုဝိုင်း၍ လိုက်ကြသည်။ ဂုတ်ကျားမှာ နို့ဆီခွက် အသံကြောင့်ကြောက်လန့်၍ ဟိုပြေးသည်ပြေး လုပ်နေ၏။

ရုတ်တရက် ဂုတ် ကျား မှာ

လမ်းမကြီးဖက်ဆီသို့ ထွက်ပြေး
သွားလေသည်။

"ဟေ့ – ဂုတ်ကျား၊ လမ်းမကြီးဖက်ကို မပြေးနဲ့ကွ"

သူတို့အားလုံးက နောက်မှ လိုက်၍ခေါ်ကြ၏။

ခွေးအုပ် တအုပ်က ထွက်လိုက်သဖြင့် ဂုတ်ကျားမှာ ဦးတည့်ရာ လျှောက်ပြေးရင်း မော်တော်ကားများ ဥဒဟိုဖြတ်သန်း မောင်းနှင်လျက်ရှိသော လမ်းမကြီးပေါ်သို့ ရောက်သွားလေ၏။

ထိုစဉ် ကုန်တင် လော်လီကားကြီးတစီးက ဂုတ်ကျားကို ဝင် တိုက် ၍ ဖြတ် ကြိတ် သွားလေ၏။

"ဂုတ်ကျားသေပါပြီဗျ" ဟု သူတို့အားလုံးက ဝိုင်း၍ အော်လိုက်ကြ၏။ အနီးသို့ ကပ်သွားလျှင် ဂုတ်ကျားမှာ တဖြည်းဖြည်း ငြိမ်သက် သွားတော့၏။ ကိုယ်တခုလုံးမှာလည်း သွေးသံရဲရဲဖြစ်နေလေသည်။

ပေတိုးမှာ မျက်ရည်များ ကျလာလျက် သွေးများပေနေသော ဂုတ်ကျားကို ပွေ့ယူလိုက်လေသည်။

"ဂုတ် – ဂုတ်– ဂုတ်ကျား"

ထစ်ထစ်အအနှင့် ခေါ်ရင်း ပေတိုးမှာ ရှိုက်ကြီးတငင်ငိုလိုက်မိတော့သည်။ သူ၏ ရဲဘော်အားလုံး မှာလည်း မျက်ရည်များ စီးကျလျက် ရှိသည်။ တယောက်က ဂုတ်ကျားအမြီးတွင် ချည်ထားသော နို့ဆီ ခွက်ကို ဖြုတ်ပေးလိုက်သည်။ လမ်းသွားလမ်းလာများက ဝိုင်းအုံကြည့်နေကြ၏။

ပေ တိုး မှာ ဂုတ် ကျား အလောင်းကို ပွေ့ချီလျက် သူတို့ လမ်းထဲသို့ ပြန်လာသည်။ သူ့ရဲဘော်များက ခေါင်းများ ငုံ့လျက် နောက်မှ လိုက်ပါလာကြသည်။

ပေတိုးက သူ့ဖွားဖွားကို အကျိုး အ ကြောင်း ပြော ပြ ပြီးနောက် ဂုတ်ကျား အလောင်းကို ထင်းရှူးသေတ္တာထဲ၌ သေချာစွာ ထည့်ပြီး ဒေါ်ပုံချောင်းသို့ ထမ်းယူလာကြသည်။

သူ တို့ အား လုံး ရေ စပ် သို့ ဆင်း ကြ ပြီး ဂုတ် ကျား အလောင်းကို ရေထဲသို့ မျှောလိုက်ကြလေ၏။ သူတို့သည် မျက်ရည်များကျလျက် ရေစီးဖြင့် မျောပါသွားသော ထင်းရှူးသေတ္တာကို မျက်စေ့တဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

"သူငယ်ချင်း ဂုတ်ကျားရေ ငါ့ကို ခွင့်လွှတ်ပါကွာ၊ နောက်ကို ငါဒီလိုဘယ်တော့မှ မလုပ်တော့ပါဘူး"

ပေတိုးမှာ ချောင်းဖက်ဆီသို့ ငေးမျှော်ကြည့်ရင်း နောင်တကြီးစွာ ရလျက်ရှိ၏။

သူ၏ အချစ်ဆုံးသော ရဲဘော်တဦးမှာ သူ့ကြောင့် ဤကမ္ဘာလောကမှ စွန့်ခွာ သွားရရှာလေပြီတကား။ ။

တက္ကသိုလ် မောင်အောင်ဆွေ၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
''ပေတိုး'' စာမူမှ


# မိဘဆရာ

ငယ်စဉ်ကတဲက၊ ပြုစုကြ၊
မိဘ ထိုနှစ်ပါး။
လေးစားရိုသေ၊ ဦးညွှတ်လေ၊
မသေ့ ထိပ်မှာထား။
သင်ကြားပညာ၊ ပေးခဲ့ရာ၊
ဆရာ ထိုထိုများ။
လေးစားရိုသေ၊ ဦးညွှတ်လေ၊
မသေ့ ထိပ်မှာထား။
တို့များလူလူ၊ မြင်လိုကြ၊
မိဘ ထိုနှစ်ပါး။
တို့များကောင်းအောင်၊
စဉ်ရှက်ဆောင်၊
မြတ်ခေါင် ဆရာများ။
သုံးဦးလုံးမှာ၊ စေတနာ၊
ဘယ်ခါ မတိမ်းပါး။ ။

မောင်သက်ကြွ၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
''ရွက်သစ်နုချိန်'' စာမူမှ



R. 517



# မြေဝိုင်းအက

မြေဝိုင်းအက သို့မဟုတ် မြေဝိုင်းဇာတ်ကို ဇာတ်ခုံများမပေါ်သေးမီ ရှေးအခါက မြေတလင်းပြောင်တွင် ကပြခဲ့ကြသည်။ နွေရာသီ ကောက်ရိတ်ပြီးချိန်များတွင် ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲများ၌ ကပြလေ့ရှိသည်။ ပွဲကြည့်ပရိသတ်က ပတ်ပတ်လည်ဝိုင်း၍ ကြည့်ရှုကြရသည်။ ကွင်းအလယ်၌ သပြေပန်းခက် စည်းနှောင်ထားသောတိုင်ကို စိုက်ထူထားတတ်ကြသည်။ မြေဝိုင်းအကကို နေ့အခါတွင်လည်းကေ၍ ညအခါတွင်လည်း ကပြနိုင်သည်။ ညအခါကပြသောအခါ ဘေးတဖက်တချက်၌ မီးတိုင်များ စိုက်ထူထွန်းညှိထားသည်။ မီးတိုင်မှာ အနည်းဆုံး နှစ်တိုင်ဖြစ်လေသည်။ မီးတိုင်အဖြစ် ဝါးဘိုးဝါး၏ ထိပ်ဖျားကို ခွဲစိတ်ပြီး အင်တုံတလုံးကိုညှပ်၍ ချည်နှောင်ထားသည်။ အင်တုံထဲတွင် ရေနံချေးနှင့်ဝါစေး၊ သို့မဟုတ် ရေနံချေးနှင့် ရက်ကန်းစင်မှ ဖြတ်ယူရရှိသော ချည်မျှင်အမြိတ်တို့ကို ရောနှောပေါင်းစပ်ကာ မီးထွန်းညှိလေ့ရှိပေသည်။ အင်းဝခေတ် နံရံပန်းချီများတွင် မြေဝိုင်းအက ကပြသော ရုပ်ပုံများကို တွေ့ရှိနိုင်သည်။ ယင်းအကသည် ကုန်းဘောင်ခေတ်ဦးနှင့် ခေတ်နှောင်းတို့တွင် အဆင်အပြင် အဆိုအကမှစ၍ များစွာတိုးတက်လာသည်ကို တွေ့ရပေသည်။ မြေဝိုင်းအက ကပြရာ၌ မြေနေရာ၏ သုံးပုံနှစ်ပုံခန့်ကို မင်းသား မင်းသမီး လူရွှင်တော်စသည်တို့အတွက် လျာထား၍ ကျန်သုံးပုံတပုံခန့်ကို ဆိုင်းဆရာများက နေရာယူကြရပေသည်။



ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်

# ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၉ ၁-၃-၆၉

# ပုဆိန်ရိုး

ပန်းချီ ဖိုးဘကြည်







လက်ထဲ ဘာမှ မပါသေးယင် မကြောက်နဲ့ မခုတ်သေးဘူး - - - - ဟား - ဟား
ဘာ လက်နက်မှ မပါ ပါဘူး
နောက်တနေ့ —
လာပြန်ပြီ - လက်ထဲပုဆိန် ကြီးနဲ့ —
အရိုး ပါ သလား
ပုဆိန် အရိုးတော့ မပါဘူး
အရိုး မပါသေးယင် ချက်ခြင်းခုတ်မှာ မဟုတ်သေး ပါဘူး - ဟဲ - ဟဲ
အင်း - ခုမှ စိတ်အေး သွားတယ်
သုံးရက်ခန့်ကြာသော်
အမလေး လာကြပြန်ပြီ - ပုဆိန်ရိုးကြီး တပ်လို့ဗျ
ပုဆိန်မှာအရိုး ပါလာယင်တော့ ခုတ်လှဲမှာသေ ချာပြီ - ပြေးကြ ပေတော့ - ပုဆိန်ရိုး ဆိုတာ သစ်သားဘဲ မဟုတ်လား - ငါတို့ ပျက်စီးအောင် ငါတို့ အထဲကသစ္စာ ဖေါက်မှ ဖြစ်တာ —
ပြေးတော့ သူငယ် — ပြေး


ထိုခေတ်ကာလတွင်ပင် သစ်ခုတ်သမားများက သစ်ပင်များကို ခုတ်လှဲကြလေ၏။
အဲဒီ ပုံဝတ္ထု ကလေးကို မင်းတို့မှတ်ထားကြ
.. ဒါတို့ ပြည်ထောင်စုကို -----
ပြိုကွဲပျက်စီးအောင် ပြင်ပရန်သူတွေက ဘယ်လိုလုပ်ပေမဲ့ .....


ငါတို့က ညီညီညာညာနဲ့ တလုံးတစည်းထဲနေကြယင် ဘာမှမဖြစ်ဘူး —


ပြည်ထောင်စုသားထဲက ပုဆိန်ရိုးလို လူတွေပါမှ ဖြစ်နိုင်တယ်။


ဒါကြောင့် ပုဆိန်ရိုး
ဆို တာ တယ်ဆိုး
တယ်ကွဲ့



စွန်လွှတ်ခြင်း
ကြွယ်လေး
စွန်လွှတ်တယ်ဆိုတာ ကွင်းပြင်ကျယ်ကျယ်မှာဆိုယင်
ပျော်စရာကောင်းတဲ့ ကစားနည်းတမျိုးဘဲ ။
ဒါပေမဲ့ မော်တော်ကားလမ်းတွေပေါ်မှာ
စွန်လိုက်ခြင်းဟာ အသက်အန္တရာယ်
အများကြီးဖြစ်နိုင်တယ် ။
မီးရထားလမ်းတွေပေါ်မှာဆိုယင်လဲ
ထိုအတူ အန္တရာယ်ရှိတာဘဲ ၊
ဘာလဲကွ? ငါမိလို့ ငါယူတာ
ငါ ကြိုးမိ ထား ဒါကွ
နောက်ပြီး တခါတရံ သူငယ်ချင်း အချင်းချင်းလဲ စွန်လိုက်မှု စွန်လုမှု
ကြောင့် တဦးနဲ့တဦး မုန်းကြ ရတတ်တယ်တဲ့ -----။




ယခင်အပတ်မှအဆက်

အတာ တို့သည် မန္တလေး ပြည် အစုန်ကူး တို့ သင်္ဘော "တိုင်းအေး" ဖြင့် လိုက်ပါလာကြသည်။ မန္တလေးမှ တောင်ဖက် ခပ်ယွန်းယွန်း စီးဆင်းလာသော ဧရာဝတီသည် စစ်ကိုင်းသို့ အရောက်တွင် စစ်ကိုင်းတောင်ရိုးကို ကွေ့ဝိုက်၍ အနောက်ဖက်သို့ မြစ်ကြောင်းပြောင်းသည်။ ထိုအကွေ့အဝိုက်တွင်ပင် အင်းဝမြို့၏ အထက်နား၌ မြစ်ငယ်မြစ် စီးဝင်သည်။ မြစ်ငယ်သည် ရှမ်းပြည်နယ်၌ မြစ်ဖျား ခံသည်။ သိန္နီနယ်ကို ဖြတ်စဉ် နမ္မတူမြစ်ဟု ခေါ်၍ သီပေါကို ဖြတ်လာသော အခါ ဒုဋ္ဌဝတီဟု ခေါ်သည်။ အောက်ပိုင်းတွင်မူ မြစ်ငယ်ဟု တွင်သည်။ အောက်ပိုင်း၌သာ လှေငယ် တက်စင်းများ ဖြင့် စုန်ဆန်သွားလာနိုင်သည်။ အထက်ပိုင်းမှာ ကျောက်ဆောင်များ၍ သွားလာရေး အတွက် အသုံးမဝင်ပေ။ အတာတို့သည် ဧရာဝတီနှင့် မြစ်ငယ်ပေါင်းဆုံရာ ကိုရင်း၊ အင်းဝမြို့ တော်ဟောင်းနေရာကိုရင်း သင်္ဘောပေါ်မှပင် လှမ်းမျှော်ကြည့်ကြလေသည်။

"တိုင်းအေး"သည် ပခုက္ကူတွင် ညအိပ်သည်။ ကြားစခန်းများဖြစ်သော မြင်းမူ၊ ဆီမီးခုံနှင့် မြင်းခြံတို့တွင် ၁၅-၂၀ မိနစ်ခန့် ရပ်နားသည်။ ဧရာဝတီသည် မြင်းမူအလွန်တွင် တောင်ဖက်သို့ ကွေ့ဝိုက်၍စီးပြန်သည်။




ကသာခရိုင်၌ မြစ်ဖျားခံ၍ ရွှေဘိုခရိုင်ကို ဖြတ်လာသော မူးမြစ်သည် စစ်ကိုင်းခရိုင် မြင်းမူမြို့အနီး၌ ဧရာဝတီ အတွင်းသို့ ပေါင်းဆုံ စီးဝင်သည်။ မူးမြစ်သည် ကုန်သွယ်မှုအတွက်ကား အရေးမပါ။ ရွှေဘိုခရိုင်အတွင်း၌မူ ကဘိုးဆည်မှတဆင့် မူးမြစ်ရေကို တူးမြောင်းများဖြင့် သွယ်ယူ၍ စိုက်ပျိုးရေး လုပ်ကိုင်ကြရသည်။

ဧရာဝတီသည် ပခုက္ကူ ရောက်သည် အထိ အကွေ့အကောက်များ၍ ရေလယ်ကျွန်းများ ပေါ်လှသည်။ မိုးအခါ မြစ်ရေအလွန် တိုး၍ ရေလွှမ်းမိုးခဲ့သော မြစ်ကမ်း တလျှောက်ရှိ နုံးတင် မြေနုများနှင့် မိုးကုန်



လျှင် ပေါ်လာသော ရေလယ်ကျွန်းများတွင် နှမ်း၊ မြေပဲနှင့် ပဲအမျိုးမျိုး၊ ဆေးရွက်နှင့် ငရုတ်၊ ကြက်သွန် စသော မိုးပါး ရေရှား ရပ်ဝန်း သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည်။ ကုန်းကျသော



အပိုင်းတွင် ဝါစိုက်ကြရာ မြင်းမူနယ်သည် ဝါအထွက် ကောင်းသည်။ ဗြိတိသျှ လက်ထက်က စက်တီးဘုရားသား စသော နိုင်ငံခြားကုမ္ပဏီကြီးများ ဝါလုပ်ငန်း အကြီးအကျယ်လုပ်ကိုင်ခဲ့သော နယ်ဖြစ်သည်။ မြင်းခြံနယ်တွင်မူ ဆေးရွက်ကြီးကို ပို၍ စိုက်ပျိုး ကြ သည်။ ထိုရပ်ဝန်းတွင် ထန်းပင်ထန်းတော ပေါလှပေရာ မြင်းခြံနယ်မှ ကျောက်ပန်းတောင်း ထန်းလျက်သည် နာမည်ကြီးသည်။ မြင်းမူ၊ မြင်းခြံ မြို့နယ်များတွင် ဆီစက်၊ ဝါစက်များ တော်တော်များများ ရှိလေသည်။

မြင်း ခြံ ဆိပ် ကမ်း သည် သောင်ထွန်းနေသဖြင့် မြို့နှင့် အလှမ်းဝေးလှသည်။ ထို့ကြောင့် အ တာ တို့ သည် မြို့ပေါ် သို့ မတက်ကြတော့ချေ။ ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ လုပ်ကြသည်ကို ဆင်း ကြည့် ကြ ရင်း မြင်းခြံမြို့ဖက်ဆီသို့ လှမ်းမျှော်လိုက်ကြသည်။

“ဟော ဟို က ပျပျကလေး မြင်ရတာ ဘာ တောင် ကြီး လဲ ဆရာ”ဟု အတာက မေးသဖြင့်


“ပု ပ္ပား တောင် ပေါ့။ ပူပြင်းခြောက်သွေ့တဲ့ ရပ် ဝန်း ထဲ မှာ ပုပ္ပားတဝိုက်ဟာ အိုအေစစ်တခုလို စိမ်းလန်း စိုပြေနေတာဘဲ။ ကျောက် ပန်း တောင်း မြို့နယ်မှာရှိတဲ့ ကြက် မောက် တောင် ဆည်ကြီးဟာ ပုပ္ပားတောင်ကျ ရေတွေကို ဆည်ဖို့ထားတာ” ဟု ဆရာ ဦးစိုးလွင်ကပြောပြသည်။

မြင်းခြံမှ ပခုက္ကူသို့ ရောက်ချိန်မှာ မိုးချုပ်လေပြီ။ သို့သော် မိတ်ဆွေများက လာကြိုနေသဖြင့် အတာတို့ မြို့ ပေါ် လိုက်သွားကြသည်။ မြို့နှင့် သင်္ဘောဆိပ်သည် အ လှမ်း ဝေး သည်။ ကျွန်း ကဲ့ သို့ ဖြစ် နေ သော သောင်ခုံတွင် သ င်္ဘော ဆိုက်ရသည်။ သောင်ခုံကို လှည်းဖြင့် ဖြတ်၍ ကူးတို့ဖြင့် တဖန် တဖက်ကမ်း ကူးရသေးသည်။ ဧရာဝတီသည် နုံးမြေပို့ချမှု များပြားလာသဖြင့် မြစ်ကြောင်းပြောင်းသွားသည်။ ထို့ကြောင့် မြင်းခြံ၊ ပခုက္ကူကဲ့သို့ ယခင်က ဆိပ်ကမ်းမြို့များမှာ ကမ်းနှင့် တဖြည်းဖြည်း ဝေးလာခဲ့ကြလေသည်။

ပခုက္ကူမြို့သည် သစ်ကောင်း ပေါသော ဒေသတွင်ရှိ၍ ပန်းပုပညာလည်း ထွန်းကားသဖြင့် ဘုရားတန်ဆောင်းနှင့် ကျောင်းများမှ ပန်းပုလက်ရာများ ကောင်းလှသည်။ စာသင်သား ရဟန်းသံဃာ အများအပြားရှိသော အဓိကရ စာသင်တိုက်ကြီး များ လည်း များ ပြား လှသည်။ ယခင်က ပခုက္ကူ ပိုးထည် ချည်ထည်များ နာမည်ကျော်ခဲ့သည်။ ချည်ထည် လုပ်ငန်းများကိုမူ ယခုလုပ်ကိုင်ဆဲဖြစ် သည်။ ပခုက္ကူ ခရိုင်တွင် ဗာဂျီးနီးယား ဆေးရွက် ဖြစ်ထွန်း သ ဖြင့် မြို့အရှေ့ဖက်တွင် တနိုင်ငံလုံး အတွက် စီးကရက် စက်ရုံကြီး တည်ဆောက်လျက် ရှိသည်။

(ဆက်ရန်)

# ၁ စပါး-တို့အားထား




မြန်မာနိုင်ငံသည် ဆန်စပါးစိုက်ပျိုးသော နိုင်ငံ ဖြစ်သည်။




တကမ္ဘာလုံး၏ ဆန်အထွက် ၉၅% မှာ အာရှတိုက်မှ ဖြစ်သည်။



ဆန်ကို ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်က အဓိက စားသုံးကြသည်။




မြန်မာနိုင်ငံမှ ထွက်သော ဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ ရောင်းချပြီး ဆန်ရောင်းရ ငွေဖြင့် လိုအပ်သော စက်ကရိယာများကို ဝယ်ယူ တင်သွင်းရသည်။
သို့ဖြစ်၍ စပါးအထွက်တိုးစေရန်
ယခင်က ဤသို့ ကြဲပက် စိုက်ခဲ့ကြရာမှ –
ယခု အခါတွင် သိပ္ပံနည်းကျ စနစ်လေးမျိုးဖြင့် စိုက်ပျိုးလျက် ရှိကြသည်။
စနစ်လေးမျိုး
၁ ဂျာကျော်စပါးကဲ့သို့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း
၂ အတန်းလိုက်စိုက်ပျိုးခြင်း
၃ ဓါတ်မြေဩဇာကို စနစ်တကျသုံးစွဲခြင်း
ဓါတ်မြေဩဇာ
၄ ပိုးမွှားကာကွယ်နှိမ်နင်းခြင်း


ကျော်ကျော်နှင့် မောင်မောင်
ကျော်ကျော်နှင့်မောင်မောင်တို့သည် ဒီဇင်ဘာလ ကျောင်းပိတ်ရက်တွင် သူတို့ဖေဖေ့မိတ်ဆွေနှင့်အတူ သင်္ဘောကြီးစီး၍ ဧရာဝတီမြစ်ကြီးအတိုင်း လာခဲ့ကြသည်။
ဖြစ်ကြောင်း သူတို့အား ရှင်းလင်းပြောပြသည်။
သူတို့သည် သမ္ဗန်ဖြင့် မြစ်ကြီးကို ဖြတ်ကူးပြီး ရွာသို့ ရောက်ကြသည်။
တလင်းတခုတွင် စပါးနယ်နေသော အဖိုးကြီးထံသို့ ကျော်ကျော်နှင့် မောင်မောင် ရောက်သွားသည်။ သူတို့နှင့်အတူ ပါလာသည်။
ဒါတွေဟာ စပါးတွေမဟုတ်လား ဖိုးမြ။
ဟုတ်တယ် - ဒီစပါးတွေကို ဆုံကြီးနဲ့ ကြိတ်လိုက်ရင် ဖြူဖွေးနေတဲ့ ဆန်တွေ ရလာတာပေါ့ ကျော်ကျော်။
ဒါ ဒီလိုဆိုရင် ဒီစပါးတွေ ရအောင် ဘယ်လိုလုပ်တာလဲကွ။ ဒါကို ပြောပြစမ်းပါ။
အေး--ငါ ရှင်းပြမယ်။
ဒီလယ်ကွင်းကြီးကို ကြည့်စမ်း။ လယ်ကွက်ထဲမှာ ဝါဝါဝင်းဝင်း စပါးပင်ဖြစ်တာတွေကို တွေ့ရတယ်မဟုတ်လား။



အဲဒီလယ်ကွင်းပြင်ကြီးကို မိုးတွေရွာတဲ့ မိုးဦးကျတော့၊ ထွန်တုံးတွေနဲ့ ထွန်ရတယ်၊
လယ်ကွက်တွေအားလုံး ထွန်ယက်ပြီးတဲ့အခါ၊ တစ်နေ့ကျတော့ ပျိုးထောင်ထားတဲ့ ပျိုးပင်တွေကို ယူလာပြီး မိန်းမကြီးတွေက ညီညီညာညာ စိုက်ကြရတယ်၊
ဟဲ့- ဒီလိုမိုးရာသီ လယ်ထွန်တာတော့၊ ကောက်စိုက်တာတော့၊ တော်တော်ပင်ပန်းမှာပဲနော်၊
သိပ်ကို ပင်ပန်းတာပေါ့ကွာ၊
ရက်တွေလတွေကြာတော့ စပါးပင်တွေဟာ တဖြေးဖြေး ကြီးလာပြီ၊ စပါးနှံတွေ ထွက်လာတယ်၊ စပါးနှံတွေမှာ စပါးသီးတွေ မှည့်ဝင်နေတယ်၊
ဒါပေမဲ့ ဒီစပါးပင်တွေဟာ လွယ်လွယ်ကူကူ ကြီးလာတာ မဟုတ်ဘူး၊ စပါးပင်တွေ ကြီးထွားဖို့ မြေဩဇာလိုတယ်၊ စပါးပင်တွေကို ရှုတ်ရှင်းပေးရတယ်၊ စပါးပင်တွေက ငှက်ဘေးကလည်း စောင့်ရတယ်၊
ဟာ- ဟိုမှာ ငှက်အုပ်ကြီး တအုပ်ပါ လှလိုက်တာ၊
စပါးပင်တွေ ဝါဝင်းလာတဲ့အခါ စပါးနှံတွေ ရင့်မှည့်ပြီပေါ့၊ ဒီတော့ စပါးပင်တွေကို လယ်သမားကြီးတွေက တံစဉ်တွေနဲ့ ရိတ်ကြရတာပေါ့ကွာ၊



အမျိုးသားများ အတွက် သံ ပြား ဝိုင်း ပစ် ပြိုင်ပွဲ များကို ၁၈၉၆ ခုနှစ်တွင် ကျင်းပသော ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲ၌ စတင် ပြု လုပ် ခဲ့ သည်။ အ မျိုး သ မီး များ အတွက်မူ ၁၉၂၈ ခုနှစ် အိုလံပစ်တွင်မှ ထည့်သွင်းပြုလုပ် ပေးခဲ့သည်။



သံပြားဝိုင်းပစ် အားကစား သမားသည် အရပ် အမောင်း မြင့်မားဖို့ လိုသည်။ ကိုယ် အ လေးချိန်လည်း စီးရမည်။ အ ထူးသဖြင့် လက်တံ ရှည်ရမည်။ လျင်မြန် ဖျပ်လတ်ရမည်။ သံ ပြားဝိုင်းပစ်ရာတွင် ကိုယ်ခန္ဓာ ကို လှည့်ပတ်၍ အရှိန်ယူခြင်း၊ ရှေ့သို့ ရွေ့ရှားခြင်း၊ လက်ထဲရှိ သံပြားဝိုင်းကို ဆွဲဆန့်ထုတ်ပစ် လိုက်ခြင်းတို့အတွက် သန်မာ သော ကြွက်သားများ ရှိရန် လည်း လိုပေသည်။

# သံပြားဝိုင်းပစ်

အမျိုးသားများ ပစ်ရန် . သံ ပြား ဝိုင်း သည် အချင်း ၈ $\frac{၅}{၈}$ လက်မ၊ အလေးချိန်လေးပေါင် ၆ $\frac{၁}{၂}$ အောင်စ ရှိ၏။ အမျိုး သမီးများအတွက်မူ သံပြားဝိုင်း မှာ အချင်း ၇ $\frac{၁}{၁၆}$ လက်မ၊ အ လေးချိန် နှစ်ပေါင် ၃ $\frac{၁}{၄}$ အောင် စ ရှိသည်။

မြန်မာနိုင်ငံတွင် သံပြား ဝိုင်းကို အဝေးဆုံး ပစ်နိုင်သူမှာ သိန်းဝင်းဖြစ်၍ သူသည် ၁၉၆၄ ခုနှစ်က ၁၂၉ ပေ ၁၀ $\frac{၁}{၄}$ လက်မ အထိ ရောက်အောင် ပစ်နိုင်ခဲ့၏။ အမျိုးသမီးတို့အနက် မခင် ရွှေသည် ၁၉၆၆ ခုနှစ်က ၁၁၆ ပေ ၆ $\frac{၁}{၈}$ လက်မအထိ အဝေး ဆုံး ပစ်နိုင်ခဲ့၏။

ကမ္ဘာပေါ်တွင် အဝေးဆုံး ပစ်နိုင်သူ အ မေ ရိ ကန် ပြည် မှ အားလ်အာတာသည် ကမ္ဘာ့ အိုလံပစ်ပြိုင်ပွဲများ၌ လေးကြိမ် ဆက်တိုက် ရွှေတံဆိပ်ရခဲ့သည်။ သူသည် အိုလံပစ် စံချိန်သစ် အဖြစ် မက္ကဆီကို အိုလံပစ်တွင် ၆၄ ဒသမ ၇၈ မီတာအထိ ရောက်အောင် ပစ်ခဲ့လေသည်။



နီ၊ ပြာ၊ ဝါ၊ စိမ်း ဆေးရောင်များဖြင့် အရောင်ခြယ်ပါ။




ရေစက် ကလေး များသည် မြေကြီးထဲမှ စိမ့်၍ ထွက်လာသည်။ ရေ စက် က လေး များ သည် ရေစီးကြောင်းကလေး ဖြ စ် လ ာ သ ည်။ ထို ရေ စီး ကြောင်းကလေးသည် တဖြည်း ဖြည်းနှင့် တောင်အောက်သို့ စီးဆင်းသွားသည်။ ထိုနောက် စမ်းချောင်း ကလေးဘဝသို့ ကူး ပြောင်း သွားသည်။

လယ်ကွင်းကြီးသည် စိမ်းမြ ၍ နေသည်။ နွားကျောင်းသား ကလေးသည် စမ်းချောင်း က လေးကို ခုန်ကျော်လိုက်သည်။

"ဟား ဟား၊ ခုတော့ မင်း ငါ့ကို ခုန်ကျော် နိုင်သေးတာ ပေါ့ကွာ။ ဒါပေမဲ့ ငါအင်အား ကြီးမားလာတဲ့ အခါ မင်း ငါ့ အပေါ်က ခုန်နိုင်သေးလား ဆို တာ ကြည့်ကြသေးတာပေါ့"

ဤသို့ဖြင့် စမ်းချောင်း က လေးသည် တသွင်သွင် စီးဆင်း ၍ သွားသည်။ အလွန်ကြီးမား သောတောတောင်များကို ဖြတ် ကျော်ရင်း သူ့မိတ်ဆွေ အခြား စမ်းချောင်းကလေးများနှင့် ဆုံ မိကြသည်။ ထိုအခါစမ်းချောင်း ကလေးများသည် တစိတ် တ ဝမ်းတည်း ဖြစ်သွားကြသည်။ တနေရာဆီသို့ အတူ ပူးပေါင်း စီးဆင်းကြတော့သည်။

ပိုမို အင်အားကြီးမားသော စမ်းချောင်းကြီး ဖြစ်လာသည်။ မကြာမီ တန်တားကလေးတခု အောက်သို့ ရောက်လာသည်။ တန်တားကလေးမှာ ဝါး သုံး လေး ချောင်း နှင့် လုပ် ထား သော တန် တား က လေး သာ ဖြစ်၏။ သို့သော် စမ်းချောင်း ကြီးက ဂုဏ်ယူ၏။

"အခု လူတွေဟာ ငါ့ကို ခုန်ပြီး မဖြတ်နိုင်တော့ဘူး။တန် တားနဲ့မှ ဖြတ်နိုင်တယ်"

စမ်းချောင်းကြီးသည်ပျော် ရွှင် ကခုန်၍ စီး ဆင်း လာ ရင်း လူငယ်တစုနှင့် သွားတွေ့၏။

လူငယ်ကလေး တယောက် က "ဟော့ ငါတို့ဒီမှာ ငါးမျှား မယ်"

"အေး မျှားကြ၊ ခု ငါဟာ မြစ်ကြီးဘဝသို့ ရောက်လာပြီ။ အင်အား ပိုမိုကြီးမားလာပြီ"

မြစ် ကြီး သည် တ ဖြည်း ဖြည်း တအိအိနှင့် စီး၍ နေ သည်။ သူ၏ ဘေးတဖက်စီတွင် စိမ်းမြသော လယ်ကွင်းပြင်ကြီး များ ရှိနေကြသည်။ မြစ်ကြီး မှာ ပို၍ပို၍ အင်အားကြီးမား လာသည်။ ကျောက်ဆောင် များ၊ မြေကြီးများကို တိုက်စား ၍ သူနှင့်အတူ ခေါ်ဆောင် သွားသည်။

မြစ်ကြီးသည် ရွာကြီးတရွာ အနီးသို့ ရောက်သွားသည်။

"အို ကျောက်သားနဲ့ လုပ် ထားတဲ့ တန်တားကြီးပါလား။ အင်း ငါဟာ အခု အလွန် အင် အားကြီးမားနေပြီဘဲ။ လူတွေ ဟာ ငါ့ကိုဖြတ်ကျော်ဖို့ အုတ်

တွေ ကျောက်တွေနဲ့ လုပ်တဲ့ တန်တား ဆောက်ကြရတယ်”

မြစ်ကြီးသည် အလွန် ပီတိဖြစ်လျက်ရှိသည်။ ထိုရွာကြီးမှ တဆင့် လယ်ကွင်းကြီး များစွာကို ဖြတ်ကျော်၍ လာခဲ့သည်။ ကျွဲနွားများသည် မြစ်ကမ်းအနီးတွင် အစာ စားနေကြသည်။

မြစ်ကြီးသည် မြို့ကလေးတခုသို့ ရောက်သောအခါ အလွန် အံ့ဩသွားသည်။ လူတို့သည် မြောက်မြားလှစွာသော လှေကလေးများဖြင့် သူ့ကျောပြင်ပေါ်တွင် သွားလာလှုပ်ရှား နေကြသည်။ လူအားလုံးသည် ပျော်ရွှင်နေကြသည်။

“လူတွေဟာ ငါ့ကို အတော်နှစ်သက်ပုံရတယ်။ ငါဒီမှာအမြဲနေချင်တယ်။ ဒါပေမဲ့ ငါနေလို့မရဘူး။ ရှေ့ကိုဆက်သွားရမယ်”

မကြာမီ အလွန် ကြီးမားသော မြို့ကြီးတမြို့ထဲသို့ ရောက်လာသည်။ တန်တားကြီးများစွာကို တွေ့လိုက်ရပြန်၍ အလွန်ဝမ်းသာသွားမိသည်။ သို့သော် မြစ်ကြီးသည် မကြာမီ စိတ်ပျက်သွားသည်။ ရေ မြောင်း ကြီးများမှ အလွန် ညစ်ပတ်သော ရေများ သူ့ထဲသို့ ရောက် လာသည်။ ဤနေရာတွင် သူမပျော်။ လူများသည် သူ့ကို သိပ်ဂရုစိုက်ပုံမပေါ်ပေ။ သို့သော် သူ၏ အနီးတွင် မီးခိုးတလူလူနှင့် စက်ရုံကြီးများကို တွေ့ရသည်။ လှေကြီးများ၊ မီးသင်္ဘောကြီးများကို တွေ့ရသည်။

“အင်း – အရင်ကလောက် ငါဟာ မသန့်ရှင်း မလှပပေမဲ့၊ ခု ငါဟာ လူ တွေ အ တွက် အတော်အကျိုးပြုတဲ့သူဖြစ်နေပြီ”

မြစ်ကြီးသည် တဖြည်းဖြည်းနှင့် ဘော တန် တား ရှိရာသို့ ရောက်သွား၏။ ထိုနေရာတွင် ပင်လယ်ကူး သင်္ဘောကြီးများ ဆိုက်ကပ်ထားသည်။ လူအားလုံးသည် တလှုပ်လှုပ် တရွရွနှင့် အလုပ်ရှုပ်နေကြသည်။ အချို့သည် သင်္ဘောကြီးများပေါ်မှ ကုန်များကို သယ်မ၍ ချနေကြသည်။ အ ချို့ သည် ဆန်အိတ်များကို သင်္ဘောကြီးများပေါ်သို့ သယ်တင်နေကြသည်။

မြစ်ကြီးသည် အလွန် ထိတ်လန့် အံ့ဩသွားသည်။ ဤမျှ ကြီးမားလေးလံသော သင်္ဘောကြီးများကို သူမနိုင်ပေ။

မြစ်ကြီးမှာ ထိုသို့ စိုးရိမ်ရင်း ပင်လယ်ကြီးထဲသို့ ရောက်သွားသည်။ သူ၏ အင် အားသည် ပိုမို ကြီးမားလာသည်။ ယခုမူ ထိုသင်္ဘောကြီးများကို မကြောက်တော့ပေ။ သူကောင်းစွာ သယ်ပိုးနိုင်လေပြီ။

“ဒီလို အင်အား ကြီးမားဖို့ ငါ မနားမနေ လှုပ်ရှားလာခဲ့ရတာဘဲ။ တောတောင် လယ်ကွင်းကြီး တွေကို ကျော်ဖြတ်လာခဲ့ရတယ်။ အခုအခါ ငါဟာ သယ်ပိုးထမ်းဆောင်နိုင်တဲ့ အင်အားကြီး ရရှိပြီ။ ငါ့အင်အားတွေဟာလဲ အချည်းနှီး မဖြစ်တော့ဘူးပေါ့”။ ။

## ရေတွေ ရေတွေ ဘယ်ကလာ

ရေတွေ ရေတွေ ဘယ်ကလာ၊
မိုးကောင်းကင်က ရွာ။

မိုး ကောင်း ကင် မှာ ဘယ် လို
ရောက်၊
ရေငွေ့ဖြစ်လို့ ရောက်။

ရေငွေ့ရေငွေ့ ဘယ်ကလာ၊
ကမ္ဘာ့မြေကလာ။

ပင်လယ်ပြာမှာ နေပူတော့၊
ချောင်း မြောင်း ကန်မှာ နေပူ
တော့၊
ရေငွေ့ဖြစ်တာပေါ့။

ရေငွေ့ဖြစ်တော့ လေထဲပါ၊
ကောင်းကင် ပျံတက်ရှာ။

ကောင်းကင်လေဟာ အေးလေ
တော့၊
ရေပြန်ဖြစ်တာပေါ့။ ။

မောင်မင်းယဉ် (ကူမဲ)






# မြန်မာ့ စောင်းကောက်



စောင်းကောက်ပြုလုပ်နည်းကိုပညာရှင်တဦးက "ဝိတောက်ကိုတဲ့ မ-တည်။ ရှားကောက် ခွေခွေနဲ့ သမင်ရေ ကြက်ကာဖုံးပါလို့၊ ဆယ့်သုံးပင် ခင်ဝါ ပိုးရယ်နဲ့၊ မင်ရိုးကို သွယ်။ မြတ်အနား၊ ပန်းပွားတဲ့ ချကာ ဆွယ်။ မယ်ဇယ်စေ့ ရောင်မောင်း။ ဒူတေး တံတျာနဲ့၊ အသံမှာ လူလို ကောင်းတယ်၊ နန်းတော်ထွက် စောင်း။ " ဟု စပ်ဆို ထားသည်၊ မြန်မာ့စောင်း ကောက်တွင် စောင်းအိုး၊ ပါးပြင်း၊ လက်ရုံး၊ ညောင်ရွက်၊ ဖလား၊ မျောက်ခေါင်း၊ မှင်ရိုး နှင့် ဘွဲ့ကြိုး ဟူသော အင်္ဂါ အစိတ်အပိုင်းများ ပါဝင်သည်။ စောင်းဖုံး သားရေပြားပေါ်တွင် နတ်သမီး ပေါက် ဟူသော အပေါက် ဖောက်ထားသည်။ စောင်းအိုးကို ဝိတောက်သား နှင့် ပြုလုပ်သည်။ စောင်းအိုး ဖုံးသော သားရေ အတွက် သမင်ရေ ကို ရွေးချယ် လေ့ ရှိကြသည်။ လက်ရုံးသည် စောင်းကြိုး ချည်သော လက်တံ ဖြစ်၍ ရှားသား ဖြင့် ပြုလုပ် ရသည်။ စောင်းကြိုးများ အဖြစ် ဖြင့် ပိုးမြှင် အကြီးအသေးကို လိုက်၍ သုံးလွန်းတင် ကျစ်သော ပိုးကြိုးများကို သုံးလေ့ရှိသည်။ မြဝတီ မင်းကြီး ဦးစသည် သီချင်းများ စပ်ဆိုသော အခါ စောင်းကို တီး၍ စပ်ဆိုလေ့ ရှိသည်ဟု ဆိုသည်။ စောင်းကောက် သည် မြန်မာ့ ဂုဏ်ဆောင် တူရိယာတမျိုး ဖြစ်ပေသည်။






ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအမှု၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။


# ရွှေသွေး ဂျာနယ်

အတွဲ-၁ အမှတ်-၁၀ ၈-၃-၆၉

## လူ့တိုင်းထဲက ရွှေသီး

ပန်းချီ - ဦးဘကြည်





နောက် တလခန့် ကြာသော် ရွာဦးထိပ်မှ ထန်းတားအိုကြီးကို ပြင်ရန် ဝင်ခေါ်ကြပြန်၏။
ဦးရွှေသီး သည် ထနည်းနည်းနှင့် ငြင်းဆို ရှောင်ရှား၍ နေခဲ့ပြန်၏။
ရွာသူရွာသားများကား ရွာဦးထိပ်မှတန်းတားအိုကြီးကို အိုးစည် ဗုံးပတ်များ တီးမှုတ်၍ အင်တိုက် အားတိုက် တပျော်တပါး ပြင်လိုက်ကြလေသည်။
ရပ်ရွာ ကာကွယ်ရေး အတွက် ဆွေးနွေးရန် တရွာလုံးကို ဖိတ်ခေါ်ထား၍ အားလုံး လာကြသော်လည်း ဦးရွှေသီးတယောက်မှာ ပေါ်မလာချေ။


တနေ့သော်.. ဦးရွှေသီးစပါး နယ်နေရင်း လေဖြတ်သွား သဖြင့် ရွာသား များ အကူ အညီဖြင့် အိမ် သို့ ယူဆောင် လာရ၏။
အနည်းငယ်သက်သာလာသော်
ဖိုးလှရာ - ငါလွန်မိတာတွေ ခွင့်လွှတ်ပါ၊ ငါ့စပါးတွေပျက် စီးကုန်တော့မယ်။ ကူကြပါဦး
စိတ် အေးအေး ထားပါ၊ မင်းစပါးတွေ ရိတ်နယ်ပြီး ကျီထဲသွင်း ထားလိုက်ပြီ
ဟင် - ဟုတ်လား - ဝမ်းသာလိုက်တာကွာ- ငါ့မှာ အိမ်မိုးဖို့ကိစ္စ - သားရှင်ပြုဖို့ ကိစ္စတွေ ရှိသေးတယ်။ မင်းတို့ဘဲ စုညီပြီး ကူညီကြပါဦး
စိတ်ချပါ - ဒါတွေမပူနဲ့ - မင်းရောဂါပျောက် အောင်သာကြိုးစား ကုပါ
အိမ်ကို ရွာသူ ရွာသားများက ပိုင်းမိုးပေးကြ၏။ ဦးရွှေသီးမှာ ရောဂါ သက်သာ လာသော်လည်း တောင်ဝေးထောက်၍ သွားလာနေရ၏။
သားကလေးရှင်ပြုပွဲအတွက်လည်း ရွာသူရွာသားများက ပိုင်းဝန်းကူညီကြ၏။


ရှင်လောင်းလှည့်သည့်နေ့တွင် ရှင်လောင်းနောက်မှ တရွာလုံး လိုက်ပါကြ၏။
မြောသံ
အိုးစည်သံ၊ ဒိုးပတ်
သံများလည်း ဆူညံ
နေတော့၏။
ဦးရွှေသီးမှာ
ဝမ်းသာမဆုံး
ဖြစ်နေရာမှ...
ဆိုင်းသံ မုံသံများကြောင့်
ထကချင်စိတ်ပေါ်လာပြီ ....
အားယူ၍
လက်မြှောက်
လိုက်ရာ ပက
တီ လူကောင်းပမာ လက် မြှောက်၍ ရသွားသဖြင့် အားရ
ဝမ်းသာလွန်း၍ ကွေးနေအောင် ကပစ်လိုက်လေ၏။
ထိုနောက်တွင်တော့
ကျုပ်တော့်
ကို လူတိုင်း ထဲက ရွှေသီး
လို့ဘဲ မှတ်ယူကြပါတော့များ--


နီနီမာ
လက်သဲရှည်
ဟေ့..မလုံးတင်..ကိုယ့်လက်သဲတွေကို ချွန်ပြီး လက်သဲနီ ဆိုးထားတာ မလှဘူးလား
မလှပေါင်
ဒို့အိမ်မှာ အမြဲလာပြီး ထမင်းခိုးစားနေတဲ့ ကြောင်အိုကြီးရဲ့လက်သဲကြီးတွေနဲ့တူတယ်..
အဲမာ..ငါလှတာကို မနာလိုလို့ပြောတာပါ..
ဟော..ဒေါ်လေး လာဘီ မောင်လေးလဲပါတယ် လာဟေ့..မောင်လေး
မမနီ ဆီလာ....
ဝါး
ကြည့်စမ်း..နီနီမာ့ လက်သဲရှည်နဲ့ ကုတ်မိလို့..ဒါလောက်ငိုတာကိုး
ဟင်
လက်သဲရှည်ထဲက ချီးတွေဟာ ထမင်းစားတဲ့အခါ ဝမ်းထဲကိုရောက်သွားပြီး ရောဂါရနိုင်တယ်ကွယ့်
ဟုတ်တယ် ဒီနေ့ဘဲ နီနီမာ့ လက်သဲတွေကို ဖြတ်လိုက်ပါတော့မယ်

# မြစ်ကြီးရေဝတီ ၁၀




ယခင်အပတ်မှအဆက်


ထွန်းထွန်း တို့ကို သင်္ဘော ဆိပ်သို့ ပြန်ပို့သော မြို့ခံ ဦးကျော်ခဲကပခုက္ကူအကြောင်း ပြောပြသည်။

"ပခုက္ကူဟာ အထက် မြန်မာနိုင်ငံမှာ အကြီးဆုံး မြို့ကြီး တမြို့ဖြစ်နေပြီ။ မြန်မာမင်း လက်ထက်ကတော့ ပခန်းကြီးနယ်ထဲက ရွာငယ်ကလေးဘဲ။ အဲဒီတုန်း ကပခုက္ကူနဲ့ရေဝတီမြစ်အကြားမှာ သဲသောင်ကြီးတခု ခြားနေတယ်။ ၁၈၈၅ ခုနှစ်လောက်မှာ သဲသောင်ကြီး ပျောက်သွားပြီး ပခုက္ကူဟာ ဆိပ်ကမ်းမြို့ကလေး ဖြစ်လာတယ်။ တဖြေးဖြေးစည်ကားလာတော့ ခရိုင်ရုံးစိုက် မြို့ကြီးဖြစ်လာတာပေါ့။ ဗြိတိသျှတွေ အထက်မြန်မာနိုင်ငံ သိမ်းတုန်းက အခု ပခုက္ကူနယ်တဝိုက်မှာ ရွှေချီးဖြူ မင်းသား ခေါင်းဆောင်ပြီး ဆူပူလှုပ်ရှားခဲ့လို့ ဗြိတိသျှတွေတော်တော်နှိမ်ယူရတယ်"

သင်္ဘောဆိပ်တွင် အခြားသင်္ဘော တစင်း ရောက် နေ ၍ "ဘယ် ကို သွား မဲ့ သ င်္ဘော ပါ လိမ့်"ဟု အတာကဆိုသည်။

"အဲ ဒါ ချင်း တွင်း မြစ် ကြောင်း သွား တဲ့ ကုန် တင် သင်္ဘောကွဲ့။ အခုလို နွေ ရာ သီမှာ ချင်းတွင်းဟာ ရေတိမ်လွန်းလို့ ခရီးသယ်တင် သင်္ဘောတွေတော့ မသွားနိုင်တော့ဘူး" ဟု ဦးကျော်ခဲက ပြောပြရသည်။

ပခုက္ကူသည် ရေဝတီ နှင့် ချင်းတွင်းမြစ်ကြောင်း နှစ်ခုမှ ထွက်ကုန်များဖလှယ်ရာ အချက်အချာမြို့ဖြစ်သည်။ သလ္လာဝတီဟုလည်း ခေါ်သော ချင်းတွင်းမြစ်သည် ရေဝတီ၏ အကြီးဆုံး မြစ်လက်တက် တည်း။ က ချင်ပြည်နယ်၌ မြစ်ဖျားခံ၍ တောင်ဖက်သို့ဆင်းလာရာ နာဂတောင်တန်းခရိုင်၊ မော်လိုက်ခရိုင်၊ မုံရွာခရိုင်တို့ကို ဖြတ်လာသည်။ ရေစကြိုမြို့အနီးတွင် မြစ်ကြောင်းနှစ်မြွာကွဲ၍ မြစ်ဝနှစ်ခုဖြင့် ရေဝတီ အတွင်း သို့ စီး ဝင် သည်။ မြင်းခြံခရိုင် အထက်နားရှိ မြစ်ဝသည် ကောလုနေ၍ အသုံးမဝင်လှ။ ပခုက္ကူအထက်နားရှိ မြစ်ဝသာလျှင် အရေးပါသည်။ ချင်းတွင်းမြစ်၏ လက်တက်တခု ဖြစ်သော မြစ်သာမြစ်သည် ချင်းဝိသေသတိုင်း၌ မြစ်ဖျားခံသည်။ ချင်းဝိသေသ တိုင်းမှ မဏိပူမြစ်သည် မြစ်သာမြစ်အတွင်းစီးဝင်သည်။ သို့ဖြင့် ချင်းတွင်းသည် ပြည်မကြီးနှင့် ချင်းဝိသေသတိုင်း၊ နာဂ တောင်တန်း ဒေသ၊ ကချင်ပြည်နယ် တို့ကို ဆက် စပ်ပေးသည်။ ပခုက္ကူသည်ရေဝတီနှင့် ချင်းတွင်းကို ပေါင်းကူးပေးလေသည်။



"မင်းတို့ မှတ်ထားဖို့ ပြောပြမယ်။ ရေဝတီကို ပထဝီဝင်အရ သုံးပိုင်းပိုင်းနိုင်တယ်။ ပထမပိုင်းက အထက်ရေဝတီ၊ ဒုတိ

ယပိုင်းက အောက်ဧရာဝတီ၊ တတိယပိုင်းကတော့ မြစ်ဝကျွန်းပေါ်ဘဲ။ ဒုတိယနဲ့တတိယပိုင်းကိုတော့ နောက်မှရှင်းပြမယ်။ ပထမပိုင်း အထက်ဧရာဝတီဆိုတာ ဧရာဝတီစပြီးဖြစ်ပေါ်တဲ့ အပိုင်းဘဲ။ မေခနဲ့ မလိခ ပေါင်းဆုံရာကနေပြီးတော့ ချင်းတွင်းမြစ် စီးဝင်တဲ့နေရာအထိဘဲ။ အကြမ်းဖျင်းဆိုယင် မိုင် ၅၀၀ လောက် ရှိမယ်ထင်တယ်။ အခု ဆရာတို့လာခဲ့ကြတာ အထက်ဧရာဝတီ အဆုံးကို ရောက်ပြီ။ ဆရာတို့ ရေကြောင်းခရီးစဉ်ကတော့ ဗန်းမော်ကမှ စခဲ့တဲ့အတွက် မိုင် ၃၈၀ နီးနီး ခရီးပေါက်ခဲ့ပြီပေါ့”ဟု ဆရာ ဦးစိုးလွင်က ပြောပြသည်။

ပခုက္ကူမှ ညောင်ဦးသို့ ရောက်ချိန်မှာ နံနက် ခုနစ်နာရီခန့်ရှိပြီ။ ညောင်ဦးမြို့ကား ပုဂံဘုရားဖူးများ စတည်းချရာ သင်္ဘောဆိပ်ဖြစ်သည်။ ကျန်စစ်မင်း၏ ကောင်းမှုတော် ရွှေစည်းခုံစေတီတော်မြတ်ကြီးကား ကြွကြွခိုင်ခိုင်နှင့် ကြည်ညိုဖွယ်ရာ ပေတကား။ သင်္ဘောပြန်ထွက်လျှင် အတာတို့သည် ညောင်ဦးမှ ခရီးသည်များတွင် ပါလာသော ယွန်းထည်များနှင့် ပုန်းရည်ကြီးအိုးကို သွားကြည့်၍ စုံစမ်း မေးမြန်းနေကြသည်။



ဧရာဝတီသည် ပခုက္ကူမှ လွန်လာလျှင် ကျယ်ပြန့်သော မြေနုလွင်ပြင်ကို ဖြတ်၍ စီးဆင်းသည်။ ထို့ကြောင့် ရေစီး နှေးသည်။ မြစ်ကြောင်းတလျှောက်တွင် ငရုတ်၊ ကြက်သွန် ကိုင်းခင်း လုပ်ကိုင်သော သောင်ခုံများ၊ မြေနုကျွန်းများလည်း ပေါလှသည်။ ရေတိမ်သည့် နေရာလည်းများသည်။ ထို့ကြောင့် “တိုင်းအေး”သည် ရေကြောင်းပြ ဝါးလုံးတိုင်များကို ကြည့်၍ သတိထား သွားနေရလေသည်။


ညောင်ဦးမှ ထွက်၍ တနာရီခန့် ကြာလျှင် ပုဂံကို မြင်ရသည်။ “လှည်းဝင်ရိုးသံ၊ တညံညံ၊ ပုဂံဘုရားပေါင်း” ဆိုသည်နှင့်အညီပင် ဘုရားပုထိုး စေတီများကား များပြားပါဘိ။

“ပုဂံကိုတော့ တခေါက်သတ်သတ်လာပြီး လေ့လာချင်ပါတယ်ဆရာ”ဟု ထွန်းထွန်းက ဆရာ ဦးစိုးလွင်ကို လှမ်းပြောလိုက်သည်။

ဆက်၍စုန်ဆင်းလာရသော မြစ်ကြောင်းမှာ အများအားဖြင့် သဲကျောက်ကမ်းပါးစောက်များ ဖြစ်သည်။ တောင်ကုန်းတောင်ပူစာ များကို မြစ်နှင့် မလှမ်းမကမ်းတွင် ရံဖန်ရံခါ မြင်တွေ့ရသည်။ ရေနံ ထွက်သော တွန့်ခေါက် ကျောက်မြေမျိုး ရှိသည့် အပိုင်းသို့ တစ တစ ရောက်လာရာ ပုဂံမှ လွန်လျှင် တွေ့ရသော ရေနံချောင်း၊ လမ်းရွာ၊ စဉ့်ကူ တို့တွင် ရေနံထွက်သည်။ စဉ့်ကူကို လွန်လျှင်ပင် ရေနံမြို့တော်ဟုခေါ်ကြသော ချောက်မြို့မှ ရေနံတူး စင်ကြီး များကို မြင်ရ ချေပြီ။ မြို့၏ လူဦးရေ အများစုသည် ရေနံ အလုပ်သမားများဖြစ်ကြ၍ အလုပ်သမားမြို့တော် ဟုလည်း ခေါ်ရပေမည်။

“၁၃၀၀ ပြည့်နှစ် တုန်းက မြန်မာတပြည်လုံး တုန်ဟည်းသွားစေတဲ့ ရေနံမြေ သပိတ်ကြီးဟာ ချောက်မြို့က စခဲ့တာပေါ့” ဟု ဆရာ ဦးစိုးလွင်က ၁၃၀၀ ပြည့် အရေးတော်ပုံအကြောင်းကို အစပျိုး လိုက်လေသည်။


( ဆက်ရန် )



# ဘာကြောင့် ကျရသလဲ





ကမ္ဘာမြေ၏ ဆွဲအားကြောင့် ဖိုးဇော် အောက်သို့လျှောကျသည်။ အပင်မှအသီး အောက်သို့ ကြွေကျသည်။ မခွေး၏ဒန်း အောက်သို့ ပြန်ဆင်းသည်။ ရေတံခွန်မှရေ အောက်သို့ စီးကျသည်။ ဝတ္ထုပစ္စည်းများ၌ အလေးချိန်ရှိသည်မှာ ကမ္ဘာမြေ၏ ဆွဲအားကြောင့် ဖြစ်သည်။



ကမ္ဘာ့မြေမှ အထက်သို့ တက်သွားလေလေ ကမ္ဘာမြေ၏ ဆွဲအားသည် နည်းသွားလေလေ ဖြစ်သည်။ အလေးချိန်လည်း လျော့နည်းသွားလေလေ ဖြစ်သည်။ ကမ္ဘာမြေ၏ ဆွဲအားလွတ်ကင်းသော အာကာသတွင် လူ၌ အလေးချိန် မစီးတော့ပဲ ပေါလောဖြစ်နေသည်။

ကမ္ဘာမြေ၌ ဆွဲအား ရှိသကဲ့သို့ လ၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ် စသည့် ဂြိုဟ်များ၌လည်း ဆွဲအား ရှိသည်။ သို့သော် ထို ဆွဲအား များမှာ တခုနှင့်တခု မတူညီချေ။




ကျော်ကျော် နှင့် မော်မော်
ရန်ကုန်တိရစ္ဆာန်ဥယျာဉ်
ပါဝင်သော
ကျော်ကျော်နှင့်
မော်မော်တို့သည်
သို့သွားကြသည်။
သူတို့သည် ဆင်မကလေး
မှီ.မှီ.ကို ကြည့်ပြီး သဘောကျ
ကြသည်။
ငှက်များကိုလည်း
သဘောကျကြသည်။
သစ်ကုလားအုပ်ကြီးကို၊
အစာကျွေးရသည်ကိုလည်း၊
အလွန်ပျော်ကြသည်။


ကျော်ကျော်မှာမူ ခြင်္သေ့ကြီးများကို ကြည့်၍ အလွန်သဘောကျနေသည်။
ခြင်္သေ့
သူ့ကိုယ်သူလည်း တောကြိုက်မုဆိုးကြီးလို့ စိတ်ကူးယဉ်နေသည်။
ဟမ်း
ဖြောက်
ဒီခြင်္သေ့ကြီး ခုလို ငိုက်နေတာ သိပ်ကြည့်မကောင်းဘူး။ ဒေါသထွက်လို့ ဟိန်းဟောက်နေတာမျိုး ဖြစ်အောင် ဒုတ်နဲ့ထိုးအုံးမှဘဲ။
ဟေ့ ကောင်ကြီး - ထစမ်း - ထစမ်း -
ခြင်္သေ့
ဟေ့ - မစနဲ့ - မစနဲ့ -
ဟမ်း
ဟိုမှာ တိရစ္ဆာန်များကို မစပါနဲ့လို့ ရေးထားတယ်မဟုတ်လား။ တိရစ္ဆာန်တွေကို မစပါနဲ့ဆိုတာ မင်းတို့ အကျိုးအတွက် ကာကွယ်ထားသလို သူတို့အကျိုးကိုလည်း ထိန်းသိမ်းကာကွယ်ပါတယ်။
တိရစ္ဆာန်များကို မစပါနှင့်


ကျော်ကျော်ဟာ၊ အဲဒီလောက်အထိ ဂူဆော်တတ်တဲ့ ခွေးကြီး ခွေးကြောက်ကြီး ခွေးမြင်ပြင်၊ ဘယ်သူခြင်းတော့၊ အခုလို မိတောင်းဆိုမစသတယ်၊ ဟော ဟို - ကျော်ကျော်နဲ့ မလိုက်ကြတော့ဘူး၊
လူတွေဟာ ကြောက်စရာကောင်း ကြတယ်၊ တိရစ္ဆာန်တွေကို ဘယ်တော့ ကြင်နာကြမလဲ၊
တိရစ္ဆာန်ချစ်သူ ထက်ကျော်ကျော်တွေ ကျားခွေးမထုဂျဲပြင် ကိုခွေးကြီးကို ချော့လိုက်အုံးမှဘဲ၊
ရှိုး - ရှိုး -
အောင်မယ်လေးဗျ ကယ်ကြပါအုံး -
ဟမ်း
ဘယ်လိုဖြစ်လာတာလဲ ကျော်ကျော် -
မြင်တဲ့အတိုင်းဘဲ မေမေ တော်ပြီ - တိရစ္ဆာန်တွေကို ချော့မနေတော့ဘူး၊




မာရသွန်၏ အစမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ကျော်က ဖြစ်ပွားခဲ့သော စစ်ပွဲတပွဲကို အကြောင်းပြုလေသည်။ ထိုအချိန်က ဂရိပြည်နှင့် ပါရှားပြည်တို့ စစ်ဖြစ်ခဲ့ကြရာ ဂရိတို့ဖက်မှ အရှုံးပေးရအံ့ဆဲဆဲ ဖြစ်ခဲ့သည်။ အင်အားကြီးမားသော ပါရှင်းစစ်တပ်ကြီးသည် ဂရိပြည် အေသင်မြို့တော်နှင့် မိုင် ၂၀ ကျော်မျှသာ ကွာဝေးသော မာရသွန်ခေါ် လွင်ပြင်အထိ ရောက်လာခဲ့သည်။ မာရသွန်တွင် ဂရိတို့က ပါရှင်းတို့ကို ရှုပ်ရှုပ်ခံ့ခံ့ ခုခံ၍ အနိုင် တိုက်လိုက်နိုင်သော သတင်းကို အေသင် မြို့တော်သို့ ဖိဒိပီးဒီး အမည်ရှိ ခြေမြန် စစ်သည် တဦးအား သတင်းပို့ခိုင်းလိုက်သည်။ သူသည် အေသင်မြို့ တံခါးဝသို့ အရောက်တွင် စစ်နိုင်ကြောင်းသတင်းကောင်းကို အော်ဟစ်ပြောဆိုပြီးနောက် အမောဆို့လဲကျ၍ သေဆုံးသွားခဲ့လေသည်။

ထိုအဖြစ်အပျက်ကို ဂုဏ်ပြုသောအားဖြင့် အိုလံပစ် ပြိုင်ပွဲများတွင် မာရသွန် ပြေးပွဲဟူ၍ ထည့်သွင်း ယှဉ်ပြိုင် စေခဲ့လေသည်။ ။

မာရသွန်ပြေးပွဲမှာ ၂၆ မိုင်နှင့် ၃၈၅ ကိုက် ခရီးကို ပြေးရသော တာဝေးပြေး ပြိုင်ပွဲဖြစ်သည်။ ၁၉၆၀ ခုနှစ် အိုလံပစ်ပွဲတွင် အီသီယိုးပီးယား ပြည်မှ ကမ္ဘာကျော် တာဝေးပြေးသမား မာဗိုဒီသည် ဤခရီးကို ၂ နာရီ မိနစ် ၂၀ နှင့် ၂၆ စက္ကန့်ဖြင့်ပြေး၍ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ မြန်မာနိုင်ငံတွင် တာဝေး အပြေးသမား ရှင်ဗွေဂမ်သည် ၁၉၆၃ ခုနှစ် မာရသွန်ပြေးပွဲ၌ ၂ နာရီနှင့် ၁၂ စက္ကန့်ဖြင့် ပြေးခဲ့ဘူးသည်။

## အမှားငါးခု တွေ့အောင်ရှာ



အဖြေ။ ။ ၁။ ငှက်ပျောပင်တွင် အနှံးလက် ရောက်နေသည်။
၂။ ကြက်ဖတွင် ဘဲခြေထောက် ဖြစ်နေသည်။
၃။ ဝမ်းဘဲက ဥများကို ဝပ်နေသည်။
၄။ ဝက်တွင် မြင်းမြီး ဖြစ်နေသည်
၅။ နွားမတွင် လပို့ ရှိနေသည်။



## ပြင်ပ အတွေ့ အကြုံ

သွားတယောက်တည်း ဖြစ်သဖြင့် ကျနော့်ကို ဖေဖေနှင့်မေမေက အလိုလိုက်ပါသည်။

ကျောင်းသွား ကျောင်းပြန် ဖေဖေက အိမ်မှကားဖြင့် လာပို့လာကြိုလေသည်။ ကျနော်သည် ရန်ကုန်မြို့၌ ဘယ်သွားသွားအိမ်မှကားနှင့် သွားတတ်ပါသည်။

လွတ်လပ်ရေးနေ့တွင် ဖေဖေနှင့်မေမေက ကျနော့်ကို ကနေဒီမီးထွန်းပွဲသို့ လိုက်ပြပါသည်။ အရောင်မျိုးစုံထွန်းညှိထားသည်ကို မြင်ရသဖြင့် အလွန်သဘောကျပါသည်။ ကန်တော်ကြီးထဲ၌ ရေပန်းကြီးများ မိုးပေါ် ထောင်၍ ပန်းထွက်နေသည်မှာ 'အလွန်လှလေသည်။ ကျနော်တို့ ကျွန်းပေါ်၌ တပတ် ပတ်ပြီးသဖြင့် တောင်ကုန်းပေါ် တွင် ခဏ အမော ဖြေရင်း ထိုင်ကာ ရေပန်းကြီးကို ငေးကြည့်နေပါသည်။

"အရုပ်ကတ် လှလှကလေးတွေ၊ တမတ်တန်တွေ ဆယ်ပြားထဲ၊ ပြက္ခဒိန်လဲပါတယ်၊ ကျောင်းအချိန်စာရင်းလဲ ပါတယ်"

ကျနော်နှင့် မလှမ်းမကမ်းတွင် အရုပ်ကတ် လှလှ ကလေးများကို လူ အ များ ဝိုင်း လျက်ရွေးချယ် ဝယ်ယူနေကြပါသည်။ ကျနော် ဘောင်းဘီအိတ်ထဲစမ်းကြည့်သည်။ မတ်စေ့တစေ့ထွက်လာသည်။ ချက်ခြင်းပင် ဖေဖေနှင့် မေမေကို ထားရစ်ကာ အရုပ်ကတ် လှလှကလေး များကိုသွား၍ ရွေးချယ် နေမိပါသည်။ အရုပ်အားလုံး လှနေသဖြင့် အရွေးရခက်နေပါသည်။ နောက်ဆုံး ကျောင်းအချိန်စာရင်းပါသော ကတ်ကို ဝယ်ယူပြီး ပြန်ထွက်ခဲ့လေသည်။

ရုတ်တရက် ကျနော့်ရင်ထဲဒိတ်ကနဲ ခုန်သွားပါသည်။ ဟိုဖက်သည်ဖက် လှည့်ပတ် ကြည့်ပြန်ပါသည်။ ဖေဖေနှင့် မေမေထိုင်နေသည်ကို မ တွေ့ ရပဲ ကုလားကြီးသားအဖကို တွေ့နေရပါသည်။ ဘယ်လိုက်ရှာရမည်မသိ ဖြစ်နေသည်။ ကျနော်လူကြားထဲ လိုက်ရှာမိလေသည်။ လူများ ပြည့်ကျပ်လှသဖြင့် ဖေဖေနှင့် မေမေကို မတွေ့ရပေ။

"ကားထဲမှာ ထိုင်စောင့်နေမယ်"ဟု အကြံရသဖြင့် ကားဂိတ်သို့ အ တင်း ပြေး လာ မိ ပါသည်။ ကားများမှာ အလွန်များပြားသဖြင့် ရှာမတွေ့ဖြစ်နေ၏။

ကျနော် ငိုချင် လာ ပါသည်။ အိမ်ကိုပဲ အမြန် ပြန်ချင်နေပါသည်။ ပွဲဈေးတန်းကြီးထဲ နေရသည်မှာ သေချင်လာပါသည်။ ကျနော်မပျော်တော့ပါ။ ခြေဦးတည့်ရာ လျှောက်လာမိပါသည်။ ပွဲဈေးတန်းနှင့် တဖြည်းဖြည်း ဝေးလာပါသည်။

တကိုယ်လုံးလည်း ချွေးများထွက်နေပါသည်။ မောပမ်းလှသဖြင့် ရင်တဒိတ်ဒိတ် ခုန်နေပါသည်။ ကျနော်သည် လူပြတ်သော လမ်းကြားထဲ ရောက်သွားလိုက်၊ မှောင်မိုက်နေသော ရပ် ကွက် ထဲ ရောက် လိုက် နှင့် လမ်းမှားနေပါသည်။ မည်သည့်နေရာသို့ ရောက်နေမှန်းမသိပေ။ နောက်ဆုံး၌ ညောင်းလာသဖြင့် ခဏထိုင်၍ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်ရာ သင်းချိုင်းဟု ထင်ရသော အဆောက် အအုံများကို လရောင် အောက်တွင် တွေ့ရသဖြင့် ကြောက်သလိုလိုဖြစ်လာမိပါသည်။

"ဟေ့–မင်းဒီမှာ ဘာထိုင်လုပ်နေလဲကွ"

ကျနော်နှင့် ရွယ်တူ ကောင်ကလေး ငါးယောက်က ဝိုင်းကြည့်လျက် မေးလိုက်ပါသည်။

"ခြေထောက် ညောင်းလို့ထိုင်နေတယ်၊ မင်းတို့ကော"

"ငါတို့ ကနေဒီ မီးထွန်းပွဲသွား ကြည့် မ လို့ ကွ၊ လိုက် မလား"

"ဟင့်အင်း မလိုက်ချင်ဘူး။ အခုဘဲ ငါ ကြည့်ခဲ့တယ်။ ငါ့ ဖေဖေနဲ့ မေမေ ကျန်ရစ်ခဲ့တယ် ကွာ"ဟု ကျနော်က ပြောရင်း ငိုချင်လာပါသည်။

"မင်းအဖေတို့ အမေတို့နဲ့ လူကွဲသွားလို့လားကွ"

ကျနော်က ခေါင်းညိတ်ပြ လိုက်၏။

"မင်းဘယ်မှာနေလဲ"

"ဝင်ဒါမီယာ ထဲမှာ နေ တယ်။ အဲဒီနေရာကိုရောက်ယင် ငါပြန်တတ်တယ်။ အခု ဘယ် ရောက်နေမှန်းမသိဘူး"

"တာမွေ သင်း ချိုင်း နား ရောက်နေပြီကွ"

ကျနော်မှာ တာမွေ သင်း ချိုင်းကို အမည်သာ ကြားဘူး ၏။ ဘယ်နေရာတွင်ရှိသည် မသိ ခဲ့ချေ။

"ငါတို့ မင်းကို လိုက်ပို့ပေး မယ်။ မင်းနာမယ် ဘယ်လိုခေါ် လဲ"

"ကျော်သင်းလှိုင်၊ မင်းတို့ ကော"

"ငါက မိုးသီး၊ သူတို့က ဖိုးခွေး၊ ကြည်စိန်၊ ဒွေးမောင်၊ မှတ်ကြီးကွ"

မိုးသီးက မိတ်ဆက်ပေးပြီး ကျနော့်ကို ခေါ်လျက် လာကြ ၏။ လူများ ပြည့်ကျပ်နေသော ဘတ်စကားပေါ်တွင် ကျနော် မှာ သူတို့နှင့်အတူ တိုးဝှေ့စီးရ ၏။ ကားအတန်တန် ပြောင်းစီး လိုက်၊ ခြေလျင် လျှောက်လိုက် နှင့် လာခဲ့ကြသည်မှာ တဖြည်း ဖြည်းနှင့် ဝင်ဒါမီယာ ဝင်းထဲ ရောက်လာကြ၏။ ကျနော် အား လုံးကိုမှတ်မိပြီဖြစ်သဖြင့် အလွန် ဝမ်းသာသွားပါသည်။

"မိုးသီးရယ် – မင်းကို ငါ သိပ် ချစ်တယ်ကွာ။ မင်းဘယ် ကျောင်းတက်လဲကွာ"ဟု ကျ နော်က မေးမိလေ၏။

"ငါတို့ အားလုံး တာမွေ ကျောင်းမှာနေတယ်။ ကျောင်း အားချိန်မှာ အဖေနဲ့ အမေကို ဈေးကူ ရောင်းပေးရတယ်။ ဒီ လမ်းတွေအားလုံး ဒို့ဈေးရောင်း ဘူးတာချည်းဘဲကွ။ ငါတို့ ဘယ် တော့မှ မျက်စိမလည်ဘူး"

ကျ နော် သည် မိုးသီးတို့ကို အားကျလာမိ၏။ ကျနော်သည် မိုးသီးတို့ကဲ့သို့အတွေ့အကြုံများ ရှိဖို့ လိုသေးကြောင်း သဘော ပေါက်လာပါသည်။ အတွေ့အ ကြုံရှိမှလည်း အခက်အခဲ မှန် သမျှ ဖြေရှင်းနိုင်လိမ့်မည်ဟု ယူ ဆမိပါသည်။

ကျနော်တို့ ခြံကြီးနှင့် အိမ် ကြီးကို အဝေးမှ လှမ်းမြင်နေရ လေပြီ။

မိုးသီးတို့ မျက်နှာအားလုံး မှာ လမင်းကြီးနှင့် အပြိုင်အဆိုင် ပြုံးရယ်လျက် ရှိနေကြပါသည်။

ကျနော် ဆုံးဖြတ်ချက် ချ လိုက်ပါသည်။ ယခင်က ကဲ့သို့ အိမ်နှင့်ကျောင်းတွင်သာမဟုတ် ပဲ၊ ပြင်ပလောကတွင် အတွေ့ အကြုံ ရှိလာရေးအတွက် ကြိုး ပမ်းရမည်ဟူ၍တည်း။ ။

## ကျေးဇူးရှင်ကြီး အောက်ဆီဂျင်

အောက်ဆီဂျင် အောက်ဆီဂျင်၊  
ဒို့ရဲ့ ကျေးဇူးရှင်။  
အောက်ဆီဂျင်ကို ရှူတော့၊  
အသက် ရှင်တာပေါ့။

အောက်ဆီဂျင် အောက်ဆီဂျင်၊  
ရေထဲမှာ ပျော်ဝင်။  
ရေကြည်သန့်စင် ဒို့သောက်တော့၊  
အသက် ရှင်တာပေါ့။

အောက်ဆီဂျင် အောက်ဆီဂျင်၊  
လေထဲမှာ ပါဝင်။  
အောက်ဆီဂျင် ရှိနေတော့  
လူတွေ ရှိတာပေါ့။

မောင်မင်းယဉ် (ကူမဲ)



R. 517



# ဥဒေါင်း

ဥဒေါင်းသည် အလွန်လှပသော ငှက်ကြီးတမျိုးဖြစ်သည်။ ဥဒေါင်းကို မြန်မာလူမျိုးတို့ အမြတ်တနိုးထားကြသည်။ မြန်မာဘုရင်များလက်ထက်က နိုင်ငံအလံတွင် ဥဒေါင်းရုပ်ကို ရေးခြယ်ထားခဲ့ကြသည်။ ငွေဒင်္ဂါးများတွင် ဒေါင်းရုပ်တံဆိပ် ခပ်နှိပ်ခဲ့သည်။ ဒေါင်းမြီးများကို ယပ်တောင်ပြုလုပ်ခဲ့ကြသည်။ တို့ဗမာသခင်ခေတ်က တို့ဗမာအစည်းအရုံး၏ အလံသည် ဥဒေါင်းရုပ်ပါရှိသော သုံးရောင်ခြယ်အလံဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ အလံမှာလည်း ခွပ်ဒေါင်းရုပ် ပါရှိသော အနီရောင်အလံဖြစ်သည်။ မြန်မာ့ လွတ်လပ်ရေး တပ်မတော်၊ မြန်မာ့ ကာကွယ်ရေး တပ်မတော်၊ မျိုးချစ် မြန်မာ့တပ်မတော်နှင့် စစ်ပြီးခေတ် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များ၏ ဦးထုပ်များတွင် ကြေးဖြင့်ပြုလုပ်သော ဒေါင်းတံဆိပ်များကို တပ်ဆင်ခဲ့ကြသည်။ ယခင်က ငွေစက္ကူများတွင်လည်း ဥဒေါင်းရုပ်ကို သုံးခဲ့သည်။ အဓိမြန်မာပြည်သရုပ်ဆောင်သောအမျိုးသမီးတို့ဆောင်းလေ့ရှိသည့် စည်းပုံတွင်လည်း ဥဒေါင်းရုပ် ပါလေ့ရှိပေသည်။ မြန်မာတို့သည် နေကိုလည်း ဒေါင်းစကြာဟု တင်စား၍ ခေါ်ခဲ့ကြသည်။ ဥဒေါင်းသည် "အိုးဝေ၊ အိုးဝေ" ဟူ၍ တွန်ကျူးလေ့ရှိသည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၁၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်


အတွဲ-၁ အမှတ်-၁၁ ၁၅-၃-၆၉


## ဒီလှိုင်း

ရေးသူ.....ဖြေရိုင်း
ပန်းချီ — ဦးဘကြည်




ဟာ
ဦးဖိုးမြသည် မမျှော်လင့်ပဲ သူတို့ဖက်သို့ တက်လာသော
နဲ ဇွ ပါဘဲ
တိမ် လိပ် မဲ ကြီး ကို မြင် သော်
ထိပ်လန့်သွားပြီး
သေ ကုန် လိမ့် မယ်
ဟိုကြည့်သည်ကြည့်နှင့်....
သာမပြော ညာမပြော၍ မီးဖိုထဲမှ ထင်းမီးစ
တခုယူပြီး တဲများကို မီးရှို့ တော့၏။
ဟာ - ဖိုး ဖိုး တော့ ရူး သွားပြီး ထင် တယ်
ဟေ့
ငလိုင်
ဖိုးဖိုးလို
လိုက် ရှို့စမ်း
ဗု ? ဗု ?
မောင်လိုင်သည် ကြောင်အမ်းအမ်းဖြစ်နေ၏။
သို့သော် ဖိုးဖိုးခိုင်းသည့်အတိုင်း မီးရှို့လေ၏။
ဝေမ်း
မီး
မီး ဟေ့
မီး မီး
တဲများ မီးလောင်နေသည်ကို လုပ်ငန်းခွင်မှလူစုက လှမ်းမြင်လိုက်သော် အလန့်တကြား ဖြစ်ကာ
အပြေးအလွှား တက်လာကြပြီး..........


လောင်နေသော တဲများကို အချိန်မီ မောကြီးဝန်းကြီး ဝိုင်းဝန်းငြိမ်းသတ်လိုက်လေသည်။
တဲတွေဘယ်လို လောင်တာလဲ ကွ
ဖိုးဖိုးနဲ့ ကျွန်တော်ရှိတာပါ ဖိုးဖိုး ကာ ရှိရမယ် တဲ့
ဟော ဟဲ ဟော ဟဲ
ဘာ
ကိစ္စပြီးမှ မောမော နှင့် မောင်လှိုင်ကိုမေးပြီး
ဦးဖိုးမြ ရယ်.... ဘယ်လို....
ဟိုမှာ ကြည့်စမ်း
ဆက်လက်၍ ဦးဖိုးမြအား စုံစမ်းလေသော်
တွေလား - တမိုးလုံး မှောင်ပြီး တက်လာပြီ
ပြောရင်း ဆိုရင်းပင် မုန်တိုင်းကြီး မြည်ဟည်းလာသဖြင့်....
ဝပ်နေကြ ဖက်ထား ကြ
.... လူတွေပါ လေထဲ ပါမသွားရ လေအောင် တယောက်နှင့် တယောက် ဖက်ထား ကြရလေသည်။


ဒီလှိုင်းကြီးများသည် ကမ်းဖက်သို့ ရိုက်ခတ်ကာ
သောင်ပြင်တခုလုံး ဖုံးလွှမ်းသွားတော့၏။
လေငြိမ်သွားသော်....
ကဲ - ကဲ
ထကြတော့။
ကိုင်း ဟိုမှာ ရေတွေ ဖုံးနေတာ မြင်ပြီ မဟုတ်လား -
ငါက တိမ်ပုပ် ကြီးတွေ တက်လာတာ တွေ့တော့ - မင်းတို့
တတွေ ကလဲ - ဟိုး အဝေးကြီး မှာ
လုပ်ငန်းထဲ စိတ်ဝင်စားနေကြ
တယ် မဟုတ်လား -
အော်ခေါ်နေလို့လဲ ကြားကြ
မှာမဟုတ်ဘူး.....
ပြေးခေါ်
လို့လဲ
မှီမှာ
မဟုတ်ဘူး - - - -
ငလှိုင်...ကလဲ
မလေါက်လေး
မလေါက်စား
နဲ့
မင်းတို့အမြန်
ပြန်ရောက်မှအသက်
ဘေးကင်းမှာဖြစ်တော့
ငါလဲ ရုတ်တရက် အကြံရပြီး
တဲတွေ မီးရှို့ရတော့တာပေါ့ -
ဒီတဲတွေ မီးလောင် တာထက် လူတွေ မသေဖို့က
အရေးကြီးတယ် ကွ။ လူတွေ အသက်ရှင်ပြီး အလုပ်လုပ်
နိုင်နေသမျှ ဘာမဆို လုပ်နိုင်တယ်။ မနက်ကျရင်
တဲတွေ ပြန်ထိုးကြတာပေါ့ ကွာ —
ဦးဖိုးမြကြောင့်သာ
ကျွန်တော်တို့
အသက်ရှင်နေ
ကြရတယ်
သိတ်ကောင်းတဲ့
ဖြတ်ထိုးဉာဏ်ဘဲ


ဦးမောင်မောင်မြ-၏
အချော့ကြိုက်သူ
ပဲခူးမြို့ရှိ ရွှေသာလျောင်းဘုရားသို့ ဦးကြီးဘတို့ မြင်းလှည်းနှင့်သွားစဉ် မြင်းလှည်းမောင်းသမား အရိုက်ကြမ်းသဖြင့် မြင်းမှာ ပေကတ်နေသည်။
ဒီမြင်းဟာ ငါ့ကို စွမ်းပြန်ပြီလား
ထိုအခါ မြင်းလှည်းမောင်းသမားက ပိန်၍ ဒေါသထွက်ကာ တအားကုန် ရိုက်ပြန်သည်။
မှတ်ထားကွ-မှတ်ထား-ငါ့မှန်း သိရဲ့လား
မြင်းက အတင်း ရုန်းကန်သည်။ မြင်းလှည်းမှာ တိမ်းမှောက်လုနီး ဖြစ်သွားသည်။
ခင်ဗျားတို့-မသိဘူး ဒီမြင်းဟာ-အင်မတန် အကျင့်ယုတ်တယ်
အို-တိရစ္ဆာန်ဘဲ သူ-ဘာသိလို့လဲ
နောက်ဆုံးတွင် ခရီးသည် တဦးက အောက်သို့ဆင်းပြီး မြင်းကိုချော့မော့သည်။
ကဲ-လာလာ-ငါ့သားကြီး လိမ်မာပါတယ်-မင်းကို ငါမရိုက်ဘူး-လာ သွားကြစို့၊
ဤအခါမှ မြင်းသည် ဖြောင့်ဖြောင့် သွားတော့သည်။ ကြမ်းတမ်းသော အပြုအမူကို မည်သူမျှ လက်မခံပေ။ တိရစ္ဆာန်ပင်လျှင် အချော့ကြိုက်တတ်သည်။



# မြစ်ကြီးဧရာဝတီ ၁၁

ယခင်အပတ်မှအဆက်

ဆရာ ဦးစိုးလွင်က ၁၃၀၀ ပြည့်အရေးတော်ပုံမှသိကောင်းစရာများပြောပြနေစဉ်သင်္ဘောကြီး ဥသြသံကြားရသည်။လှမ်းကြည့်လိုက်ရာရေနံတင်သင်္ဘောကြီးတစင်းကို တွေ့ရသည်။ "ရေနံစိမ်းတွေကို ရေနံချက်ဖို့ သံလျှင်ကို ပို့ပေးမဲ့ ရေနံတင် တွန်းသင်္ဘောကြီးဘဲ" ဟု ဆရာက ပြောပြသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မတိုင်မီက ချောက်နှင့် သံလျှင် သွယ်တန်းထားသော ရေနံပိုက်လိုင်းကြီးရှိသည်။ စစ်အတွင်းက ဗြိတိသျှတို့ ရေနံမြေကို ဖျက်ဆီးခဲ့သဖြင့် ထိုပိုက်လိုင်းကြီးလည်းပျက်စီးခဲ့ရာယခုတိုင် လုံးလုံးလျားလျား ပြန်၍ မသုံးနိုင်သေး။ ဧရာဝတီမြစ်ကြောင်းအားကိုးဖြင့်သာ ရေနံများ သယ်ယူပို့ဆောင်နေရကြောင်းကိုလည်း ဆရာက ပြောပြလေသည်။

ချောက်မြို့မှ ထွက်ခဲ့၍ မကြာမီ စာဆိုတော်ကြီး ဦးပုည၏ ဇာတိဖြစ်သော စလေမြို့သို့ ရောက်သည်။ အတာတို့သည် သင်္ဘောပေါ်သို့ ဆင်းရောင်းသော စလေဆီးသီးများကိုအားရပါးရ ဝယ်ကြသည်။ မှို့သွတ်ပြီး လက်ဖက်ရည်ကရားစွပ်၊ ခေါင်းအုံး၊ မွေ့ရာစသည်များကိုလည်း ဆင်းရောင်းကြသည်။ စလေမြို့ တဝိုက်တွင် စိုက်ပျိုးရေး မဖြစ်ထွန်းလှသဖြင့် ဧရာဝတီမြစ်ကြောင်း ရောင်းဝယ်ရေးကိုသာ အားထားနေခဲ့ရသည်။ ယခုအခါ ဓာတ်မြေသြဇာစက်ကြီးတည်ဆောက်လျက်ရှိရာ မြို့၏အခြေအနေတိုးတက်လာဖွယ်ရာရှိသည်။

စလေမြို့မှထွက်ခဲ့ပြီးနောက် ပခန်းငယ်၊ ဆင်ဖြူကျွန်း၊ ကျောက်ရဲတို့ကိုလွန်လျှင် ရေနံချောင်းမြို့၏ သင်္ဘောဆိပ်ဖြစ်သော ညောင်လှသို့ ရောက်သည်။ မြန်မာ့ရေနံလုပ်ငန်းသည် ရေနံချောင်းမြို့၌ စတင်ခဲ့၍ ရေနံချောင်းမြို့သည် ရေနံလုပ်ငန်း အချက်အချာ ဖြစ်ခဲ့သည်။ ဗြိတိသျှခေတ် တလျှောက်လုံးတွင် နိုင်ငံခြားရေနံကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ကာ ရေနံကိုရနိုင်သမျှ ညှစ်ထုတ်ယူခဲ့ကြသည်။ ထို့ကြောင့် ရေနံထွက် အလွန်ကောင်းခဲ့သော ရေနံချောင်း ရေနံမြေသည် ရေနံအထွက်နည်းလာသည်။ ၁၉၃၀ ပြည့်နှစ်အလွန်မှစ၍ ချောက်မြို့ ရေနံလုပ်ငန်း တိုးတက်လာသဖြင့် ရေနံချောင်းသည် မှေးမှိန်သွားရပြီးလျှင် ချောက်မြို့သည် ရေနံမြို့တော် ဖြစ်လာလေသည်။

ညောင်လှနှင့် မင်းဘူးကို နာရီဝက်ခန့်သာ သင်္ဘော ခုတ်မောင်းရသည်။ မင်းဘူးမြို့၏ တဖက်ကမ်း ခါးလွယ်ခုတ်တွင် မကွေးမြို့ရှိသည်။ သင်္ဘောသည် မကွေးမြို့၌ညအိပ်မည်။ မင်းဘူးရှိ နဂါးပွက်တောင် စသည်တို့ကို လေ့လာလိုသဖြင့် အတာတို့သည် မင်းဘူး၌ ဆင်းနေရစ်ခဲ့သည်။ ရေနည်းချိန်ဖြစ်၍ "တိုင်းအေး" သည် မြို့၏တောင်ဖက် ၃-၄ မိုင်ခန့် အကွာတွင် ဆိုက်ကပ်ရသည်။

မင်းဘူးမြို့သည် ရွှေစက်



တော် ဘုရားဖူးများ၏ စတည်းချမှုဖြစ်သည်။ မင်းဘူးမှ ၂၆ မိုင်ခန့်ဝေးသော ရွှေစက်တော်ဘုရားသည် မန်းချောင်းပေါ်၌ တည်ရှိသဖြင့် မန်းစက်တော်ဟုလည်း ခေါ်ကြသည်။ မန်းချောင်းသည် မင်းဘူးမြို့အထက် ငါးမိုင်ခန့်တွင် ဧရာဝတီအတွင်းသို့ စီးဝင်သည်။ မင်းဘူးမြို့အနီး ဧရာဝတီမြစ်လယ်မှ မြေနုကျွန်းများ၊ သောင်ခုံကြီးများကလည်း ကျယ်ပြန့်လှပါဘိ။

မင်းဘူးခရိုင်အတွင်း၌ ဧရာဝတီအတွင်းသို့ စီးဝင်သော ထင်ရှားသည့် အခြားမြစ်ချောင်းတို့မှာ စလင်းချောင်း နှင့် မုန်းချောင်း တို့ဖြစ်သည်။ မန်းချောင်းသည် ရခိုင်ရိုးမ၌ အစပြု၍ မုန်းချောင်း နှင့် စလင်းချောင်း တို့သည် ချင်းတောင်တန်းများ၌ အစပြုသည်။ မင်းဘူး ခရိုင် သည် ချင်း ဝိသေသတိုင်းနှင့်လည်း တစိတ်တဒေသ ဆက်စပ်နေရာဆိုခဲ့သောချောင်းများ၏ အထက်ပိုင်းတွင် ချင်းရွာစု ကလေးများရှိသည်။ ထို့ကြောင့် မန်းစက်တော် ဘုရားပွဲချိန် တွင် ဘုရား ဖူး ရင်း ဈေးရောင်းလာကြသော ချင်းအမျိုးသား အမျိုးသမီးများကို တွေ့ရလေသည်။ မင်းဘူးမှ ရခိုင်ပြည် ကျောက်ဖြူ ခရိုင်ရှိ အမ်း မြို့ သို့ မော်တော်ကားလမ်းကို ၁၉၆၄ ခုနှစ် တွင် ဖောက် လုပ် ခဲ့ လေသည်။

မိုးပါးရေရှားသော မင်းဘူး ခရိုင်၌ မန်းချောင်း၊ မုန်းချောင်း စလင်း ချောင်း တို့မှ ရေ သွယ်ဆည်ဖို့ကာ ဆန်စပါးစိုက်ပျိုးကြသည်။ နှမ်း၊ ပြောင်းနှင့် ပဲ အမျိုး မျိုး တို့ လည်း ထွက် သည်။ မင်းဘူးမြို့ အနီးရှိ ရွာသာယာ ဖလန်ရုံတို့၌ ရေနံ အ နည်း ငယ် ထွက်သည်။


"နဂါး ပွက် တောင် ဆို တာ ရေနံထွက်တဲ့ ဒေသတွေမှာ ရှိတတ် တယ်။ မြေအောက် ကျောက်လွှာကြားမှာရှိတဲ့ ရေနံက ဖြစ်ပေါ်တဲ့ ဓာတ်ငွေ့ဖိအားကြောင့် မြေပြင်ပေါ်ကို ရွှံ့တွေ တိုးထွက်လို့ ဖြစ်လာတာဘဲ။ ဒါကြောင့် ရွှံ့မီးတောင်လို့လဲ ခေါ်ကြ တာ ပေါ့" ဟု နဂါးပွက် တောင်ကို သွားကြည့်ကြရင်း ဦးစိုးလွင်က လက်တွေ့ရှင်းပြသည်။


အတာတို့ မကွေးဖက်သို့ ကူးချိန်မှာ မိုးချုပ်လေပြီ။ ဧရာဝတီ၏ မတ်စောက်သော ကမ်းပါးထက်တွင် တည်ထားသော မြသလွန်စေတီတော်ကို တင့်တယ်စွာ မီး ပူဇော် ထား လေ ရာ မြစ်အ တွင်း မှ ဖူး မျော် ရ သည် မှာ ကြည်ညိုဖွယ်ရာ ကောင်းလှပေသည်။ (ဆက်ရန်)



# မသိုးစာ

မပုပ်မသိုးရလေအောင် စီမံထားသည့် အစားအစာများကို ''မသိုးစာ'' ဟု ခေါ်သည်။ မသိုးထမင်း၊ မသိုးဟင်း ဆိုသည်မှာ မသိုးစာပင် ဖြစ်သည်။ ရှေးပဝေဏီကပင် လူတို့သည် အစားအစာများကို မပုပ်သိုးပဲ ကြာရှည်ခံအောင် သိုလှောင်နိုင်ခဲ့ကြသည်။ ငါးခြောက်၊ ငပိ၊ ငါးကျပ်တင်၊ အမဲကျပ်တင်၊ ထမင်းခြောက်များမှာ ရှေးအခါကပင် ရှိခဲ့သော မသိုးစာများ ဖြစ်သည်။ သိပ္ပံပညာထွန်းကားလာသည်နှင့်အမျှ အစားအစာများကို မပုပ်မသိုးအောင် စီမံသည့် ခေတ်မှီနည်းသစ်များလည်း ပေါ်လာခဲ့သည်။ ဥပမာ နို့ကို မပြုပြင်ပဲ ထိုအတိုင်းထားလျှင် အချိန် အနည်းငယ်အတွင်းမှာပင် ချဉ်သွားပေမည်။ သို့သော် ခေတ်မှီနည်းများကို အသုံးပြုပြီး နို့ကို နို့မှုန့်၊ နို့စိမ်း၊ နို့ဆီ စသည်အဖြစ်သို့ ပြောင်းယူ၍ စည်သွတ်ထားမည်ဆိုလျှင် ကြာရှည်စွာ သိုလှောင်နိုင်ပေသည်။




အအေးဓါတ်ပေးခြင်း
အသားတင်
ယာဉ်
ငါးကို ရေခဲစိမ်
အအေးတိုက်
ရေခဲသေတ္တာ
ကျပ်တင်ခြင်းနှင့် ဆား သကြား
ရှာလကာ ဆီ တို့ကိုသုံး၍ မသိုးစိမ်ခြင်း
ချဉ်ဖတ်
မက်မန်း
ယို
သရက်သီး
သနပ်
ဆား
စည်သွပ်ခြင်း
အကျင်း
မြေအောက်
သိုလှောင်ခြင်း

# ဦးဦး-ဖျားနေမရိုးယို

ကြဆု

မောင်ထွန်းချစ်သည် ကျောင်းအနီးတွင် နာရီကလေးတလုံး ကောက်ရ၍ ဆရာကြီးကို သွားပေးလေ၏။ ဆရာကြီးက ပိုင်ရှင်ကို စုံစမ်းပြီး ပြန်ပေးသောအခါ-







တပတ်ခန့်ကြာသော်၊ မောင်ထွန်းချစ် အလွန်နှစ်သက်သော လေယာဉ်ပျံကလေး မှာ ပျောက်သွားလေ၏ —
မငိုပါနဲ့ သားသားရယ်၊ လေယာဉ်ပျံ ကလေးမုန့်တွေ မှာပေါ့၊ မေမေရှာ ပေးပါ့မယ်
လာလာ ထမင်းစားရအောင်၊ သားသား ကြိုက်တဲ့ ငါးကြော်လေးနဲ့
ဟင့်အင်း၊ မစားချင်ဘူး
မောင်ထွန်းချစ်သည် လေယာဉ်ပျံက လေးကို သတိရလွမ်းနေ၍ မစားနိုင်မ အိပ်နိုင်ဖြစ်ပြီး မကြာမီ ဖျားလေ၏
အဖျားငွေ့ တကုသုံးတောင်ရှိပါ တယ်၊ ခလေးကို နဲနဲဂရုစိုက်ပေးပါ
ဆရာဝန်ဆေးထိုးပေးခဲ့သော်လည်း အဖျားကား ချက်ခြင်းမကျ၊ တခါတ ခါတွင် ယောင်ယမ်း၍ပင် ငိုရ၏
အနော့လေယာဉ်ပျံလေး ပေးပေး
သားသား လူလေး


ထိုအခါ မောင်ထွန်းချစ်၏ဖခင်သည် ဆရာဝန်ထံ ပြေးရပြန်သည်
မြန်မြန်ပြန်ခဲ့နော်
ခလေးဟာ လေယာဉ်ပျံကလေးကို စိတ်စွဲလွန်းလို့ထင်တယ်၊ သူ့လိုချင်တာရယင် နေကောင်းလာပါလိမ့်မယ်
ဟုတ်ကဲ့ဆရာ
ရော့ သားသားလေးဖို့ လေယာဉ်ပျံ ဖေဖေအသစ်ဝယ်လာတယ်
ထို့နောက် မောင်ထွန်းချစ်လည်း နေကောင်းလာလေ၏
မောင်ထွန်းချစ်ဟာ အဲဒီလိုဖြစ်ခဲ့လို့ လူကြီးမင်းလဲ လက်ပတ်နာရီပျောက်တဲ့အတွက် သူ့လိုဘဲ မှားမှာစိုးတဲ့အကြောင်း ပြောတာပါ
အော် - ဟုတ်ကဲ့
ကဲကဲ၊ ဦးဦးလဲ လက်ပတ်နာရီပြန်ရလို့ မမှားတော့ပါဘူးကွယ့်၊ မောင်ထွန်းချစ်ကိုလဲ ဦးဦးက ကျေးဇူးအများကြီးတင်ပါတယ်ကွယ့်

# အလျားခုန်



ကမ္ဘာ့ဦးအခါကပင် လူတို့သည် အလျားခုန်ခြင်းတွင် အလေ့အကျင့် ရခဲ့ကြသည်။ ရှေးခေတ် ဂရိ လူမျိုးတို့သည် အလျားခုန်ခြင်းကို ပြိုင်ပွဲတခုအနေဖြင့် ပြုလုပ်လေ့ ရှိကြသည်။

ရှေ့သို့ လှမ်းခုန်ရန် အတွက် ပြေး၍ အရှိန်ယူရသည်။ များစွာသော အလျားခုန် ချန်ပီယံများသည် အပြေးသန်သူများ ဖြစ်ကြ၏။

ပြေးအားယူရာတွင် သတိပြုရမည့် အချက်သုံးချက်မှာ ပြေးပုံပြေးနည်း၊ ပြေးအားယူသော အကွာအဝေးနှင့် ပြေး နှုန်း တို့ဖြစ်သည်။ ပြေးပုံ ပြေးနည်းမှာ ခြေလှမ်းမှန်၍ အကျဲအစိတ် ညီရမည်။ အရှိန်ယူသော အကွာအဝေးမှာ ယခုခေတ်ပြိုင်ပွဲများတွင် အမျိုးသားများသည် ၃၄ ကိုက် ပြေးအားယူ၍ အမျိုးသမီး များသည် ၂၈ ကိုက်ပြေးအားယူလေ့ရှိကြ၏။

စ နစ် တ ကျ အ ပြေး လေ့ကျင့်ပြီးလျှင် အခုန်လေ့ကျင့်ရပြန်သည်။ အဝေးဆုံးရောက်စေရန်အတွက် ခုန်သူသည် လေထဲတွင် လွင့်တက်သွားသော အနေအထားမျိုးဖြင့် ခုန်ရသည်။ လေထဲတွင် ရှိစဉ် ခြေကို ယက်ကန်ပေးရ ပြန်သည်။ လက်ကိုလည်း လွှဲပေးရန်လိုသည်။အချို့မှာ လေထဲတွင် နှစ်လှမ်း သုံးလှမ်းပင် ယက်အားယူကြသည်။ မြေသို့ အကျတွင် ခြေများကို ရှေ့သို့ ဆန့်ထုတ် ပေးလိုက်ရသည်။


မြန်မာနိုင်ငံ၏ ၁၉၆၇ ခုနှစ်က အလျားခုန် စံချိန်များမှာ လူကို၏ ၂၁ ပေ ၆ ၁/၈ လက်မနှင့် မအေးရွှေ၏ ၁၅ ပေ ၃ ၁/၂ လက်မ တို့ဖြစ်သည်။

၁၉၆၈ ခုနှစ် မက္ကဆီကိုအိုလံပစ်တွင် အမေရိကန်ပြည်မှ ကပ္ပလီလူမျိုး ဘော့ဘီမွန်သည် ၂၉ ပေ ၂ လက်မခွဲဖြင့် စံချိန်သစ်တင်ခဲ့သည်။ ထို့ကြောင့် ၎င်းအား "သားပိုက်ကောင်" ဟု နာမည်ပေးလိုက်ကြသည်။ အကြောင်းမှာ သားပိုက်ကောင်သည် တချက်ခုန်လျှင် ၂၅ ပေ အထိ ရောက်သောဟူ၏။ ။

## ရောင်စုံစက်ဝိုင်း

ပြထားသည့် အတိုင်း ကတ်ထူစက္ကူဖြင့် စက်ဝိုင်းလုပ်၍ ဆေးရောင်ခြယ်ပါ။ နောက် ကြိုးသွင်း၍ ဆွဲပါ။ ရောင်စုံစက်ဝိုင်း လှပစွာ လည်လိမ့်မည်။







# ကောက်သင်း ကောက်

မောင်သက်ငြေ

ကျွန်တော် ကျောင်းတက် လာခဲ့သည်မှာ နှစ်ကုန်ပိုင်းသို့ ရောက်လာပါသည်။ ကျောင်း၌ စာမေးပွဲကြီး ပြုလုပ်နေပြီဖြစ်ပါ သည်။ ကျွန်တော်သည် ဘာ သာရပ်တိုင်းတွင် ကောင်းစွာ ဖြေဆို နိုင်သဖြင့် အလွန်ပျော် နေပါသည်။

ကျွန်တော်တို့သည် နောက် ဆုံးဖြေဆိုရန်ရှိသော ဘာသာ ရပ်ကို ဖြေဆိုပြီးသွားပေပြီ။ သို့ သော် ကျွန်တော်တို့ကိုကျောင်း ဆင်းခွင့် မပေးသေးပါ။ ဆရာ ကြီးက စကားပြောစရာ ရှိ၍ဟု သိရပါသည်။

ကျောင်းအုပ်ကြီး၏ ဩဝါ ဒသည်ကား အခြားမဟုတ်ပါ။ နွေရာသီ ကျောင်းပိတ်ရက်အ တွင်း ဆော့ကစားခြင်းဖြင့် အ ချိန်မဖြုန်းကြရန်၊ လူကြီး မိဘ များကို တတ်နိုင်သည့်ဖက်မှ ကူ ညီကြရန်၊ အလုပ်လုပ်ကြရန်ဖြစ် ပါသည်။

ကျောင်းအုပ်ကြီး မိန့်ခွန်း ပြောနေခိုက် ကျောင်းတိုင်ကိုမှီ ၍ အိပ်ငိုက်နေသော မအုံး မေကို ဆရာကြီး မြင်သွားပါ သည်။ ထိုအခါ မအုံးမေကို ခေါ်လိုက်ပြီး နွေရာသီကျောင်း ပိတ်ရက်တွင် ဘာ လုပ် မ လဲ ဟု မေးလိုက်သည်။

"ကောက်သင်း ကောက်ပြီး ရောင်းစားမယ်" ဟု မအုံးမေ က သူ့စိတ်ထဲတွင် ရှိသမျှကို ပြန် ပြောလိုက်သည်။ ကျွန်တော်တို့ အားလုံးက ဝိုင်း၍ရယ်လိုက်ကြ ပါသည်။ကျောင်းအုပ်ကြီးသည် ကောက်သင်းကောက် ဆိုသည် မှာ ရောင်းစားရသော၊ ရောင်း စားကောင်းသော အရာမဟုတ် ကြောင်းကို ရှင်းပြပါသည်။

"သားတို့ သမီးတို့ ကောက် သင်းဆိုတာ ရောင်းစားကောင်း တဲ့ အရာမျိုး မဟုတ်ဘူးကွဲ့။ ရောင်းစားဖို့ ကောက်ရတာလဲ မ ဟုတ် ဘူး။ ကောက် သင်း ကောက်တယ်ဆိုတဲ့သူဟာ သူ ကိုယ်တိုင်က လယ် လုပ် နိုင် တဲ့ အင်အားမရှိဘူး။ သက်ကြီးရွယ် အို အဖိုးကြီး အဖွားကြီးတွေ ပေါ့ကွယ်။ သူတို့ဟာ ဆင်းလဲ ဆင်းရဲတယ်။ လုပ် ကိုင် ကျွေး မယ့်သူကလဲ မရှိဘူး။ ဒီတော့ ကောက် သင်း ကောက် ကြ ရ တယ်။ အဲ–သူတို့ စားသုံးဖို့အ တွက် လယ်သမားကြီးတွေက သက်သက် ကောက်သင်းချန်ခဲ့ရ တယ်။ ဒါဟာ ဗမာလူမျိုးတွေ ရဲ့ မွန်မြတ်တဲ့စိတ်ထားနဲ့ ချစ်စ ဖွယ်ကောင်းတဲ့ ဓလေ့ထုံးစံက လေးတခုပေါ့"

ဆရာကြီးသည် သူ့စကားကို ကျောင်းသားများ စိတ်ဝင်စား မှု ရှိ,မရှိ ခေတ္တရပ်၍ အကဲခပ် လိုက်သည်။ ကျောင်းသားများ အားလုံး စိတ်ဝင်စားစွာ နား ထောင် နေသည်ကို သိရသည် နှင့် မိမိစကားကို ဆက်ပြန်ပါ သည်။

"လယ်သ မား ကြီး တဦး ဟာ စပါးစိုက်ကတဲက အားလုံး စားဖို့အတွက် ရည်ရွယ်ပြီး စိုက် တယ်။ စပါးတွေ သီးလာလို့ စပါးရိတ်သိမ်းချိန် ရောက်လာ တဲ့အခါမှာလဲ ကိုယ့်ထက် အင် အားနည်းသူ၊ သက်ကြီးရွယ်အို ဆင်းရဲသူ၊ မလုပ် မကိုင်နိုင်တဲ့သူ တွေ အားလုံးပေါ့ကွယ်၊ စားကြ ပါစေ ဆိုတဲ့ သဘောနဲ့ ကောက် သင်း ချန်ခဲ့တယ်။ ကိုယ့်လယ် ကိုယ် ရိတ်တာ ကောက်သင်း မချန်လဲ ဖြစ်တာဘဲ။ ဒါပေမဲ့

ဗမာလူမျိုးတွေရဲ့ စေတနာပေါ့ ကွယ်။ ဒီလို စေတနာမျိုးဟာ ဘယ်ကမ္ဘာ ဘယ်အရပ်မှာမှ ဘူးလို့ ဆရာတော့ ထင်တယ်။ ဒါပေမဲ့ တို့ ဗမာပြည်မှာကတော့ ဒီစေတနာဟာ ယနေ့ထက်တိုင် မတိမ်ကောဲ၊ မပပျောက်သေးဘူး။ ဒီတော့ ကောက်သင်းဆိုတာ ရှောင်းစားကောင်းတဲ့ ပစ္စည်းမဟုတ်ဘူးဆိုတာ အားလုံး သိကြပြီလား ကွယ်။ အမှန်တော့ မင်းတို့ကိုယ်တိုင်က ဒီ ကောက်သင်းကို ကောက်၊ ဆင်းရဲနွမ်းပါးပြီး မလုပ် မကိုင်နိုင်တဲ့ သက်ကြီးရွယ်အိုတွေကို ပေးမယ် ဆိုယင် မင်းတို့အဖို့ ဘယ်လောက် တန်ဖိုးရှိမလဲ။ ဒီတော့ တတ်အားသလောက် ကူညီကြကွယ် နော် ...”

ဆရာကြီးသည် နွေရာသီတွင် နေအလွန် ပူပြင်းသဖြင့် အစားအသောက် အသွားအလာမှစပြီး ဆင်ခြင်ရန်မှာကြားပြီး လွှတ်လိုက်သည်။

ကျွန်တော်တို့ရွာမှ ကျောင်းသားများသည် တောလမ်းအတိုင်း ပြန်လာကြသည်။ ကျွန်တော်သည် ဆရာကြီး၏ဩဝါဒကို နားထဲတွင် ပြန်လည်ကြားယောင်နေမိပါသည်။ ကျွန်တော်တို့ ရွာအဝင် လမ်းဝတွင် ပေါက်နေသော တောင်သလဲပင်ကြီးအောက် အရောက်တွင် တောင်သလဲသီး ကောက်စားရန် သူငယ်ချင်းများကို ခေါ်လိုက်သည်။ တောင်သလဲပင်အောက်ကို စုရုံး ရောက်လာကြသောအခါ ကျွန်တော်၏ ဆန္ဒကို ထုတ်ပြောလိုက်ပါသည်။

သည်တခါ မူရင်းစပါး ရိတ်၍ ကောက်သင်း ကောက်ချိန်တွင် ကျွန်တော်တို့ အားလုံးစုပြီး ကောက်ကြမည်။ ရသမျှစပါးများကို ရွာထဲမှ ဩဇာအရှိဆုံးဖြစ်သော ဘကြီး ဦးဘိုးလွင်တို့အိမ်မှာ သွားစုထားမည်။ စု၍ အားလုံး ရပြီဆိုလျှင် ဘကြီး ဦးဘိုးလွင်နှင့် တိုင်ပင်ပြီး ရွာထဲမှ အလွန်ဆင်းရဲသော ဦးပုနှင့် မတောဖူတို့ သားအဖ၊ ဒေါ်အေးမယ်၊ အဖွားစုနှင့် အခြားသူများကို ခွဲဝေပေးမည်ဖြစ်ကြောင်း သူငယ်ချင်းများနှင့် တိုင်ပင်၏။

သူငယ်ချင်း အားလုံးက ကျွန်တော်၏ အကြံကို သဘောတူသည်။ ကျွန်တော်တို့ သူငယ်ချင်း တသိုက် ကောက်သင်းကောက်ရန် မျှော်၍ နေရပါတော့သည်။

မောင်သက်ကြူ၏
၁၉၆၇၊ အမျိုးသားစာပေဆုရ
“ရွက်သစ်နုချိန်” စာမူမှ

---

## တိုင်းပြည့်စီးပွား

ဒို့တိုင်းတခွင် ကြည့်ပါလျှင်၊
လယ်ကွက် စိမ်းစိုလွင်။
တင်ပို့မလား စားမလား၊
သီးနှံ ပေါကြွယ်များ။

ဒို့တိုင်းတခွင် ကြည့်ပါလျှင်၊
သစ်တော စိမ်းစိုလွင်။
တင်ပို့မလား ဆောက်မလား၊
ကျွန်းသစ် ပေါကြွယ်များ။


ဒို့တိုင်းတခွင် ကြည့်ပါလျှင်၊
ပြိုးပြိုးပြက်ပြက်မြင်။
ဆင်ယင်မလား ရောင်းမလား၊
ရွှေငွေ ကျောက်မျက်များ။

ဒို့တိုင်းတခွင် ကြည့်ပါလျှင်၊
ရေနံ တသွင်သွင်။
စက်ယာဉ်တွက်လား အိမ်သုံးလား၊
ဓာတ်ဆီ ပေါကြွယ်များ။


ဒို့တိုင်းတခွင် ကြည့်ပါလျှင်၊
ရွှေငွေသီးနှံ စုံအလင်။
ပြည်ခွင်အတွက် လိုတာက၊
နိုးကြားမှုသာပ။

ဒို့တိုင်းတခွင် ကြည့်ပါလျှင်၊
စီးပွားရေး စုံလင်။
ပြည်ခွင်အတွက် လိုတာက၊
ကြိုးစားမှုသာပ။
ကြိုးစားကြ၊ နိုးကြားကြ။ ။

မောင်မင်းယဉ်(ကူမဲ)



R. 517




# လှည်းယဉ်

လှည်းယဉ်ခေါ် လှည်းယဉ်ကြော့သည် လူစီးရန်အတွက် လှလှပပ ကြော့ကြော့မော့မော့ ပြုလုပ်ထားသော လှည်းကလေးဖြစ်သည်။ လှည်းယဉ်ကြော့ကို မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အလယ်ပိုင်း အချို့ကျေးရွာများတွင် အများအပြား တွေ့မြင်ရသည်။ အချို့ အရပ်များတွင် လှည်းယဉ်ကြော့ကို "ခြောက်စထောင်လှည်း" ဟုလည်း ခေါ်ကြသည်။ လှည်းယဉ်ကြော့ဆွဲသော နွားများကိုလည်း လှပစေရန် မှန်စီရွှေချထိပ်အုပ်များ၊ ခြူကုံးများဖြင့် တန်ဆာဆင်လေ့ ရှိကြသည်။

လှည်းယဉ်ကြော့ကို ဘုန်းတော်ကြီးများစီးရန် အသုံးပြုသည်။ အချို့ဒေသများတွင် လှည်းယဉ်ကြော့ကို ရှင်ပြုနားထွင်းမင်္ဂလာပွဲများ၌ နားထွင်းသမီးများ စီးရန် သုံးကြသည်။ ကျေးရွာ ဘုန်းကြီးပျံနှင့် အလှူပွဲတို့တွင် နွားလှည်းအပြိုင်မောင်းရာ၌ ပေါ့ပါး သွက်လက်သော ထိုလှည်းယဉ်ကြော့ကိုပင် သုံးကြသည်။

လှည်းယဉ်ကြော့သည် ရှေးမြန်မာတို့၏ ဂုဏ်ဆောင် ယဉ်တမျိုး ဖြစ်၏။




၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# တော်လှန်ရေးနေ့

ပန်းချီ • ဦးဘကြည် —

# ရွှေသွေး

ဂျာနယ်

အတွဲ-၁၊ အမှတ် ၁၂ ၂၂-၃-၆၉




ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်တွေဟာ ဗမာပြည်ကိုလွတ်လပ်ရေးအတုကြီးပေးတယ်။
နောက်တော့ ယောကျ်ား မိန်းမ မရွေး လူတွေကိုအနိုင်ကျင့်ပြီးခိုင်းတယ်၊ ကြိမ်းတယ်။
ခွေးတပ်ဆွဲပြီး အရပ်ထဲက လူတွေကို နယ်စပ်တောကြီးထဲမှာ ရထားလမ်း ဖောက်ခိုင်းလိုက်တော့ ပိန်ကြုံ၊ ဝဲစွဲ၊ မမာဖြစ်၊ သေနဲ့ တော်တော်ခံလိုက်ရတယ်တဲ့။
နောက်ပိုင်းကျတော့ အင်္ဂလိပ်ဖက်ကလဲ လေယာဉ်ပျံနဲ့ ဗုံးတွေ အရမ်းကြဲတော့တာဘဲ။
ကျုပ်တို့ ဗမာ့တပ်မတော် ကလဲ နိပ္ပန်(ဂျပန်) တပ်ကြီးလို ရန်သူကို အားကျန် တိုက်မယ်
ကောင်းတာပေါ့ - လုပ်သာ လုပ်ပါ
အဲဒီအခါ ဂျပန်က ဗမာ့တပ်မတော်ကို စစ်အရေးကြီးလာပြီဖြစ်ကြောင်း ပြောတော့....


ငါတို့ရဲ့ အနီးဆုံး ရန်သူကို အစွမ်းကုန် တိုက်ရမယ်
ဒါနဲ့ဗိုလ်ချုပ်အောင်ဆန်းကဗမာ့တပ်မတော်အားလုံးကို ရွှေတိဂုံဘုရားခြေရင်း(ယခု တော်လှန်ရေးပန်းခြံရှိတဲ့နေရာ)မှာ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့ နေ့လယ်မှာ စုရုံးစေပြီး စစ်မိန့်ပေးတယ်။
ပြီးတော့ တပ်တိုင်း တပ်တိုင်းကို သွားရမဲ့ နေရာနဲ့လျှို့ဝှက်စစ်မိန့်ကိုပါ တပ်ရင်းမှူးများ ကို ပေးလိုက်တယ်။
အီးဂူယာ - အါးကြီး ကောင်းတယ်
တိုင်းဟာင်း ယော ရော့ရှိ
ဂျပန်စစ်ဗိုလ်ကြီးတွေကလဲ ကြည့်ပြီး အရမ်း သဘောကျကြသတဲ့။
အချိန် .....မှတ်
ချီ........တက်
- ဘယ်ညာ - ဘယ်ညာ - ဘယ်ညာဘယ်
ဒီလိုနဲ့ဘဲ တပ်တွေဟာ လက်နက်ပစ္စည်းအပြည့်အစုံလွယ်ပြီး သက်ဆိုင်ရာ မြို့များ၊ နယ်များကို အားတက်သရော ချီတက်သွားကြတယ်။


အဲဒီအခါမှာ မုံတို့၊ အောင်သပြေ
ပန်း စသည်တို့ ပေးကြ၊ ကမ်းကြ၊
စိတ်မနိုင်တဲ့လူတွေက ငိုကြနဲ့ပေါ့။
ニ ッ ホ ン
ဂျပန်စစ်တပ်ကလဲ မော်ကွန်းတင် ဓာတ်ပုံရိုက်၊ ရုပ်ရှင်
ရိုက်၊ စစ်လေယာဉ်ပျံနဲ့ ပန်းတွေကြဲပြီး ကောင်းချီးပေး
တယ်ကွဲ့။
ဟာ
...ဤ အချိန်မှစ၍ တော်လှန်ရေး
စပြီ၊ စစ်ဝတ်တွေ ချွတ်-ဖျောက်ဖျက်
ကောင်းသူ့ လယ်သမားလိုဝတ်။ ရရာ
လက်နက်နှင့် ဂျပန်ကို တော်လှန်-
ဆက်သွယ်ရန် ကိစ္စ နောက်တရက်မှာ
ပါသည်- အချင်းချင်း အချက်သိရ
အောင် အနီရောင်ခံ ပေါ် ကြယ်ပွင့်
ကျူ လက်ပတ်များ ဆောင်ထား:
သက်ဆိုင်ရာ စစ်စခန်းရောက်ပြီး ညဖက်တွင် စစ်မိန့်ကို နာ
ရီစေ့မှ ဖောက်ဖတ်သော်-တော်လှန်ရန်အမိန့်ပါလာတာ
တွေ့ရတော့သတဲ့ကွဲ့။
လက်စသတ်တော့
ဗိုလ်ချုပ် ပြောတဲ့ရန်သူ
ဆိုတာ သူတို့ကိုး
ရှူး-- တိုး တိုး
ဒါနဲ့ တပ်တွေဟာခြေရာဖျောက်
ပြီး ကိုယ်ပျောက် တပ်မတော်
အဖြစ်နဲ့
ကြိုရာနေရာက ကြုံသလို လူထုနဲ့ပေါင်းပြီး တော်လှန်လိုက်
ကြတာ ဂျပန်တွေဟာ ပြန်ပြေးကြရတယ်ကွဲ့။
ဒါကြောင့် မတ်လ ၂၇ ရက်နေ့ဟာ
တပ်မတော်နဲ့လူထုပေါင်းပြီး တော်
လှန်တဲ့နေ့ဖြစ်လို့ မမေ့သင့်ဘူးကွဲ့။


စားပြီး
လက်ဆေး
ပန်းချီ ဦးစိန်
ဟဲ့ ဖိုးထောင် ထမင်းစားပြီး လက်ဆေးလေ သိပ်ညစ်ပတ် တဲ့ကောင်ကလေးဘဲ
ထိုနေ့ည ဖိုးထောင် အိပ်သောအခါ သူ့လက်မှ ဟင်းနံ့ကြောင့် ကြွက်နှင့် ပိုးဟပ်များ လာကြလေ၏ ။
ကိုပိုးဟပ် ရေ··· ဟင်းနံ့ကလေးက မွှေးလိုက်တာဗျာ
အမလေးဗျ
ထမင်းစားပြီးလက်ဆေးတော့ မယ် မေမေ လက်ကိုကြွက် ကိုက်သွားတယ် ပိုးဟပ်ကလဲ ရွံ့စရာကြီး နော်





သရုပ်ဖော်-ဦးဘမြင့်အောင်

**ယခင်အပတ်မှ အဆက်**

မကွေးတိုင်း၏ မြို့တော်နှင့် ခရိုင်ရုံးစိုက်မြို့ ဖြစ်သော မကွေးမြို့သည် အရောင်းအဝယ် ဖွံ့ဖြိုးစည်ကားသည်။ ခရိုင်အတွင်း စိုက်ပျိုးရေး ဖြစ် ထွန်း သည်။ မိုးပါး ရေရှား ရပ်ဝန်းအတွင်း၌ ရှိသော်လည်း ဆန်စပါးအထွက် ကောင်းသည်။ အ ထူး သ ဖြင့် ဧရာဝတီ၏ မြစ်လက်တက်များ ဖြစ်ကြသော ပင်းချောင်း၊ ယင်းချောင်း တို့၏ ချောင်းဝှမ်းတဝိုက်နှင့် တောင်တွင်းကြီးမြို့နယ်တို့မှ ဆန်စပါး အများဆုံးထွက်သည်။ နှမ်းဆီ၊ ပဲဆီ၊ ဖန်ခါးသီး၊ ကတ်ကျေး၊ ကွမ်းညှပ်၊ စားစသည်တို့မှာ မကွေးမြို့နယ်၏ နာမည်ကျော် ထွက်ကုန်များတည်း။ ရေနံ အထွက်ကောင်းသော ချောက်နှင့် ရေနံချောင်း ရေနံမြေတို့သည် မကွေးခရိုင်အတွင်း၌ ရှိကြသည်။ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းအားဖြင့် လမ်းပန်း အဆက်အသွယ်ကောင်း၍ သယ်ယူပို့ဆောင်ရေး လွယ်ကူပြေပြစ်သဖြင့် မကွေးမြို့ စည်ကားဖွံ့ဖြိုးခြင်းဖြစ်သည်။ မကွေးလေယာဉ်ကွင်းသည် ဒုတိယ ကမ္ဘာစစ်အတွင်းက ဗြိတိသျှလေတပ်စု၏ အရေးပါသော လေယာဉ်ကွင်းတခု ဖြစ်ခဲ့လေသည်။

'တိုင်းအေး' သည် မကွေးမှ ထွက်ခဲ့ပြီးနောက် မင်းလှနှင့် မိကျောင်း ရဲ တို့၌ ခေတ္တ ဆိုက်သည်။ မကွေးမှပြည်မြို့အထိ ဧရာဝတီ မြစ်ကြောင်း တ လျှောက်၊ အနောက်ဖက် ရခိုင်ရိုးမမှ ဖြာထွက် လာ သော တောင် စွယ် တောင်နှာမောင်း တို့သည် မြစ်ကမ်း ပါး အ ထိ ရောက် သည်။ အရှေ့ဖက်၌ ပဲခူးရိုးမနှင့် ယင်း၏ တောင်စွယ် တောင်နှာမောင်းတို့သည်လည်း မြစ်ကမ်းပါး အထိ ရောက်သည်။ သက်ရင့်ကျောက်မြေကိုဖြတ်၍စီးသဖြင့် မင်းလှနှင့် မိ ကျောင်း ရဲ အ ကြား မြစ်ကြောင်း သည် ကျဉ်း မြောင်းလေရာ၊ အချို့က စတုတ္ထမြစ်ကျဉ်းဟုခေါ်သည်။ ယင်းသည် ၉½ မိုင်ခန့်ရှည်၍ ကိုက် ၈၀၀ ခန့် ကျယ်သည်။

"အခုတွေ့ရတဲ့မြစ်ကျဉ်းမျိုးကို ကမ္မမြို့နဲ့ ပြည်မြို့အထက်နားမှာရှိတဲ့ စစ္စယန်အကြားမှာ တွေ့ရလိမ့်အုံးမယ်။ အဲဒီ မြစ်ကျဉ်းတွေကတော့ အထက် ဧရာဝတီမှာ တွေ့ရတဲ့ မြစ်ကျဉ်းတွေလောက်မထင်ရှားဘူး။ အောက်ပိုင်းမြစ်ကျဉ်းတွေဟာ ရေနက်တယ်။ သင်္ဘော အသွားအလာအတွက် အခက်အခဲမရှိလို့ တချို့က မြစ်ကျဉ်းလို့ မယူဆကြဘူး" ဟု ဆရာဦးစိုးလွင်က ပြောပြသည်။





ဆင်ပေါင်ဝဲမြို့အနီးတွင် မြစ်ကြောင်းသည် ပြန်၍ ကျယ်လာသည်။ အောင်လံမြို့ကိုရောက်ပြီးနောက်တွင် သရက်မြို့သို့ ရောက်သည်။ ရေတိမ်၍ သောင်အလွန်များ သဖြင့် မြို့ ဆိပ်ကမ်း၌ သင်္ဘောများ မကပ်နိုင်။ ထိုကြောင့် 'တိုင်းအေး' သည် ဘိလပ်မြေစက်ကြီး ဆိပ်ကမ်း၌ ဆိုက်ကပ်ရသည်။ ဘိလပ်မြေစက်ကြီးကို မြန်မာနိုင်ငံ၌ သရက်မြို့တွင်သာ တည်ဆောက်နိုင်သေးသည်။ ဘိလပ်မြေလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများကို သရက်ခရိုင်နှင့် မကွေး၊ မင်းဘူး၊ ချောက် စသော ပတ်ဝန်းကျင် ဒေသများမှ အလွယ်တကူ သယ်ယူ ရရှိနိုင်သောကြောင့် ဖြစ်ပေသည်။ '


နွေရာသီတွင် သရက်မြို့သို့ ရောက်လာသည့် သင်္ဘောများသည် ဘောစတယ်ခေါ် ကလေးများ စာရိတ္တပြုပြင်ရေးကျောင်းဆိပ်၌လည်း တခါတရံဆိုက်ကပ်ရသည်။ ဘောစတယ် ရှိသောနေရာသည် ရှေးက အင်္ဂလိပ်တပ်မြို့ ဖြစ်သည်။ တပ်မြို့ကို ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီးတွင် မြို့၏ မြောက်ဖက်၌ အင်္ဂလိပ်တို့က တည်ဆောက်ခဲ့သည်။ မြန်မာ တနိုင်ငံလုံးကို သိမ်းပြီးသောအခါ တပ်မြို့ကို ဘောစတယ်ပြုလုပ်ခဲ့လေသည်။

"သရက်၊ အောင်လံနဲ့ မင်းလှမြို့ တွေကတော့ အင်္ဂလိပ်–မြန်မာ စစ်ပွဲတွေနဲ့ ဆက်စပ်နေတဲ့ မြို့တွေဘဲ။ ပထမစစ်ပွဲတုန်းက သရက်ဟာ နယ်ခြားမြို့ဖြစ်နေတယ်။ စစ်ပြေငြိမ်းရေး အတွက် နှစ်ဖက် ကိုယ်စားလှယ်တွေ စကားပြောကြတဲ့ ညောင်ပင်ဆိပ်စခန်းဆိုတာ သရက်မြို့ရဲ့ တောင်ဖက်၊ မြစ်ရဲ့ အရှေ့ဖက်ကမ်းမှာရှိတယ်။ ဒုတိယစစ်ပွဲအပြီးမှာတော့ သရက်မြို့ဟာ အင်္ဂလိပ်ပိုင် ဖြစ် သွား တယ်။ မြန်မာမင်းတွေ လက်ထက်က မြေထဲမြို့ဆိုတာ အခု အောင်လံမြို့ရဲ့မြောက်ဖက်မှာရှိတယ်။ မြေထဲမြို့မှာ ရှေး မြန်မာမင်းတွေ ဆောက်ခဲ့တဲ့ ခံတပ်ကြီးတခု ရှိခဲ့ဘူးတယ်။ ဗြိတိသျှတွေဟာ သရက်မြို့ကို သိမ်းပြီးတဲ့ နောက် အခြေခံစခန်း လုပ်ထားတယ်။ မြေထဲမြို့မှာလဲ သူတို့တပ်တွေ ထားတယ်"

"တတိယစစ်ပွဲမှာ အထက်မြန်မာနိုင်ငံကိုသိမ်းဖို့ ရေဝတီမြစ်ကြောင်းတလျှောက် ဗြိတိသျှတပ်တွေ ချီတက်လာတော့ မြန်မာ လွှတ်တော်က ဗြိတိသျှတပ်တွေကို မခုခံရဘူး။ ခုခံယင် သူပုန်လို့ အမိန့်ထုတ်ထားတယ်။ ဒါပေမဲ့ မြန်မာ တပ်တွေဟာ အားမတန်ပေမဲ့ သူကျွန် မခံလိုကြဘူး။ ဒါကြောင့် မင်းလှခံတပ်က နေပြီးတော့ ပြင်းပြင်းထန်ထန် ခုခံခဲ့ကြတယ်။ မင်းလှနဲ့ခြားလွယ်ခုတ် မြစ်တဖက်ကမ်းမှာရှိတဲ့ ဂွေးချောင်းခံတပ်ကနေပြီးတော့လဲ ခုခံကြတယ်" ဟု ဆရာဦးစိုးလွင်က ပြောပြသည်။ အတာတို့သည် ရှေး မြန်မာ့တပ်မတော်သားများ၏ ရဲရဲတောက်စိတ်ဓာတ်ကို ချီးကျူးမိကြလေသည်။

ဦးစိုးလွင်က ဆက်၍ ပြောသည်။ "ဗြိတိသျှတွေ တနိုင်ငံလုံးကို သိမ်းပြီးတဲ့နောက် သူတို့ကျွန်မခံချင်တာနဲ့ ဆူပူလှုပ်ရှားခဲ့တဲ့ နယ်တွေထဲမှာ သရက်ခရိုင် လဲပါတယ်။ အဲဒီလို မြေခံရှိခဲ့တဲ့ သရက်ခရိုင် အတွင်းကနေပြီးတော့ ဗိုလ်ချုပ် အောင်ဆန်းဟာ ဂျပန် တော်လှန်ရေးကို ကြိုးကိုင်ပြီး တနိုင်ငံလုံး လှုပ်ရှားစေခဲ့တယ်"

(ဆက်ရန်)




နို့သည် အာဟာရဓာတ် အလွန်ကြွယ်ဝသည်။ လူတို့၏ကျန်းမာရေးအတွက် အရေးပါသော ပရိုတင်း၊ ဗိုတာမင်နှင့် သတ္တုဓာတ်များ အပြည့်အဝပါရှိသည်။ နို့ကို အမျိုးမျိုးပြုလုပ် စားသုံးကြသည်။ နို့မှ ထုတ်ယူရရှိသော လက်တို့ခေါ် နို့သကြား၊ လက်တစ်အက်ဆစ်ခေါ် အချဉ်ဓာတ်နှင့် ကေဆီအင်းခေါ် ပရိုတင်းဓာတ်တို့ကိုလည်း အမျိုးမျိုးပြုလုပ် အသုံးချနိုင်သည်။




လက်တို့သကြား ကိုအသုံးချခြင်း
ကလေးများကို
တိုက်ကျွေးရန်
အစာ
BPI
BPI
BPI
BPI
ဆေးဝါး
လူမမာအ
တွက်ဓါတ်စာ
လက်တစ်အက်ဆစ် ကိုအသုံးချခြင်း
သားရေနယ်ဆေး
အထည်ဆိုးဆေး
ဘီလပ်ရေ
ဘလောက်
စါးဆေး
ပိုးသတ်ဆေး
ဆေးဝါး
သုတ်ဆေး
အထည်
ရေခံကော်
ကေဆီအင်း ကိုအသုံးချခြင်း
ပလပ်စတစ်ပစ္စည်းများ
သက္ကလတ်ဦးထုပ်


ကျော်ကျော်
နှင့်
မော်မော်
ပါဝင်သော
ဘယ်သွားမလို့လဲ မော်မော်။
ကျော်ကျော်ရေ -
ကျော်ကျော် -





အောင်မယ်လေး ဗျ-



# သုံးဆင့်ခုန်

သုံးဆင့်ခုန်နည်းကို မူလက **ထောက်လှန်းခုန်**ဟု ခေါ်ဝေါ်ခဲ့ကြသည်။ သို့သော် ပထမ၊ ဒုတိယ၊ တတိယ အဆင့်သုံးမျိုး စလုံးမှာပင် ခုန်ခြင်းသဘော ပါဝင်သဖြင့် ယခုအခါ သုံးဆင့်ခုန်ဟု ပြောင်းလဲခေါ်ခြင်း ဖြစ်သည်။

သုံးဆင့်ခုန် ပြိုင်ပွဲသည် အမျိုးသားများသာ ယှဉ်ပြိုင်ရသောပွဲဖြစ်၏။


သုံးဆင့်ခုန်သမားများသည် လျင်မြန်မှုရှိလျက် ခြေထောက်၊ ခြေကျင်းဝတ်၊ ဒူးဆစ်တို့ သန်စွမ်းရမည်။ သို့မှသာ ခုန်အားကောင်းပေမည်။

သုံးဆင့်ခုန်ရာ၌ ပြေး၍ အရှိန်ယူသော အကွာအဝေးမှာ ယခုခေတ်တွင် ပေ ၁၂၀ ခန့်ဝေးသည်။ ပြေးသောအခါ ခြေလှမ်းမှန်၊ အရှိန်မှန်စေရန် ထိန်းပေးရမည်။ ပထမတွင် အားကုန်သွန်၍ ပြေးသွားပါက နောက်အဆင့်များ ခုန်ရာတွင် အရှိန်ပျက်သွားတတ်သည်။ အဆင့်သုံးဆင့် စလုံးကို အရှိန်မပျက်စေပဲ ခုန်နိုင်မှသာ အကောင်းဆုံး အကွာအဝေးကို ရနိုင်ပေမည်။

ပထမဆင့် ခုန်ခြင်းမှာ ထောက်၍ခုန်ခြင်း ဖြစ်၏။ ဒုတိယဆင့် ခုန်ခြင်းမှာ လှမ်း၍ခုန်ခြင်းဖြစ်သည်။ဇာတ်ပွဲ ရုပ်သေးပွဲများတွင် ဇော်ဂျီ က သက်ခဲ့သို့ ခြေနှစ်ချောင်းသည် ရှေ့နောက်ကားလျက် ရှိသည်ကို တွေ့ရမည်။ တတိယဆင့် ခုန်နည်းမှာ အလျားခုန်တွင် အသုံးပြုသော နည်းစနစ်အတိုင်းပင် ဖြစ်သည်။

၁၉၅၇ ခုနှစ်က မြန်မာပြည်စံချိန်မှာ ကျော်ညွန့်၏ ၄၄ ပေ ၅ လက်မ ဖြစ်သည်။ ၁၉၆၀ ခုနှစ် မက္ကဆီကို ကမ္ဘာ့အိုလံပစ်တွင် ရုရှားမှ ဗစ်တာဆနီးက ပထမ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ သူ၏စံချိန်မှာ ၁၇ ဒသမ ၉၃ မီတာ ဖြစ်လေသည်။

## ပုံတူနှစ်ခု တွေ့အောင်ရှာ




အမှတ် (၃) နှင့် (၆) တူပါသည်။



# ကျူးလွန်မိသောအပြစ်

မောင်မြတ်မင်း

ကျွန်တော်တို့ မိသားစုသည် ရန်ကုန်မြို့ထဲမှ တောင်ဥက္ကလာပမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်ကြရသည်မှာ ရက်ပိုင်းမျှ ရှိပါသေးသည်။ ကျွန်တော်သည်ကျောင်းသို့လာလျှင် မြို့ပတ်ရထား စီး၍ လာရလေသည်။

ကျွန်တော်သည် တနေ့လျှင် မုန့်ဖိုး ဆယ်ပြားနှင့် လမ်းစရိတ် အသွား အပြန် အတွက် ပြားလေးဆယ်သာ ရပါသည်။ ကျွန်တော်သည် အခြား ကျောင်းသားများ သုံးစွဲနေသကဲ့သို့ တနေ့လျှင် မုန့်ဖိုးတမတ်၊ ပြားငါးဆယ် သုံးစွဲလို၏။

ကျွန်တော်သည် မီးရထား စီး၍ ကျောင်းတက် ရသည်မှာ တပတ်ခန့်ရှိချေပြီ။ ရထားတွင် လက်မှတ်စစ်ရှိသည်ဟု ကြားသိရသော်လည်း တခါမျှမကြုံသေးပါ။ သို့ဖြစ်၍ လက်မှတ်မဝယ်ပဲ ရထားစီးပါက မည်သူမျှ သိမည် မဟုတ်ဟု စဉ်းစားမိပါသည်။

နောက် တနေ့ တွင် ကျွန်တော် သည် လက်မှတ် မဝယ် ပဲ ရထားစီးရန် ဆုံးဖြတ် လိုက် ပါသည်။ ပိုက်ဆံ ပြားလေးဆယ် ပို လာ ပါ က ကျွန်တော် သည် ကျောင်းတွင် ခါတိုင်း နေ့များထက် မုန့်ပို၍ဝယ်စားနိုင်ပေမည်။

ထိုသို့ တွေးတောရင်း ဘူတာရုံသို့ ရောက်လာ၏။ အများတကာမှာ ရထားလက်မှတ်များကို ဝယ် ယူ နေ ကြ သော်လည်း ကျွန်တော်သည်လက်မှတ်မဝယ်ပဲ ရထားအလာကို စောင့်မျှော်နေ၏။

ခဏကြာသော် မီးရထား ဆိုက်လာ၏။ ထိုင်ခုံများတွင် လူပြည့်နေသဖြင့် ကျွန်တော်သည် မတ်တတ် ရပ် ၍ လိုက် ခဲ့ ရ ပါသည်။

ရထား ထွက် သော် ကျွန်တော့်တွင် စိုးရိမ်စိတ်များ ပေါ်လာပါသည်။ အကယ်၍ လက်မှတ်စစ် တက်လာပြီး စစ်မေးလျှင် ကျွန်တော် မည်ကဲ့သို့ ဖြေရပါမည်နည်း။ ထိုသို့ တွေးမိသောအခါ ကျွန်တော်၏ စိတ်များသည် တည်ငြိမ်မှု မရတော့ပါ။ ကျွန်တော်သည် ရထားတွဲကို ရှေ့နောက်အဆုံး လိုက်၍ ကြည့်နေမိ၏။ ထိုသို့ ကြည့်နေစဉ် အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်အဖြူ ဝတ်ထားသော လူတယောက်ကို ရုတ်တရက် တွေ့လိုက်ရသောအခါ ကျွန်တော်သည် အလွန်ကြောက်ရွံ့သွားပါသည်။ သို့သော် ထိုသူမှာ ခရီးသည်တဦးသာဖြစ်၍ စိတ်အေးသွားရပြန်ပါသည်။

ကျွန်တော်၏ အဖြစ်ကို အခြား ခရီးသည်များ သိကြလိမ့်မည်မဟုတ်ပါ။ အချို့က စာအုပ်ဖတ်၍ လိုက်လာကြသည်။ အဖော်ပါသူများကလည်း စကားတပြောပြောနှင့် လိုက်ပါလာကြ၏။ သူတို့တွင် အေးချမ်းမှုရှိသလောက် ကျွန်တော်၏ စိတ်မှာ အနည်းငယ်မျှ တည်ငြိမ်မှု မရှိခဲ့ပါ။ ပုဇွန်တောင်ဘူတာသို့ ရောက်လျှင် လက်မှတ်စစ်တဦး တက်လာသည်ကို ရိပ်ခနဲ မြင်လိုက် ရ ပါ သည်။ ကျွန်တော်

သည် မသိဟန် ဆောင်နေလိုက်၏။ ဆင်းရမည့် ရန်ကုန်ဘူတာကြီးသို့လည်း ရောက်လုပြီ မဟုတ်ပါလော။

သို့သော် ကျွန်တော် အတွက် မှားခဲ့လေသည်။ ရထားပြန်ထွက်၍ အရှိန်ရလာခါစတွင် လက်မှတ်စစ်သည် ကျွန်တော်စီးလာသောတွဲသို့ ရောက်လာကာ လက်မှတ် စစ်နေလေပြီ။ ကျွန်တော့်ကို လက်မှတ်ထုတ်ပြခိုင်းပါက မည်ကဲ့သို့ လုပ်ရပါမည်နည်း။ လက်မှတ်စစ်သည် ကျွန်တော်နှင့် တဖြည်းဖြည်း နီးလာလေပြီ။ ကျွန်တော် အမြန်ဆုံးဆုံးဖြတ် ရပေတော့မည်။ ကျွန်တော် တောင်းပန်ရမည်လော။ တောင်းပန်ရမည်ကိုလည်း ရှက်မိ၏။ နောက်ဆုံး၌ ကျွန်တော်သည် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချလိုက်ပြီး လက်မှတ်စစ် ကျွန်တော့်အနားမရောက်မီ ရထားပေါ်မှ ခုန်ချ လိုက်ပါသည်။ အော်သံများကိုကြားလိုက်ရပြီးနောက် ကျွန်တော် ဘာမျှ မသိတော့ပါ။

ပြန်လည် သတိရ လာသောအခါ ကျွန်တော့် ခြေထောက်၊ ခေါင်းနှင့် လက်တို့မှာ ပတ်တီးများ စည်းထားခြင်း ခံနေရပါသည်။ ကျွန်တော်၏ ဘေးတွင် စိုးရိမ်ကြီးစွာနှင့် ကြည့်နေရှာသော မေမေ့ကို တွေ့လိုက်ရပါသည်။

"သား သတိရပြီလား။ ဘယ့်နှယ် နေသေးလဲ။ သား သတိမေ့နေတာ နှစ်ရက်ရှိပြီ"

"ဟုတ်လားမေမေ။ သား ဘာမှ သတိမရတော့ဘူး။ ကျွတ်ကျွတ် ခြေထောက်က နာလိုက်တာ မေမေရယ်"

"သား ရထားပေါ်က ခုန်ချလိုက်လို့ ခြေထောက်နဲ့ ထိသွား တယ် လေ။ မကြာ ခင်ပျောက်သွားမှာပါ သားရယ်။ ကဲ သားပြန်မှေးလိုက်အုံးနော်။ မေမေ စောင့်နေမယ်"

"ဟုတ်ကဲ့ မေမေ"

မေမေသည် ကျွန်တော်စိတ်ချမ်းသာအောင် အားပေးသော်လည်း ကျွန်တော် နား လည်လိုက်ပါသည်။ ကျွန်တော်၏ ခြေထောက်ကို မာမာအရာများနှင့် ပတ်ထားခြင်းကို ထောက်သဖြင့် ကျွန်တော်၏ ခြေထောက်မှာ ကျိုးနေလေပြီ။

ကျွန်တော်သည် မျက်စိမှိတ်ထား သော်လည်း အိပ်မပျော်ပါ။ စဉ်းစားရင်း ကျွန်တော်၏ အပြစ်များကို မြင်လာပါသည်။ ကျွန်တော် နောင်တ ရပါပြီ။ ကျွန်တော့် ခြေထောက် ကျိုးရခြင်းမှာ ကျွန်တော်၏ မရိုးသားသော လုပ်ကိုင်မှုကြောင့် သာ ဖြစ်ပေသည်။

# အခြေခံသင်္ချာ

ဂဏန်းသင်္ချာ အခြေခံကျ
ဝေဖန်ပြမှ တော်လိမ့်မယ်၊
အိမ်ရှင်မတွေ ဈေးဝယ်ထွက်တော့
အတွက်အချက် တတ်ရမယ်။


ပြည်သူဆိုင်ထိုင် သင်္ချာသုံးမှ
ဈေးနှုန်းတိကျ မှန်ကန်ဖွယ်၊
ပိသုကာတွေ လက်ကိုင်ပြုလို့
တွက်မှုချက်မှု အားထားတယ်။

နက္ခတ်ဆရာ ကောင်းကင်ကြည့်လို့
အသိဂဏန်း တွက်ရမယ်၊
သိပ္ပံပညာ တိုးတက်ဖို့ကို
သင်္ချာရင်နို့ သောက်စို့ကွယ်။
နိုးကြားကွယ် ကြိုးစားမယ်။ ။

မြေနုံသာ - မိုးမင်း



R. 517



# ထီး

မြန်မာနိုင်ငံတွင် ထီးအမျိုးမျိုးရှိသည်။ ဘုရားစေတီထိပ်များတွင်ရှိသော ရွှေထီး၊ ဈေးရောင်းရာ နေရာစသည်တို့တွင် အရိပ်အာဝါသရအောင် မြေတွင်စိုက်ထူထားသော ထီးကြီးနှင့် ရဟန်းရှင်လူတို့ ခရီးသွားလာရာတွင်ဆောင်းလေ့ရှိသော ထီးဟူ၍ဖြစ်ပေသည်။





ဘုန်းတော်ကြီးများ သီလရှင်များ ဆောင်းသော ထီးသည် အညိုရောင် ( သင်္ကန်းရောင် ) ဖြစ်၏။ အမျိုးသား အမျိုးသမီးများ နေပူမိုးရွာမရှောင် သုံးစွဲနိုင်သော ထီးသည် ဖဲထီးဖြစ်၏။ ဖဲထီးကို အနက်ရောင်အဝတ်စဖြင့် ပြုလုပ်ကြ၏။ အမျိုးသမီးများ အတွက် သက်သက်ပြုလုပ်ထားသော ပိုးထီးနှင့်ပုသိမ်ထီးဟူ၍လည်း ရှိသေး၏။ ပိုးထီးနှင့် ပုသိမ်ထီးကို နေပူထဲတွင်သာ ဆောင်းရန် အသုံးပြုနိုင်၏။ ပိုးထီး၏အရွက်ကို ပိုးစဖြင့်ပြုလုပ်၍ ပုသိမ်ထီး၏ အရွက်ကိုမူ စက္ကူဖြင့်၎င်း၊ အဝတ်ဖြင့်၎င်း ပြုလုပ်လေ့ရှိ၏။ ပုသိမ်မြို့တွင် အများအပြား ပြုလုပ်သောကြောင့် ပုသိမ်ထီး ခေါ်ခြင်းဖြစ်၏။



ရှင်ပြုမင်္ဂလာပွဲ စသည်များတွင် ရှင်လောင်းကို ဆောင်းပေးလေ့ရှိသော အရိုးအရွက် တလက်လုံး ရွှေရောင်ဖုံးသည့် ရိုးတံရှည်ထီးကြီးသည်ကား မြန်မာတို့ အမြတ်တနိုးထားသည့် ရွှေထီးကြီးဖြစ်ပေသည်။



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၁၃၊ ၂၉-၃-၆၉







ဝင်းမောင်နှင့် မင်းမောင်တို့သည် သာဓုန်း ဆီသွားပြီး တိုင်ပင်ကြသည်။
ငပုတွေ-ဒို့ရွာကို ဒုက္ခပေးလိမ့်မယ်
ဒီလိုဆို ဒို့သွားပြီး-အကဲ ခတ်ရအောင်
နောက်တနေ့ ကလေးတသိုက် စုဝေးကာ....
မိယောတော်ခိုင်နော-ဆော်ရာအာကေတေ-ကျောကျိုဇု-
တကာကု-ကာဂါယာကေဘာ-
တိန်ချိနော်-စိန်ချိ..
ဂျပန်စစ်သီချင်းဆို၍ ချီတက်လာရာ ဂျပန်များ အလွန်သဘောကျကြသည်။
ကောရေ..
ကလေးများသည် ဂျပန်များကို အလေးပြုရင်း....
ကြက်ဥ တယောက် တလုံးစီ လက်ဆောင်ပေးကြသည်။
ဟာ-အဂါဘဲ-ဆာစတာ-ကျွန်တော်တို့ ၁ယောက်-၁လုံးယူလာတယ်-အခု နီပွန်စစ်သားဂလဲ-၁ယောက်ဘဲ
မဟုတ်ဘူး-အထဲမှာဗိုလ်ကြီးနဲ့ စစ်သားနှစ်ယောက်ဖျားနေတယ် သူတို့ဘို့လဲပေးရမယ်


ရော့-မင်းတို့ကိုငါဆုချတယ်
ကြက်ဥရရ-ကြက်ရရ-လာပေးပါ
ကွဲ-ပြန်ကြ-ငါတို့အလုပ်သိပ်များ
နေတယ်
အါရိဂတိုး
၂၅ ဆင့်ဆီ ဆုချလိုက်လေသည်။
သုံးရက် မြောက်သော်....
မာစတာ-သူကြီးလေ-မာစတာတို့ကို
ကြောက်လို့ထွက်ပြေးပြီ-မနက်ဖြန်
သူ့ကြက်တွေဖမ်းပြီးလာပေးမယ်
ရှီး...ဒီသဘဲလိုချင်တယ်-ငါတို့
မနက်အစောကြီးသွားရမယ်
ကြက်ဥလဲများများယူခဲ့နော်
ဟုတ်ကဲ့-မာစတာ
အားလုံး၁၅ယောက်-
သုံးယောက်ကများလို့-
× × × × × × × × × × × × × × × × ×
အေး-အေး
ကဲ-သားတို့လဲ-xx
မြန်မြန်ပြန်ကြ
မှောင်စပျိုးပြီ။ဝင်းမောင် မင်းမောင် သာဒွန်း
တို့သည် အခြားလူနှစ်ဦးနှင့် ဇရပ်ပျက်ကြီး
တွင် တွေ့ဆုံကြသည်။
မင်းမောင်တို့သုံးဦး ဂျပန်တပ်သို့ ပြန်လာ
ပြီး ဂျပန်ကြီးအား....
ဆာယိုးနာရ
လက်ဆောင်ပေးကာ နှုတ်ဆက်ကြသည်။
ဟော့...မင်းမောင်
မြန်မြန်လာလေကွာ
သူတို့ သုံးဦးသည် ဂျပန်တွေ သိမ်းယူထား
သော လှည်းကြီးအနီးမှဖြတ်ကာ တောလမ်း
ထဲ ဝင်ပြေးကြလေသည်။


ငါတို့ကနွားတွေလွှတ်ခဲ့တယ် မင်းကတော့ဘာမှမလုပ်ဘူး
ဒါ-ဘာလဲ သိလား
အဲဒါ-ဆွဲချွတ်လိုက်ပြီ ဝါးစထိုးထည့်ခဲ့တယ်
မင်းမောင်ကား လှည်းဘီး ဘေးမှ ချွတ်ယူခဲ့သော သံ ချောင်းကို ပြလိုက်သည်။
အရုဏ်တက်သည်နှင့် ဂျပန် စစ်တပ်လည်း ခရီး ထွက်လေပြီ....
နွားများမရှိတော့၍ လှည်းကြီးကို ဆွဲသူကဆွဲ၊ တွန်းသူကတွန်း....
ဒိုင်း...ဒိုင်း ဒေါင်
ဒက်×ဒက်×ဒက်
ရွှီ....ဒိုင်း
ကုန်းဆင်းရောက်လေသော်....
သေနတ်သံများ ရပ်စဲသွားလျှင်....
ဗိုလ်ကြီးတို့တော်လှန်ရေး တပ်သားတွေ-တယ်လက်သံပြောင် ပါလား-ဂျပန်တွေအတုံးအရုံး--
ကျွန်တော်တို့ရဲ့အစွမ်းထက် ဟောဒီ-သားသားတွေရဲ့စွမ်းရည် သတ္တိကိုပိုပြီးချီးကျူးရမယ်ဗျ


ကျော်ကျော်
ဆေးဝါးများလို့
မကြီး ကိုလတ် နှင့် ညီထွေး
ပါဝင်သည် —
ကိုလတ်ရဲ့ ညီထွေး ခေါင်းမူးလိုက်တာ
ဒုက္ခဘဲ ဖေဖေ နဲ့ မေမေ လဲ မရှိ ဘူး ဘယ်လိုလုပ်မလဲ
ဟိုနေ့က ဖေဖေ ခေါင်း မူးတုန်းက သောက်တဲ့ဆေး ကိုလတ်သိတယ် အိမ်ပေါ်တက်ပြီး ဆေးသောက် ရအောင်
လိမ့်ကျမယ် နော် ကိုလတ် သတိထား
ဟဲ့၊ ညီထွေး တော်တော့ ဒုက္ခ ဖြစ်နေဦးမယ်
ကိုလတ်ဆေးကသိပ် ချိုတာဘဲ တခုထပ်ပေးပါဦး
ဟေ့
နောက်နေ့တွင်
ညီထွေးဝမ်းသွားတာ အောက်ချင်ဖြု အစား များလို့ ထင်တယ်
ဟာ! အဲဒီ ဝမ်းနှုတ် ဆေးတွေ ဘဲ
မနေ့က ညီထွေးခေါင်းမူးလို့ ဟိုစင် ပေါ်က ချောကလက် လိုဆေးပြားတွေ ကိုလတ် ယူ ကျွေးတယ်
နောက်ကိုဖေဖေနဲ့မေမေ မပေးဘဲ ဆေးတွေ ယူမစားရဘူးနော် ဆေး ဝါး များယင် သေတတ်တယ်
ဟုတ်ကဲ့ ဖေဖေ

# မြစ်ကြီးနဲ့ရာဇဝင် ၁၃





**ယခင်အပတ်မှ အဆက်**

သရက်ခရိုင်သည် ဝါအထွက် ကောင်း၍ နှမ်း၊ မြေပဲနှင့် ဆေး အသင့်အတင့် ထွက်သည်မှ လွဲလျှင် စိုက်ပျိုးရေး မဖြစ်ထွန်းလှချေ။ သရက်မြို့နှင့် ကမ္မမြို့ အကြားတွင် ဗွက်ကြီးချောင်းနှင့် မင်းတုန်းမြစ်တို့သည် ဧရာဝတီ အတွင်းသို့ စီးဝင်သည်။ ကမ္မမြို့မှ ဆေး အထွက် ကောင်းသည်။ ကမ္မနှင့် စစ္စယန်အကြားရှိ ပဋ္ဌမ မြစ်ကျဉ်း (အလျား ရှစ်မိုင်၊ အကျယ် ကိုက် ၈၈၀)ကို လွန်လျှင် ပြည်မြို့သို့ ရောက်သည်။

ပြည်မြို့သည် ဧရာဝတီနှင့် နဝင်းချောင်းတို့ ဆုံရာ၌ တည်ရှိသည်။ မြို့ပေါ်ရှိ ထင်ရှားကျော်ကြားလှသော ရွှေဆံတော် ဘုရားကုန်းတော်တဝိုက်သည် သာယာလှသည်။ မြို့ အရှေ့ဖက်ရှိ နိဗ္ဗိန္ဒ၊ အင်ကြင်းမြောင် စသော တောများသည်၎င်း၊ မြို့တဖက် ကမ်းရှိ ဖိုးဦးတောင်၊ တန့်တော်မူတောင်တို့မှ စေတီ ပုထိုးများ သည်၎င်း ကြည်နူးဖွယ်ရာဌာန များ ဖြစ်ကြသည်။ ပြည်ခရိုင် သည် ရခိုင်ရိုးမနှင့် ပဲခူးရိုးမတို့ အကြား၌ ရှိ၍ တောင်စွယ် တောင်ကုန်း ပေါများသည်။ ရိုးမ တောင်ခြေ သစ်တောများမှ ကျွန်း၊ ပျဉ်းကတိုးစသော အဖိုးတန်သစ်များ ထုတ်လုပ်ရသည်။ ဆန် စပါး၊ ဝါနှင့် ဆေးတို့လည်း ပြည်ခရိုင်မှထွက်၍ ကြက်တင်းတောင် သြဇာသီးသည် နာမည်ကြီးသည်။

“ပြည်မြို့ကတော့ သမိုင်းနဲ့ ချီပြီးတော့ ထင်ရှားခဲ့တာဘဲ။ ဟို ရှေးပျူခေတ်က သရေခေတ္တရာမြို့ဟောင်းဟာ ပြည်ရဲ့အရှေ့တောင်ဖက် ငါးမိုင်လောက်မှာ ရှိတယ်။ အခုမှော်ဇာလို့ခေါ်တဲ့ နေရာတဝိုက်ပေါ့။ ပျူခေတ်က ဘောဘောကြီး၊ ဘဲဘဲကြီး အစရှိတဲ့ ရှေးစေတီကြီးတွေ အခုထိ ရှိသေးတယ်။ ရန်ကုန်–ပြည် မီးရထားလမ်းဟာ အဲဒီ နေရာကို ဖြတ်သွားတယ်။ ပြည်မြို့ဟာ အထက်အောက်မြန်မာနိုင်ငံနဲ့ ကူးသန်း သွားလာရေး၊ ကုန်သွယ်ရေးတို့အတွက် ခေတ် အဆက်ဆက်မှာ အရေးပါခဲ့တယ်။ ရခိုင်ပြည်ကို လမ်းပေါက်တဲ့ တောင်ကုတ် တောင်ကြား လမ်း ကို ကတ္တရာလမ်း လုပ်နေတာ ပြီးသွားယင် ရခိုင်ပြည်နဲ့ အဆက်အသွယ် ပိုကောင်းမယ်။ ရွှေအဖိုးလဲ ပြည်မြို့တဝိုက်ဟာ ပိုပြီးတော့ ဖွံ့ဖြိုးအုံးမှာဘဲ။ ပြည်မြို့နယ် အတွင်းမှာ အခုတူးနေတဲ့ ရေနံတွင်းတွေဟာ အင်မတန် အလားအလာ ကောင်းတယ်။ နိုင်ငံခြားသား ကုမ္ပဏီကြီးတွေက မြန်မာ့ရေနံလုပ်ငန်းကိုလက်လွှတ်ခဲ့ပေမဲ့ ပြည်သူပိုင် ရေနံလုပ်ငန်းဟာ အောင်မြင်မှာ မဟုတ်ဘူးလို့ ထင်ခဲ့ ကြတယ်။ ဟော အခုတော့ ပြည်သူပိုင်ဖြစ်လာပြီးမှ ကာယ ဉာဏ လုပ်သားကြီးတွေရဲ့ စေတနာနဲ့ ကြိုးစားမှုကြောင့် ပြည်နဲ့မြန်အောင် ရေနံ တွင်းသစ်တွေဟာ အင်မတန် အောင်မြင်နေတယ်။ ကုမ္ပဏီခေတ်က ရေနံအထွက်ဆုတ်ခဲ့တဲ့ ရေနံချောင်းမှာတောင် ရေနံ အထွက် ပြန် ကောင်း လာပြီတဲ့” ဟု ဦးစိုးလွင်က စိတ်ဝင်စားဖွယ် ပြောပြသည်။




အတာတို့သည် ပြည်မြို့၌ ညအိပ်ပြီးနောက် ရန်ကုန်အရောက် ခရီးဆက်ရန် ပြည်-ရန်ကုန် ကားတို့ "တိမ်ပြာ" ကို ပြောင်းစီးကြရသည်။ ပြည်မြို့အောက်ဖက် ကိုးမိုင်ခန့် အကွာရှိ ရွှေတောင်မြို့သို့ ရောက်လျှင် အဖွဲ့ဝင်တဦးက "မြန်မာ့ လွတ်လပ်ရေး ခေတ်တုန်းက ရွှေတောင်မှာ ပြင်းပြင်း ထန်ထန် တိုက်ပွဲတခု ဖြစ်ခဲ့တယ်နော် ဆရာ" ဟု ဆိုသည်။ ဦးစိုးလွင်က "အေးကွဲ။ ၁၉၄၂ ခုနှစ်က ဂျပန်တပ်တွေနဲ့ မြန်မာ့လွတ်လပ်ရေး တပ်တွေ မြန်မာနိုင်ငံ အောက်ပိုင်းကို ဝင်လာတော့ ရန်ကုန်က ဗြိတိသျှတပ်တွေဟာ ပြည်ကနေပြီးတော့ ခံဖို့လို့ တပ်ဆုတ်လာကြတယ်။ အထက်ဖက်ကို ဆက်ပြီး ချီတက်လာတဲ့ ဂျပန်နဲ့ မြန်မာ့တပ်မတော် စစ်ကြောင်းတကြောင်းနဲ့ ဗြိတိသျှတပ်တွေဟာ ရွှေတောင်မှာ ဆုံမိပြီးတော့ တိုက်ပွဲဖြစ်ကြတယ်။ နှစ်ဖက် စလုံးတော့ အထိနာတယ်။ ဒါပေမဲ့ ဗြိတိသျှတပ်တွေဟာ ကစင့်ကလျား ဆုတ်ပြေးရတယ်။ ပိုးထည်ချည်ထည် ရက်ကန်းလုပ်ငန်းနဲ့ အေးအေးချမ်းချမ်း ရှိခဲ့တဲ့ ရွှေတောင်မြို့ဟာ အဲဒီတုန်းက မီးဟုန်းဟုန်း တောက်ခဲ့ရတယ်" ဟု ပြောပြလေသည်။

ပြည်မြို့အောက်ဖက် မိုင် ၃၀ ခန့် အကွာရှိ ထုံးဘိုမြို့အနီးတွင် မြစ်ကမ်းပါးအရောက် ထိုးထွက်နေသော အကောက်တောင်၏ တောင်စောင်း၌ ဘုရားပုံတော် အမျိုးမျိုး ထုထွင်းထားသည်ကို အတာတို့ သင်္ဘောပေါ်မှ မြင်တွေ့ကြရသည်။ ယခင်က ပိုးထည်များ ထွက်ခဲ့ဘူးသော ကြခင်းမြို့ကို လွန်ခဲ့ပြီးနောက် မြန်အောင်မြို့ကို ချဉ်းကပ်လာသည်။

"ပခုက္ကူမှာတုန်းက အထက် ရေဝတီအကြောင်းပြောခဲ့ပြီ။ အောက် ရေဝတီ အကြောင်းကို ပြောရယင် အဲဒီအပိုင်းဟာ အထက် ရေဝတီ ဖြစ်ပေါ်ပြီးတဲ့နောက် ဒုတိယ ဖြစ်ပေါ်တဲ့ အပိုင်းဘဲ။ ပခုက္ကူ အထက်နားကစပြီး မြန်အောင်နားမှာ ဆုံးတယ်။ မိုင် ၂၇၀ လောက်ရှိမယ်။ ဆရာတို့ရဲ့ ခရီးစဉ်ဟာ အောက်ရေဝတီ အဆုံးကို ရောက်ပြီ။ ဆရာတို့ ခရီးပေါက်ခဲ့တာကတော့ မိုင် ၆၀၀ ကျော်လောက် ရှိသွားပြီ။"

"မြန်အောင်ဟာ မူလက မွန်မြို့လို့ဆိုတယ်။ ဂူထွတ်လို့လဲခေါ်တယ်။ လွန်ဆေးလို့လဲခေါ်တယ်။ ဟံသာဝတီ မွန်ဘုရင် ရာဇာဓိရာဇ်လက်ထက်က အင်းဝကို တက်တိုက်တဲ့အခါ ဂူထွတ်မှာ မြန်မာနဲ့ မွန် ရေကြောင်း တိုက်ပွဲတွေ ဖြစ်ခဲ့တယ်။ အလောင်းမင်းတရားကြီး ဟံသာဝတီကိုဆင်းပြီး လုပ်ကြံတဲ့ခေတ်မှာ ဂူထွတ်ကို မြန်အောင်လို့ နာမည်ပြောင်းခဲ့တယ်" ဟုပြောရင်း မြန်အောင်ကမ်းပါးရှိ ရေနံတူးစင်ကြီးများကို ညွှန်ပြကာ "အခု မြန်အောင်ကတော့ အင်မတန်အောင်မြင်တဲ့ ရေနံတွင်းတွေနဲ့ စည်ကားနေတဲ့ ရေနံမြေ ဖြစ်နေပြီ" ဟု ဦးစိုးလွင်က အားရပါးရ ပြောလိုက်လေသည်။

(ဆက်ရန်)



# ကျုံကမ္ဘာ့မြေ

ကမ္ဘာဖြစ်ပေါ်လာပုံကို ရှေးလူတို့အမျိုးမျိုး ကြံဆ ခဲ့ကြသည်။



ရှေး ကလဒီယန် လူမျိုးတို့က ကမ္ဘာသည် သမုဒ္ဒရာမှ ပေါ် ပေါက် သော နံရံများအတွင်းတွင် ကုပ်ဓနေသော မိုးကောင်းကင်ကို မျက်နှာကြက်အမိုးပြုလျက် တည်ရှိသည်ဟု ယုံကြည်ကြသည်။


ရှေး အီဂျစ်လူမျိုးတို့ ကမူ ကမ္ဘာကြီးကို ဆင်ကြီး လေးကောင်က ထမ်းထားပြီး ထိုဆင်များသည် သမုဒ္ဒရာ ရေပြင်တွင် ကူးခတ်လျက် ရှိသည့် ကမ္ဘာလိပ်ကြီး ကျောက်ကုန်း ထက်၌ ရပ်တည်လျက် ရှိသည်ဟု ယုံကြည်ကြသည်။





ရှေး ဂရိလူမျိုးတို့က မူကား ကမ္ဘာမှာ သမုဒ္ဒရာဝိုင်းရံထားသည့် မြေအပြင်ကြီး သာလျှင် ဖြစ်သည်ဟု ယုံကြည်ကြသည်။

# မျက်မှောက် သိပ္ပံပညာ ထွန်းကားလာသော ခေတ်တွင်မှ ကမ္ဘာမြေ ဖြစ်ပေါ်ပုံအကြောင်းကို သိရှိကြပြီ။



ကျွန်ုပ်တို့၏ ကမ္ဘာသည် အာကာသ ဟင်းလင်းပြင်အတွင်း၊ တောင်နှင့်မြောက် တန်းနေသော ဝင်ရိုးပေါ်တွင် အနောက်မှ အရှေ့သို့ လည်နေသော အလုံးကြီးဖြစ်သည်။

ကမ္ဘာလုံးတွင် အထပ်ကြီး ခြောက်ထပ် ပါဝင်သည်။

အတွင်းအကျဆုံး မဟာပိုင်းသည် အချင်းမိုင် ၄၀၀၀ ရှိသည်။ အလွန် ပူပြင်းသည်။ ရှိသမျှအရာအားလုံး အရည်အနေ တည်ရှိသည်။

ဒုတိယ အထပ်သည် မိုင် ၂၀၀၀ ထူ၍ နစ်ကယ်နှင့် သံသတ္တုများ ပါရှိသည့် သတ္တုရည်ထု ဖြစ်သည်။


တတိယ အထပ်သည် ၂၅ မိုင်မှ မိုင် ၃၀ လောက် ထုသည်။ တွင်းထွက်ပစ္စည်းများ တည်ရာ အထပ်ဖြစ်၍ သတ္တုရိုင်းထုဟု ခေါ်သည်။

စတုတ္ထ အထပ်သည် မြေထုဖြစ်၍ မိုင် ၁၅၀ မှ ၂၀၀ အထိ ထုသည်။

အရောင်ဖျော့၍ အလေးချိန်ပေါ့သော သတ္တုနှင့် အရောင်ရင့်ပြီး လေးသော သတ္တုများရှိသည်။

မြေထုအပေါ်ဖက်တွင် သမုဒ္ဒရာ ပင်လယ် မြစ် ချောင်းတို့ တည်ရာ ရေထုအထပ်ရှိ၍ နှစ်မိုင်ခွဲထုသည်။

နောက်ဆုံးအထပ်သည် မိုင် ၂၀၀ ခန့်ထုသည့်ဓာတ်ငွေ့များပါဝင်သည့် လေထုဖြစ်သည်။





ရေတပေါက်
သရုပ်ဖော်
ရေ…ရေ…
ရေဆာလိုက်တာ
ရေ…
အလွန် ပူအိုက်သော နေ့တနေ့တွင် မျောက်ညိုကလေးသည် ရေဆာလွန်းသဖြင့် အခက်တွေ့နေသည်။
ရေရှာထွက်လာစဉ်–ရေတခကောင်းတလုံးကို မမျှော်လင့်ပဲ တွေ့လေသည်။
ဟာ မျှားပါလိမ့်…
ရေတကောင်းတလုံး
နဲ့တူတယ်
အထဲမှာ
ရေရှိတယ်
ထင်တာဘဲ
ရေ…ရေ…
အောက်ခြေမှာ
ရေရှိတယ်
ရေသောက်ရအောင် အဘယ်ပုံကြံရမည်ကို စဉ်းစား၏။


မျောက်သွားအောင် တွန်းမှဘဲ... ဒါမှ ရေတွေ ထွက်လာမှာ
မလှုပ်နဲ့
မင်းကိုယ်မင်း ဘာလုပ်နေ တယ်ဆိုတာစဉ်းစားမိရဲ့လား... ဒါ..ဒီအောက်မှာနေတာကွ... အိပ်မလို့လုပ်နေတာ
ဒီအထဲကရေသောက် ချင်လို့ပါကွာ
မင်း...စဉ်းစားဖို့ကောင်းတယ်.. ဒီမြေကြီးကိုကြည့်စမ်း... မင်း တစက်မှ မသောက်ရခင် မြေကြီး က အားလုံး မျိုသွား မှာ ကွ သိလား
ဘယ်သူလဲကွ...ဟေ
ငါက...မျောက်သားစားတဲ့ လင်းယုန်ကွ...မင်းက ဘယ်သူလဲ
တယ်ဟုတ်ပါလား ငါကလဲလင်းယုန် စားတဲ့မျောက်ကွ... မင်းကိုသိပ်တွေ့ ချင်တာပေါ့
ဟေး...မင်း..လမ်းမှာ ရေလေး ဘာလေး မတွေ့ခဲ့ဘူးလားကွ
အား...ငါကအမြင့်က ပျံတဲ့ကောင်ဆိုတော့တွေ့ တာပေါ့...ကျွဲတကောင် လှဲနေတဲ့သရက်ပင်နား က အိုင်ထဲမှာရေတွေရှိ တယ်ကွ



လင်းယုန်ကြီး ညွှန်ရာသို့ ထွက်လာခဲ့ရာ
ဟာ...ရေတွေကျွံ့ရေ တွေပါလား...ငါသောက်လို့ ဘယ်ဖြစ်မလဲ
ကျွဲကြီးက ထပေးလိုက်သောအခါ ရေမျက်နှာပြင် နိမ့်ဆင်းသွားလေသည်
မင်းရေသောက်ချင်သို့လား...လာလာ..မင်းကိုရေ ရှိတဲ့နေရာလိုက် ပြပေးမယ်
ဒီမှာ...ဒီမှာ..ဒိုင်ထဲ မှာခကာပြန်ထိုင် ပြပါလား
ကျေးဇူးတင်ပါတယ်... ဦးကျွဲကြီးခင်ဗျာ..ခုလိုကူညီ တာကျေးဇူးတင်ပါတယ်
ကျွဲပြန်ထိုင်လိုက်သော် ရေမြင့်တက်လာ၏။
ရေတကောင်းထဲသို့ ထည့်ရန် ကျောက်ခဲများကို သယ်ယူလာပြီးသော် -
ကျောက်ခဲများကို တလုံးချင်း ထည့်၏။
ဗလုံ
အောက်ခြေမှ ရေသည် တဖြည်းဖြည်း မြင့်တက်လာသည်။
ဖြတ်ထိုးဉာဏ် ကောင်းသော မျောက်ညို ကလေးသည် ရေတကောင်းထဲမှ ရေအေးကို တဝကြီး သောက်နိုင် သွား လေ တော့သည်။
ဟဲ...ဟဲ.. ရေနဲ့သွားယင် ကျောက်တုံးတွေ ထပ်ထဲ့ရမယ်




ဘော်လီဘော ကစားခြင်းသည် သင်းဖွဲ့ ကစားရသောပွဲဖြစ်သည်။ ထို့ကြောင့် တဦးချင်း စွမ်းဆောင်မှုထက် အများနှင့် အပေးအယူပြု၍ ကစားရန် အရေး ကြီးသည်။ ဤ ကစားနည်းသည် ငွေကုန် ကြေးကျလည်း သက်သာသည်။


၁၈၉၅ ခုနှစ်တွင် အမေရိကန်ပြည်မှ ဝီလျံမော်ဂန် ဆိုသူက ဘော်လီဘော ကစားနည်းကို စတင် တီထွင်ခဲ့သည်။ အိုလံပစ်ပြိုင်ပွဲတွင်မူ ၁၉၆၄ ခုနှစ်တွင်မှ စတင်ထည့်သွင်းခဲ့သည်။

ဘော်လီဘော ကစားနည်းတွင် အပေးအယူ၊ အရိုက်၊ အပိတ်၊ စပေး ဟူ၍ အခြေခံ လေးမျိုး ရှိသည်။ ထို လေး မျိုး ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် ကိုယ်အနေအထားနှင့်တကွ ခြေထောက် လှုပ်ရှားမှု၊ ခုန်ပျံနိုင်မှု၊ လဲလျောင်းမှု အနေ အထား များကို မှန် ကန် အောင် လေ့ကျင့်ပေးရသည်။

ဘော်လီဘော ကစားရာ၌ လက် ဖဝါး ဖြင့် ဘော လုံး ကို မပုတ်ရဘဲ လက် ချောင်း များ နှင့် လက်ကောက်ဝတ် များကို အသုံးပြု၍ ဘောလုံးကို တွန်းထုတ်ရသည်။

စပေး ဘောလုံး များသည် အလွန် အရေး ကြီး၏။ စ ပေး ခြင်းသည် တဖက် အသင်းပေါ် တိုက်စစ် ဆင်နည်း တမျိုးပင် ဖြစ်သည်။ ထိုနည်းတူ တဖက်မှ တိုက်ခိုက်ချက်ကို ပိတ်ဆို့တားဆီးခြင်းသည်လည်း အရေးကြီးသည်။

ပြီးခဲ့သည့် မက္ကဆီကို ကမ္ဘာ့ အိုလံပစ်တွင် ရုရှားက အမျိုးသား အမျိုးသမီးဘော်လီဘော ပြိုင်ပွဲ နှစ်မျိုးလုံးတွင် ဗိုလ်ဆွဲခဲ့လေသည်။ ။



ဝါ၊ နီ၊ ပြာ ဆေးရောင်များဖြင့် အရောင်ခြယ်ပါ။



# ဝတုတ်

ကွန်းဇော်
ရေးသည်

ကစားဝိုင်းသို့ မောင်သွင်တယောက်သာ အလျင်ရောက်နေ၏။ မောင်သွင်သည် အဆင်သင့်ကစားနိုင်ရန် အတွက် မြေကြီးပေါ်တွင် တုတ်တံတချောင်းကို စိုက်ထား၏။ လူစုံလျှင် မောင်သွင်တို့ သားရေကွင်း ပစ်တမ်းကစားကြမည် ဖြစ်သည်။

မောင်သွင်သည် သားရေကွင်းပစ်ရာ၌ လက်အတည့်ဆုံးဖြစ်သည်။ သူသာ အမြဲနိုင်သည်ချည်း ဖြစ် သည်။ သို့ သော် ဝတုတ် ကိုတော့ မောင်သွင် မကျေနပ်ပေ။ ဝတုတ်သည် အမြဲတမ်း အနိုင်ကျင့်တတ်၏။ သူရှုံးလျှင် ဝိုင်းထဲက သားရေကွင်းများကို ပြန်လု တတ်၏။ ထိုကဲ့သို့ ဝတုတ် ဗိုလ်ကျနေခြင်းကို မောင်သွင် မကျေနပ်သော်လည်း ပြန်မပြောရဲပေ။ ဝတုတ်သည် မောင်သွင်ထက် အသက်ကြီးသည်။ ဗလလည်း ကြီး၏။

မကြာမီ တွင် ကစား ဖော်ကစားဖက်များ ရောက်လာကြသည်။ မကစားမီ မောင်သွင်က အကြံတခုကို ပြောပြသည်။

"ဝတုတ်ဟာ ဒို့အပေါ် အမြဲဗိုလ်ကျ တယ်။ ဒီတခါ သားရေကွင်း လုပြေးယင် ဒို့ဝိုင်းထိုးကြမယ်ကွာ"

ထို အကြံ ကို အား လုံးက ထောက်ခံကြသည်။

"ဟုတ်တယ်၊ ဒို့ငုံပြီး ခံနေယင် ဒီကောင် ပိုပြီး ဗိုလ်ကျလာမယ်။ ဒီတခါတော့ ဝိုင်းချကြ" ဟု စံရီက ပြောသည်။

"အေး၊ ဆော်သာ ဆော်၊ ဒါမှ မှတ်သွားမှာ"

"ဒို့ အားလုံး ညီညီ ညွတ်ညွတ်နဲ့ ပြန်ချ လိုက်ယင် ဒီကောင် လန့်သွားမှာဘဲ" ဟုတင်ဖေနှင့် ဇော်ဝင်းတို့ ကလည်း ထောက်ခံကြပြန်သည်။

ထို့နောက် မောင်သွင်တို့ လူစုသည် သားရေကွင်း စပစ်ကြတော့သည်။

သုံးလှည့်မြောက်တွင်

"ဝတုတ်လာနေပြီ" ဟု ဖိုးမြက ပြောသည်။ ဝတုတ်သည် ရောက်လျှင် ရောက်ချင်း

"ငါလဲ ပါမယ် ဟေ့" ဟု ပြောကာ ဝင်ကစားလေသည်။ ဝတုတ် တွင် သား ရေ ကွင်း ခြောက်ကွင်းသာ ပါလာသည်။ သုံးလှည့် ကစားပြီးသော အခါ ဝတုတ်တွင် သားရေကွင်း မရှိတော့ချေ။ ထိုအခါ ဝတုတ်သည် လိုက်ချေးငေလသည်။ ဝတုတ်ကို မည်သူမျှ မချေးကြပေ။

"မရှိယင် မကစားနဲ့ပေါ့ကွ" ဟု ဖိုးမြက ခပ်ဆတ်ဆတ် ပြောသည်။

"ဟေ့ကောင် ဖိုးမြ၊ ဘာ ဘု စကား ပြော တာလဲ" ဟု ဝတုတ်က ပြန်ပြောသည်။

"ငါ ဘုစကား ပြောတာ မဟုတ်ဘူး။ မင်း ဒီလိုချည်း အမြဲလုပ်လို့ ပြောတာကွ"

ဝတုတ်သည် ဘာမျှ ပြန်မပြော တော့ပဲ ဖိုးမြကို မိုက်ကြည့် ကြည့်နေ၏။

"ကစားဝိုင်း သိမ်းလိုက်ကြကွာ"

အား လုံး ကစား ဝိုင်းကို သိမ်းလိုက် ကြသည်။ ထိုအခါ ဝ တုတ် က "ငါ့ သား ရေ ကွင်း တွေပြန်ပေး" ဟု ဆိုကာ မောင်

သွင့် လက်ထဲရှိ သား ရေ ကွင်း များကို လုယူလိုက်လေသည်။

"မင်း ဒီလို မလုပ်နဲ့" ဟု မောင်သွင်က ပြောလိုက်သည်။

"မိုက်လို့ လုပ်တယ်ကွာ" ဟု ဝတုတ်က ပြန်ပြောသည်။

"ဒီလောက် ဗိုလ်ကျတဲ့ အကောင် ဝိုင်းချကွာ" ဟု ကြည်ဇော် က ပြော လိုက် သ ဖြင့် ဝတုတ်ကို ဝိုင်းထိုးကြလေသည်။

"ဟေ့ကလေးတွေ တော်ကြ တော်ကြ" ဟု လူကြီး တယောက်က ပြောလိုက် သဖြင့် ရန်ပွဲ ပြီးသွားလေသည်။

"မင်းတို့က ဘာဖြစ်လို့ ဝိုင်းထိုးရတာလဲ" ဟုလူကြီးက မေးသောအခါ အားလုံးက ဝတုတ် ဗိုလ်ကျပုံကို ပြောပြကြသည်။ လူကြီးလည်း ဝတုတ်ကို ဆွဲထူလိုက်ပြီး ဆုံးမလေသည်။

"မင်းဟာ လူမိုက်ကလေးဘဲ။ သူတို့အထဲမှာ မင်းအကြီးဆုံး။ မင်းအမိုက်ဆုံး။ မင်း စဉ်းစားကြည့်စမ်း။ မင်းကို မတရားတာ လုပ်ယင် မင်း ခံနိုင်ပါ့မလား။ မတရားတာ လုပ်ယင် ဘယ်သူမှ မခံဘူးဆိုတာ မင်းမှတ်ထား။ ဒါဟာ မင်းအတွက် သင်ခန်းစာဘဲ။ နောက်ကို ဗိုလ်ကျချင်တဲ့ စိတ်မျိုး မမွေးနဲ့၊ ကြားလား"

"ဟုတ်ကဲ့" ဝတုတ်က တရိုတသေ ဖြေ၏။

"မင်း တို့ အား လုံး ကို လဲ ပြောရအုံးမယ်။ အရှုံးအမြတ် အတွက် လောင်းကစားကြယင် ရန်ဖြစ်တတ်တာချည်းဘဲ။ သားရေကွင်းပစ်တာဟာ လောင်းကစားခြင်းဘဲ။ အကျင့်စာရိတ္တကို ပျက်ပြားစေတတ်တယ်။ ဒီထက်ကောင်းတဲ့ ဘောလုံးတို့၊ ခြင်းလုံးတို့ ကစားကြပါလား။ ကြွခိုင်မှု၊ ကျန်းမာမှုနဲ့လဲ ပြည့်စုံတယ်။ တကယ် ကြိုးစားယင် တိုင်းပြည်က ချီးမြှင့် မြှောက်စားမှုကို ခံယူရတဲ့ အားကစားလူရည်ချွန်တွေဖြစ်လာမှာ သေချာတယ်။ သားရေကွင်း ပစ်လို့တော့ ဘယ်သူကမှ ချီးမြှင့်မှာ မဟုတ်ဘူး။ ငါ့စကားကို မင်းတို့ နားထောင်ကြ မလား" ဟု လူကြီးကမေးသဖြင့် အားလုံးက နားထောင်မည် ဖြစ်ကြောင်း ပြန်ပြောကြလေသည်။

ထိုလူကြီး ထွက်သွားသောအခါ သူတို့ စဉ်းစားနေကြသည်။

"ဟို ဦးလေးပြောတာ သိပ်ကောင်းတယ်။ ဒို့အားလုံး လိုက်နာကြဖို့ သင့်တယ်" ဟု မောင်သွင်က ပြောသည်။

"အေး" ဟု အား လုံး က ပြောသည်။ ထိုအခါ ဝတုတ်က

"အေး ဟုတ်တယ်။ ဟို ဦးလေးပြောတာ အမှန်တွေဘဲ။ ငါလဲ နောက်ကို ဗိုလ်မကျတော့ဘူး ကွာ" ဟု ဝင် ပြော လိုက်သည်။

ဝ တုတ် ၏ စ ကား ကြောင့် အားလုံး ဝမ်းသာ နေကြလေသတည်း။ ။

ကွန်းဇော်

## ကျွန်းရွှေဝါ

မုတ်သုန်တခွင်
ပေါ်များအင်
ကျွန်းပင်ငါ မင်းမူသတည်း။

ပဲခူးတထိုး
ရခိုင်ရိုးရွှေ
တကျွေမုတ္တမ
ငါပိုင်သသည်
ဘယ်က ဘယ်သူ ဝံ့အံ့နည်း။

မြစ်ကြီးနားနှင့်
ချင်းများ ပြည်နယ်
ငါ ခြယ်လှယ်သည်
ဘယ်သူ ငါ့နှယ် ထူးသနည်း။

ကျောင်းကန် တဆောင်း
ရေကြောင်းအသုံး
အဆုံးအိမ်ပိုင်
ငါချုပ်ကိုင်သည်
ကုလားထိုင် စားပွဲမကျန်တည်း။

ကမ္ဘာအသိ
စာအရှိမို့
တိုင်းပြည့်ဝင်ငွေ
ငါပင်ထေသည်
ငါလေ မထူးခြားဘူးလား။

မုတ်သုန်တခွင်
ပေါ်များအင်
ကျွန်းပင်ငါ မင်းမူသတည်း။ ။

သင်းမြန့်



R. 517

# လှေ



လှေသည် ရေတွင် ကူးသန်းသွားလာရသော ယာဉ်တမျိုး ဖြစ်သည်။ လှေတွင်လည်း တက်ဖြင့်လှော်၍ သွားလာရသော လှေ၊ ရွက်တိုက်၍သွားလာရသောလှေနှင့် စက်ဖြင့် ခုတ်မောင်း သွားလာသောလှေ ဟူ၍ အမျိုးမျိုး ရှိပေသည်။ ရှေးခေတ်ကစ၍ ယခုတိုင်အောင် မြန်မာတို့သည် လှေကြီးများတွင် ကုန်တင်ပြီး မြစ်ကြောင်းနှင့် ပင်လယ်ကမ်းခြေတလျှောက်တွင် အစုန်အဆန် သွားလာ ကူးသန်းရောင်းဝယ်ကြသည်။ လှေများတွင် ပိန်းကော၊ လှော်ကား၊ သမ္ပန်၊ သင်္ဘောဒါန်း၊ ကတ္တူ၊ ရဲ တံ ခွန် စသည်အားဖြင့် ပုံသဏ္ဌာန် အမျိုးမျိုး၊ အမည်အမျိုးမျိုး ရှိကြပေသည်။

မြန်မာနိုင်ငံ အရပ်ရပ်၌ အခါအားလျော်စွာ လှေပြိုင်ပွဲများ ကျင်းပလေ့ ရှိကြပေသည်။ ပြိုင်လှေများအဖြစ် တက်လှော်လှေနှင့် ရွက်တိုက်လှေ နှစ်မျိုးစလုံးကိုပင် အသုံးပြုနိုင်ပေသည်။ ရှေးမြန်မာဘုရင်များလက်ထက်က ရေကြောင်းမှ စစ်တိုက်ရာတွင် လှေတပ်များ ဖွဲ့စည်း၍ တိုက်ခိုက်ခဲ့ကြပေသည်။ ။



ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ပညာတူသည်

ရေးသူ-မြေရိုင်း ပန်းချီ-ဦးဘကြည်



ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၁၄၊ ၅-၄-၆၉





ဦးတဟန်သည် အလွန် ကျော်ကြားသော ဖန်ထည် ပညာရှင်တဦး ဖြစ်သည်။ သူ့ကို တု၍ မည်သူမျှ မလုပ်နိုင်ကြပေ။ သူသည် ခေတ်ပစ္စည်း ရောစပ်နည်းကို လျှို့ဝှက်ထားပေသည်။





လက်ရာ ကောင်းလှ၍ နိုင်ငံခြားသားများပင်လျှင် လာရောက် ဝယ်ယူပြီး ဦးတဟန်အား ချီးကျူး အားပေးစကား ပြောကြား သွားကြလေသည်။


မဆိုးဘူး၊ ငါ့သားက စိတ်ကူးရှိသားဘဲ
ဖေဖေ့ လိုပေါ့
ဟဲ ဟဲ
သူ၏ သားသည် ဝါသနာ အလျောက် သူ့အား ပိုင်းဝန်း လုပ်ကိုင် ပေး၏။ ဦးဘဟန်လည်း သားကို အလွန် သဘောကျပြီး တနေ့ကျလျှင် သူ့ပညာကို အကြွင်းမဲ့ ပေးခဲ့ရန် ရည်ရွယ်ပြီးသား ဖြစ်၏။
တခါသော်......
ဟင့် အင် ဒါတွေ မှန်းလဲ သိဘူး
ဖခင်၏ စာပွဲ အံဆွဲထဲမှ စာအုပ်တအုပ်တွေ့ရှိ၍ ကောက်ဖတ် ကြည့်ရာ
ဒါတွေဟာ ဖန်ချက်တဲ့ လုပ်ငန်းမှာ သုံးများထက်သာ တဲ့ လျှို့ဝှက် ချက် တွေဘဲ ။ လူ တွေ မသိအောင် ရေးထားတာ ။ တနေ့ကျမှ သားကို အကုန် ပြောပြ မယ်.....
နားမလည်နိုင်သဖြင့် ဖခင်အား သွားမေးသောအခါ ဖခင်က ပြောပြလေသည်။
.....မေမေဟာ ဖန်ချက်ရာမှာ ခါတ်ပစ္စည်း ရောစပ်တာကို စမ်းသပ်ရင်း တနေ့ကျတော့ ထူးဆန်းတဲ့ နည်း တခုကို သွားတွေ့တယ် ။ ဒါကြောင့် ဖေဖေ့ဖန်ထည်တွေဟာ - သူများ ဖန်ထည်တွေ ထက် သာတာပေါ့.------



.... ဒါကြောင့် ဖေဖေဟာ တံခါး သော့ခတ်ပြီး ....
.... ဒီလို လျှို့ဝှက်ထားတဲ့ နည်းအရ ဓာတ်ပစ္စည်းတွေကို တယောက်ထဲ ရောစပ်ပြီးမှ ....
.... အလုပ်သမားတွေကို ဆက်လက် လုပ်စေတာ သား-တွေ့မှာပေါ့။
ရက် အတော် ကြာသော အခါ သားက ဖခင်ကို ပူဆာပြန်၏။
တနေ့ကျတော့ ....
ဦးဘဟန်သည် အလုပ် လုပ်နေရင်း မတ်တတ်မှ မူးမိုက် လဲကျ သွားပြီး အိပ်ရာထဲလဲနေရာဆရာ ဝန်နှင့် ကုသ နေရလေ သည်။


ဖေဖေတော့ မသက်သာဘူး ကွယ်၊ ဒီတော့ သား ကို လျှို့ဝှက်ချက်တွေ ပြောပြမယ် — စာအုပ်ယူခဲ့ ၊ မျက်မှန် လဲယူခဲ့ ။ သေသေချာချာ နားထောင်ပြီး မှတ်သား ထား ပေတော့
ဟုတ်ကဲ့ ဖေဖေ
ဦးတဟန်သည် မကြာမီ ပြန်လည် ကျန်းမာ လာလိမ့်မည်ဟု ထင်သော်လည်း ရောဂါ ပိုဆိုး လာသည့်အတွက် သားအားခေါ်ယူ၍ လျှို့ဝှက်စာ ပြောပြလိုသဖြင့်....
စာအုပ်ကို ပြပြီး အဓိပ္ပာယ်ပြန်ရန် ကြိုးစား ရာ မှတ်ဉာဏ်မှာ မကြည်လင်တော့တဲ လုံးဝ ပင် မမှတ်မိတော့ချေ။
ဪ - ဖေဖေ - စောစောကသာ ပြောပြထားမယ်ဆို ဘယ်လောက် ကောင်းမလဲ
ထို့ဖြင့် ဦးတဟန်သည် များမကြာမီ သေဆုံး သွားရကား-သားမောင်မှာ လျှို့ဝှက် ချက် မရလိုက်တဲ ရှိသမျှလေး တွေသာ ရောင်း ချ စားသောက်၍ နေရလေတော့၏။
နောက် ဆုံး၌ ရောင်း ချ စရာများ ကုန်လေသော် သားငယ်သည် ဖခင်၏ လျှို့ဝှက် စာအုပ်ကို လိုက် ရောင်းရာ ဝယ်မည့်သူပင် မရှိတဲ ဖြစ်ရရှာလေသည်။
ဟာ - မင်းစာအုပ် ဘာလုပ်ရမှာလဲ — မဝယ်ဘူး — အလကား ပေး တောင် မယူ ဘူး
မင်းအဖေ ဖိုက်ထို ပညာတွေ အလကား ဖြစ်ရ ကြီး
အတတ်ပညာဟူသည် မလျှို့ဝှက်အပ်ပေ


လိပ်ပြာဘဝစက်ကြီး
လိပ်ပြာဥများ
ဥမှအကောင်ပေါက်လာပုံ
ဟောက်ဖတ်ငယ်
ဟောက်ဖတ်ကြီး
ပိုးအိမ်စတင်လုပ်ပုံ
ပိုးတုံးလုံးဘဝ
လိပ်ပြာထွက်လာပုံ
အင်္ဂါစုံလိပ်ပြာဖြစ်ပြီ

# မြစ်ကြီးဧရာဝတီ ၁၄




<u>ယခင်အပတ်မှအဆက်</u>

"တိမ်ပြာ"သည်မြန်အောင်မှ ထွက်ခဲ့၍ မြစ်ဝကျွန်းပေါ်ဒေသ၏ အရှောင်းအဝယ် အစည်ကားဆုံး မြို့ကြီး ဖြစ်သော ဟင်္သာတသို့ရောက်လျှင် ညအိပ်သည်။ ဟင်္သာတမြို့တွင် ကမ်းအပြိုကြမ်းသဖြင့် မြို့၏ သုံးပုံနှစ်ပုံခန့် ရေထဲ ပါသွားခဲ့သည်။ ဟင်္သာတ အထက်နားမှ စ၍ ညောင်တုန်းနှင့် မအူပင်မြို့နယ်များအထိ မြေနိမ့်ပိုင်း ဖြစ်ရာ မိုးအခါ ရေတိုးလျှင် ရေလွှမ်းမိုးတတ်သည်။ထို့ကြောင့် ရေဘေးကာကွယ်ရန် မြစ်ကမ်းပါး တလျှောက် ရေကာတာကြီးများ ဆောက်လုပ်ထားရသည်။

နောက်တနေ့ ဟင်္သာတမှ ထွက်လျှင် မနုဖြူသို့ ခေတ္တဆိုက်သည်။ ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲ အတွင်းက စစ်သူကြီး မဟာဗန္ဓုလသည် မနုဖြူကို ခံတပ်မြို့ပြုကာ ဗြိတိသျှတပ်များအား ခုခံရင်း ကျဆုံးခဲ့ပုံနှင့် အင်္ဂလိပ်–မြန်မာ စစ်ပွဲများအကြောင်း ဆရာတပည့်တို့ ဆွေးနွေးလာကြရင်း ငပိုးနေ်ပြာရည်အတွက် ကျော်ကြားသော ညောင်တုန်းသို့ ရောက်ပြီးနောက် ဆန်စပါးနှင့် အင်းလုပ်ငန်း ကြီးကျယ်သော မအူပင်မြို့နယ်အတွင်းသို့ ဝင်လာသည်။ မအူပင်သည် ကရင်အမျိုးသားတို့ အနေများသော နယ်တနယ်ပေတည်း။ မြစ်ဝကျွန်းပေါ်ပိုင်းသို့ ခရီး အတော်ပေါက်လာရာ ကျယ်ပြန့်သော ရိုးပြတ် လယ်ကွင်းများ၊ ဟိန်းနေသော စပါးပုံကြီးများနှင့် စိမ်းညို့ညို့ သစ်ပင် တောအုပ်များကို အတွေ့ရများလာ၍ ကမ်းစပ်တွင် ခြုံနွယ်ပိတ်ပေါင်းများ ထူထပ် လာလည်။

မအူပင်မရောက်မီ ၁၃ မိုင်အလို၊ တံခွန်တိုင်ရွာအထက်နားတွင် အလယ်ဥ ကျွန်းခံလျက် မြစ်ကြောင်း နှစ်မြွာ ကွဲသွားသည်ကို ဦးစိုးလွင်က ညွှန်ပြကာ "အဲဒီနေရာမှာ ဧရာဝတီမြစ်မကြီးက တိုးမြစ် ခွဲထွက်တာဘဲ" ဟု ပြောရင်း မြေပုံကားချပ်ကို ဖြန့်ချကာ ရှင်းလင်း ပြောပြလေသည်။

"မကြာခင် ရောက်တော့မဲ့ မအူပင်မြို့ဟာ တိုးမြစ်ပေါ်မှာ ရှိတယ်။ ဒို့ဟာ ဧရာဝတီပေါ်က နေပြီးတော့ အခု တိုးပေါ်ကို ရောက်လာပြီ။ တိုးမြစ်ဟာ မအူပင်ကိုလွန်တော့ တောင်ဖက်ကို ဆက်စီးသွားတယ်။ သခွတ်ပင်ချောင်းအလွန်မှာ ပင်လယ်ထဲကို စီးဝင်တယ်။ ရန်ကုန်ကို ဒို့ရောက်ဖို့ကတော့ မအူပင်ကို လွန်ယင် တွံတေးတူးမြောင်းထဲ ဝင်ရမယ်။ တွံတေးတူးမြောင်းဟာ တိုးမြစ်နဲ့ ရန်ကုန်မြစ်ကို ဆက်ထားတယ်။ ဒို့ရဲ့ ခရီးအစ ဗန်းမော်နဲ့ ခရီးအဆုံး ရန်ကုန်ဟာ စုစုပေါင်း ၈၇၁ မိုင်ရှိတယ်"

"တိုးမြစ် ခွဲထွက်သွားပြီးတဲ့နောက် ဧရာဝတီ မြစ်မကြီးဟာ တောင်ဖက်ကို ဆက်ဆင်းသွားတယ်။ မော်လမြိုင်ကျွန်းမြို့ အလွန်မှာ ထင်းတောကြီးတွေကို ဖြတ်တော့ ရေဆိုတဲ့ရွာနားမှာ ဗင်္ဂလားအော်ထဲကိုစီးဝင်တယ်။ မြန်အောင်အနားက စခဲ့တဲ့ မြစ်

ဝကျွန်းပေါ်ပိုင်းဟာ ပင်လယ်ကမ်းရိုးတန်း အထိ မိုင် ၁၈၀ လောက် ရှိတယ်။ မြစ်ဝကျွန်းပေါ်ဒေသဟာ ဧရာဝတီရဲ့ တတိယပိုင်း၊ နောက်ဆုံး ဖြစ်ပေါ်တဲ့ အပိုင်းဘဲ။ ဒီအပိုင်းဟာ မြန်မာနိုင်ငံရဲ့ စပါးအထွက်ဆုံး ဒေသဖြစ်တယ်”

“မြစ်ဝကျွန်းပေါ် ရောက်လာတော့ ဧရာဝတီက မြစ်ခွဲတွေ အများကြီး ခွဲထွက်တာကြောင့် မြစ်ဝ ကျွန်းပေါ်ဟာ တြိဂံပုံ ရှိတယ်။ ဟင်္သာတနားမှာ ရခိုင်ရိုးမနဲ့ ပဲခူးရိုးမတို့ဟာ တဖြေးဖြေး နိမ့်လာကြတာ မိုင် ၈၀ လောက်အထိ ကပ်လာပြီးမှ ပြန်ခွါသွားတယ်။ ခွါသွားတဲ့ မြေပြန့် တလျှောက်မှာ မြစ်ခွဲတွေ အများကြီးဖြစ်ပေါ်တယ်။ မြစ်ခွဲတွေက ချောင်းခွဲကလေးတွေ ခွဲထွက်ပြန်ပြီးတော့ တခုနဲ့တခု ဆက်မိရာက မြစ်ချောင်းတွေ ကွန်ချာ ယှက်သန်းနေတယ်”

“မြစ်ခွဲတွေထဲမှာ ပုသိမ်မြစ် (ငဝန်မြစ်) ဟာ အနောက်ဖက် အကျဆုံးနဲ့ အကြီးဆုံးဘဲ။ ပုသိမ် မြစ်ဟာ မြန်အောင် အောက်ဖက် မိုင် ၃၀ လောက်မှာရှိတဲ့ ညောင်ကျိုးရွာမှာ ဧရာဝတီက ခွဲထွက်တယ်။ အရှေ့ဖက်ဆုံး မြစ်ခွဲကတော့ ရန်ကုန်မြစ်ပါဘဲ။ ရန်ကုန်မြစ် အထက်ပိုင်းကို မြစ်မခလို့လဲခေါ်တယ်။ လှိုင်လို့လဲ ခေါ်တယ်။ စင်စစ်တော့ မြစ်မခဟာ ဧရာဝတီက တိုက်ရိုက် ခွဲထွက်တယ်လို့ မဆိုနိုင်ဘူး။ ချောင်းခွဲကြီးငယ်တွေနဲ့ ဆက်နေခြင်းသာ ဖြစ်တယ်။ ဧရာဝတီဟာ ပင်လယ်ထဲကို မြစ်ပေါက်ကိုးခုနဲ့ စီးဝင်တဲ့ အနက် ပုသိမ်နဲ့ ရန်ကုန် မြစ်ပေါက်နှစ်ခုမှာသာ ပင်လယ်ကူး သင်္ဘောတွေ ဝင်ထွက်နိုင်တယ်။ ရန်ကုန်မြစ်ပေါက်ကတော့ နိုင်ငံခြားနဲ့ ပင်လယ်ရေကြောင်း ဆက်ဆံရေးမှာ အရေးပါဆုံးဘဲ။ ပုသိမ်နဲ့ ရန်ကုန်မြစ်ဝဟာ မိုင် ၁၀၀ လောက်ကွာတယ်။ ဧရာဝတီရဲ့ တခြား မြစ်ဝတွေမှာတော့ ပင်လယ် ငါးဖမ်းလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်းတွေ လုပ်ကိုင်တဲ့ ရွာတွေရှိတယ်”

“ဧရာဝတီဟာ ကမ္ဘာမှာ ရေတိုက်စားမှု အများဆုံး မြစ်ကြီးဘဲ။ ရေစီးနဲ့ ပါလာတဲ့နုန်းမြေပို့ချမှုလဲ အင်မတန် များတယ်။ ဒါကြောင့် ဗန်းမော်က ညောင်တန်းအထိ သောင်တွေ မြေနုကျွန်းတွေ များတာပေါ့။ မြင်းခြံတို့ ပခုက္ကူတို့က သင်္ဘောဆိပ်တွေ ရွှေ့ရတာ သောင်တွေကြောင့်ဘဲ။ ပင်လယ်ဝမှာ နုန်းမြေတွေ တဖြေးဖြေး ပို့ချတာ နှစ်အင်မတန်ကြာတော့ မြစ်ဝကျွန်းပေါ် ဖြစ်လာတာပေါ့ကွယ်”

“ဟို နှစ်ပေါင်း ၃၀၀,၀၀၀ ကျော်လောက်က ဧရာဝတီမြစ်ဝဟာ ပြည်မြို့နားမှာ ရှိတယ်။ နှစ်ပေါင်း ၁၂,၀၀၀ ခန့်က အခု မြစ်ဝကျွန်းပေါ်ဒေသနေရာဟာ ရေပြင်ဘဲ ရှိသေးတယ်လို့ ဘူမိဗေဒပညာရှင်တွေက ဆိုတယ်။ တွံတေး၊ မြောင်းမြ၊ ပုသိမ်တို့ကတော့ ဂဝံကျောက်မြေ ကုန်းတန်းတွေမို့ ကျွန်းတွေလို ရေပေါ် နေခဲ့တယ်။ ဒါကြောင့် ပုသိမ်ဟာ ရှေးရှေးခေတ်ကထဲက ပင်လယ်သင်္ဘောဆိပ်အဖြစ်နဲ့ ကျမ်းဂန်တွေမှာ တွေ့ရတာဘဲ”

“ဧရာဝတီကြီးဟာ ဒို့နိုင်ငံရဲ့ ခေတ် အဆက်ဆက်၊ လူနေမှုစနစ် အမျိုးမျိုး၊ အုပ်ချုပ်ရေးစနစ်အဖုံဖုံကို ကြုံခဲ့တယ်။ ခေတ်အမျိုးမျိုးမှာ ဒို့နိုင်ငံရဲ့သွားလာရေး၊ ကုန်စည်သယ်ပို့ရေး၊ စစ်ချီစစ်တက်ရေးအတွက် အသုံးချခဲ့တယ်။ မြစ်ရိုးတလျှောက်မှာရှိတဲ့ လူနေ အိမ်ခြေ အတွက် သုံးဖို့သောက်ဖို့ရေ၊ စိုက်ပျိုးရေးအတွက် သွယ်ယူဖို့ ရေတွေကို ဧရာဝတီနဲ့ မြစ်လက်တက် ကြီးငယ်တွေက ပေးခဲ့တယ်။ ဒါကြောင့် ဧရာဝတီကို ဒို့နိုင်ငံရဲ့ အသက်သွေးကြောကြီးလို့ ခေါ်ရတယ်။ မြစ်ကြောင်း ထိန်းသိမ်းရေး ကို သာ ဂရု တ စိုက် ဆောင်ရွက်သွားယင် ဧရာဝတီကြီးဟာ ဒို့နိုင်ငံအတွက် ရှေ့နှစ်ပေါင်း ရာထောင် သောင်းနဲ့ချီပြီးတော့ ဆက်လက် စီးဆင်းနေပါလိမ့်မယ်။”

ပြီးပါပြီ။

စာပေဗိမာန် ဒေါ်တင်ထွေး

# ဓါတ်ငွေ့



(၅)

ဓာတ်ငွေ့အမျိုးမျိုးရှိသည်။ မြေအောက် သဲနှင့် ကျောက်လွှာများ၌ သဘာဝအလျောက် ဖြစ်ပေါ် ခိုအောင်းလျက်ရှိသော မြေဓာတ်ငွေ့မှာ သဘာဝက ပေးသော လက်ဆောင်ကောင်းတခု ဖြစ်၏။ မြေဓာတ်ငွေ့ကို ထင်းမီး အဖြစ် အသုံးပြုနိုင်သဖြင့် ဓာတ်ငွေ့လောင်စာ ဟုလည်း ခေါ်သည်။ ကျောက်မီးသွေးနှင့် ရေနံတို့မှလည်း ဓာတ်ငွေ့လောင်စာတမျိုးကို ထုတ်ယူရရှိ၍ ယင်းကို မြေဓာတ်ငွေ့နှင့် ရောနှော အသုံးပြုသည်။




(၀)

မြေဓာတ်ငွေ့ကို (၁) နေအိမ် အပူဓာတ်ပေးရာ၌ သုံးသည်။ (၂) ရေခဲ သေတ္တာ စသည်တို့၌ အအေးဓာတ်ပေးရာတွင် သုံးသည်။ (၃) ဓာတ်မြေဩဇာများ ထုတ်လုပ်ရာ၌သုံးသည်။ (၄) ချက်ပြုတ်ရာ၌ သုံးသည်။ (၅) မီးထွန်းရာ၌လည်း သုံးသည်။




(၂)

မြေဓာတ်ငွေ့မှ အပ အခြား လူသုံးဓာတ်ငွေ့များလည်း အမြောက် အမြားပင် ရှိသည်။




(၄)







(၃)


တီလပ်ရည်များတွင် ကာဗွန်
ဒိုင်အောက်ဆိုက် ဓာတ်ငွေ့
ကို အသုံးပြုသည်။
လေယာဉ်ပျံများတွင် လေထက်ပေါ့သော ဟီလီယမ်
ဓာတ်ငွေ့ကို အသုံးပြုသည်။
ဂဟေဆော်ရာတွင် အဆက်
တလင်ဓာတ်ငွေ့ကို အသုံးပြု
သည်။
သွားနုတ်ရာတွင် ထုံဆေး အ
ဖြစ် နိုက် ထ ရပ်အောက်ဆိုက်
ဓာတ်ငွေ့ကို အသုံးပြုသည်။
မြေဓာတ်ငွေ့မှ မင်၊ အလှကုန်၊ ပလပ်စတစ် ပစ္စည်း၊ ရော်
ဘာတု၊ ဓာတ်ဆီ၊ ပေါက်ကွဲစေတတ်သောပစ္စည်း စသည်
များကိုလည်း ထုတ်ယူရရှိသည်။



မိတ်ဆွေကောင်း
ကိုကြွက်ဖိုနဲ့ မယ်ကြွက်ညိုတို့ ပြောင်းလာကြပြီဟေ့ ။ ။ လာလာ ။ ဝိုင်းသယ်ပေးကြရအောင်၊
ဒီနယ်တဝိုက်မှာ အေးအေးချမ်းချမ်းပါဘဲ ။ ။ အဲ ။ တခါတခါတော့ ကြောင်ဆိုးတွေ ထတတ်ပါတယ် ။ ဒါပေမဲ့ ။ ညီညီညွတ်ညွတ်နေကြယင် ။ ကြောက်စရာမလိုပါဘူး ။ ။ ။
ကိုကြွက်ဖိုအစာရှာထွက်ရာမှာ၊ ကျုပ်ကူညီပါမယ် ။ ၊ အစာရှာမရမဲ့နေ့တွေအတွက်လဲ မပူပါနဲ့ ။ ၊ ကျုပ်တို့မှာ မိုးတွင်းစာတွေရှိပါတယ်၊ မျှစားတာပေါ့၊
ဤသို့ဖြင့် ။ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့်နေလာကြလေသည် ။ ၊
တနေ့သော် ။ ။
ကိုဖြူ သိပ်များနေပါတယ်၊ ကိုရင်ကြွက်ရယ် ။
ကိုဖြူများနေတာနဲ့ ။ ငါတယောက်ထဲပင်ပန်းနေရတယ် ။ ။ ငါရှာရတဲ့ အစာ၊ ခွဲပေးနေရတာလဲ- နှစ်ရက်တောင်ရှိသွားပြီ ။


ကြောင်ဆိုးတွေ၊ ရှိတယ်ဆိုတာ၊ သက်သက်ညာတာဘဲ*၊ ဒီနေ့အထိ ဘာမှငါ မတွေ့သေးဘူး*၊ တော်ပြီ** ဒီနေ့က စပြီး၊ အဆက်ဖြတ်တာကောင်းတယ်*
** ထိုနေ့မှစ၍ မယ်ဖြူ အစာလာ တောင်းသည့်အခါတိုင်း*****
ရှူး***တံခါးကိုဖွင့်မပေးနဲ့* ပြန်မထူးနဲ့*တိတ်တိတ်လေးနေ၊
ကျမတို့မိသားစုကို၊ သူတို့ အဆက်ဖြတ်လိုက်ပြီ*၊ သူတို့ ကျောက်စက၊ ပေးရ၊ ကြွေးရလို့၊ ကျမတို့မှာ၊ မိုးတွင်းစာတောင် မရှိတော့ဘူး*၊ ကျမ အစာရှာထွက်မှ ဖြစ်မယ်**၊ ကိုဖြူ စိတ်ချမ်းသာအောင်နေပါ၊ သားက အဖေ့နားမှာ နေပေါ့*
သို့နှင့်* မယ်ဖြူ ကိုယ်တိုင် အစာ ရှာ၊ ထွက်ရ လေ တော့၏*****
ရက်များ မကြာမီ*
မယ်ဖြူရေ** ကျုပ် နေထိုင်ကောင်းပါပြီကွယ်၊ အားလဲပြည့် လာပါပြီ၊ ကျုပ်ဒီနေ့ အစာရှာထွက်တော့ မယ်၊ မင်းလဲ ပင်ပန်းလှပြီ၊ အနားယူချေအုံး၊
ကိုကြွက်သိုပ်ဟာ* ငါနဲ့ ရင်ဆိုင် တိုးတိုင်း၊ ရှောင်ရှောင်သွားတယ် *ငါ့အပေါ်မှာ သူ ဘာများ မကျေ မနပ်ဖြစ်နေလို့ ပါလိမ့်***


တခါသော် ။ ။ ။
ဟာဦး ။ ။ ကြောင်ဝတိုးဆိုတာ၊ ဒါကြီးနဲ့တူတယ် ။ ။ ။ ကိုဖြူပြောတာ မှန်တာပေပါ ။ ။ ဦးလွှာဘဲ ။ ။
အလို ။ ကြောင်ဝတိုးရဲ့အသံပါကလား ။ ၊ ကိုကြွက်ဖိုနဲ့တိုးနေပြီထင်တယ်၊ အမြန်ပြေးစိုးစမ်းအုံးမှ ။
ဟား ဟား ဟား ဟား
ဟား ။ ကိုကြွက်ဖို၊ ချောင်ပိတ်မိနေပြီ ။ ။ ၊ အမြန်ဝင်ကယ်မှ ။ ။
ဟဲ့ကျား ။ ။ ၊ မှတ်ကရော
ကျွန်တော်တို့ခိုင်လွှတ်ပါ ကိုကြီးဖြူရယ် ။ ကျွန်တော်များ မှိုက်မိပါတယ်ခင်ဗျာ ။
ကျုပ်လည်းခိုင်လွှတ်ပါတယ်ဗျာ၊ အခုလို အဖြစ်မှန်ရလာတယ်ဆိုယင်ဘဲ ။ ကျုပ်ဝမ်းသာ၊ ကျေနပ်လှပါပြီ ။ ။ ။







ဘတ်စကက်ဘော ဟူသည်မှာ အင်္ဂလိပ်အမည်ကို မြန်မာလို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ဘတ်စကက်၏ အဓိပ္ပာယ်မှာ ခြင်းတောင်းဖြစ်၍ ဘောမှာ ဘောလုံးဖြစ်၏။ ခြင်းတောင်းထဲသို့ ဘောလုံး ဝင်အောင် ပစ်သွင်း ကစားနည်းဟု ဆိုရပေမည်။

ဘတ်စကက်ဘော ကစားနည်းကို ၁၈၉၁ ခုနှစ်တွင် အမေရိကန်ပြည်သား ဒေါက်တာဂျိမ်း နေစမစ် ဆိုသူက စတင် တီထွင်ခဲ့သည်။ ထိုစဉ်က နံရံပေါ်တွင် ခြင်းတောင်းတလုံးကို ချိတ်ဆွဲထားပြီး ဘောလုံးပစ်သွင်းခြင်းဖြင့် ကစားခဲ့သည်။ ယခုအခါမူ ပိုက်ကို အသုံးပြုလျက်ရှိ၏။

ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲ တွင် ၁၉၃၆ ခုနှစ်မှစတင်၍ ဤကစားနည်းကို ထည့်သွင်း ခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၁၅ – ၁၆ ခုနှစ် လောက်တွင် စတင်၍ ကစားကြသည်။

ဘတ် စ ကက် ဘော ကစားနည်းတွင် ခြေလှမ်း ရွှေပြောင်းခြင်း၊ ဘော လုံး ဖမ်း ခြင်း နှင့် ပေးခြင်း၊ ဘော လုံး ပုတ် ခြင်း၊ ဂိုးသွင်းခြင်း၊ တိုက်ခိုက်ခြင်း၊ ခုခံခြင်းတို့သည် အခြေခံ အချက်များ ဖြစ်သည်။

ဘတ်စကက်ဘော ကစားသမားများသည် လျင် မြန် စွာ ပြေးလွှားခုန်ပေါက်ပြီး ဂိုးသွင်းကြ ရ သည်။ ထို့ကြောင့် ဤက စား သ မား သည် သက်လုံကောင်း ခြင်း၊ လျင် မြန် ဖျတ်လတ်ခြင်း၊ ဘော လုံး မလာ မီ မှန်ကန်သော နေရာသို့ မှန်ကန်သောအချိန်တွင် ကြိုတင်ရောက်ရှိနေတတ်ခြင်း စသည့် အချက်များနှင့် ပြည့်စုံ ရန် လို သည်။ အရေးကြီးဆုံးမှာ ဂိုးသွင်းခြင်းပင်ဖြစ်ရာ အရပ်မြင့်၍ ခြေတံလက်တံ ရှည်သူများအဖို့ ပိုမို၍ ဂိုးသွင်းခွင့်ရနိုင်လေသည်။

## အမှားခြောက်ခု တွေ့အောင်ရှာ



အဖြေ။ ။(၁) နာရီအဝိုင်းတွင် ချိန်သီးမရှိ။ (၂) သံလွင်မြစ်သည် ဧရာဝတီမြစ်ထဲ စီးဝင်နေသည်။ (၃) ဖိနပ်နှစ်ဖက်လုံး ဘယ်ဖက်ချည်း ဖြစ်နေသည်။ (၄) ခြေထောက်မှာ ညာဖက်ချည်း ဖြစ်နေသည်။ (၅) စားပွဲအောက်တွင် အရိပ်မထင်ပဲ ဖြစ်နေသည်။ (၆) ကြောင်တွင် ခွေးနားရွက် ဖြစ်နေသည်။



# ကောက်ရပြန်ပေး - မောင်ညီထွေး

ကျော်ညွန့်မိုး

ညီထွေး အလွန် ပျော်နေသည်။ ပူနွေးသော နံနက်ခင်းတွင် သူနှင့် သူငယ်ချင်းတစု ပြေးလွှား ခုန်ပေါက် ဆော့ ကစားနေကြသည်။ ကျောင်းတက်ခေါင်းလောင်း မထိုးမီအတွင်း ညီထွေးတို့သည် နေ့စဉ် လိုလို ကစားကြ၏။ ယနေ့လည်း ညီထွေးသည် ထုံးစံအတိုင်း ကစားပြီးသော် ခြေလက်ဆေးကြောရန် ရေဘုံဘိုင်သို့ လျှောက်လာသည်။ ထိုစဉ် သူ့မျက်လုံးများသည် လှပသော ခဲတံကလေး တချောင်း ပေါ်သို့ ကျရောက်သွားလေသည်။

သူသည်ငုံ့၍ခဲတံကိုကောက်ယူလိုက်သည်။ ရုတ်တရက် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ မည်သူမျှ သူ့ကို ကြည့်မနေပေ။ ထိုအခါမှ ခဲတံကလေးကိုအသေအချာ ကြည့်လိုက်ရာ "မောင်စောနိုင်" ဟူသော အမည်ကို ဓားဖြင့်ထွင်းထားသည်ကို တွေ့လိုက်ရ၏။

ညီထွေးသည် မောင်စောနိုင်၏ မျက်နှာကလေးကို ကွက်ခနဲ မြင်မိသည်။ မောင်စောနိုင်သည် သူနှင့်အတူ တနှစ်တည်း ကျောင်းဝင်ခဲ့သူ ဖြစ်၏။ သူငယ်တန်းမှစ၍ အတူသင်ကြားခဲ့ရာ ယခု တတိယတန်းအထိ ဖြစ်ပေသည်။ မောင်စောနိုင်သည် အတန်းတိုင်းမှာပင် ပထမချည်း ဆွဲသူဖြစ်၍ အတန်းပိုင် ဆရာ ဆရာမတို့၏ ချီးကျူး ချစ်ခင်မှုကို ခံရလေ့ရှိသည်။ ညီထွေးမှာမူ မထင်ရှားသော ကျောင်းသားတဦးမျှသာ ဖြစ်၏။ ထို့ကြောင့် မောင်စောနိုင်ကို အားကျကာ သူကဲ့သို့ချီးကျူးမှုကိုခံယူနိုင်ရန် ကြိုးစားသည်။ သို့ရာတွင် မောင်စောနိုင်ကိုကား မမီအောင် မကြိုးစားနိုင်ခဲ့ပေ။ ထို့ကြောင့်ညီထွေး၏ စိတ်ထဲတွင် မသက်မသာ ခံစားခဲ့ရသည်မှာ ကြာလေပြီ။

ညီထွေးသည် ထိုသို့ တွေးရင်း ခဲတံကလေးကို သူ့အင်္ကျီအိတ်အတွင်းသို့ ထိုးသွင်းလိုက်လေသည်။ အတန်းထဲ ရောက်သည့်တိုင် ခဲတံကလေးကို မောင်စောနိုင်သို့ ပြန်မပေးဖြစ်ပေ။ သူ့စိတ်ထဲတွင် မောင်စောနိုင်ကို ဒုက္ခရောက်စေချင်၏။ ဆရာမက သင်ခန်းစာကို ကျောက်သင်ပုန်းကြီးပေါ်၌ ရေးပြ၍ လိုက်ကူးစေသောအခါ မောင်စောနိုင်တယောက် ခဲတံရှာမတွေ့သဖြင့် ငိုမဲ့မဲ့ဖြစ်နေသည်ကို လှမ်းမြင်ရလေသည်။

နောက်တနေ့နံနက် ညီထွေးသည် ကျောင်းသို့ ခပ်စောစောပင် ထွက်လာခဲ့သည်။ ခါတိုင်းထက်ပို၍ စိတ်ပျော်နေသည်။ အကြောင်းမှာ ညက သူ့ဒေါ်လေးတို့ အိမ်လာလည်ကြစဉ် ဒေါ်လေးက သူ့ကို မုံ့ဖိုးတကျပ်ပေးခဲ့သောကြောင့် ဖြစ်၏။

ညီထွေးသည် တညလုံး တွေးနေသည်။ မနက်ကျ ကျောင်းအစောကြီးသွားမည်။ ကျောင်းရောက်လျှင် တဝကြီး ကစားမည်။ ကစား၍မောလျှင် ဒေါ်ဘုမ မုံ့ဟင်းခါးကို အဝအပြဲစားပစ်မည်ဟု စိတ်ကူးနေခဲ့သည်။ အတန်ကြာမှ အိပ်ပျော်သွားသည်။

ညီထွေးသည် နံနက်မိုးလင်းသည်နှင့် ကျောင်းသွားရန် တပြင်ပြင် လုပ်နေလေသည်။ ထမင်းကိုပင် ဝအောင်မစားခဲ့ပေ။ ကျောင်းသို့ ရောက်သောအခါ မောင်လှမြင့်နှင့် မြတ်ကိုတို့ နှစ်ယောက်သာ တွေ့ရသေး၏။ သုံးယောက်သား ဘောလုံးကန်နှင့်ကြသည်။ တဖြည်းဖြည်း သူငယ်ချင်းများ စုံလာသည်။ ခဏ

ကြာသော် ညီထွေး ဆာလာ၍ မုံ့စားရန်ကွင်းထဲမှထွက်လာ၏။

လမ်းထွင် အိတ်ထဲသို့ နှိုက်လိုက်သည်။ ညီထွေး မျက်လုံးများ ပြာသွားသည်။ အိတ်အနှံ့ စမ်းသပ်ကြည့်သည်။ညက ဒေါ်လေးပေးလိုက်သော ငွေတကျပ်ကို မတွေ့။ ထို့ကြောင့် ဘောလုံး ကစားကွင်းဆီသို့ ပြန်ပြေး၍ ရှာသည်။ ရှာမတွေ့။ သူ ငိုချင် လာသည်။ ပိုက်ထဲကလည်း တကြုတ်ကြုတ် မြည်နေသည်။ ကျောင်း တက် ခေါင်း လောင်းလည်း ထိုးလုပြီ။ ညီထွေးသည် ချွေး ပြိုက်ပြိုက် ကျလျက် ရှိ၏။

"ဟေ့ ညီထွေး ဘာရှာနေတာလဲကွ"

ညီထွေးသည် အသံလာရာသို့ လှည့်ကြည့်လိုက်ရာ မောင်စောနိုင်ကို တွေ့ရသည်။

"ငါ့-ငါ့ပိုက်ဆံ ပျောက်လို့"

"ဟင်.... ဘယ်လောက်လဲ"

"တကျပ်"

"ဟေ-အများကြီးပါလား"

မောင်စောနိုင်က ညီထွေး၏ မျက်နှာကို ကြင်နာစွာကြည့်၍ ပြောလိုက်သည်။ ထို့နောက် –

"မင်းမှာ မုံ့ဝယ်စားဖို့ မရှိတော့ဘူးပေါ့"

"အေးကွာ ငါ့အပြစ်ပါဘဲ။ ပိုက်ဆံကို အိတ်ထဲ ထည့်ပြီး ဘောလုံး ကစားနေမိတာကိုး"

"လာလာ ငါ့မှာ မုံ့ဖိုးအပိုဆယ်ပြား ပါတယ်"ဟု မောင်စောနိုင်ကပြောရင်း ညီထွေးကို ဆွဲခေါ် သွားသည်။

ညီထွေး၏ စိတ်ထဲတွင် တမျိုးကြီးခံစားလိုက်ရသည်။ဝမ်းသာ ခြင်း နှင့် အတူ ဝမ်းနည်းခြင်းကိုပါ ခံစားလိုက်ရသည်။ မောင်စောနိုင်၏ ခဲတံကလေးကို ပြန်မပေးမိသည့်အတွက် သူ အလိုလို ဝမ်းနည်းလာသည်။ အကယ်၍ မောင်စောနိုင်သာ သူ့တွင်ရှိသော မုံ့ဖိုးထဲမှ ဝေမျှ၍ မကျွေးလျှင် သူအဘယ်မျှ ဆာနေပေမည်နည်း။ ညီထွေးသည် မောင်စောနိုင်အပေါ် ကျေးဇူးတင်မိသည်။ ထို့နောက် တုန်ယင်သော အသံဖြင့် –

"ငါလေ မနေ့က မင်းခဲတံကလေး ကောက်ရထားတယ်။ လွယ်အိတ်ထဲမှာရှိတယ်။ငါ ပြန်ပေးမယ်နော်...."

"တကယ်လား ညီထွေး။ ငါဖြင့်ကွာ ခဲတံကလေး ပျောက်တာ နှမြောလွန်းလို့ ညက ငိုတောင် ငိုမိတယ်"

"ငါ စိတ် မကောင်းပါဘူး စောနိုင်ရာ။ ငါ့ကို စိတ်မဆိုးနဲ့နော်"ဟု ညီထွေးက တောင်းပန်လိုက်သည်။

"အေးကွာ ငါစိတ်မဆိုးပါဘူး။ ပြန်ရပြီဘဲဟာ"

ညီထွေးသည် ထိုနေ့မှ စ၍ ကောက်ရသော သူတပါးပစ္စည်းများကို ယူမထားတော့ဟု ဆုံးဖြတ်လိုက်သည်။ သူ့စိတ်ထဲတွင် သူ့မုံ့ဖိုး ပျောက်စဉ်ကကဲ့သို့ သူတပါးကို မခံစားစေချင်ပေ။

## ငါးပါး တူရိယာ

ကြေး ကြိုး သားရေ
လေ လက်ခုပ်တဲ့
အဟတ်ပ သိစရာ၊
ငါးပါးတူရိယာ။

ကြေးနီဝါဝါ
သံသာတဲ့ စည်း စည် မောင်း၊
ကြိုးဆိုတာ သူပြောတော့
တယောနဲ့ စောင်း။

ဗြောပုံက သားရေဆို
လေအလို ပြွေတို့နဲ့ နှဲ၊
လက်ခုပ်သံ အချက်ပေး
ရှေးရိုးသံပဲ။ ။

ဆရာမှုလ



R. 517


# သရက်




အသီးတွင် သရက်၊ အရွက်တွင် လက်ဖက် ဟူ၍ မြန်မာတို့ သရက်သီးကို အဖိုးတန် သစ်သီး အဖြစ် ချီးကျူးကြသည်။ သရက်ရွက်နု၊ သရက်ဖူး၊ အပွင့်နှင့် အသီးကင်းများကိုလည်း တို့မြုပ်စားစရာ အဖြစ် ခုံမင် ကြပြန်သေးသည်။ သရက်သီးစိမ်းကို သရက်သီး ပိုးတီအဖြစ်ရင်း၊ သရက်သီး ဝင်းရောင် ကို သုပ်၍ရင်း စားနိုင်သည်။ သရက်သီး ဆီစိမ် သနပ်တို့နှင့် ထမင်းစားလျှင် ခံတွင်း ပေါက်ကာ ဝိုမို စားနိုင်သည်။ ဤ သရက်ရွက်နု၊ သရက်သီး စသည်တို့ကို စားက သွေးအားကောင်းခြင်း၊ အနာ အဆာပျောက်ခြင်း၊ သွားဖုံးများကောင်းခြင်း၊ မျက် စိ ကြည်လင်ခြင်း စသည့်အကျိုးများ ရရှိနိုင်သည်။ ပေါ့ပါးသည့် သရက်သားကို ခုံဘိနပ်လုပ်ပြီး စီး နိုင်သည်။ စိမ်းစား၊ စိုင်၊ မချစ်စု၊ ရင်ကွဲ၊ သုံးလုံး တတောင် စသည်ဖြင့် သရက် အမျိုးမျိုး ရှိသည်။ မြန်မာနိုင်ငံတွင် မော်လမြိုင်၊ ပဲခူးနှင့် မန္တလေး တပိုက်တွင် များစွာဖြစ်ထွန်းသည်။ ။

(ဦးနိုးမြင့်)











ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

ညွှန့်ဦး — ရေး

# ပါလေး၏ ဖျောင်တာ

ပန်းချီ-ဦးဘကြည်

# ရွှေသွေး ဂျာနယ်

အတွဲ - ၁။ အမှတ် - ၁၅။ ၁၂-၄-၆၉




ဧပြီလ ၁၃-၁၄-၁၅ ရက်များသည် သင်္ကြန်ရက်များဖြစ်၏။ လွန်ခဲ့သော သင်္ကြန်အတွင်းက ပါလေး သင်ခန်းစာတခု ရခဲ့ပုံကား....






ဟား ဟား – သာဒွန်းရယ် – မင်းတို့က ကုသိုလ်ရေး လုပ်မယ်ဆိုတော့ – ဘုရားဖြစ်မယ့် အုတ်ခဲတွေ ဘဲ – နှိုက်တော့ ရှောက်လယ်မယ်
သင်္ကြန်ရက်နီးသော တနေ့တွင်
သာဒွန်းတို့ လူစုသည် ရပ်ကွက်သန့်ရှင်းရေးလုပ်ပြီးနောက် လမ်းထိပ်တွင် မဏ္ဍပ် တခု ဆောက်ကြ၏။
သင်္ကြန်အကျနေ့၌ –
ရီတာပေါ့ – ရီတာပေါ့
အနီလေးလဲ ဇိမ်ဘဲ အပြာလေးလဲ ဇိမ်ဘဲ
အမေ့ချွေးမ ပျောက်လို့ရှာ တွေ့ပြီ – တွေ့ပြီ၊ သူဘဲ – သူဘဲ
ချစ်ပါရစေ ဒိုနဲလော်က် မြီးဖြစ်ကျော် မြီးဖြစ်ကျော်
ဒီကောင်မလေး ဒီကောင်မလေး
နခမ်းနီလေးဆို သရေယို – ပါးနီလေးဆို သရေယို
ပါလေးတို့လူစုကား၊ ဘောင်းဘီဖင်ကျပ်ဝတ်ကာ သရုပ်ဖျက် သံချပ်များနှင့် လှည့်ကြ၏။
ရေးမဏ္ဍပ်
သံပုရာရေလေး သောက်ကြပါအုံး
မုန့်လုံးရေပေါ်လေး စားသွားကြပါအုံး
သာဒွန်းတို့လူစုက ယဉ်ယဉ်ကျေးကျေးဖြင့် ရိုးရာအတိုင်း ကျွေးကြ ကကြနှင့် ပျော်ကြလေသည်။


သင်္ကြန်အတက်နေ့
သာရကွယ် သာရ
ဒုတ်နီခဲတွေ ဒုတ်နီခဲတွေ
သာဓုခွန်းတို့ လူစုသည် သက်ကြီးများကို ရေလှူခြင်း၊ ခေါင်းလျှော်ပေးခြင်း စသောကောင်းမှု ကုသိုလ်များကို လုပ်နေစဉ် ပါလေးတို့လူစုမှာကား ပျော်မြူးပျော်လျက်ရှိကြ၏။
ထိုသို့ အစွမ်းကုန် ပျော်နေကြစဉ် —
ဂျိန်း
ဟေ့-မင်းတို့ဒါလူပါးဝတာလဲ မိုက်သလားကွ —
မင်းကိုထက် မိုက်လို့ လါခဲ့တာ သတ္တိရှိယင် ဆင်းခဲ့
ချဟေ့
ကဲကွါ
ဒုန်
ဟ
ဟဲ့.ဟဲ့


ထိုအခိုက် အလှပြကားများက မြင်၍ ဆင်းလာပြီး အကျိုးအကြောင်းပြောကာ ဖြန်ဖြေ ပေးလိုက်လေသည်။
တော်ပြီ – အပျော်ကြူးတာ မကောင်းပါဘူး။ သင်္ကြန်းတို့ခဲ့ကဲ သွားပေါင်းမှာဘဲ
အား ကျွတ် ကျွတ်
ပါလေးသည် ခေါင်းပေါက်ပြီးနောက် စိတ်ပျက်နောင်တရကာ – ခွဲထွက်လာလေ၏ –
နှစ်ဆန်း တရက်နေ့၌ သင်္ကြန်းတို့၏ ငါးလွှတ်ပွဲ တန်းစီ၍ လှည့်လာသော်....
ဟာ - ပါလေးက ဦးရွှေရိုးအက တယ်ကောင်းပါကလား ဟေ့ - ခေါင်းပေါက်တောင် မလိုတော့ဘူး ပတ်တီး ရှိနေပြီဘဲ - ဟား ဟား
ဒေါင်မယ် - ရိုးပေတယ် - ရိုးပေတယ် - - ဦးရွှေရိုး ကြီးရယ်
နောက်ဆုံးမှ လိုက်လာသော ဦးပတ်ပိုင်းတွင်ကား - - - -
- - - - ပါလေးသည် ဦးရွှေရိုး အကဖြင့် ကွေးနေအောင် ကပြီး လိုက်ပါခဲ့လေသည်။


ကြက်ကလေး
ဇါတ်လမ်း-မောင်ထွန်းဝါ
သရုပ်ဖော်
ကျွန်တော်တို့၊ညီအကိုမောင်နှမ ၈ ဦးပေါက်တွင်၊ ကျွန်တော်သည်၊အကို အကြီးဆုံးဖြစ်ပါသည်၊
တစ်-နှစ် သုံး-လေး..
မေမေသွားရာသို့၊ ကျွန်တော်တို့အားလုံး၊ လိုက်ခဲ့ကြပါသည်၊
မေမေက၊မြေကြီးကို၊ခြေထောက်ဖြင့်ယက်ပြီး၊ ပိုးကောင်လေးများနှင့်ဆန်စေ့လေးများကို၊ရှာကျွေး တတ်ပါသည်၊
ကျွန်တော်တို့သည်၊ခွေး-ကြောင်နှင့်၊စွန်တို့ကို အလွန်ကြောက်ပါသည်၊
နောက်ဘယ်တော့မှ၊ခွေးနား-ကြောင်နားကိုမသွားကြနဲ့၊နောက်ကို ကောင်ကြီးကပါ သတိထား-ကြားလား၊


မေမေက ကလေးသက်သက် ဆိုးဂျိုးနေတာ၊ ငါက ကြက်ကလေး
မှ မဟုတ်တော့ဘဲ၊ ကြက်ကြီး ဖြစ်လာပြီ၊ အင်း--ကြက်
ဖကြီးလို၊ တွန်ကြည့်အုံးမှဘဲ၊
အွတ် - အွတ် -
အွတ် ---
ကျွန်နော်တို့ မယုံပါဘူး ပြောတယ် ကိုကိုရယ်၊ မေမေနဲ့
အတူတူနေပါ၊ မြေခွေးတို့ ကြောင်တို့ ရှိတယ်၊
ကိုကို ချီးမွမ်းကောက်နေပါအုံးမယ်၊
မေမေ့ အလားကိုကြိုးဝေးပြီး
ပါကိုကိုရယ်၊
ငါ ကြက်ကြီး ဖြစ်လာတာကို၊ ငါ့ညီတွေ ညီမတွေက
မယုံကြဘူး၊ ငါ ကိုယ်ပိုင်ခြံ ရှာတွေ့သွားပြီး နေ့ကြ
တယ်၊ တစ်နေ့တော့ ငါ့ရဲ့ စွမ်းရည်ကို ပြရလိမ့်မှာ
ပေါ့ကွ-အင်း-
တစ်နေ့တွင်
မေမေ-ဟိုခြံထဲမှာ၊
ထမင်းတွေရှိတယ်၊ ကျွန်နော်
သွားစားချင်တယ်၊
ထမင်းတွေ ရှိတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် မြေခွေး
ထစ်မှာ၊ ပုဆိုးထိုတဲ့ ကြောင်ကြီး ရှိပါတယ်၊ သား
လာမယ်၊ သားသား ကို ဖမ်းစားလိမ့်မယ်၊ မသွားပါနဲ့
သားရယ်၊




# စက်ဘီး



ယာဉ်အမျိုးမျိုး ရှိသည့်အနက် စက်ဘီးသည် စရိတ် အသက်သာဆုံးနှင့် လူသုံး အများဆုံးယာဉ် ဖြစ်သည်။ ပထမဦးဆုံး စက်ဘီးကို ၁၇၇၉ ခုနှစ်လောက်တွင် စတင် တီထွင်ခဲ့ကြသည်။ ထိုစက်ဘီးတွင် သစ်သားဘောင်တခု၌ ရှေ့ဘီး နောက်ဘီး တပ်ဆင်ထားသည်။ လက်ကိုင်ပါသော်လည်း ခြေနင်းမပါပေ။ စီးသူသည် ဘောင်ပေါ်တွင် ခွထိုင်ပြီးလျှင် မြေကြီးကို ခြေဖြင့် ယက်ကန်၍ စီးသွားရလေသည်။

၁၈၁၀ ပြည့်နှစ်တွင် အထက်ပါ စက်ဘီးမျိုးကို ပိုမို ကောင်းမွန်အောင် ပြုပြင်ထားသော စက်ဘီးတမျိုး ပေါ်လာသည်။



၁၈၄၀ ပြည့်နှစ်သို့ ရောက်လာသောအခါ ခြေနင်းတပ်ထားသော စက်ဘီးပေါ်လာ၏။ ခြေနင်းမှတဆင့် မောင်းတံဖြင့် နောက်ဘီးကို လည်စေသည်။



၁၈၆၅ ခုနှစ်တွင် ကလေးစီး သုံးဘီးစက်ဘီးမှာကဲ့သို့ ရှေ့ဘီး၌ ခြေနင်း တပ်ထားသော စက်ဘီးကို တီထွင်လာကြသည်။



၁၈၇၀ ပြည့်နှစ်တွင် တစ်းလုံးကို သတ္တုဖြင့် ပထမဦးဆုံး ဆောက်လုပ်သော စက်ဘီး ပေါ်လာသည်။ ထိုစက်ဘီးတွင် အခေါင်းပိတ် ရော်ဘာတိုင်ယာကို ပထမဆုံးအသုံးပြုထားသည်။ သို့သော် ရှေ့ဘီးမှာ လူတရပ်လောက် မြင့်ပြီး၊ နောက်ဘီးမှာ သေးငယ်လှသဖြင့် စီးနင်းရာ၌ မကြာခဏ လဲတတ်သည်။



၁၈၉၀ ပြည့်နှစ်တွင် ရှေ့ဘီးနှင့် နောက်ဘီးကို တရွယ်တည်း ဆောက်လုပ်ထားသော စက်ဘီး ပေါ်လာသည်။ လေထိုး ထားသည့် ရော်ဘာတိုင်ယာကို ပထမဆုံး အသုံးပြုပြီး၊ ခြေနင်းနှင့် နောက်ဘီးကို ချိန်းကြိုးဖြင့် ဆက်ထားသည်။




ယခုခေတ်ပေါ် စက်ဘီးမှာ စီးနင်းရာ၌ ပေါ့ပါး လျင်မြန်လှသည်။ ထိုပြင် လျှပ်စစ်ခေါင်းမီးလုံး၊ လျှပ်စစ်ဟွန်းမှအစ အခြားလိုအပ်သောကရိယာများကိုလည်း တပ်ဆင်နိုင်ပေသည်။


အမြင်မှန်
စီစဉ်
ဖိုးတေတို့ ကျောင်းတွင် ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနှင့်ဗန္ဓုလဟု အသင်းလေးသင်းရှိသည်။
တနေ့တွင် ကျောင်းသန့်ရှင်းရေးများကို အသင်းလိုက် အဖွဲ့အဆိုင်လုပ်နေကြစဉ် ဖိုးတေသည် စိတ်မဝင်စားသဖြင့် ရွာထဲသို့ အသာလစ်၍ ထွက်ခဲ့သည်။
အလုပ်များ ပြီးလောက်ပြီ ထင်၍ ပြန်လာ သော်လည်း မပြီးကြသေးချေ။
အေးပါကွာ၊ မင်းမလုပ်ချင်ရင်လဲ အတင်းမခိုင်းပါဘူး
ဖွတ် ထွက်သွား လျှင် မကောင်းသဖြင့်


အိမ်သာမှ ပြန် လာ ပြီး မလွဲသာ၍ တံမြက်စည်း ဝင်လှဲနေရသည်။
ပျင်းလိုက်တာ
သို့နှင့် ဗိုးတေပါဝင်သော ဘုရင့်နောင် အသင်းက အောင်ပွဲခံ အထိမ်းအမှတ် နှင့် အလံတင်ရလေသည်။
အားလုံး ပြီးစီးကြသောအခါ ဆရာကြီးက ဩဝါဒစကားပြောကြားလေသည်။
မင်းတို့ဟာ အနာဂတ်ရဲ့ ကြယ်ပွင့်ကလေးတွေပါပဲ အားတန်ဖိုး ချစ်မြတ်နိုးကြ ဖို့လိုတယ်
ပြီးနောက် မိဘဆရာနှင့် ရပ်ကွက် သာယာရေးအဖွဲ့မှ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်လေသည်။
ဂုဏ်ထူးဆောင် လက်မှတ်ရ ကျောင်းသားများမှာ လုပ်အားဂုဏ်ကို နားလည်သဘောပေါက်စွာ ပျော်ရွှင်နေကြသော်လည်း ဗိုးတေမှာ မည်သို့မျှ မခံစားထိတ်ချေ။
နောက်ဆုံး တွေဝေလျက် အိမ်သို့ ပြန်လာသည်တွင်


လူကြီးတဦးက ဂုဏ်ယူဖွယ်ကောင်းသော အောင်မြင်မှုကို ချီးကျူးစကား ပြောကြားလေသည်။
တနေ့ရာတွင်လည်း သက်တူ ရွယ်တူတို့ အချင်းချင်း ဂုဏ်ပြုနေကြပုံကို ဖိုးတေမြင်မိလေသည်။
သို့သော် - အခြား သူများကဲ့သို့ ရဲဝံ့စွာ ဂုဏ်မယူနိုင်ပေ။
အိမ်သို့ရောက်သော် မိခင်က
မင်းတို့အသင်းက ပြိုင်ပွဲမှာ - ပထမ ရတယ်ဆို
မှတ်ကဲ့ မေမေ
ဆုလက်မှတ်မှာ သူ၏ လုပ်အားကြောင့် ရရှိခြင်း မဟုတ်ကြောင်း ဖိုးတေသာသိ၍ ရှက်မိသည်။
အိပ်ရာဝင်ချိန်
အများ အကျိုးဆောင် လုပ်ငန်းသည် ဂုဏ်ယူစရာကောင်းကြောင်း သဘောပေါက်လာမိသည်။
ကြိုးစားမယ်
နောက်တကြိမ် ရပ်ကွက် သန့်ရှင်းရေး လုပ်ကြသောအခါ ဖိုးတေကိုရှေ့ဆုံးက မြင်တွေ့ရလေတော့သည်။

# လက်ဆင့်ကမ်းပြေးပွဲ



ဤပြေးပွဲကို ယခင်က အလံကိုင်ပြေးပွဲဟု ခေါ်ခဲ့ကြသည်။

လက်ဆင့်ကမ်း ပြေးပွဲသည် အဖွဲ့လိုက် ပြိုင်ရသောပွဲမျိုး ဖြစ်သည်။ အဖွဲ့၏ အောင်နိုင်မှုသည် တဦးချင်း၏ စွမ်းရည် အပေါ်တွင် တည်ရှိလေသည်။ တဖွဲ့လျှင် အကောင်းဆုံး အပြေးသမား လေးယောက် ပါဝင်ရသည်။ တယောက်စီသည် မိမိအတွက် သတ်မှတ်ထားသော အကွာအဝေးကိုသာ ပြေးရ၏။

လက်ဆင့်ကမ်း ပြေးပွဲသည် အမေရိကန်နိုင်ငံမှ စတင် ပေါ်ပေါက်ခဲ့သည်။


ဤပြေးပွဲတွင် တာတိုနှင့် တာဝေးဟူ၍ နှစ်မျိုးရှိသည်။ တာတိုသည် မီတာ ၁၀၀ ဖြစ်၍ တာဝေးမှာ မီတာ ၄၀၀ မှ အထက် ဖြစ်သည်။

အဖွဲ့သား လေးယောက် အနက် ပထမဆုံး စ၍ တာထွက်သူသည် စိတ်ချ အားထားနိုင်သူ ဖြစ်ရမည်။ နောက်ဆုံးလူသည်လည်း ပန်းဝင်ကောင်းသူ၊ အကျိတ်အနယ်၊ နင်လားငါလား ယှဉ်ပြိုင်နိုင်သူ ဖြစ်ရန် လိုပေသည်။

လက်ဆင့်ကမ်း ပြေးပွဲမှာ အပြေးမြန်ရုံမျှဖြင့် မလုံလောက်သေးပေ။ တုတ်ကို တယောက်လက်မှ တယောက်သို့ ကမ်းပေးရာ၌လည်း မြဲမြံသေချာရန် အရေးကြီးသည်။ လက်ဆင့်ကမ်းပေးနည်းတွင် မကြည့်ဘဲ လက်ခံသော နည်းနှင့် ကြည့်လျက် လက်ခံသောနည်းဟူ၍ ရှိသည်။

၁၉၆၈ ခုနှစ် မက္ကဆီကိုအိုလံပစ်တွင် အမေရိကန်နိုင်ငံ အသင်းသည် အမျိုးသား အမျိုးသမီး ပြိုင်ပွဲ နှစ်မျိုးလုံးမှာပင် ဗိုလ်ဆွဲ၍ ရွှေတံဆိပ်ဆု ရရှိခဲ့ကြသည်။

ကျော်ညွန့်မိုး



စိမ်း၊ ပြာ၊ နီ၊ လိမ်မော်နု ဆေးရောင်များဖြင့် အရောင်ခြယ်ပါ။

# စာမေးပွဲ



ကျွန်တော်နှင့် ကျော်ကျော်သည် တကျောင်းတည်းတွင် အတူနေကြပါသည်။ ကျွန်တော်တို့သည် အဋ္ဌမတန်း ကျောင်းသားများ ဖြစ်ပါသည်။ ကျော်ကျော်သည် အတန်းထဲတွင် အတော်ဆုံး ကျောင်းသား ဖြစ်ပါသည်။

လစဉ် စာမေးပွဲများ ဖြေကြသောအခါ ကျွန်တော်သည် သူ့ထံမှ အကူအညီ ရယူလေ့ရှိ၏။ သို့သော် ကျော်ကျော်က ကျေကျေနပ်နပ်ဖြင့် ကူညီမှုမျိုး မဟုတ်ပါ။ ယှဉ်ထိုင်နေကြသဖြင့် ကျွန်တော်က အလွယ်တကူ ခိုးယူ ရေးကူးခြင်းသာ ဖြစ်၏။

"မင်း ငါ့ဆီက ခုလို စာခိုးချလို့အောင်လဲ အလကားပေါ့ကွ။ ကိုယ်တိုင်နားလည်အောင် ကြိုးစားပါကွာ။ ငါလဲ တတ်နိုင်သလောက် ကူညီနေတာဘဲ။ ဒီနှစ်တို့ဖြေရမှာက အစိုးရစစ် စာမေးပွဲဆိုတော့ တယောက်နဲ့ တယောက် ကူညီလို့ရတာ မဟုတ်ဘူးကွ။ ရတောင်မှ အတန်းစောင့်ဆရာသိသွားယင် စာမေးပွဲ ဆက်ဖြေခွင့် ပြုမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို အားကိုးချင်စိတ် မွေးစမ်းပါကွာ"

ကျော်ကျော်သည် ဤသို့ မကြာခဏ ပြောလေ့ ရှိပါသည်။ မည်သို့ပင် ပြောစေကာမူ ကျွန်တော် အလေးမမူခဲ့ပါ။ ခြောက်လပတ်နှင့် ကိုးလပတ် စာမေးပွဲများကိုလည်း သူ့ထံမှ ကူးယူခိုးချခြင်းဖြင့်ပင် အောင်မြင်ခဲ့ရပါသည်။ ဤသည်ကိုပင် ကျွန်တော် ကျေနပ်နေမိပါသည်။

အတန်းတင်စာမေးပွဲ ကျင်းပသောအခါ ကျွန်တော်တို့သည် ဒဂုန် အထက (၁) တွင် ဖြေဆိုရပါသည်။ ကျွန်တော် ကျိတ်၍ ဆုတောင်းခဲ့သည့် အတိုင်း ကျော်ကျော်သည် ကျွန်တော်၏ ရှေ့ခုံတွင် နေရာရပါသည်။

ကျွန်တော်သည် ပထမဦးဆုံးနေ့မှစ၍ ကြိုးစား ဖြေဆိုရာ ဘာသာ အားလုံးလိုလိုပင် အခက်အခဲသိပ်မရှိလှပါ။ သို့သော် ကျွန်တော်ညံ့သော သင်္ချာ ဖြေဆိုရမည့် အချိန်သို့ ရောက်လာသောအခါ စိုးရိမ်စိတ်များ ပေါ်လာ၏။

"ကျော်ကျော်ရေ ဒီသင်္ချာကိုတော့ ငါဖြေနိုင်မယ် မထင်ဘူးကွ။ ဒီတော့ မင်းတပုဒ်ဖြေပြီးယင် ငါ့ကို စက္ကူစုတ်လေးနဲ့ တခါရေးပေးပါလားကွ"

"ဟာ မဖြစ်နိုင်ဘူး ထင်တယ်ကွာ။ ဆရာတွေက သိပ်ဂရုစိုက်တာကို မင်းလဲ သိသားဘဲ။ မင်းဖြေနိုင်သလောက် ကြိုးစားဖြေပေါ့ကွာ"

"ဆရာလစ်ယင်တော့ ရေးပေးပါကွာ။ ငါ ဒီ ဘာသာ အောင်ယင် အောင်မှာပါ။ ဒီတခါတော့ ကူညီပါကွာ"

"ကြည့်သေးတာပေါ့"

ခေါင်းလောင်း ထိုးသည်နှင့် ကျွန်တော်တို့သည် အခန်းတွင်းသို့ ဝင်ရောက်ထိုင်ကြရပါသည်။

မေးခွန်းလွှာကို ဖတ်လိုက်သောအခါ ကျွန်တော်စိတ်ပျက်သွားပါသည်။ ကျွန်တော်တွက်နိုင်သောပုစ္ဆာမှာ နှစ်ပုဒ်မျှသာ ပါ၏။

ထိုနှစ်ပုဒ်ကို ဖြေဆိုပြီးသောအခါ အခြားပုစ္ဆာများကို မည်ကဲ့သို့ တွက်ရမည်ကို မသိပါ။ ထို့ကြောင့် အတန်းစောင့်ဆရာများအလစ်တွင် ကျော်ကျော်၏ ခါးကို လှမ်းကုတ်လိုက်ပါ

သည်။ ကျော်ကျော်က ကျွန်တော့်ကို မည်သို့မျှ အမှုအယာ မပြုပါ။

ကျွန် တော် သည် ကျော်ကျော်၏ အဖြေကို စောင့်နေခဲ့၏။ သို့သော် အချိန်သာ ကုန်သွားပါသည်။ ကျော်ကျော့်ထံမှ မည် သည့် အ ဖြေ မှ မရပါ။ ကျွန်တော်သည် ကျော်ကျော့်ကို စိတ်ဆိုးသည့်အတွက် သူနှင့် အတွေ့မခံဘဲ တယောက်တည်း ပြန်လာခဲ့ပါသည်။

စာ မေး ပွဲ အောင် စာ ရင်း ထုတ်ပြန် ကြေညာသော် ကျွန်တော်၏အမည် မပါခဲ့ပါ။ ကျော်ကျော်မှာမူကား သချ်ာ ဂုဏ်ထူးဖြင့် အောင်မြင်၍ သိပ္ပံလိုင်းကို ရရှိသွားပါသည်။

ကျောင်းပြန်ဖွင့်လေပြီ။

ကျွန် တော် သည် ကျော်ကျော်နှင့် မျက်နှာချင်း မဆိုင်လိုပေ။ သူ့ကို ကျွန်တော်မတွေ့ဆုံမိရန် ကြိုး စား ခဲ့ ၏။ သို့သော် နှစ်ရက်မြောက်သောနေ့ ကျောင်းဆင်း ချိန်တွင် ကျော်ကျော်သည် ကျောင်း ဝင်း ဝ မှ စောင့်နေပါသည်။

ကျွန် တော် သည် သူ့ကို မ တွေ့ ဟန် ဆောင် ၍ သွား ပါ သည်။ သို့သော် သူသည် ကျွန်တော့်ကို အမှီ ပြေးလိုက်လာပါ သည်။

"မောင်မောင် မင်းဘာဖြစ်လို့ ငါ့ကို ရှောင်နေရတာလဲ"

"မင်းကို မတွေ့ချင်လို့ပေါ့။ မင်းကို ငါ သိပ်စိတ်နာတယ်။ မင်းသာ သချ်ာ ဖြေပေးခဲ့ယင် ငါလဲ အောင်မှာကွ"

"အော် ဒါကြောင့်ကိုး။ ဒီမှာ မောင်မောင်၊မင်းဟာ ငါ့ကို စိတ်နာမယ့်အစား မင်းကိုယ် မင်း စိတ်နာရမှာကွ။ မင်းဟာ သူတပါးကို အားကိုးချင်တဲ့စိတ်တွေ များနေတယ်။ တကယ်လို့ ငါဖြေပေးလို့ မင်း စာမေးပွဲ အောင်လာတော့ကော ဒါဟာ မင်း အ တွက် တန် ဖိုး ရှိ ရှိ နဲ့ အောင်မြင်တာမှ မဟုတ်ဘဲ။ ငါကလဲ ငါ့အချစ်ဆုံး သူငယ်ချင်းကို အောင်စေချင်တာပေါ့။ မင်းကိုချစ်လွန်းလို့လဲ ငါမဖြေခဲ့တာဘဲ။ ဒါကို မင်းစိတ်ဆိုးယင် မှားမှာပေါ့ကွာ။ အဆိုးဆုံးက မင်း ကိုယ် မင်း ယုံကြည်မှု မရှိဘူး။ ကိုယ့်ဖာသာကိုယ် မကြိုးစားတာဟာ မင်းရဲ့ ပျော့ညံ့မှုဘဲ။ ကဲ ငါသွားမယ်"

ကျော်ကျော်သည် ပြောလိုသည်များ ကုန် သွား သည် နှင့် လှည့်ထွက်သွားလေသည်။ ကျွန်တော် တယောက်တည်း တွေတွေကြီး ရပ်နေမိ၏။

ကျွန်တော့်ကိုယ်ကျွန်တော် ရှက် လာ မိ ၏။ ကျော်ကျော် ပြောသည်မှာ အလွန် မှန်ကန်ပါသည်။

ကျော် ကျော် ကား ကျွန်တော်၏ သူငယ်ချင်းကောင်းတယောက် ပီသလှပေသည်။

မောင်မြတ်မင်း

သင်္ကြန်အတာ ယဉ်ကျေးစွာ

နှစ်သစ်မင်္ဂလာ အတာပွဲမို့
ဆင်နွဲ့တို့မျှား ပျော်ကြတယ်။
မြန်မာဆန်ဆန်
ရေစင်လောင်းလို့
နှစ်ဟောင်း အညစ်ကြေး
ဆေးကြောမယ်။

ကုသိုလ်ပြုကာ ဘာဝနာပွားလို့
ဘုရားကျောင်းကန်
ရေသပ္ပါယ်။
သက်ကြီးရွယ်အို ရေချိုးပေးလို့
မနေ့းစိတ်ထား တိုးပွားမယ်။

နေပူထဲမှာ ရေပက်ကစားတော့
နာဖျားမကျန်းဖြစ်တတ်တယ်။
ကရမက်နဲ့သာ ရောကာစပ်လို့
စိတ်ခတ်သန့်စင်
ပက်ဖျန်းမယ်။

ယဉ်ကျေးစွာပင် ရေကစားလို့
တို့မျှားစိတ်ထား သန့်ရမယ်။
မကွဲမကွာ ရေမြင်ကဲ့သို့
တို့ရဲ့စိတ်များ တည်ရမယ်။
တည်ရမယ် ညီရမယ်။ ။

မောင်မြူမြင့် (ကျုံပျော်)



R. 517




# ဖရဲသီး

ဖရဲပင်သည် အနွယ်ပင်မျိုးဖြစ်၍ ၁၅ ပေအထိ ရှည်လျားသည်။ အစိမ်းစားရသော အနီမျိုးနှင့် ဟင်းချက်စားရသော အဖြူမျိုးဟူ၍ နှစ်မျိုးရှိသည်။ ဖရဲရွက်ကို ဟင်းချိုချက်၍၎င်း၊ ကြော်ချက်၍၎င်း စားနိုင်သည်။ အသီးသည် ကြီးမား၍ ချိုအေးသော အရသာရှိပြီး ပူအိုက်သော နွေရာသီတွင် လူအများ စားသုံးကြသည်။ ဖရဲစေ့ကို ဆားအနည်းငယ်ဖြင့် အခြောက်လှော်ပြီးလျှင် အထဲမှအဆန်ကို စားသုံးကြသည်။ ဖရဲသီးကို ဆေးဝါးများ၌၎င်း၊ အဖျော်ယမကာများ၌၎င်း အသုံးပြုနိုင်သေးသည်။ ရေငွေ့ခါတ် များစွာပါ၍ ဖရဲသီးကို စားသုံးက အစာကြေပြီး ခန္ဓာကိုယ်မှ အညစ်အကြေးများကို ထုတ်ပေးကာ အပူအအေးကိုလည်း မျှတစေသည်။ မြန်မာနိုင်ငံတွင် ဆင်ဖြူကျွန်း၊ မိကျောင်းရဲ၊ သရက်၊ အောင်လံ၊ ပဲခူး စသော မြို့များမှ ဖရဲသီး အများအပြား ထွက်သည်။

(ဦးဆိုးမြင့်)






၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် ထုတ်ချုပ်ရေးအဖွဲ့၊
ထုတ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်ဆုံက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

တင်မြသူ - သါညွန့်

## အဖိုးအတန်ဆုံး ပစ္စည်း

ပန်းချီ
ဦးဘကြည်

အတွဲ ၁၊ အမှတ် ၁၆၊ ၁၉-၄-၆၉





မာလိန်မှူးသည် တွေးရင်း
သဘော်သား အငယ်ဆုံး
ပြောသော "စပါး" ကို
သဘောပေါက်သဖြင့် ....
သုဝဏ္ဏဘုမ္မိသို့
ဆက်သွားပြီး...
ပါသမျှငွေနှင့် စပါးများကို သင်္ဘောနှင့် အပြည့်ဝယ်ယူပြီးလျှင် မိမိနိုင်ငံသို့ မိုးမကျမီ အရောက်ပြန်လာလေသည်။
သခင်မကြီးကို ပြေးပြီးသွားပြောစမ်း၊ အဖိုးအတန်ဆုံး ပစ္စည်းများ ပါလာပြီလို့
ကျမရဲ့ မာလိန်မှူးက သိပ်ကိုစိတ်ကောင်းပါတယ် — ဟဲ - ဟဲ
တိုင်းပြည် ပြန်ရောက်လျှင် သူဌေးမကြီးထံ အကြောင်းကြားစေ၏။
သူဌေးမကြီးလည်း ကြားလိုက်၍ မြို့တော်ဝန်နှင့်မျက်နှာဖုံး လူကြီးများကို သင်္ဘောပေါ်သို့ ခေါ်လာ၏။
သခင်မ — ရှုတော်မူပါ။ အဖိုးအတန်ဆုံး ပစ္စည်း နမူနာပါ —
ဟား ဟား
ဟီး-ဟီး
မာလိန်မှူးက ရွှေခွက်ဝယ် စပါးထည့်၍ပြရာ ဝိုင်းရယ်ကြသဖြင့် သူဌေးမကြီးသည် ရှက်သွေးမွှန်သွားလေသည်။


ရှက်လိုက်တာတော် — ခုမှပဲ အရှက်လုံးလုံးကြီး ကွဲတော့တာပဲ — နင်တို့ ဒီလောက်တောင် ဥာဏ်တုံးတဲ့ဟာတွေ အကုန်လုံး ခုထွက်သွားကြ — ငါ မျက်ခွက်ကြီးတွေ မကြည့်ချင်ဘူး —
ဧည့်သည်များ ပြန်လျှင် သူဌေးမကြီးသည် သင်္ဘောသားများကို ကြိမ်းမောင်း နှင်လွှတ်လိုက်လေ၏။
ထိုနေ့ညသို့ -
မုန်တိုင်းကြီးတိုက်၊ လျှပ်စစ်ကြီး လှုပ်သဖြင့် တမြို့လုံး ပျက်စီးသွားလေ၏။
ကျန်ရှိသော ပစ္စည်းများကို တောကြောင်များ ဝင်ရောက် လုယက် ကြလေသည်။
သူဌေးမကြီးလည်း အဝတ်တထည် ကိုယ်တခုဖြင့် ထွက်ပြေးပြီး တောရွာတရွာတွင် မထင်မရှား နေရရှာလေသည်။
မိုးရာသီ အကုန်တွင် -
တပည့်များရှာရင်း မြို့သို့ပြန်ရောက်လာသော မာလိန်မှူးသည် သင်္ဘောသားအငယ်ဆုံးနှင့်အတူ မြို့ပျက်ကြီးအတွင်း လျှောက်ကြည့်ကြရာ -
သင်္ဘောကြီးပျက်ပြီး ကုန်းပေါ်တွင်ထင်ကာ စပါးများ ပြန့်ကြဲနေသော ကမ်းနားဖက်သို့ ရောက်သော် ထိုစပါးများမှ အပင်ပေါက်ပြီး အသီးတွေပင် ဝင်းနေသည်ကိုတွေ့၍ အားရဝမ်းသာဖြစ်ပြီးလျှင် -
ဒို့ သင်္ဘောသားတွေ လိုက်ပေါ့ ပြီး စပါးရိတ်မယ် — နက်ဖြန် ကျယင် သခင်မကြီးကို လိုက်ရှာပြီးပြလိုက်ရအောင်
ကောင်းသားဘဲ




သခင်မကြီးရဲ့လယ် ပေါ်က စပါးတွေ အပင်ပေါက်ပြီး ဘယ်လိုဖြစ်နေသလဲ ကြည့်ပါအုံး
ဟော်တော်!
နောက်တနေ့တွင် သူသခင်မကြီးကို ရှာဖွေခေါ်လာပြီး စပါးရိတ်နေသည်ကို ပြလေ၏။
ကျုပ်က အပစ်တင်စောခဲ့ပါတယ် — မှားလိမ့်ရှုံး — ယခု ကျုပ်အလွန် ဆင်းရဲနေပါတယ် — ရှင်တို့သနားလို့ ပေးမှရမှာပါတော်
အို — ဒီလိုမပြောပါနဲ့ — သခင်မ — တချိန်က သခင်မဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ပါ — ဒီစပါးတွေဟာ သခင်မရဲ့စပါး တွေပါဘဲ —
များမကြာမီ သူဌေးမကြီးဟာ သူ့စပါးတွေကို တော်ပြတ်ဆင်း ရဲနေတဲ့လူထုကို ဝေငှပေးသတဲ့။ သူ့ဖို့နှင့် သဘောသားတွေ အတွက်လဲ ထားတာပေါ့။ ။
ကဲ — ဆင်းရဲတဲ့လူတွေ ကျုမစပါးကို နိုင်သလောက် တယောက် တထမ်း တရွက် ယူကြပါ — ဒီလိုဘဲ ဝေစား ကြရတာ ပေါ့
ကြည့်ပါအုံး သခင်မကြီးရဲ့ — လူတွေဝမ်းသာကြ ရှာလွန်းလို့ ----
အင်း — စပါး — စပါး တကယ်အဖိုးတန်ပါလား


နေပူထဲမှာ
ဦးဝိန်
နွေရာသီ ကျောင်းပိတ်ထားသဖြင့် လှရစ်နှင့် ချက်ကြီးတို့သည် အလွန်ပျော်နေကြ၏။ နေ့စဉ် နေပူထဲ၌ ဆော့ချင်တိုင်းဆော့ နေကြလေ၏။
ငါတို့ ဦးလေးခြံထဲက မရမ်းသီးတွေ ခူး မယ်ကွာ
မြန်မြန် ဆင်း မင်းတို့ ဦးလေး လာနေပြီ
ရေစိမ်ရင်း မရမ်းသီး ချဉ်ချဉ်ကလေး စားလို့ သိပ်ဇိမ်ရှိတာဘဲ
မရမ်းသီးများကို ခူးယူပြီး နောက် ကန်တော်ကြီး၌ ရေကူး ကြလေ၏။
လှရစ် သိပ်ဖျားနေပြီဆို… ကျမသား ချက်ကြီးတော့ အပူဝင်ပြီး ဖျားလို့ ဆရာဝန် ခေါ်နေရပြီ
လှရစ်နှင့် ချက်ကြီးတို့သည် ပြိုင်တူ ဖျားကြလေ၏
ဒို့နှစ်ယောက်စလုံးဘဲခေါင်း ခြောက်တွေဖြစ်နေပြီ-နေပူထဲမှာ အရမ်းစားပြီး အရမ်းမဆော့ တော့ဘူး
လှရစ်နှင့် ချက်ကြီးတို့သည် နေပူထဲ၌မဆော့တော့ဘဲ စာဖတ် ရှုကောင်းမွန်စွာနေကြလေ၏


# စုပေါင်းဆောင်ရွက်-ငါးချောင်းလက်

ဦးမောင်မောင်မြ


ဤစာအုပ်ကြီးကို လက်သန်း တချောင်း
တည်းနှင့် ကိုင်၍မရပါ။




လက်သူကြွယ်တချောင်းတည်းနှင့်လည်း
ကိုင်၍မရပါ။




လက်ခလယ် တချောင်းတည်းနှင့်လည်း
ကိုင်၍မရပါ။




လက်ညှိုး တချောင်းတည်းနှင့်လည်း ကိုင်
၍မရပါ။



လက်မတချောင်းတည်းနှင့်လည်း ကိုင်၍
မရပါ။




လက်ငါးချောင်းစလုံးနှင့်ကား ကောင်း
စွာ ကိုင်၍ရပါသည်။



ထို့ကြောင့် မည်သည့်အမှုကိစ္စတွင်မဆို တယောက်ကောင်းနှင့်မရသော် စုပေါင်းအင်အား
ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျှင် အောင်မြင်နိုင်ပေသည်။ ။


ပါဝင်သော-
ဇာတ်ကားအမည်-
မီးကိုမပေါ့နဲ့
ဖယောင်းတိုင်ထွန်းပြီး၊ ညဖတ်တာမကောင်းဘူးကွဲ၊ မီးဟာသုံးတတ်ယင်မိတ်ဆွေ၊ မသုံးတတ်ယင်ရန်သူကွဲ၊
မီးဟာ သုံးတတ်ယင် မိတ်ဆွေ၊ မသုံးတတ်ယင် ရန်သူတဲ့၊ ဘယ်လိုပါလိမ့်၊
မီးဟာရန်သူ- မီးဟာရန်သူ- မီးဟာရန်သူ-
ခေါ ခေါ
ငါ့ကို-လွှတ်- ငါ့ကို လွှတ်-
ဟဲ-ငါ့စာအုပ်လေး၊ မီးလောင်နေပြီ၊
ဖယောင်းတိုင်ထွန်းရင်း၊ ငါအိပ်ပျော်သွားလို့ ခုလို ဖယောင်းတိုင်လဲပြီး၊ မီးလောင်ရင်၊ ငါသာမက၊ အိမ်သားလုံး ဒုက္ခရောက်ကုန်မှာကွဲ၊ မီးဟာ၊ တကယ့်ရန်သူပါလား၊



# နေစကြဝဠာ

နေကို ဂြိုဟ်ကိုးလုံးရံလျက် ရှိသည်။ ထိုဂြိုဟ်တို့သည် မိမိတို့၏ အရံဂြိုဟ်များနှင့်အတူ နေကို ဗဟိုထားကာ အနောက်မှ အရှေ့သို့ လက်ဝဲရစ် လှည့်ပတ်၍နေကြသည်။ ဂြိုဟ်သိမ်ဂြိုဟ်မွှားများလည်း နေကိုလှည့်ပတ်နေကြသည်။ နေနှင့်တကွ ထိုဂြိုဟ်အပေါင်းကို နေစကြဝဠာမိသားစုဟု ခေါ်လေသည်။

နေစကြဝဠာတွင်ပါဝင်သော ဂြိုဟ်များမှာ မာကျူရီ၊ ဗီးနပ်၊ ကမ္ဘာ၊ မား၊ ဂျူပီတာ၊ ဆက်တန်၊ ယူရေးနပ်၊ နက်ပကျွန်းနှင့် ပလူတိုတို့ ဖြစ်သည်။ ယင်းတို့တွင် ကိုယ်ပိုင်အလင်းမရှိ။ နေ၏ အလင်းရောင်ကို ရောင်ပြန်ဟပ်ပေးခြင်းသာ ဖြစ်လေသည်။

**မာကျူရီ** (ဗုဒ္ဓဟူးဂြိုဟ်) သည် နေနှင့်အနီးဆုံးနှင့် အငယ်ဆုံးဖြစ်သည်။ နေမှ မိုင်ပေါင်း ၃၆ သန်းခန့်ဝေး၍ နေကို ၈၈ ရက်တွင် တကြိမ်ပတ်သည်။

**ဗီးနပ်** (သောကြာဂြိုဟ်) သည် နေမှ မိုင်ပေါင်း ၆၇ သန်းကျော်ဝေး၍ နေကို ၂၂၅ ရက်တွင် တကြိမ်ပတ်သည်။

**ကမ္ဘာ**ဂြိုဟ်သည် ကျွန်ုပ်တို့နေထိုင်ရာဖြစ်၍ နေမှ မိုင်ပေါင်း ၉၃ သန်းကျော် ဝေးသည်။ နေကို ၃၆၅ ရက်တွင် တကြိမ်ပတ်သည်။

**လ** (တနင်္လာဂြိုဟ်) သည် ကမ္ဘာ၏ အရံဂြိုဟ်ဖြစ်သည်။

**မား** (အင်္ဂါဂြိုဟ်သည်) နေမှ မိုင်ပေါင်း ၁၄၁ သန်းကျော် ဝေး၍ နေကို ၆၈၇ ရက်တွင် တကြိမ်ပတ်သည်။

**ဂျူပီတာ**(ကြာသပတေးဂြိုဟ်) သည့် အကြီးဆုံးနှင့် အလှဆုံး ဖြစ်၍ နေမှ မိုင်ပေါင်း ၄၈၄ သန်း ဝေးသည်။ နေကို ၁၂ နှစ်တွင် တကြိမ်ပတ်သည်။


**ဆက်တန်** (စနေဂြိုဟ်) သည် ဒုတိယအကြီးဆုံးနှင့် ပေါ့ပါးဆုံးဖြစ်၍ အဝိုင်းကွင်းပါသဖြင့် ထူးခြားသည်။ နေမှ မိုင်ပေါင်း ၈၈၇ သန်းဝေး၍ နေကို ၂၉ နှစ်တွင် တကြိမ်ပတ်သည်။

**ယူရေးနပ်**ဂြိုဟ်သည် နေမှ မိုင်ပေါင်း ၁၇၈၀ သန်းကျော် ဝေး၍ နေကို ၈၄ နှစ်တွင် တကြိမ်ပတ်သည်။

**နက်ပကျွန်း**ဂြိုဟ်သည်နေမှ မိုင်ပေါင်း ၂၇၉၀ သန်းကျော် ဝေး၍ နေကို ၁၆၅ နှစ်တွင် တကြိမ်ပတ်သည်။

**ပလူတို**ဂြိုဟ်သည် နေမှ အဝေးဆုံးဖြစ်၍ မိုင်ပေါင်း ၃၆၇၀ သန်း ဝေးသည်။ နေကို ၂၄၈ နှစ်တွင် တကြိမ်ပတ်သည်။







သရုပ်ဖော် ကျော်ကျော်
လမ်းပေါ်က စာအိတ်
မှုံကြီးနှင့် တောက်ထိန်တို့ ကျောင်းသို့ လာကြစဉ် ....
ဟေ့ - တောက်ထိန်ရေ ဒီမှာ စာအိတ် တအိတ်ဟေ့
ဟာ! တံဆိပ်ခေါင်းလဲ တံဆိပ်မရိုက်ရသေးဘူး
တယောက်ယောက် ကျကျန်ခဲ့တာ ဖြစ်မှာဘဲကွ
ထိုစဉ် သူတို့အနားသို့ ဂျာရစ် ရောက်လာပြီး ....
ဆယ့်ငါးပြားတန် တံဆိပ်ခေါင်းက အသစ်ကြီးပါလား ကွ ကွမ်းယာဆိုင်မှာ သွားရောင်းရအောင်
ကွမ်းယာဆိုင်သို့ သွားကြပြီး ....


စာအိတ်ဖေါက်ဖတ် ရအောင်ကွာ
ဖေါက်ကွာ
ဖေဖေနဲ့မေမေထံ သားစာရေး လိုက်ပါသည် ညီလေးရောဂါဖြစ် ၍ ဆေးရုံတက်ပြီး ...
ဘိုကျော်ခွဲရပါတော့မည် မေမေနဲ့ ဖေဖေ အမြန်ဆုံးလိုက်လာခဲ့ကြပါ ခင်ဗျား... သား...ထွန်းထွန်း
ဟင်! ဟာ!
သနားပါတယ်ကွာ
စာအိတ်လဲ စုတ်သွားပြီ တံဆိပ် ခေါင်းလဲမရှိတော့ဘူး ဒို့ ဘာလုပ်ကြမလဲ
ဒို့ သူများစာကို ဖျက်ဆီးမိတာဘဲ


ဒီစာ ရွာကို မရောက် ယင် သူ့ လေလေနဲ့ မေမေ သိမှာ မဟုတ်ဘူးကွ
တံဆိပ်ခေါင်း ဝယ်ပြီး စာတိုက်ပုံးထဲ ပြန်ထဲ့ ရအောင်
ကဲ ပိုက်ဆံ စုပြီး တံဆိပ်ခေါင်း ဝယ်ကြစို့
ငါ့မှာ မုန့်ဖိုး ငါးပြားဘဲ ပါတယ်ကွ
မင်းလဲ ဒီနေ့အတွက် တနေ့ အငတ်ခံ လိုက်ပေါ့ကွာ
မှူကြီးနှင့် တောက်ထိန်က စာအိတ်အသစ်ပေါ် တွင် စာရေးကြသည်။
ဟေး-တံဆိပ်ခေါင်း ဝယ်လာပြီကွ
ထိုနောက်
လာဟေ့ စာတိုက်ပုံးထဲကို သွားထဲ့ ရအောင်
ဒီစာ ရွာကို မြန်မြန် ရောက်ပါစေ ဗျား
နောင်ကို ရလို့ စာအိတ် ကောက်ရတိုင်း စာတိုက်ပုံး ထဲ ပြန်ထဲ့ပေးဘို့ ကတိပြုကြစို့
ဒို့ ကတိပေး တယ်ကွာ

# ဘောလုံး



ဘောလုံး ကစားနည်းသည် အင်္ဂလန် ပြည်မှ စတင် ပေါ် ပေါက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဘောလုံး ကစားခြင်းကို ၁၈၉၅ ခုနှစ်မှ အစပြုခဲ့သည်။

ဘောလုံးကန်သမား တဦး အဖို့ လေ့ကျင့်ရန် အဓိက အ ချက်ကြီး လေးချက် ရှိသည်။ ယင်းတို့မှာ ကိုယ်ခန္ဓာ ကြံ့ခိုင်မှု၊ ကျွမ်း ကျင်မှု၊ နည်း စ နစ် နှင့် စိတ်ဓာတ်တို့ဖြစ်သည်။


ဘောလုံး ကစားခြင်းသည် တဦးကောင်းကစား၍ မရပေ။ တဦးနှင့်တဦး အပေးအယူမျှတ မှန်ကန်စွာ ပြုလုပ် ကစားမှသာ လျှင် တဖက် အသင်းကို ဂိုး သွင်းနိုင်ပေသည်။

ဘောလုံးအသင်း တသင်း၌ ဂိုးသမား တယောက်၊ နောက် တန်း နှစ်ယောက်၊ အလယ် တန်း သုံးယောက်၊ ရှေ့တန်းငါး ယောက် ပေါင်းဆယ့်တယောက် ပါဝင် ကစားကြသည်။ နောက် တန်းလူများသည် တဖက် အ သင်း ဂိုးမသွင်းနိုင်ရန် ခုခံတိုက် ဖျက်ကြရသည်။ အလယ်တန်း လူများသည် နောက်တန်းဆင်း ၍ ကူညီကာကွယ်ခြင်း၊ ရှေ့ တန်း လူများအတွက် ဂိုးသွင်း နိုင်ရန် အကွက် ဆင်ပေးခြင်း များကို ပြုလုပ်ရသည်။

မြန်မာ နိုင်ငံတွင် တိုင်းနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲ များ ကို ၁၉၅၂ ခုနှစ်မှစ၍ နှစ်စဉ် ပြု လုပ်ခဲ့သည်။

ပြည်ပ ပွဲများမှာ ကမ္ဘာ့ဖ လားပွဲ၊ အာရှ ဖလားပွဲ၊ အာရှ လူငယ် ရွှေဖလားပွဲ၊မာဒေးကား ဖလားပွဲတို့ ဖြစ်၏။ မြန်မာနိုင်ငံ သည် ၁၉၆၁ ခုနှစ် အာရှလူငယ် ဘောလုံးပြိုင်ပွဲတွင် ပူးတွဲ ချန်ပီ ယံ ဖြစ်ခဲ့သည်။

ကျော်ညွန့်မိုး






ကျွန်တော်တို့ ဤရပ်ကွက်ထဲသို့ ပြောင်းလာ ကြသည်မှာ နှစ်ပတ်ခန့် ရှိပေပြီ။ ကျွန်တော်တို့ အိမ်ပြောင်းစတွင် အဖေနှင့် အမေ ရန်ဖြစ်ကြသည်။ အမေသည် ဤရပ်ကွက်တွင် မနေချင်ဟု အဖေ့ကို ပြောသည်။

ကျွန်တော်တို့ ယခုနေသော ရပ်ကွက်ကို အမေက မကြိုက်။ ဆင်းရဲသား ရပ်ကွက်ဖြစ်၍ လူပေါင်းစုံသည်။ ထို့ကြောင့် အမေသည် အခြားသူများနှင့် အခေါ်အပြော မလုပ်။ ဖာသိဖာသာ နေသည်။ ကျွန်တော့်ကိုလည်း အခြား ကလေးများနှင့် မကစားရန် တားမြစ်သည်။

ကျွန်တော်သည် ကျောင်းတွင် မောင်ပါ၊ မောင်အောင်၊ မောင်မြင့်တို့နှင့် တတန်းတည်း ဖြစ်သော်လည်း တခါမျှ စကားမပြောဖြစ်ပေ။ သူတို့လည်း ခပ်တန်းတန်းပင် နေကြသည်။

ကျွန်တော် ကိုယ်တိုင်လည်း သူတို့နှင့် သူငယ်ချင်း မဖြစ်လိုပေ။ သူတို့သည် အမြဲတမ်းညစ်ထေးသော အဝတ်ကို ဝတ်ကြသည်။ ကျွန်တော် အလွန် ရွံပါသည်။ မောင်ပါတို့သည် တဲအိမ်ဆွေးဆွေးယိုင်ယိုင်များတွင် နေကြသည်။ တရပ်ကွက်လုံးတွင် ပျဉ်အိမ်ဆို၍ ကျွန်တော်တို့အိမ်နှင့် အခြား နှစ်အိမ်သုံးအိမ်မျှသာ ရှိကြသည်။

တနေ့ ကျွန်တော် ကျောင်းမှပြန်လာစဉ် လူကြီးတယောက်သည် သစ်ပင်ရင်းတွင် ထိုင်နေပါသည်။ သူသည် ကျွန်တော့်ကို စိမ်းစိမ်းကြည့်နေသည်။

ကျွန်တော် အနည်းငယ် ကြောက်လာမိပါသည်။ သူ့အနီးသို့ ရောက်သောအခါ ထိုလူကြီးကလှမ်းအော်လိုက်ပါသည်။

"ဟေ့ချာတိတ်၊ ဒီကိုလာစမ်း"

ကျွန်တော် မကြား ချင်ယောင် ပြု၍ ရှေ့ဆက်ပြီး လှမ်းသွားပါသည်။ လေးငါးလှမ်း၊ လှမ်း မိသောအခါ ထို လူကြီးသည် ကျွန်တော့်ဂုတ်ကို ဆွဲ၍ သွားပါသည်။ သူ၏ မျက်နှာမှာ အလွန် အရုပ် ဆိုး၍ ကြောက်စရာ ကောင်းလှသည်။ အမာရွတ်ကြီး တခုလည်း ရှိပါသည်။

"မင်း ငါခေါ်တာ ဘာလို့ မလာတာလဲ၊ ဟဲဟဲ–မင်းဖောင်တိန်ကလေးက လှလိုက်တာ"

ပြောပြောဆိုဆို ကျွန်တော့် ဖောင်တိန်ကိုလှမ်း၍ နှိုက်ယူလိုက်ပါသည်။

"ပြန်ပေးပါဗျ၊ ဒါ ကျွန်တော့် ဖောင်တိန်၊ တနေ့ကမှ ဖေဖေဝယ်ပေးတာ"

"မပေးဘူးကွာ။ သွားစမ်း"

"ပေးပါဗျ"

ကျွန်တော်သည် ရှိသမျှ ခွန်အားနှင့် ထိုလူကြီး လက်ထဲမှ ဖောင်တိန်ကို ဝင်၍ လုပါသည်။

ထိုစဉ် လမ်းသွား လမ်းလာမှာလည်း ရှင်း၍ နေပါသည်။ ကျွန်တော်တို့ နှစ်ယောက် လုံးထွေး၍ နေပါသည်။ ကျွန်တော့်ကို ဆောင့်တွန်း လိုက်၍ မြေကြီးပေါ်သို့ ဖင်ထိုင် ကျသွားပါတော့သည်။ အလွန် နာကျင်သွား၍ မျက်ရည်များပင် ကျလာပါသည်။

"ဟော့ ဟိုမှာ မောင်ဖုန်းတယောက် ငိုနေပါလား။ ဘာဖြစ်လဲမသိဘူး" ဟူသော အသံနှင့် အတူ မောင်ပါ၊ မောင်အောင်နှင့် မောင်မြင့်တို့ ပြေးလာကြပါသည်။

"မောင်ဖုန်း ဘာဖြစ်တာလဲဟေ့"

"ကျွန်တော့် ဖောင်တိန်ကို ဟိုလူကြီး ယူပြေးလို့"

"ဟုတ်လား၊ အဲဒီလူကြီး ဘယ်ရောက်သွားပြီလဲ"

"ဟို ဖက်ကို ထွက်သွားတယ်"

"ဒို့ အဲဒီလူကြီးနောက်လိုက်ကြမယ်" ဟု ပြောပြော ဆိုဆို ထိုလူကြီးနောက်သို့ ကျွန်တော်တို့ ပြေးလိုက်ကြပါသည်။

"ဟိုလူကြီးဘဲ" ကျွန်တော်က လှမ်းပြရင်းအော်ပြောသည်။

"ဟော့လူကြီး ရပ်ပါအုံး"

သို့သော် ထိုလူကြီးမှာ မကြားချင်ယောင် ဆောင်၍ ခပ်သွက်သွက် ဆက်၍ သွားနေပါသည်။

ကျွန်တော်တို့မှီအောင် ပြေးလိုက်သွားကြပါသည်။ ထိုလူကြီးကို မှီသောအခါ "ခင်ဗျားသူ့ ဖောင်တိန်ကို ယူတယ်ဆို" မောင်အောင်က လှမ်းမေးလိုက်ပါသည်။

"မယူပါဘူးကွ"

"ဘာမယူပါဘူးလဲ၊ ယူယင် ပြန်ပေးလိုက်ပါဗျ"

ကျွန်တော်တို့ ရှေ့သို့ တိုးသွားပါသည်။ ထိုလူကြီးသည် ပြုံးဖြီးဖြီး လုပ်၍ "ဟဲ ဟဲ – ငါ အလကား နောက်တာပါ" ဟု ပြော၍ ဖောင်တိန်ကို ပြန်ပေးလိုက်ပါသည်။

ကျွန်တော်တို့သည် ဖောင်တိန်ရရချင်း အိမ်သို့ ပြန်ခဲ့ကြပါသည်။

အိမ် ပြန်ရောက်သော အခါ အဖြစ်အပျက်အားလုံးကို အဖေနှင့် အမေအား ပြန်၍ ပြောပြပါ သည်။ ကျွန် တော် သည် မောင်ပါတို့ကို အလွန် ကျေးဇူးတင်မိပါသည်။ အဖေက သူတို့ကို ထမင်း ဖိတ်ကျွေးမည်ဟု ပြောပါသည်။

တနင်္ဂနွေနေ့ ကျောင်းပိတ်ရက် ဖြစ်သည်။ မောင်ပါတို့ကို ထမင်းစား ဖိတ်ထားပါသည်။ အမေ ကိုယ်တိုင် ထမင်းဟင်းကို ချက်ပါသည်။ ကျွန်တော်တို့သည် ပျော်ရွှင်စွာ ထမင်း စားသောက်ကြပါသည်။ တယောက်နှင့်တယောက်လည်း အလွန်ရင်းနှီးသွားကြပါသည်။

ထမင်း စားပြီးသော အခါ အဖေက "အေး– မင်းတို့သူငယ်ချင်းတွေ တယောက်နဲ့ တယောက်ခင်ခင်မင်မင်နေကြတာ ဝမ်းသာပါတယ်ကွာ၊ တယောက်ကိုတယောက် အခက်အခဲရှိယင် ကူညီ စောင့်ရှောက် ကြပေါ့။ ဟိုနေ့ က မင်း တို့ က လေးယောက် ဆိုတော့ ဟိုလူကြီး ကြောက်ပြီး ဖောင်တိန်ပြန်ပေးတာပေါ့" ဟု ပြောပြပါသည်။

## စည်းကမ်း ရှိပါကွဲ့

စက္ကူတွေကို ဆုတ်လို့ဖြဲ၊
မောင်လေး တော်တော်ကဲ။

ပုံးထဲကိုတော့ မထည့်ချင်၊
ဟိုပစ်သည်ပစ် အမြဲပင်။

ကြမ်းပြင်အိမ်လုံး ရှုပ်လို့ပွ၊
မောင်လေး ဆိုးသမျှ။

မမ မကြိုက်ဘူး မောင်လေးရေ၊
ဆင်ခြင်ပါအုံးလေ။

အမှိုက်တွေကို ပုံးထဲထဲ့၊
စည်းကမ်း ရှိပါကွဲ့။ ။

အောင်လှိုင်ထွန်း



R. 517



# ပြောင်းဖူး

ဖက်ပြောင်းနှင့် စားပြောင်းဟူ၍ နှစ်မျိုးရှိသည်။ ဖက်ပြောင်းမှ ဖက်ကို ဆေးလိပ် လိပ်ရသည်။ ပြောင်းစေ့ကို ပေါက်ပေါက်ဖောက်၍ ပေါက်ပေါက်ဆုပ်၊ ကရေကရာမုန့်စသည်ဖြင့်သားရေစာအမျိုးမျိုးလုပ်နိုင်သည်။ စားပြောင်းကို အဖူးလိုက် ပြုတ်၍၎င်း၊ ဖုတ်၍၎င်း၊ ကြော်၍၎င်း စားနိုင်သည်။ အစေ့ကိုခွေ၍ ကြိတ်ခွဲပြီး ထမင်းအဖြစ် ချက်၍စားနိုင်သည်။ "ပြောင်းဖူးသည် ချိုဆိမ့်၏။ အဆီဩဇာနည်း၏။ စဉ်းငယ်ဖန်၏။ သလိပ်နာကို နိုင်၏။ ဝမ်း ကြေလွယ်၏" ဟု မြန်မာဆေးကျမ်းများ၌ ပြဆိုသည်။ စားပြောင်းနှင့် ဖက်ပြောင်းကို မိုးရာသီဆောင်းပေါ် စိုက်နိုင်သည်။ မိုးတွင်းစိုက်လျှင် မိုးဦးကျတွင် စိုက်ရ၏။ သုံးလကြာလျှင် စားသုံးနိုင်သည်။ ဆောင်းတွင်းစိုက်လျှင် တန်ဆောင်မုန်း၊ နတ်တော်လများတွင် စိုက်ရပြီး တပေါင်း၊ တန်ခူးရောက်မှ ရိတ်ရသည်။ စားပြောင်းများကို မကွေး၊ ပခုက္ကူ၊ ရမည်းသင်း၊ မင်းဘူး၊ သရက်၊ ဟင်္သာတ၊ မအူပင်ခရိုင်များတွင် အများအပြား စိုက်ပျိုးသည်။ တပြည်လုံးတွင် စိုက်ခင်းဧက နှစ်သိန်းကျော် ဖျမ်းမျှရှိသည်။

(မောင်မောင်မြင့်)




၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။





# ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၁၇၊ ၂၆-၄-၆၉






ဟား- ဟား- ဟား-
မင်းလုပ်သလို ငါလဲ လုပ်ကြည့်ဦးမယ်ဟေ့
နေပူလိုက်တာကွာ၊ ဒီလိုကို အလုပ်-လုပ်ကြသလား၊


ပထမရတယ်၊
ထို့နောက်-ကျော်ကျော်တို့ မြို့သို့ ပြန်လာခဲ့ကြသည်၊


သရုပ်ဖော် - ကျော်ကျော်
သစ်ခေါင်းကြီး
ဇာတ်လမ်း - မြေရှင်း
အပါ၊ ဖိုးစောနှင့် တာတူးတို့သည် ရွာအလွန်ရှိ တောစပ်သို့ ကစားရန် ထွက်လာကြသည်။
ဒို့ တူ့တူ့ပုန်းတမ်း ကစားကြရအောင်ကွာ
အပါက ဒီမှာနေခဲ့ ငါနဲ့တာတူးက သွားပုန်းမယ်
လာဟေ့ ပုန်းလို့ကောင်းတဲ့ နေရာတခု ငါတွေ့ထားတယ်
ဒီသစ်ပင်အောက်မှာ ဝင်လို့ရတဲ့ အခေါင်းကြီး ရှိတယ်ကွ
အထဲမှာ မြွေတွေ ရှိနေအုံးမယ်
မရှိပါဘူးကွ ငါအရင်ဝင်မယ်


လာလေကွာ အပါ ခို့ကို
ရှာတွေ့မှာ မှုတ်ဘူးကွ
ဒီနေရာကောင်း
တယ်ကွ
ကူပြီဟေ့
ကူပြီဆိုလို့ ကြောင်ကြီး
လိုက်လာပြီ ကွက်ကလေး
တွေ့လုံအောင်ပုန်းဟေ့
ဟာ! ခြေသံကြားတယ်ကွ
ဒီဖက်ကိုလာနေပြီ
ဒီနေရာလုံရဲ့လားကွ
စိတ်ချပါ ဒီနေရာကို
ငါတယောက်ထဲသိတာ
?
လာ သွားမယ် နေဖဝင်ခင်
ဒို့ ပြန်လာယူမယ်
ဟေ့ ဒါဘာကြီးလဲ
မသိဘူး
ရှူး---တိုးတိုးကွ


ဟာ! ဒါတွေဟာ ကြာညိုတိုက်က ရေဒီယိုနဲ့ တူလိုက်တာ
ဦးယုသွားပြီး လူကြီးတွေကို ပြောမယ်
ယမ်းပေးပြီဟေ့ ထွက်ခဲ့တော့ကွ
ဟေ့ကောင် ဦးဒီမှာကွ မအော်နဲ့
အပါ ကူပါဦးကွ
ဟာ! ဘာကြီးလဲ
ရေဒီယိုတလုံးကွ
မြန်မြန်သွားပြော ရအောင်ဟေ့
ညနေတွင်
ဟေ့ ဖမ်းတို့ကို ဝိုင်းမိသွားပြီ မပြေးနဲ့
ကလေးများ အားလုံးက သူတို့၏ စွန့်စားခန်းကို အားကျ နေကြပေသည်။

# လဗိမာန်


လသည် ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ကမ္ဘာ၏ အနီးဆုံးသော အိမ်နီးချင်းဖြစ်သည်။ ကမ္ဘာ၏ အရံဂြိုဟ်ဖြစ်၍ ကမ္ဘာမှ မိုင်ပေါင်း ၂၃၉,၀၀၀ ခန့် ကွာဝေးသည်။

လသည် အချင်းမိုင် ၂,၁၆၀ ခန့်ရှိသော အလုံးကြီးဖြစ်သည်။ ကမ္ဘာတည်စ အချိန်လောက်က ကမ္ဘာမှ ပဲ့ထွက်သွားသော အစိတ်အပိုင်းတခုဖြစ်မည်ဟု ယူဆရသည်။

ကမ္ဘာ၏ဆွဲအားကြောင့် လသည် ကမ္ဘာကို အနောက်မှ အရှေ့သို့ လှည့်ပတ်လျက်ရှိ၍ ၂၉ ရက်ခန့်တွင် တကြိမ် ပတ်မိသည်။ ကမ္ဘာကို တဖက်သတ် မျက်နှာမူလျက် ရှိသည်။


လပတ်လည်တွင် လေထုမရှိချေ။ လပေါ်တွင် ရေလည်းမရှိ၊ သက်ရှိများလည်း မရှိချေ။ လေမရှိသဖြင့် လပေါ်တွင် အသံမကြားနိုင်။ ဒုံးပျံကြီးများ အရှိန်ပြင်းစွာဖြင့် လပေါ်သို့ ကျရောက်ပေါက်ကွဲသည့်တိုင်အောင် အသံကြားရမည်မဟုတ်ပေ။ လေမရှိသဖြင့် လပေါ်၌ အပူအအေး မညီမျှချေ။ နေ့အခါတွင် ရေဆူလောက်အောင်ပူ၍ ညအခါ၌ သုညအောက် ဒီဂရီ ၂၀၀ လောက်အထိ အေးသည်။

လပေါ်၌ တောင်များ၊ တွင်းများ၊ ချိုင့်ကြီးများ ရှိသည်။ တွင်းများသည် မီးတောင်ဟောင်းများဖြစ်မည်ဟု ယူဆရသည်။ အချို့တွင်းကြီးများမှာ ထိပ်ဝအကျယ် မိုင် ၁၀၀ ခန့်၊ အနက် မိုင် ၅၀ ခန့် ရှိမည်ဟု ခန့်မှန်းရသည်။



အာကာသယာဉ်ပေါ်မှ နေ၍ လကို ဤကဲ့သို့ နီးကပ်စွာ တွေ့မြင်ရပေသည်။

လပေါ်၌ ကမ္ဘာမှာထက် ဆွဲအား ခြောက်ဆခန့် နည်းသည်။ ထို့ကြောင့် လပေါ်တွင် ကမ္ဘာမှာထက် ခြောက်ဆခန့် ပို၍ မြင့်အောင် ခုန်နိုင်ဖွယ်ရှိသည်။





လ၌ ကိုယ်ပိုင်အလင်းမရှိချေ။ လပေါ်၌ ကျရောက်သော နေ၏ အလင်းရောင်ကို ပြန်ဟပ်ပေးခြင်းသာဖြစ်သည်။ လ၏ အနေအထားကြောင့် တွေ့မြင်ရသော ပုံသဏ္ဌာန်အမျိုးမျိုးကို လိုက်၍ လဆန်း၊ လပြည့်၊ လဆုတ်၊ လကွယ်ဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။

၁၉၅၉ ခု စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရုရှားဒုံးပျံသည် လနှင့် ပထမဦးစွာ ထိတွေ့ခဲ့သည်။ အမေရိကန် ရိမ်းဂျား-၇ အာကာသယာဉ်က ၁၉၆၄ ခု ဇူလိုင်လ ၂၀ ရက်နေ့တွင် ထိတွေ့ခဲ့သည်။

ယခုအခါ လပေါ်သို့ လူရောက်ရှိနိုင်ရေး အတွက် စီမံကိန်းများချကာ အပြိုင်အဆိုင် ကြိုးစားဆောင်ရွက်လျက် ရှိကြပေသည်။

**ဦးတင်ဝင်း**




ရှေးတုန်းက တက္ကသိုလ် ဆရာကြီးဆီမှာ အတိုင်းတိုင်း
အပြည်ပြည်က လာပြီး ပ်ညာသင်ကြသတဲ့။
ယောကျ်ားတို့ တတ်အပ်တဲ့ ဆင်စီး၊
မြင်းစီးပညာ –
ဒီလိုခုတ်
တော့
ဒီလိုရှောင်
ပေါ့
ဓားခုတ်၊ လှံထိုး ပညာတွေကို ဆရာ
ကြီးက သင်ပေးတယ်။
တနေ့သ၌
ကျောင်းနားက မြေကွက်လပ်မှာ ပုဏ္ဏေးမကြီး
မုံ့တွေ လာလှန်းသတဲ့။


ပုဏ္ဏေးမကြီး ပြန်သွားတဲ့အခါ-
ပုဏ္ဏေးမကြီး လှန်းထားတဲ့ မုံ့တွေကို တပည့်တယောက်က သွားပြီး ခိုးစားသတဲ့။
ပုဏ္ဏေးမကြီးက ဆရာကြီးကို လာတိုင်တယ်။ အဲဒီအခါ....
ဆရာကြီး ဆုံးမလိုက်ပါ့မယ်
သူတပါး ရှာဖွေထားတဲ့ ပစ္စည်းကို ခိုးတာဟာ အပြစ်ဘဲ
ကိုင်း..ငါ့တပည့် လိမ်မာစေဘွင်
-----


ငါ့ဘုရင့်သား ဒီလေါက်ရိုက်တဲ့ ဆရာကြီးကို-တနေ့ ဂလဲ့စား ချေမယ်
ဆရာကြီးက စေတနာကောင်းနဲ့ ဆုံးမတာကို ဒီ တပည့်ဟာ နားမလည်ရှာဘူး။
ပညာတွေစုံလို့ ကိုယ့်တိုင်းပြည်ကို အသီးသီး ပြန်ကြပြီးတဲ့နောက် -
ဆရာကြီးကို အခုဖမ်းခဲ့
မုန့်ခိုးစားလို့ အရိုက်ခံရတဲ့ တပည့် ရှင်ဘုရင်ဖြစ်လာတဲ့အခါ -
အို — ဖြစ်ရလေဆရာကြီး၊ ဘုရင်တော့ မှားပြီပေါ့ -
ကျောင်းတုန်းက ဆရာကြီးရိုက်ခဲ့တာ-မှတ်မိသေးရဲ့လား
ဆရာကြီးရိုက်လို့သာ-အခု ဘုရင်ဖြစ်ရတာ-မရိုက်ယင် သူခိုးဘဲ ဖြစ်မယ်
ပညာရှိ အမတ်ကြီးက ရဲရဲကြီး ထပြောတယ်။
ဆရာ့သခင် ကျေးဇူးရှင် ကို-မှားမိသမျှ ကန်တော့ ပါတယ် ကျေတော် မူပါ
ဘုရင်ဟာ ဒီတော့မှ သတိရလာပြီး တောင်းပန် သတဲ့။ ။



# ထုပ်ဆီးတိုး


ရှေးခေတ် မြန်မာဘုရင်တို့ လက်ထက်အခါကပင် ထုပ်ဆီးတိုး ကစားခဲ့ကြသည်။ ထုပ်ဆီးတိုး ကစားခြင်းသည် အပျင်းလည်းပြေ၊ ပျော်ရွှင်မှုလည်းရသည်။ အပြေး၊ အရှောင် အတိမ်း၊ အတိုး အဆုတ် စသည့် လျင်မြန် ဖျတ်လတ်သော လှုပ်ရှားမှုများ လိုလေသည်။

ထုပ်ဆီးတိုး ကစားခြင်းကို ယခုခေတ်တွင် စည်းကမ်းတကျ ပြုပြင်၍ ကစားကြသည်။ တသင်းလျှင် လူ ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ကစားကြရသည်။ အသက်အလိုက် သုံးတန်း ခွဲခြား၍ ထားသည်။ အသက် ၁၄ နှစ်အောက် သက်ငယ်တန်း၊ အသက် ၁၇ နှစ်အောက် သက်လတ်တန်းနှင့် အသက် ၂၀ အောက် သက်ကြီးတန်းဟူ၍ ဖြစ်သည်။ ကစားကွင်း အတိုင်းအတာမှာ သက်ငယ်တန်းအတွက် အလျား ၆၆ ပေ၊ အနံ ၂၂ ပေ ဖြစ်၍ သက်လတ်နှင့် သက်ကြီးတန်းတို့အတွက် အလျားပေ ၉၀၊ အနံ ၂၅ ပေ ဖြစ်လေသည်။

ကစားချိန်မှာ ပထမပိုင်းနှင့် ဒုတိယပိုင်း ၁၅ မိနစ်စီ ဖြစ်သည်။ ထိုအကြားတွင် ငါးမိနစ် နားချိန်ရသည်။ အနားယူချိန်တွင် လူသုံးယောက်အထိ လဲလှယ် ကစားနိုင်ခွင့်ရှိလေသည်။

ပွဲ စ၍ ကစားသောအခါ တိုးသူဖက်မှ ခေါင်သူကြီးနှင့် ဖမ်းသူဖက်မှ ခေါင်သူကြီးတို့ လက်ဝါးချင်း ရိုက်ရသည်။

ကစားစဉ် တိုးသူများသည် ညှပ်ပူး ညှပ်ပိတ် မိနေသောအခါ ဥဘာ်ဒီရိယထုတ်၍ လွတ်အောင်ရုန်းကြရ၏။ ကျွမ်းကျင်သော ဖမ်းသူများကလည်း ပရိယာယ်ဆင်၍ ဖမ်းတတ်ကြပုံမှာ ကြည့်၍ ကောင်းလှပေသည်။ ။ ကျော်ညွန့်မိုး



## အဖြေမှန် သိပါစ

(၁)

လက်ဝယ်ထား၊ ဓားလည်းမဟုတ်၊
ဖြတ်လျှင်ရ၊ လွှလည်းမဟုတ်၊
ဦးကြီးများ၊
စပါးအတွက်အလုပ်လုပ်။

(၂)

ရိုက်လိုရိုက်၊
ထုလိုထု၊
ဘယ်တော့ သူ မပု။

(၃)

အဝကျယ်လို့ အထွက်ကကျဉ်း၊
အရည်ထည့်ချင်၊ သူနဲ့သွင်း။

ဦးသုတ

။ငံထဝဃ (၄)
ထော(၂) ၄ွေဝွေ (၁)။ ။ဖြေစေး



ဗဟိုသိမ်းဆောင်

# စုပေါင်းအားအင် အောင်ပွဲဆင်

ကျွန်တော်တို့ ဘောလုံးအသင်းသည် တဂိုး - ဂိုး မ ရှိ ဖြင့် ကပ်ရှုံးနေသည်။ ကွင်းဘေးရှိ ကျွန် တော် တို့ ကျောင်း မှ ကျောင်းသူ ကျောင်းသားများမှာ အရှုံးကြောင့် နှုတ်ပိတ်နေကြသည်။

ကျွန်တော်သည် အသင်းခေါင်းဆောင် ဖြစ်ရုံမက အသင်း အနိုင်ရအောင် ဂိုးသွင်းပေးရသော အဓိက တိုက်စစ်မှူးလည်း ဖြစ်သည်။ ယခု ကျွန်တော်တို့ အသင်း ရှုံးနိမ့်နေမှုကြောင့် ကျွန်တော်မှအစ အားလုံးပင် ခြေမပေါ်ပဲ ရှိနေကြသည်။ အသင်းလိုက် ညီညွတ်မှု အရှိဆုံး ကျွန်တော်တို့ အသင်းသည် အချိတ်အဆက် မမိပဲ ဖရိုဖရဲ ဖြစ်နေကြသည်။

ဟော-ကြည့်စမ်း။ အလယ်တန်းလူ အစိုးက ရှေ့ထိုးပေးလိုက်သော ဘောလုံးသည် တဖက် နောက်တန်း လူများကို လွန်၍ ထွက်လာသည်။ ကျွန်တော် ပြေးလိုက်သော်လည်း မမှီလိုက်ချေ။

"ဟေ့ - အတာ။ ဘောလုံးပေးမယ်မှန်းသိယင် ကြိုပြီး နေရာယူစမ်းပါ"

အစိုးက ကျွန်တော့်ကို ပြစ်တင်စကားဆိုသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို မကျေမနပ်ဖြစ်လိုက်မိသည်။ သူ့ကို ကျွန်တော်က ခါးထောက်ပြီး မျက်မှောင်ကြုတ်၍ ကြည့်သည်။ အစိုးသည် ကျွန်တော့်ကို ဂရုမထားပဲ ဘောလုံးကို အမိအရ ပြန်လိုက်နေသည်။ သူ၏ ကြိုးပမ်းမှုကြောင့် ဘောလုံး သူ့ခြေထဲ ပြန်ရောက်ခဲ့ပြန်သည်။ အစိုး သည် ကျော်ကျော်ကို ဘောလုံး လှမ်းပေးမလို ဟန်ရေး ပြ နေ‌သည်။ ကျွန် တော်လည်း သူ ကျွန်တော့်ဆီ ပေးမည် မထင်၍ ခပ်ပေါ့ပေါ့ပင် ရပ်နေသည်။ ထိုအခိုက် အစိုးက ကျွန်တော့်ဆီ ထိုးပေးလိုက်သည်။

ကျွန်တော် အမှုမဲ့အမှတ်မဲ့နေမိ၍ ဘောလုံး ကွင်းပြင်သို့ ထွက်သွားသည်။ အစိုး ကျွန်တော့်ကို စိတ် ပျက် သွား ပုံ ရသည်။ ခေါင်းရမ်းပြီး ရပ်နေရင်းက –

"အတာကလဲရပ်နေတာကိုး ကွ။ နှဲနှဲ ပါးပါးများ လိုက်ကစားစမ်းပါအုံး"

"လူပေးယင် ကြည့်ပေးမှပေါ့"

"ဟေ့ – အတာနဲ့ အစိုး။ မင်းတို့နှစ်ယောက် စကားများနေ။ ဒီအတိုင်းဆို တို့အရှုံးနဲ့ ပွဲသိမ်းရလိမ့်မယ်"

ရဲလွင်က အော်ဟစ် သတိပေးသည်။ ကြည့်နေသူများကလည်း အော်ဟစ်လာကြသည်။

"အတာနဲ့အစိုး၊ မကစားချင်ဘူးလားဟေ့။ မကစားချင် ထွက်သွားကြစမ်းကွာ"

ထိုအခိုက် ဒိုင်လူကြီး က ပထမပိုင်း ပြီးဆုံးကြောင်း အချက်ပေးခရာ မှုတ်တော့သည်။ ကျွန်တော်သည် အရှုံးကြောင့် ခေါင်းမဖော်ရဲပဲ အသင်းကို

ဦးဆောင်၍ ကွင်းထဲမှ ထွက်လာခဲ့သည်။

ကျွန်တော်တို့ ရှိရာသို့ ဆရာဦးစံလွင် ရောက်လာသည်။

"ဟေ့-အားလုံး နားထောင်ကြစမ်း။ အရှုံးအနိုင် ဆိုတာ ဖြစ်မြဲသဘာဝဘဲကွဲ့။ အဲ တခုရှိတာက တို့အသင်းဟာ နိုင်သင့်နိုင်ထိုက်တဲ့ ခြေမျိုး ရှိပါရက်နဲ့ တယောက်အမှားကို တယောက်က ခွင့်မလွှတ်ပဲ စိတ်တို စိတ်ကောက်နေကြတာနဲ့ အသင်းရဲ့ ညီညွတ်မှုပျက်ပြီး ကစားကွက် မမှန်တော့ဘူး"

ကျွန်တော်တို့ အမှားကို ဆရာဦးစံလွင်က ထောက်ပြသတိပေးလာသည်။ "တို့အသင်းဟာ တကျောင်းလုံးကို ကိုယ်စားပြုထားတဲ့အသင်း ဖြစ်တယ်။ တချိန်က အသင်း တသင်းစီကလူတွေ ဖြစ်ပေမဲ့၊ အခုဒီအသင်းမှာတော့ တသင်းထဲသားတွေဖြစ်နေပြီ။ တယောက်ကို တယောက် စိတ်မကောက်ကြပဲ အမှားအယွင်းကို သည်းခံပြီး ညီညီညွတ်ညွတ် ကစားကြ"

ဆရာဦးစံလွင် မှန်ပါသည်။ ကျွန်တော်တို့ တယောက်နှင့် တယောက် အပြစ်ဆိုမနေသင့်ကြပါ။ သို့ဖြစ်၍ အစိုးနှင့် ကျွန်တော်သည် တယောက်ကို တယောက် အပြန်အလှန်ကြည့်၍ ပြုံးလိုက်မိကြပါသည်။

ဒုတိယပိုင်း ပြန်စကြောင်း အချက်ပေးပါသည်။

ကျွန်တော်ရော အစိုးပါ မှားယွင်းမှု၊ ချွတ်ယွင်းမှုတို့ကို ပြင်ဆင်ခဲ့ကြပါပြီ။ အစိုး အကွက်ဆင်ပေးသမျှ အခွင့်အရေးကို ကျွန်တော်က ကြိုးပမ်းပြီး အသုံးချပေးသည်။ သို့ဖြစ်၍ ငါးမိနစ်ပိုင်းတွင် အရှုံးဂိုးကို ကျွန်တော်ပင် သွင်းယူ ချေပနိုင်ခဲ့သည်။

တဖက် နောက်ခံ လူများသည် ကျွန်တော့်ကို အလွတ်မပေးပဲ အသေ ကပ်ထားကြသည်။

ကျွန်တော့်ထံသို့ ကျော်ကျော် ပေးလာသည့် ဘောလုံးကို တဖက် နောက်ခံလူများကို ထိုးဖောက် မှေ့နှောက်ပြီး အစိုးထံ ပြန်ပို့ပေးလိုက်သည်။ အစိုးက အဝေးမှ လျှပ်တပြက် ကန်သွင်းလိုက်နိုင်သဖြင့် အနိုင်ဂိုး ရခဲ့သည်။

အားလုံးက ကျွန်တော်နှင့် အစိုးအား ပွေ့ဖက် နမ်းရှုပ်ကြသည်။ မကြာမီ ပွဲသိမ်းသွား၍ အစိုးနှင့် ကျွန်တော့်ကို ကျန်ကစားဖက်များက ကွင်းထဲမှ ထမ်းထုတ်ခဲ့ကြသည်။

အမှားအယွင်းများကို အချိန်မီ ပြင်ဆင်လိုက်နိုင်၍ ညီညွတ်မှု ရရှိကာ ကျွန်တော်တို့ အောင်ပွဲ ရခဲ့ကြသည် မဟုတ်ပါလား။

---

## ရွှေသို့ညီညီ လှမ်းတက်ချီ

ရှမ်း၊ ချင်း၊ ကချင်၊
ကရင်၊ ကယားနဲ့၊
ရခိုင်၊ အင်းသား၊ မွန်၊ ဗမာ။
ဖက်ဆစ်ရန်ကို တော်လှန်ကြတော့၊
လေး၊ လှံ၊ ဓားမ စွဲကိုင်ကာ။

တိုင်းရင်းသားစုံ ညီညာမှုကြောင့်၊
တို့ပြည်ထောင်စု လွတ်လပ်လာ။
စွမ်းရာနိုင်ရာ ကိုယ်စီထမ်းလို့၊
'လွတ်လပ်ရေးပန်း'
စောင့်ရှောက်ရှာ။


ရွှေသို့လှမ်းစဉ် တူ မခွဲသမို့၊
လက်အတွဲဖြင့် မဖြုတ်ပါ။
စည်းလုံးလှစွာ ချစ်ကြည်ကြလို့၊
ဘေးသီ မခ ရန်ကင်းကွာ။

ပြည်ထောင်စုမှာ တိုင်းရင်းဘွားတို့၊
ယိုင်းပင်းလှုပ်ရှား ရင်းချာချာ။
တက်ချီတာ — လက်ညီစွာ။ ။

ကေတု - လင်းနိုင်



R. 517




# ဒူးရင်းသီး

ပုန်းလျှိုး ကွယ်လျှိုးခိုးစား၍မရသော အသီးတမျိုးကို ပြပါဆိုလျှင် ဒူးရင်းသီးကို ပြရပေမည်။ ဒူးရင်းသီးအနံ့ကို ဖုက်ထား၍ မရသောကြောင့် ဖြစ်၏။ ဒူးရင်းသီး အရသာ မှာ ချို၍ ဆိမ့်သည်။ များများစားလျှင် အီသည်။ အပူဓာတ် လွန်ကဲ၍ အပူနာများ ထွက်တတ်သည်။ ထို့ကြောင့် ဒူးရင်းသီးစား ပြီးလျှင် ရေများများ ချိုးရသည်။ ဒူးရင်းသီး အမှည့်ကို ယိုလည်း ထိုးကြသည်။ အချို့ အရပ် တွင် ဒူးရင်းသီး အရင့်ကို ကြော်ချက်၍လည်း စားကြသည်။ ဒူးရင်းသီးသည် လူ၏ အရိုးနှင့် သွားများကို ခိုင်မာ တောင့်တင်း စေသည်။ ကိုယ်ခန္ဓာကြီးထွားမှုကို ဖြစ်စေသည်။

မြန်မာနိုင်ငံတွင် မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရိုင်များနှင့်ကော်သူးလေပြည်နယ်ဖက်မှ ဒူးရင်းသီးအများအပြား ထွက်သည်။မိုးဦးကျ တွင် ကျယ်ဝန်းသော ဒူးရင်းခြံကြီး များအတွင်း အပင်အောက်၌ မှည့် လျှင် အလို အလျောက် ကြွေကျနေ သော ဒူးရင်းသီးများမှာ ကောက် ၍ပင် မနိုင်အောင် များပြား လှသည်။ ။

ဦးစိန်တင်







၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

ကမ္ဘာ့ အလုပ်သမား နေ့

မေ ၁


ပန်းချီ-ဦးဘကြည်   အတွဲ ၁၊   အမှတ် ၁၈၊   ၃-၅-၆၉




မေလ ၁ ရက်နေ့ကို ကမ္ဘာ့ အလုပ်သမားနေ့လို့ ခေါ်တယ်။ အဲဒီနေ့မှာ အလုပ်သမား ပေါင်းစုံဟာ အလံတွေနဲ့ ဘာလို့ချီတက်ကြသလဲ




ရှေးတုန်းက နိုင်ငံတိုင်းမှာ သက်ဦးဆံပိုင်ဘုရင်တွေ အုပ်စိုးပြီး လူတိုင်း လူတိုင်းဟာ ဘုရင့်ခြေတော်ရင်းမှာ ဦးခိုက်ကြရတယ်။ ကြောက်ကြရတယ်တဲ့
ဘုရင်ကကြေးစည်ထုပြီး ဘုရားကို လှူလိုက်ယင် ဒီလူတွေဟာ တသက်လုံး ဘုရားမှာဘဲ အလုပ်လုပ်ရသတဲ့။
သား
မြေး
မြစ်
တီ
ကျွတ်
တချို့နိုင်ငံတွေမှာ ဆိုယင် ဘုရင်က "ဒီမြို့ရိုးကြီးဆောက်စေ" လို့ အမိန့် ထုတ်လိုက်ယင် မပြီးမချင်း သားစဉ်မြေးဆက် ဒီအလုပ်ထဲမှာဘဲ နေရသတဲ့-ကွယ်။
ရုပ်ရှင်ထဲ စာအုပ်ထဲမှာ တွေ့ဘူးမှာပေါ့။ အလုပ်သမားတွေကို မတရား ညှင်းဆဲပြီး ကိုယ်ချင်းမစာ ခိုင်းတာ၊ ဒီအလုပ်သမားတွေကို "ကျွန်"လို့ ခေါ်တယ်။
ဘုရင်သေယင် တောင် ဘုရင့် အလောင်းနှင့် အတူကျေးကျွန် တွေကိုပါတွင်း ထဲတခါထဲမြှုပ် ပစ်သတဲ့
ငွေပေါ်တဲ့ သူဌေးကြီးတွေ ကလဲ - အဲဒီလိုပဲ - အလုပ်သမားတွေ အပေါ်အရှင်း ထိုင်ကြတာ ပဲ တဲ့ -


ချောတယ် - လှတယ် - ကျန်းမာတယ်၊
ကြမ်းခင်းဈေး - ၂၀၀/-
၃၀၀/-
၃၅၀/-
၅၀၀/-
တချို့က အလုပ်အမျိုးသမီး အလုပ်သမားလေးတွေကို လေလံပစ်ပြီးတောင် ရောင်းချကြတယ်။ သူတို့ခမျာ တသက်လုံး အလုပ်သမားဘဝမှာဘဲ ဆင်းဆင်းရဲရဲ နေကြရရှာတယ်။
"ကျွန်"တွေ အထက်ကအလုပ်သမားတွေကလဲ သူတို့ကိုယ် သူတို့ သခင်လေးတွေလို့ ထင်နေကြသတဲ့
အဲဒီလိုခံရပါများတော့ လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်က အလုပ်သမားတွေဟာ တော်လှန်ပြီး အရေးဆိုကြတယ်။
ဒါပေမဲ့ သူတို့အင်အားကနဲပြီး ကြေးငွေကလဲ မရှိတော့ ဘုရင့်တပ်တွေရဲ့ လက်နက်နဲ့ နှိမ်နင်းတာကို ခံရသတဲ့
ဘုရင်ခေတ် ကုန်ပြီး မဲနဲ့ ရွေးကောက်တင်မြှောက်တဲ့ အစိုးရခေတ်ကျတော့ လူတိုင်းဟာ အမြင်ကျယ်လာပြီး
အစိုးရက "ကျွန်" မရှိစေရ၊ အလုပ်သမားကို တနေ့ ၈ နာရီထက် ပိုမခိုင်းရ စသဖြင့် အလုပ်သမားဖက်က အမိန့်ထုတ်သတဲ့



ဒါပေမဲ့ ငွေရှင်ကြေးရှင် အများစုဟာ ဂရုမစိုက်တဲ့ အလုပ်သမားတွေကို မညှာ မတာ ခိုင်းသေးတာဘဲတဲ့
လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ လောက်ကမှ မေလ ၁ ရက်နေ့မှာ ကမ္ဘာ့အလုပ်သမား အဖွဲ့ညီလာခံကြီး ဖြစ်လာနိုင်သတဲ့
မမာနိုင်ငံမှာတော့ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က မေလ ၁ ရက်နေ့မှာ ရေနံမြေ က စပြီး အလုပ်သမားနေ့ စ လုပ်နိုင်တယ် ကွဲ
ဉာဏ လုပ်သား
ကာယ လုပ်သား
အသိ ပညာရှင်
အတတ် ပညာရှင်
စသဖြင့် အလုပ်သမားစုံစုံလင်လင်ဖြစ်လာပြီး
ပြည်ထောင်စု မြန်မာနိုင်ငံ အလုပ်သမား ကောင်စီ ဗဟိုဌါနချု
တော်လှန်ရေးအစိုးရလက်ထက် ရောက်တော့ အလုပ်သမားများ အခွင့်အရေး ရှေးရှုပြီး ပြည်သူ့အလုပ်သမားကောင်စီ ပေါ်လာတယ်။
ဒါကြောင့် မေလ-၁-ရက် နေ့ကို MAY DAY မေဒေး သို့မဟုတ် ကမ္ဘာ့အလုပ် သမားနေ့လို့ ------- ----- ခေါ်ကြတယ်ကွဲ



သဘာဝ
မှ
တီထွင်မှု
ဦးမောင်မောင်ဖြူ



လသာသာ ညအခါ
ရေးသူ- စံလွင်   သရုပ်ဖော် ကျော်ဆန်း
ရွာသာယာပေါ်တွင် လမင်းသည် ထိန်ထိန်သာနေ၏
ထိုအချိန်တွင်
ညနေဒို့နှစ်ယောက် ချောင်းထဲလျှောသွားစီး ဂုယင်သိတ်ပျော်မှာဘဲကွ
အေးကွ
လာ ဒါဖြင့် သွားကြမယ်
ဟင်၊ ဘာကြီး ပါလိမ့်
သရဲကြီးဗျ သရဲကြီး
မင်းတို့ပြောတဲ့သရဲကြီး ဆိုတာ ဦးလေးသွားကြည့် မယ်၊ မင်းတို့က လိုက်ပြ ဟုတ်လား
ဟုတ်ကဲ့ ဦးလေး
နွားကြီးပါကွာ မြင်းလား သရဲမဟုတ်ပါဘူး
ကဲ အဲဒါဘဲ၊ နောက်တခါ အရမ်းမကြောက်ကြနဲ့ ပထမ စုံစမ်းကြည့်အုံး ကြောက်သင့်မှကြောက် ပေါ့၊ မကြောက်သင့်ယင် မကြောက်ရဘူးနော်


ထိခိုက်မှု
အန္တရာယ်
ကာကွယ်ရေး
ဘိနပ်စီးပါ။
တိုက်ပျက်၊အိမ်ပျက်အောက်
မနေပါနှင့်။
ကြမ်းပြင်ကို သန့်ရှင်းပါ။
ပြေးမဆင်းနှင့်
ဖြေးဖြေးဆင်းပါ။
မီးရထား၊ မော်တော်ကား တို့
တွင် တွဲလောင်းခိုစီးပြီးမလိုက်နှင့်
လမ်းဖြတ်ကူးလျှင်
ငေးမသွားပါနှင့်။
မနိုင်သော ပစ္စည်းများကို
မသယ်ယူပါနှင့်။
ပြည်သူ့
ဆေးရုံ
ဒဏ်ရာရလျှင် ချက်ခြင်း
ဆေးရုံ၊ ဆေးတိုက်သို့
အမြန်သွား ဆေးကုခံပါ။


သရုပ်ဖော်
စန်းအောင်
ကာတွန်း
နေအိမ်
ရှေး ကျောက်ခေတ် လူတို့သည် ဂူများကို နေအိမ်အဖြစ် အသုံး ပြုခဲ့ကြသည်။
လူအချို့၏
သားရဲတိရစ္ဆာန်ဘေးမှ ကင်းဝေးစေရန် သစ်ပင်ပေါ်၌ ဆောက်လုပ်သော အိမ်
သစ်ပေါသော ဒေသမှ သစ်လုံးအိမ်
မိုးနည်းသော ဒေသမှ အာရပ်တို့၏ ခေါင်ပြားအိမ်များ
အေးလွန်းသော မြောက်ဝင်ရိုးစွန်းဒေသ မှ အက်စကီးမိုးတို့၏ ရေခဲတုံးအိမ်
အာဖရိက တိုက်မှ ရွှံ့စေးနှင့် ရော၍ ဆောက်လုပ် ထားသော မြက်ခြောက်အိမ်


မြန်မာဘုရင်များ လက်ထက်က မန္တလေးမြို့ရှိ မြန်မာ့ အနုပညာ
မြောက်လှသော ကင်းဝန်မင်းကြီး၏ စံအိမ်
မြန်မာ အရာရှိ
များ၏ ဆင်ဝင်
အိမ်
ထံလိုင်းအိမ်ခေါ် အိမ်ပုဆစ်တုပ်
နိုင်ငံကြီးများရှိ မြို့ကြီးများတွင် မြေရာ နည်းပါးမှု
ကြောင့် အထပ်ပေါင်း များစွာဖြင့် ဆောက်လုပ်
နေထိုင်ကြရသော မိုးမျှော်တိုက်ကြီးများ



ကျော်ကျော် နှင့် မော်မော်
ပါဝင်သော
ကျောင်းပိတ်ရက်တွင် ကျော်ကျော်နှင့်မော်မော် တို့သည် ကျောင်းမှ ... လိပ်ပြာတို့ ... တောတွင်း တစ်နေရာသို့ ရောက်ရှိ နေကြသည်၊
ဟော ဒီလိပ်ပြာမျိုး ... တွေ့ရခဲတယ် မှတ်ထားကြ၊ ကဲ - မင်းတို့လဲ လိပ်ပြာလေးတွေ လိုက်ဖမ်း ကြစမ်း ...
ဟုတ်ကဲ့ - ဆရာမ၊
ကျော်ကျော်နှင့်မော်မော်တို့သည် လိပ်ပြာလေးတွေ လိုက်ဖမ်းရင်း တောတွင်းတစ်နေရာသို့ ရောက်ခဲ့ကြ သည်၊
ဟော ဒီမှာ - လိပ်ပြာ လှလှလေးတစ်ကောင်၊
ဟေ - မိန်းမလေး တစ်ယောက်ရဲ့အသံ ပါလား၊ သွားကြည့် ကြရအောင်၊
ကယ်တော်မူကြပါ - ကယ်တော်မူ ကြပါ -
ကယ်တော်မူ ကြပါ -
ဟော ဟိုက ... အော်သံ ကြားတယ်၊ မြန်မြန်လာပါ မမော်ရ -


ဟာ -
ဟိုမှာကြည့်စမ်း -
ဒိတ်ဆို - ကျောက်ကျောက် -
ကျောင်းမှာသိုင်းသင်ထားတာ၊
မျောက်ကြီးတော့ သစ်ပင်နားရောက်လာပြီ။
မြန်မြန်လာ - မမ -
မြန်မြန်လာ -


ဟေ့-ဟေ့-နေကြပါဦးဗျ-နေကြပါဦး-
ပျက်ပါပြီဗျာ-ပျက်ပါပြီဗျာ-
ဟာ
ဟာ



# သားရေကွင်းပစ်

သားရေကွင်းပစ် ကစားနည်းတွင် အသုံးပြုသော သားရေကွင်းသည် အချင်း ခုနစ်လက်မ ရှိ၍၊ လုံးပတ် ၁၄ လက်မ ထုသည်။ အလေးချိန်မှာ ခုနစ်အောင်စမှ ကိုးအောင်စအထိရှိသည်။ ကစားကွင်းမှာ အလျား ပေ ၄၀၊ အနံ ၁၈ ပေ ရှိသည်။ ပိုက်သည် အလျား ၁၈ ပေမှ ၂၀ ပေ၊ အနံ ၁၈ လက်မ ရှိ၍ အမြင့် ငါးပေ ရှိရသည်။

သားရေကွင်းပစ် ကစားရာတွင် တဖက်တယောက်စီ သော်၎င်း၊ နှစ်ယောက်စီ သော်၎င်း ကြိုက်သလို ကစားနိုင်သည်။ သားရေကွင်းကို ပထမ စတင်၍ ပေးသူသည် ကစားကွင်း၏ လက်ျာဖက် ထောင့် ထိပ်စည်း နောက်မှနေ၍ မျက်နှာချင်းဆိုင် ထောင့်ဖြတ်ရှိ ကစားကွင်းသို့ ပိုက်ပေါ်မှ ကျော်၍ ပစ်ပေးရမည်။ သားရေကွင်းကို လည်ပတ်အောင်ပစ်ပေးရမည်။ သားရေကွင်း လက်မှ မလွှတ်မီ ခြေလှမ်းခြင်း၊ ခုန်ခြင်း မပြုရပေ။ သားရေကွင်း စ ပေးသောအခါတွင်လည်း ရမ်းခါ သွားအောင် ပစ်ပေးခြင်း မပြုရ။ တဖက်လူအား ချောက်လှန့်ခြင်း၊ ကွင်းကို ရပ်ဆိုင်းထားခြင်းလည်းမပြုရပေ။

ကစားနေစဉ် လက်တဖက်တည်းနှင့်သာ ဖမ်းခြင်း ပစ်ခြင်း ပြုလုပ်ရသည်။ ဖမ်းမိသော လက်ဖြင့်သာ သားရေကွင်းကို ပြန်ပစ်ပေးရသည်။

သားရေကွင်း ပစ်ရာတွင် ပခုန်းနှင့်တတန်းတည်း ပစ်နည်းနှင့် ရင်ညွန့်ရှေ့မှ ပစ်ပေးနည်း ဟူ၍ နှစ်နည်းရှိသည်။

ကျော်ညွန့်မိုး



ဝါ၊ နီ၊ ပြာ၊ ညို၊ လိပ်မော်ရောင် ဆေးများဖြင့် အရောင်ခြယ်ပါ။



# မကျည်းတန်ရှိသော ဇနီး

နီလွန်ရေးသည်

မကျည်းတန် မကျေ မနပ် ဖြစ်နေသည်။ မကျည်းတန်သည် မှန်ထဲမှ သူမျက်နှာကို သေသေ ချာချာကြည့်သည်။ သူအသား သည် ဝင်းဖန့် စိုပြည်ခြင်းမရှိ။ ဖြူယော်ယော်ဖြစ်နေသည်။ သူ ပါးပြင်သည် ပိန်ချပ်ချပ်နှင့် ပါး ချောင်များပင် ရေးရေးပေါ် နေ သည်။ မကျည်းတန်သည် ကျန်း မာရေးကို ဂရုမစိုက်၍ မဟုတ်။ အလွန် ဂရုစိုက်သည်။ ပင်ပန်း သောအလုပ်ဟူ၍ ဘာမျှမလုပ် ချေ။ နေပူထဲ၌ သွားလာခြင်း မရှိချေ။ နေ့စဉ် ဖီးလိမ်းပြင်ဆင် ၍သာ နေတတ်သည်။

သို့သော် သူမ၏ အသားအ ရေသည် မစိုပြည်ချေ။ ပါးပြင် သည်လည်း ဖောင်းအိ နီထွေး ခြင်း မရှိချေ။ နှုတ်ခမ်းသည် ဖြူ ဖတ်ဖြူရယော်ရှိသည်။ ထို့ကြောင့် မကျည်းတန်သည်မှန်ကြည့်တိုင်း မကျေမနပ် ဖြစ်ရသည်။

မကျည်းတန်၏ နာမည်ရင်း သည် မခင် ဖြစ်သည်။ အသား အရေမစိုမပြည်ဖြစ်၍ အများက မကျည်းတန်ဟု ခေါ် ကြသည်။

မကျည်းတန်၏ညီမ မချော သည် မကျည်းတန်ထက် လှပ သည်။ သို့သော် မချောသည် ကြော့ကြော့ကလေးနေတတ်သူ မဟုတ်။ အိမ် အလုပ်များကို အားစိုက် ခွန်စိုက် လုပ်သည်။ စည်ပိုင်းတလုံးနှင့် စဉ့်အိုး နှစ် လုံးကို မနက်တကြိမ်၊ ညနေတ ကြိမ် ရေအပြည့်ခပ်ထည့်သည်။ တအိမ်လုံး၏ အဝတ် များကို လျှော်ဖွပ်သည်။ ထမင်း ဟင်း များ ချက်ပြုတ်သည်။ အိမ်အ တွင်းနှင့် အိမ်၏ ပတ်ဝန်းကျင် သန့်ရှင်းရေး အတွက် အမှိုက် များ ရှင်းလင်းသည်။ ကျောင်း ပိတ်ရက်များတွင် အိမ် ကြမ်း ပြင်များကို ဆေးကြော ပွတ် တိုက်သည်။

သို့သော် မချောသည် မ ကျည်းတန်ထက် အမြဲ လှပနေ သည်။ မချော၏ အသားအရေ သည် ဝင်းဖန့်စိုပြည်သည်။ ပါး ပြင်နှစ်ဖက်သည် ဖောင်းအိ နီ ထွေးသည်။ နှုတ်ခမ်း အစုံက လည်း နှုတ်ခမ်းနီ မဆိုးဘဲ နီနီရဲ ရဲနှင့် ချစ်စရာကောင်းနေသည်။

ညီအမနှစ်ယောက် အပြင်ကို ထွက်တိုင်း အများက မချောကို သာ ချီးကျူးကြသည်။ သည် တော့ မကျည်းတန်သည် မကျေ မနပ် ဖြစ်လာသည်။ တခါတရံ တွင် မချောကိုပင် မနာလိုဝန် တို ဖြစ်မိသည်။ မကျည်းတန် စဉ်းစား၍ မရသော ပြဿနာ တခုကလည်း ရှိသေးသည်။ သူမ သည် မပင်မပန်းနှင့် ကြော့ ကြော့ ကလေး နေသည်။ သို့ သော် မလှပချေ။ မချောက အလုပ်ကို ပင်ပင်ပန်းပန်း လုပ် ကိုင်သည်။ သို့ရာတွင် သူထက် လှပသည်။ ဤသည်ကိုမကျည်း တန် နားမလည်နိုင်အောင် ဖြစ် နေသည်။

တနေ့တွင် မကျည်းတန်နှင့် မချောသည် အဖွားအိမ်သို့သွား ရောက် လည်ပတ်ကြသည်။ အ ဖွားအိမ်သို့ရောက်လျှင် မချော သည် အိမ်မှု ကိစ္စများကို ကူညီ

လုပ်ကိုင်ပေးနေသည်။ မကျည်းတန်ကမူ အဖွားအနားတွင်ထိုင်၍ သူသိလိုသောအချက်အလက်များကိုမေးမြန်းစုံစမ်းနေသည်။

“ဖွားဖွားရယ် မချောနဲ့ ကျမဟာ ညီအမအရင်းဖြစ်ပြီးတော့ သူကလှပြီး ကျမက ဘာဖြစ်လို့ မလှတာလဲ”

“သမီးက မချောလို လှချင်လို့လား။ လှချင်ယင် သူ့လိုဘဲ အလုပ်လုပ်ပေါ့”

“အို– ဖွားဖွားရယ် အလုပ်လုပ်ယင် ပင်ပန်းမှာပေါ့။ ဘယ်လှလာနိုင်ပါ့မလဲ”

“လှတာပေါ့ သမီးရဲ့။ ညီမလေးရဲ့ အလုပ်တွေကို ကူညီပြီးတော့ လုပ်ကြည့်စမ်းပါလား။ သမီးလဲ မချောလို လှလာမှာပေါ့။ ဘာဖြစ်လို့လဲဆိုယင် အခုသမီးက အိမ်မှာ ဘာမှမလုပ်ဘဲ ငြိမ်ငြိမ်ကလေးနေတော့၊ သမီးကိုယ်ခန္ဓာထဲမှာရှိတဲ့ အကြောတွေ ကြွက်သားတွေဟာ လှုပ်လှုပ်ရှားရှားမရှိတဲ့အတွက် သန်မာကြီးထွား မလာတော့ဘူး။ အလုပ်မလုပ်တဲ့လူဟာ ချွေး မထွက်ဘူး သမီးရဲ့။ ချွေး မထွက်တော့ အသားအရေလဲ စိုစိုပြေပြေမရှိဘူး။ မချောဟာဆိုယင် အမြဲ အလုပ် လုပ်တဲ့ အတွက် စားတဲ့အစာဟာ မှန်မှန်ကြေပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်။ သွေးအားကောင်းလာတယ်။ ဒီတော့ မချောရဲ့ နှုတ်ခမ်းဟာ ဆေးမဆိုးဘဲ နီနေတယ်။ အကြောတွေ ကြွက်သားတွေ သန်မာ ပြည့်ဖြိုးလာတဲ့အတွက် မချောရဲ့ ပါးပြင်လေးဟာ ဖောင်းအိ နီထွေးနေပြီး၊ ကိုယ်လုံးကိုယ်ပေါက်အချိုးအဆက်ဟာလဲ ပြေပြစ် ချောမောတာပေါ့။ သမီးလဲမချောလိုဘဲ အလုပ်လုပ်ကြည့်စမ်းပါ။ မကြာခင် လှလာလိမ့်မယ်။

မကျည်းတန်သည် အဖွားအိမ်မှ ပြန်လာပြီးသည့်နောက် မချော၏ အလုပ်များကို ကူညီလုပ်ကိုင်တော့သည်။ မချောက မနက်ဖက် ရေခပ်လျှင် မကျည်းတန်က ညနေဖက်၌ ရေခပ်သည်။ မချော အဝတ်လျှော်လျှင် မကျည်းတန်က ကြမ်းတိုက်သည်။ အိမ်တွင်း သန့်ရှင်းမှုကို မချောက လုပ်နေလျှင် မကျည်းတန်က အိမ်ပတ်ဝန်းကျင်၏ သန့်ရှင်းမှုကို ပြု လုပ်သည်။ သည်လိုနှင့် မကျည်းတန်သည် အိမ်မှုလုပ်ငန်းများ၌ စိတ်ဝင်စားလာတော့သည်။

မျှားမကြာမီပင် မကျည်းတန်၏ အသားအရေမှာ စိုပြည်ဝင်းဖန့်လာသည်။ ပါးပြင်လေးများ ဖောင်းအိ နီထွေးလာသည်။ နှုတ်ခမ်းမှာလည်း ဆေးမဆိုးဘဲ ရဲရဲနီနေသည်။ အလုပ်လုပ်ရင်း ကိုယ်ခန္ဓာ လှုပ်ရှားမှုရသဖြင့် ကိုယ်လုံးကလေး မှာဝဖြိုး လှပလာတော့သည်။

မကျည်းတန်သည် အလုပ်၏တန်ဖိုးနှင့် အလုပ်၏ အကျိုးသက်ရောက်မှုကို နားလည်လာတော့သည်။ ။

## မြန်မာ့ သယံဇာတ

တို့နိုင်ငံမှာ သယံဇာတ၊
အမှန်သာပ လွန်ပေါကြွယ်။
ကျွန်းသစ် ရေနံ ဆန်ရေစပါးနဲ့၊
ကျောက်သံပတ္တမြားစုံလှတယ်။
သတ္တုမျိုးစုံ ရှာဖွေရလို့၊
ဥစ္စာဓန မျှားပေတယ်။
တို့ပင်လယ်မှာ ငါးတွေမျှားလို့၊
ဖမ်း၍စားတော့ ကုန်ဘူးကွယ်။
ရေအောက်မြေပေါ်
ရှာဖွေကြလို့၊
သုတေသန လုပ်ဦးမယ်၊
ရတနာသိုက်တွေ
ရှာဖွေပေးတော့၊
သားစဉ်မြေးဆက်
မကုန်ဘူးကွယ်။
တူးမယ် တူးမယ်။ ။

ဦးသုတ



# ပိန္နဲသီး





ပိန္နဲသီးစိတ်

ပိန္နဲသီး အစေ့အိမ်၌ အသား အပျော့အမာ တိုက်ကိုလိုက်၍ အိမ်ပျော့နှင့် အိမ်မာဟု အမျိုးအစား ခွဲခြား ထားသည်။ အိမ်ပျော့ကို တလိုင်းမျိုး ဟူ၍၎င်း၊ အိမ်မာကို ကုလားမျိုး ဟူ၍၎င်း ခေါ်ဆိုကြသေးသည်။ ပိန္နဲသီးနုနုကို ဟင်းချက်စားနိုင်သည်။ အရသာမှာ ဖန်၍ ဝမ်းချုပ်စေတတ်သော်လည်း အရိုးနှင့် သွားများ၊ ကြွက်သားများကို ခိုင်မာ သန့်စွမ်းစေနိုင်သော ယမ်းစုန်းဓာတ် ပါရှိသည်။ ထို့ပြင် ကိုယ်ကာယ ကြီးထွား သန့်စွမ်းရေးကို အားပေးသော ထုံးဓာတ်လည်း ပါဝင်သည်။ "ပိန္နဲသီးမှည့် အိမ်မာသည် အစာမကြေ၊ ရင်ပြည့်လွယ်၏။ အိမ်ပျော့မှာ ဥပဒ်မဖြစ်၊ အစာ ကြေလွယ်သည်။ ပိန္နဲသီးမှည့်စား၍ အစာမကြေသော် ငှက်ပျောသီးမှည့်ကို စားက အစာကြေလွယ်၏" ဟု မြန်မာဆေးကျမ်းများတွင် ဖော်ပြထားသည်။ ပိန္နဲစေ့ကို မှု ပြုတ်၍သော်၎င်း၊ ဖုတ်၍သော်၎င်း စားသုံးနိုင်သည်။ သီဟိုဠ်၊ အိန္ဒိယ စသည့် နိုင်ငံများ၌ ပိန္နဲသီးစေ့ ဟင်းသည် အရေးပါလှသည်။ မြန်မာနိုင်ငံတွင် ပိန္နဲသီးမှည့် ပေါလိုင်သည့် အချိန်မှာ မေလ၊ ဇွန်လများ ဖြစ်သည်။

ဦးမောင်မောင်မြင့်




ပိန္နဲစေ့



ပိန္နဲသီးနု





ပိန္နဲသီးဟင်း



ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


# ရွှေသွေး ဂျာနယ်


## ဖိုက်ကျား၏ ရိုက်ဖွားခဲ့ပုံ

မန်းချီ-ဦးဘကြည်
သာညွန့်-ရေးသည်


အတွဲ ၁၊ အမှတ် ၁၉၊ ၁၀-၅-၆၉





အဝေးကို မပျံအောင်တော့ သတိပေးရဦးမယ်
၁၅ ရက်မြောက်သော်....
ငှက်မကြီးက ငှက်ကလေးတွေကိုအပျံသင်ပေးသတဲ့
ဒီမြို့မှာလေ - အစားတွေ အရမ်းပေါတာဘဲ
တနေ့သော် ဗိုက်ကျားဟာ မြို့သား စာကလေးနဲ့ ပေါင်းမိပြီး
မိခင်သတိပေးစကားကိုနားမထောင် ဘဲ မြို့သို့ လိုက်သွား လေတော့တယ်။
ဟင့်အင် - မောင်မောင်ရေ ဘယ်ရောက်သွားပါလိမ့်
ဗိုက်ကျားက မောင် မောင်စာကိုရှာမတွေ့ ဖြစ်နေစဉ်
စာဖုန်းကြီးများ ရောက်လာပြီး


ပန်းတွေကလဲနဲ့ ငှက်တွေကလဲနဲ့ အဆန်းတွေကလဲနဲ့ တယ်စည်ကားဘဲ
ဗိုက်ကျားဟာ စာဖုန်းကြီးများနှင့် အတူ ခြံကြီးတခုထဲသို့ ရောက်ရှိသွားတယ်။
အလို— ဘာကြီး ပါလိမ့်၊ သွား ကြည့်အုံးမှဘဲ
ဟာ- ဒီအိမ်က မဲ့နေတာဘဲ ပါလား— အိမ်ထဲဝင်လိုက်တာနဲ့ ပိုလှလာတာဘဲ
အိမ်ကြီးပိုင်ရှင်ဖြစ်ပြီဟုယူဆပြီး စာဖုန်းကြီး များကို ပင်ဖိတ်ခေါ်နေသေးတယ်။
ဟော့ — စာဖုန်းဖုန်းတို့ - ကိုယ့်အိမ်သစ် ထဲလာလယ် ကြွပါအုံး — ဟဲ - ဟဲ ရွှေဝါဆန်နဲ့ ဧည့်ခံမယ်လေ


ဖုန်း
ထိုသို့ ဖိတ်ခေါ်နေစဉ် တုတ်တံလေးကို အထောင်နဲ့ရိုက်မိလို့ ခွက်ကြီးဟာ ဗိုက်ကျားပေါ်သို့ကျလာပြီး အုပ်မိသွားတယ်။
ခဏကြာသော် — ခွက်ကြီးဟာထွက်လာပြီး လက်ကြီးတဖက်က ဗိုက်ကျားကို ဖမ်းလိုက်ပါလေရော -
အကိုရေ — ငှက်ကလေး သိပ်လှတာ ဘဲဟေ့ — မိထား ပြီ
ဘယ်မလဲ -မြစမ်း ကြည့်ရအောင်
ထိုစဉ် ဗိုက်ကျားဟာ ရှိသမျှအားနဲ့ ရုန်းကန် လွတ်ထွက်သွားပြီး မိခင်ကြီးထံ ပြန်ပြေးသွားတယ်။
အမေ — အမေ


စည်းကမ်းသည် လူ၏တန်ဖိုး
အုတ်နံရံတွေပေါ်မှာ ဤသို့ ရေးချင်ရာရေးခြင်း၊
စာသင်ချိန်မှာ ခုံဆွဲဖယ် နောက်ပြောင်ခြင်း၊ စားပွဲတွေကို ဓားဖြင့် ခြစ်ခြင်း၊
ချစ်သဲကွ
တယ်ဇိမ် ရှိပါလား
မြက်ခင်းပေါ်
လမ်းသရဲဆန်ဆန် နောက်ပြောင် နှောင့်ယှက်ခြင်း၊ ပိုက်ပင်တားမြစ်ထားသည်များကို ဖောက်ဖျက်ကျူးလွန်ခြင်း စသည်ဖြင့်
ပန်းမခူးရ
မြန်မြန် ခူး အေး မာလီကြီး- မလာသေး ဘူး-
ရေမကူးရ ငါးမမျှားရ
စည်းမဲ့ကမ်းမဲ့ ပြုတ်လုပ်ခြင်းများသည် တိုင်းကြီး ပြည်ကြီးသား မပီသပေ။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်ကြောင်း နားလည်ကြရန် လိုပေသည်။


နွားအကြောင်း-သိကောင်းစရာ
ဦးမောင်မောင်မြ
လှည်းဆွဲ
လယ်ယာလုပ်ငန်း
ဝန်တင်
နို့
အသား
အမဲခြောက်
အမဲသား ဗူး
အမဲသားရုံ့
အမဲဆီ
ဆပ်ပြာ
မြေဩဇာ
အမဲရိုး
နို့မှုန့်
နို့စည်
ဒိန်ခဲ
ဒိန်ချဉ်
ထောပတ်
ဘိစကွတ်
သားရေ
နားရွက်မွေး
အမြီးမွေး
နွားချေးထင်း
ညွှတ်ကွင်း
မြေဩဇာ



တာတာ့
ငါတယ်တော်ပါလား
အချိန် အတက်တွေနဲ့ မကစားရဘူးလို့ဖေဖေ ပြောထားရက်နဲ့နေ့တိုင်း ပစ်နေတာဘဲ-နင်ဒုက္ခ ဖြစ်လိမ့်မယ် တာတာ
ငါ့ဟာ-ငါလေ့ကျင့် နေတာဘာဖြစ်လဲ မာမာနဲ့ မဆိုင်ပါဘူး
အေ ပြာလို့မရယင်နေ ဖေ ရိုက်ယင် မာမာ ငိုမဆွဲတော့ဘူး
ဟောဒါ တာတာ့ လက်စွမ်း
ဟယ်--ရွှေဝါလေးကို စိုက်သွားပြီ-လုပ်ကြပါအုံး
ကဲ-ဘယ့်နဲ့ရှိစ-တာတာ မာမာ့စကားနားမထောင်တော့ မင်းချစ်တဲ့ ရွှေဝါလေး သေရ ပြီမဟုတ်လား-လူကိုသာ ထိယင်ဘယ်လိုလုပ်မလဲ
ဒီနေ့ကစပြီး တာတာ လိမ္မာအောင် နေတော့မယ်



# ကာကွယ်ရောင်

သရုပ်ဖော်-ဦးပေါ်ကြိုင်



တီရစ္ဆာန်များကို အသက်ဘေးမှ ကာကွယ်နိုင်စေရန် ထိုတိရစ္ဆာန်၏ အသွေးအရောင်ကို ပတ်ဝန်းကျင် တောတောင်၏ အရောင်များနှင့် ဆင်တူယိုးမှားဖြစ်အောင် သဘာဝက ဖန်တီးပေးထားသည်။ ထိုသို့ သဘာဝက ဖန်တီးပေးထားသော အရောင်များကို ကာကွယ်ရောင် ဟု ခေါ်သည်။

တခါတရံ၌မူ ထိုကာကွယ်ရောင်ကြောင့်ပင်လျှင် သားရဲတိရစ္ဆာန်များသည် သားကောင်များကို ဖမ်းယူစားသောက်နိုင်သည်။

ကျား၏ ကာကွယ်ရောင်ကြောင့် ကျားကို သားကောင်များ မမြင်ရသဖြင့် ကျား၏ ဖမ်းဆီးစားသောက်ခြင်းကို ခံကြရသည်။



သဘာဝသည် အထူးသဖြင့် အားနွဲ့သော သတ္တဝါများကို တာရှည်အသက်ရှင် နေနိုင်အောင် ကာကွယ်ဖန်တီးပေးပေသည်။

သစ်ခက်နှင့် သစ်ခြောက်ပိုး၊ ဖားသူငယ်နှင့် ပတ်ဝန်းကျင် နောက်ခံ သဘာဝ ရောင်တို့သည် သဘာဝ ကာကွယ်ရောင်၏ ဆန်းကြယ်သော သာဓကများပင် ဖြစ်သည်။

အသီးအပွင့်တို့ကိုမှီ၍စားသောက်နေ ထိုင်ကြသည့် လိပ်ပြာကလေးများမှာ သဘာဝ အလျောက်ပင် သူတို့၏ အရောင်အဆင်းများသည် သူတို့၏ ပတ်ဝန်းကျင် အရောင်များနှင့် ဆင်တူနေတတ်ကြသည်။

ပုံတွင် လိပ်ပြာအနီကလေးသည် ရန်သူလာသဖြင့် တောင်ပံကို ပိတ်လိုက်သောအခါ သစ်ရွက် ပုံသဏ္ဌာန်သို့ ပြောင်းသွားသည်။






မျိုးကို စောင့်ရှောက် ပြန့်ပွားစေရန်မှာ သက်ရှိတို့၏ တာဝန်တရပ်ဖြစ်သည်။

သမင်ကလေးကို ရန်သူဘေးမှကာကွယ်နိုင်ရန် မိခင် သမင်မကြီးသည် ပြောက်ပြောက် ကျားကျား ရှိသော သစ်ရွက်တောတွင် ထားခဲ့လေ့ရှိသည်။



ဤပုံသည် လူတိုင်းမြင်နေရိုးသော မြက်ခင်းပုံဖြစ်သည်။ သေသေချာချာ ကြည့်ကြပါ။ အဘယ်သတ္တဝါကို တွေ့လိမ့်မည်နည်း။ အမြီးတိုစေ ရန်သူဘေးကို ကြောက်လန့်လျက် ရှိသည့် မြက်လျှော မြွေကို တွေ့ပါလိမ့်မည်။




ဒီ-မတရားဘူး-
မတရားဘူး-
ဖမ်းကြဟ-
ဆီးကြဟ-
ကယ်ကြ..
ကယ်ကြ..
အောင်မယ်လေးဗျ-
အောင်မယ်လေးဗျ-
ကျော်ကျော်-
ကျော်ကျော်-
ဒီအိပ်မက်ထဲမှာ ကြွက်ကြီးတွေက
ကျော်ကျော်ကို ဝိုင်းဖမ်း
ကြလို့ပါ။
ကျော်ကျော်ကလဲ၊



မောင်မောင်သည်၊ ကြွက်နှိမ်နင်းရေးကို၊ စတင်၍ အကောင်အထည်ဖော်သည်။ ပထမဆုံး၊ စားကြွင်း စားကျန်များကို၊ စနစ်တကျ စွန့်ပစ်သည်။
အစားအသောက်များကိုလည်း၊ လုံခြုံစွာ သိမ်းဆည်း၍၊ သန့်သန့်ရှင်းရှင်း ထားသည်။
ကြွက်များကိုလည်း၊ ကြွက်ထောင်ချောက်ဖြင့်၊ ဖမ်းဆီး၍၊ ဖမ်းမိသော ကြွက်များကို၊ မြို့အုပ် သို့ပေးအပ်သည်။
မောင်မောင်၏အိမ်မှ ကြောင်လေး ရွှေဝါကလည်း၊ မကြာခဏ ကြွက်များကို ဖမ်းဆီးပေးသည်။
ရွှေဝါ မဆိုးဘာ၊ ကြွက်ချောက်ကောင်း ဖြစ်ပြီဟေ့-
မောင်မောင်၏ ကြွက်နှိမ်နင်းရေး အိမ်နီးနားချင်းများ အတုယူကြသဖြင့် ရပ်ကွက်တွင်း ကြွက်ရန်ကို မကြောက် ရတော့ပေ-
ကြွက်တွေကို ဂရုကနေ ဖြေရှင်းသွားတာ၊ မောင်မောင်ကို ကျေးဇူးတင်ကွဲ၊ လူကြီးမတတ်တဲ့ ကြွက်တွေကို ကြိုးစား ဖြေရှင်းပြီ လိုက်တယ်ဆိုတာ အလကားခေါ်ကားကွဲ၊ ငါတော့ မယုံတော့ဘူးပေါ့၊

# ခြင်းလုံးခတ်



ကြိမ်ဖြင့် ရက်လုပ် ထားသော ခြင်းလုံးကလေးကို ခြေဖြင့်ခတ်၍ ကစားရသည်။ ခြင်းတဝိုင်းတွင် လူခြောက်ယောက်ပါဝင် ကစားနိုင်၏။

ခြင်းခတ်ခြင်းကို တခါတရံ ခြင်းယိုင်ခတ် ကစားနည်း ဟုလည်း ခေါ်၏။ အကြောင်းမှာ ခြင်းလုံးကို ခတ်ရာ၌ ကိုယ်ခန္ဓာကို ယိမ်းယိုင်နွဲ့ပြောင်းစွာ ခတ်ရသဖြင့်၎င်း၊ ဝိုင်းတော်သားများသည် ခြင်းလုံးကို တဦးမှ တဦးသို့ ယိမ်းယိုင် ကူးပြောင်း ပေးပို့၍ ခတ်ကစား ကြရသဖြင့်၎င်း ခေါ် ဝေါ် ခြင်းဖြစ်သည်။

"ခြင်းမှန် ပုဂံက" ဟူသော ဆိုရိုးစကားတရပ်ရှိသဖြင့် ခြင်းခတ်ကစားခြင်းသည် ပုဂံခေတ် အခါကပင် စတင်ပေါ် ပေါက်ခဲ့ဟန်ရှိသည်။

ပြိုင်ပွဲသုံး ခြင်းလုံး၏အရွယ်မှာ အချင်း ၅ လက်မမှ ၅၃ လက်မ၊ အဝန်း ၁၆၃ လက်မမှ ၁၇ လက်မအထိ ရှိသည်။ ကြိမ်နန်းကြိုး၏ အရွယ် အစားကို လိုက်၍ ခြင်းလုံးတလုံးတွင် ၅ ပင်မှ ၁၀ ပင်အထိ ရစ်ပတ် ခွေထားသော ကြိမ်ခွေခြောက်ခွေ ပါရှိ၏။ ခြင်းကွက်အပေါက်မှာ ၁၂ ပေါက် မူသေရှိသည်။


ဝိုင်းအဖွဲ့လိုက် ပြိုင်ပွဲများ၌ အချင်း ၂၀ ပေ ရှိသော စည်းဝိုင်းအတွင်း ကစားကြရသည်။

ခြင်းခတ်ကစားလိုသူ တဦးသည် အစပထမ၌ ခြေဖျားခတ်ကို ကောင်းစွာ လေ့ကျင့် ရ၏။ ခြေဖျားခတ် ကျွမ်းကျင် တတ်မြောက်သော်ခြေခွင်ခတ်ကိုလေ့ကျင့်ရ၏။ ထို့နောက် ဒူးတိုက်ခတ်ကို လေ့ကျင့်ရ၏။ ပြီးလျှင် ခြေဖဝါးခတ်ကို လေ့ကျင့်ရ၏။ ထို နည်း တူ ဘေး ပေါက် ခတ်၊ စလွယ်ခတ်၊ နောက်ပေါက်ခတ်၊ စောင်း စလွယ်ခတ်၊ ဒူးခေါက်ဆတ်ခတ်၊ ခြေဖနောင့်ခတ် စသည်ဖြင့်လည်း အဆင့်ဆင့် တိုးတက် လေ့ကျင့်၍ ခတ်ရသည်။

"အပေးအယူ စိတ်ဝေးဖြူ" ဟူသော ဆောင်ပုဒ်သည် ခြင်းလုံး ကစားသူတိုင်း၏ လက်သုံးစကားဖြစ်၏။ ခြင်းလုံး ကစားရာ၌ တကိုယ်ကောင်း မဆန်ရပေ။ တဦးနှင့်တဦး ယိုင်းပင်းကူညီ၍ ခြင်းလုံး မြေမကျအောင် ခတ်ရလေသည်။

ကျော်ညွန့်မိုး

## အမှားလေးခု တွေ့အောင်ရှာ



အဖြေ။ ၁။ ငှက်များ ပက်လက်ပျံနေသည်။ ၂။ သင်္ဘော နောက်ပြန်သွားနေသည်။ ၃။ ရေပြင်တွင် နေလုံး၏ အရောင် မဟပ်ပဲ ဖြစ်နေသည်။ ၄။ ရွက်လှေမှ ကုက္ကလံ ပြောင်းပြန် လွင့်နေသည်။

# ကြိုးစားခြင်းမှ အောင်မြင်ခြင်း

မောင်မြမြင့်(ကျုံပျော်)



ကျွန်တော်တို့ ကျောင်းတွင် နှစ်ငကိုင်း ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပပါသည်။

ကျွန်တော်သည် ပြီးခဲ့သော နှစ်က မီတာ ၅၀ နှင့် ၇၅ ပြေးပွဲတို့တွင် ပထမရပါသည်။ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက ချီးကျူးကြပါသည်။ ကျွန်တော် ဝမ်းသာမိပါသည်။

ဖေဖေသည် ကျွန်တော့်အား အပြေးချန်ပီယံကြီး တယောက်ဖြစ်အောင် ကြိုးစားရန် ပြောပါသည်။ ထိုနှစ်က ကျွန်တော်သည် နံနက်တိုင်း အပြေးကျင့်ပါသည်။ တင်မောင်ဝင်းနှင့် ခင်ဇော်တို့လည်း အပြေးကျင့်ကြပါသည်။ ထိုကဲ့သို့ အပြေး ကျင့်ခြင်းကြောင့် ကျွန်တော် ပထမရခြင်း ဖြစ်သည်ဟု ဖေဖေက ပြောပြပါသည်။

ယခု နှစ်တွင် ပြုလုပ်မည့် ပြေးခုံပစ်ပြိုင်ပွဲကား နီးလာချေပြီ။ ကျွန်တော်တို့ ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ပြေးပွဲနီးပြီဖြစ်၍ အပြေးကျင့်ကြရန် ပြောပါသည်။

တင်မောင်ဝင်းနှင့် ခင်ဇော်တို့သည် နံနက်တိုင်းအပြေးကျင့်ကြ ပါ သည်။ ကျွန် တော့် ကိုလည်း အပြေးကျင့်ရန် လာနှိုးကြပါသည်။

"ဟေ့ နိုင်ဦး ထလေကွာ။ ဘယ်အချိန် ရှိပြီလဲ။ အပြေးကျင့်ကြရအောင်လေ"ဟု တင်မောင်ဝင်းနှင့် ခင်ဇော်တို့က အသံကျယ်ကျယ် အော်၍နှိုးကြပါသည်။

"ငါ မကျင့်တော့ဘူးကွာ။ အိပ်ရေး ပျက်တယ်။ မင်းတို့ကျင့်ချင် ကျင့်ကြ၊ ငါ မလိုက်တော့ဘူး"ဟု ကျွန်တော်ကပြန်ပြောလိုက်ပါသည်။

"ဘာဖြစ်လို့ အပြေး မကျင့်တာလဲ သား။ ပြေးပွဲက နီးပြီမဟုတ်လား။ တင်မောင်ဝင်းနဲ့ ခင်ဇော်တို့တော့ မနက်တိုင်း အပြေးကျင့်ကြတယ်။ တော်တော်ကြာ နောက်ဆုံးကဖြစ်ပြီး ဆုမရဘဲ နေအုံးမယ်"ဟု ဖေဖေက ပြောပါသည်။

"အိပ်ရေးပျက်ပါတယ် ဖေဖေရယ်။ ကျွန်တော်မကျင့်ဘဲနဲ့ ပြေးလဲ ပထမ ရမှာပါဘဲ။ တင်မောင် ဝင်း တို့ ခင် ဇော် တို့လောက်တော့ သားက အပျော့ပါ ဖေဖေ"ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

ကျွန်တော်သည် ကျောင်း၌ မည် သူ ကို မျှ ပြေး ပွဲ တွင် မကြောက်ပါ။ ကျွန်တော်သာ ပထမ ရမည်ဟု ယူဆ ထားပါသည်။

ယနေ့ ပြေးပွဲ ရှိပါသည်။ ကျွန်တော်သည်နံနက်စောစောထ၍ ကျောင်းအနီးရှိ ပြေးပွဲကွင်း နေရာသို့ သွား ပါ သည်။ ကွင်း ထဲ တွင် ကျောင်း သားကျောင်းသူများရောက်ရှိနေကြပါသည်။

မကြာမီ ပြေးပွဲ စပါတော့မည်။ ကျွန်တော်သည် တာလွတ်မည့် နေရာသို့ သွားပါသည်။ တင်မောင်ဝင်းနှင့် ခင်ဇော်လည်း ရောက်ရှိနေကြသည်ကို မြင်လိုက်ရပါသည်။

ဆရာကြီးက "မင်းတို့တတွေအားလုံး ခရာသံကြားမှ ပြေးရ

မယ်နော်။ ခရာမမှုတ်ခင် ပြေးယင် ဆုမရဘူး”

“ဟုတ်ကဲ့ဆရာကြီး”ဟု တညီ တညွတ်တည်း ပြန်ပြောကြပါသည်။

ကျွန်တော်သည် ပြေးရမည့် လမ်းကြောင်းကို ကြည့်ကာ အားယူ နေပါသည်။ မကြာမီ ဆရာကြီး၏ ခရာသံကို ကြားလိုက်ရပါသည်။

ကျွန်တော်သည် ပန်းတိုင်ရောက်အောင် ကြိုးစား ပြေးပါသည်။ သို့သော် ကျွန်တော့် ရှေ့တွင် တင်မောင်ဝင်းနှင့် ခင်ဇော်တို့ ရောက်ရှိနေကြသည်ကို မြင်လိုက်ရပါသည်။

တင်မောင်ဝင်းက ပထမ ရပါသည်။ ခင်ဇော်က ဒုတိယ ရပါသည်။ မျိုးညွန့်က တတိယ ရပါသည်။ ကျွန်တော်သည် နောက်ဆုံးမှ ဖြစ်ပါသည်။

တင်မောင်ဝင်းနှင့် ခင်ဇော်တို့ ဆုရကြပါသည်။ ကျွန်တော် ဆု မရပါ။ ကျောင်းသား ကျောင်းသူများက တင်မောင်ဝင်းနှင့် ခင်ဇော် တို့အား ချီးကျူးကြပါသည်။ ဂုဏ်ပြု ကြပါသည်။

ကျွန်တော်သည် ပြေးပွဲ၌ ဆုမရသဖြင့် အလွန် ရှက်မိပါသည်။ တင်မောင်ဝင်းနှင့် ခင်ဇော်တို့သည် ဆု ရကြသဖြင့် ပျော်ရွှင်နေကြပါသည်။

ကျွန်တော်သည် နောက်သို့ ပြန်မကြည့်တော့ဘဲ အိမ်သို့ပြန်လာခဲ့ပါတော့သည်။

ကျွန်တော် ဆု မရသဖြင့် ဝမ်းနည်း နေပါသည်။ ဤတွင် “သားဟာ ကိုယ့်ကိုယ်ကို အထင် ကြီးတာကိုး။ တင်မောင်ဝင်းတို့ ခင်ဇော်တို့က မနက်တိုင်း အပြေးကျင့်တော့ ဆုရတာပေါ့။ ဒါဟာ သူတို့ရဲ့ ကြိုးစားမှုဘဲ။ သားလဲ ဟိုနှစ်ကလို လေ့ကျင့်ယင် ဆု ရမှာပေါ့။ မလေ့ကျင့်တော့ ဆု ဘယ်ရမလဲ။နာမည်ကြီး အပြေးသမားတယောက် လုပ်ချင်ယင် အမြဲတန်း လေ့ကျင့်ရတယ်။ အအိပ်မှန်မှန်၊ အစားမှန်မှန် လုပ်ရတယ်။ အပြေးတင် မကဘူး၊ ဘာကိုဘဲလုပ်လုပ် ဇွဲလုံ့လဝီရိယ မရှိယင် အောင်မြင်မှုမရနိုင်ဘူးသား။ ဘာမဆို ကြိုးစားယင် အောင်မြင်မှာဘဲ”ဟု ဖေဖေက ပြောပြပါသည်။

“ကျွန်တော်နောင်တရပါပြီ ဖေဖေ။ တင်မောင်ဝင်းတို့၊ ခင်ဇော်တို့လို အပြေးကျင့်ပါတော့မယ်။ ကိုယ့်ကိုယ်ကိုလဲ အထင်မကြီးတော့ပါဘူး။ အပြေး ချန်ပီယံကြီးတယောက် ဖြစ်အောင် ကြိုးစားပါတော့မယ် ဖေဖေ”ဟု ကျွန်တော်သည် ဖေဖေ့အား ကတိပေးလိုက်ပါသည်။

ကျွန်တော်သည် တိုင်းပြည်နှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ရန် အပြေး ချန်ပီယံကြီး ဖြစ်အောင် ကြိုးစား လေ့ကျင့်ပါတော့မည်။

## ဇွဲလုံ့လ လိုတယ်

သစ်ပင်ပေါ်ဝယ် အိမ်ဆောက်ကယ်၊
ကောက်ရိုးမျှင်ကိုကွယ်။

ငှက်ငယ်ငယ်လေး သူ့လုံ့လ၊
အိမ်လေး တလုံးရ။

အာဂလုပ်သား ထွမ်းအားရှင်၊
ကိုယ့်အား ကိုယ်ချစ်ခင်။

ညီမောင်တွေယင် စိတ်မှတ်သား၊
မဖျက်လိုနဲ့ဗျား။

ကိုယ့်အားစွမ်းကို တွယ်တာကာ၊
ကိုယ်ဘဲ မြှတ်နိုးပါ။

အရာရာဝယ် လုံ့လသွင်း၊
ရပေါ့ အောင်မြင်ခြင်း။ ။

အောင်လှိုင်ထွန်း



R. 517




# အုန်းသီး

အုန်းသီးအမျိုးအစား သုံးမျိုးရှိသည်။ ယင်းတို့မှာ ဝက်မလွတ်အုန်း၊ တော်သုံးအုန်းနှင့် အုန်းထရံတို့ဖြစ်သည်။ အုန်းသီးတွင် အုန်းဆံ၊ အုန်းခွံ၊ အတွင်းသားနှင့် အုန်းရည်ဟူ၍ အစိတ်အပိုင်း လေးပိုင်းရှိရာ အုန်းဆံကို အုန်းဆံကြိုးအမျိုးမျိုး၊ အုန်းဆံမွေ့ရာနှင့် ခြေသုတ်ဖုန်များ ပြုလုပ်နိုင်သည်။ သဘောတန်စားတွင် သင်္ဘောကြီးများကို ချည်သည့်ကြိုးမှာ အုန်းဆံကြိုးဖြစ်သည်။ အုန်းခွံကို လက်စွပ်၊ လက်ကောက်၊ ရင်ထိုး အမျိုးမျိုးနှင့် စိပ်ပုတီးစေ့များ ပြုလုပ်နိုင်သည်။ အုန်းမှုတ်ကို အရိုးတပ်၍ ရေမှုတ်ဆီမှုတ်အဖြစ် သုံးနိုင်သည်။ အတွင်းသားမှာ မြန်မာမုန့်ပဲသားရေစာများတွင် အများဆုံး ပါဝင်သည်။ အဆီညှစ်၍အုန်းထမင်း၊ အုန်းဆီချက်များလည်း ချက်စားနိုင်ပြန်သည်။ ခေါင်းလိမ်းသည့် အုန်းဆီမှာ အုန်းသီးအတွင်းသားကို နေလှန်း၍ ကြိတ်ထားသော အဆီဖြစ်သည်။ အုန်းဆီကို ဆပ်ပြာချက်ရသည်။ မီးထွန်းနိုင်သည်။ အချို့တိုင်းပြည်များတွင်စားသုံးဆီအဖြစ်သုံးစွဲကြသည်။အုန်းစိမ်းရည်ကိုမူဆေးအဖြစ်သောက်သုံးနိုင်သည်။ သို့သော် ဖျားရည်နှင့် ရောစပ်မစားအပ်၊ ဥပဒ်ဖြစ်နိုင်သည်။မြန်မာဆေးကျမ်းများတွင် 'အုန်းသီးသည် အေး၏၊ကျောခဲ၏၊ဆီးကိုရှင်စေ၏၊ဝမ်းချုပ်၏၊ဝစေ တတ်၏' ဟု ဖော်ပြထားသည်။ အုန်းသီးသည် ပင်လယ်ဆားငန်ရေ ထိစပ်ရာ မြစ်ဝ ကျွန်းပေါ် ဒေသများနှင့် ပင်လယ်ကမ်းရိုးတန်း တလျှောက်တွင် စိုက်ပျိုးဖြစ်ထွန်းသည်။

မောင်မောင်မြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် စာပဲချုပ်ရေးအဖွဲ့
စာပဲချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်


## ရန်ကုန်တမြို့ သည်းခံနိုင်သော...

ဇာတ်လမ်း - သာဆွန့်
ရုပ်ပုံ - ပန်းချီ ဦးဘကြည်
မှန်းမဲ့ သရုပ်ဖော်

အတွဲ ၁၊ အမှတ် ၂၀၊ - ၁၇-၅-၆၉




ကျွန်တော် မှားခဲ့ တဲ့အရေး ခွင့်လွှတ် တော်မူပါ.... ကျွန်တော် နောင်တ ရပါပြီ—
ကိုပြုံးမှာ ခြေမကိုင်မိ လက်မကိုင်မိ တုန် တုန် ရီရီ ဖြစ်ပြီး ချွေးဒီးဒီး ကျလျက် ငိုတော့မလို ဖြစ်နေလေ၏။
အို — ကိုပြုံးရယ် ကျွန်တော် ဘာကိုမှ အမှတ် မထားပါဘူး။ ကိုပြုံးနွမ်းပါး နေတယ် ကြားလို့ လာခဲ့ တာပါ....
ရော့ ဒါတွေ ခင်ဗျားတို့ လာပေးတာ။ ကိုပြုံး ကောင်းကောင်းနေတယ်ကြားရလို့ ဝမ်းသာပါတယ်။ နောင်ကို အကြောင်း ရှိယင်လဲ ကျွန်တော့်ဆီ လာခဲ့ပေါ့။
ဝမ်းသာ လိုက်တာ အရေးပိုင် မင်းရယ်
ဖုန်းတော် ကြီးလို့ သက်တော် ရှည်ပါစေ
ကိုပြုံး ပြန်သွားပြီးသည့်နောက်....
ဒီလိုပါ ဦးကြီး ရဲ့ – ကိုပြုံးမိဘများဟာ သိန်းသောင်းနိုင် ထဲကပါဘဲ — ကိုပြုံးဟာ သားတယောက် ထဲဆိုတော့ အလိုလိုက်ထားတယ်။ ကျောင်းသား တုန်းက ဆိုယင် ကိုပြုံးဟာ ကောင်းကောင်းမှ ဝတ်တယ်၊ စားတယ်။ သူ့မှာ တပည့် တပန်း တွေကလဲ ပေါတယ် — ဗျ။
သူကြီးမှာ နားမလည်ဘဲဖြစ်နေ၍ အရေးပိုင်က ရှင်းပြလေ၏။


တနေ့နေ့ဝင်ချိန်မှာရွာလယ်တန်တားပေါ်ကရင်ခွဲဇရပ်ကလေးမှာကိုပြူးတို့လူစုထိုင်နေကြတယ်။
ကျွန်တော်တို့လူစု တန်တားကို ဖြတ်မယ် လုပ်တော့ ကိုပြူးက ခြေထဖက် တန်းပေါ် ထင်လိုက်ပြီး ဓားမြှောင်တလက်နဲ့ ရန်စ တော့တာဘဲ။
ကျွန်တော်တို့ သူငယ်ချင်းတွေကလဲ ရန်ဖြင် မယ် တကဲကဲဖြစ်နေလို့ မနဲကို ဖျောင်းဖျ ပြီး ပြန်ခေါ်သွားရတယ်ဗျာ။
နောက် တော့ ကျောင်းက ထွက် ပြီး မူးချင်တိုင်း မူး တော့တာဘဲ။ အ ရက်မီးတောက်ကို မှ သောက်လေ့ရှိ တဲ့ အတွက် သူ့ကို မီးတောက် ပြူး လို့ အရပ်ထဲက ခေါ်ကြတယ်။


နောက်ပိုင်းကျတော့ အရက်ဖိုး ပိုက်ဆံ မရှိရင် လုတယ် - ရိုက်တယ် - ဓားနဲ့ ထိုးတယ် - ထောင်ခဏခဏကျတယ်။
နောက်တော့ ဒီလူမှာအိမ်ထောင်ကျတယ်လို့ကြားတယ်။ ဇနီးသည် သေသွားပြီးတဲ့နောက်ပိုင်းမှာ အသောက်အစား ကင်းသွားတယ်လို့ကြားရပါတယ်။ တော်တော်လဲ ဆင်းရဲနေတယ်သိရလို့ သူ့ယောင်ချင်းတယောက်အနေနဲ့ လိုက်တွေ့တာပါဘဲ။
အကယ်၍သာ ဟိုတုန်းက သူနဲ့ဖြိုင်ပိုက်မိယင် ကျွန်တော်တို့လဲ ထောင်ကျမလား - ဆေးရုံ ရောက်မလား မပြောတတ်ဘူး။
လောကမှာ ဒေါသကို ချုပ်ပြီးသည်းခံနိုင်ခွင့်ရှိတာလဲ သတ္တိတမျိုးပါဘဲ။
အော်......
အော်
ဟာင်
အော်
အေး - အရေးပိုင်မင်း ပြောတဲ့စကားကိုလဲ မှတ်ထားကြ - "လောကမှာ - ဒေါသကို ချုပ်ပြီး သည်းခံနိုင်ခွင့်ရှိတာလဲ သတ္တိတမျိုးဘဲ"ဆိုတာ
အရေးပိုင်ပြောပြ၍ အဆုံးတွင် သူကြီးသည် အံ့ဩပြီး "အော်"ဟု ပါးစပ်မှ ထွက်သွားစဉ် နောက်မှလည်း....
"အော်" "ဟာင်" အသံများပေါ်လာ၍ နောက်သို့ လှည့်ကြည့်လိုက်ရာ ကိုပြူးသတင်း ကြားပြီး အထူးအဆန်း ဖြစ်ခါ လာရောက် နားထောင်နေကြသော ကလေးများကို တွေ့ရလေ၏။


ရုပ်ကလေး ကျော်ရှိန်
အချစ်ဆုံး
မိတ်ဆွေ
ငါလေ-ဒေါ်လုံးချွန်ပြီးယံ ကိုလှမောင်ကို သိပ်ချစ်တာဘဲကွ
မင်းကဘါလို့ ချစ်ရတာလဲ မင်းအာမျိုး ထဲကနဲ့.. တူနေလို့လား
မဟုတ် ဘူးကွ-သူ့အကြောင်း ငါ..ပြောပြမယ် ဒီလိုလေ
ပုသိမ်မြို့သား ကိုလှမောင်ဟာ အရှေ့အာရှ ဘောလုံး ပြိုင်ပွဲမှာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရခဲ့ပြီး သူ့မြို့ ပုသိမ်ကို သင်္ဘောနဲ့ ပြန်လာတယ်ကွ။



သတင်းစာထဲတွေ့တော့ ဝမ်းသာလိုက်တာဗျာ
တခါက - ပိုက်ပေါက်အောင် ကန်တာ သူပေါ့ဗျ
သင်္ဘောပေါ်မှာ ဝိုင်းဝိုင်းလည် နှုတ်ဆက်ကြ ချီးကျူးကြနဲ့ ဆူညံနေတာပဲ။
မကြာမီ
ဝဲကြီးတခုရှိကြောင်း ဆလင်က ပြောပြတယ်။
အဲဒီအချိန်မှာ လှေကြီးတစင်းဟာ ရွက်တိုက်ပြီး လာနေတယ်။
ကျွန်တော်တို့ကို ကူညီကြပါ ဒုက္ခတွေ့ တွေ့နေပါပြီခင်ဗျာ
ခေတ်မသိတော့ အဲဒီ လှေကြီးဟာ ဝဲထဲ ဝင်သွားပါလေရော။
ကိုလှမောင်လဲ ကူညီဘို့ စဉ်းစားတယ်။
သင်္ဘောသားတွေက ကြိုးပစ်ပေးပေမဲ့ မရောက်ဘူး။


ကိုလှမောင်ကဘောလုံး
မှာကြိုးချည်ပြီးတော့....
လှေကြီးဆီကို တအား ကန်လွှတ်လိုက်တာ....
လက်နဲ့ပေးတာထက် မြန်ပြီး လှေကြီးဆီကို
တန်းတန်းမတ်မတ် ရောက်တယ်။
လှေသမားတွေက ကြိုးကို တဖြည်းဖြည်း ဆွဲရင်း
နဲ့ လှေကြီးဟာ-
ဝဲထဲကလွတ်ပြီး သင်္ဘောနဲ့ ကပ်
သွားတယ်။
မောင်ရင့် ကျေးဇူးကြီး
လှပါပေ
တယ်
ကိုလှမောင်က သူ့အစွမ်းနဲ့ အဲဒီလို ကယ်ခဲ့တဲ့အတွက်
သူ့ကို ချစ်တာပေါ့ကွ။


# ငှက်နှင့် လူသား

ရေးသူ - ဥဩ

ကမ္ဘာ့ အနှံ့ အပြား၌ ငှက် အမျိုး ပေါင်းများစွာ နေထိုင်လျက် ရှိကြ နေ၊ ပုံပန်းသဏ္ဍာန်၊ အရွယ်အစား၊ အရောင်အသွေး၊ အမူအကျင့်မှစ၍ တမျိုးနှင့်တမျိုး မတူကြ သော ငှက်များသည် သူနည်းသူဟန်ဖြင့် လူတို့အား အမျိုးမျိုး အကျိုးပြုလျက်ရှိသည်ကို အောက်ပါအတိုင်း တွေ့ကြရပေသည်။




တနသ်ာရီ ကမ်းရိုးတန်းတွင် နေကြသော ဇီဝဇိုး ခေါ် ပျံလွှားငှက်တမျိုးသည် လူတို့ စားသုံးရန်အတွက် အာဟာရ ကြွယ်လှသည့် ''ငှက်သိုက်'' များကို ထုတ်လုပ်ပေးကြ၏။
တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတွင် ကျက်စားသော ဂွါနိုင်း ခေါ် တင်ကျီးငှက်တမျိုးမှ စွန့်ပစ်သော အညစ်အကြေးများမှာ ကမ္ဘာကျော် ''ဂွါးနို'' ခေါ် မြေသြဇာပင် ဖြစ်၏။
ဒေါင်းနှင့် ငှက်ကုလားအုပ် အမွေးအတောင်များကို အလှအပအတွက် ပန်ဆင်ကြ၏။
တရုပ်နိုင်ငံတွင်လည်း ပင်း၌ ကွင်းကလေးများ စွပ်ထားသော တင်ကျီး ငှက်များကို ရေငုပ်ပြီး ငါးဖမ်းခိုင်း၏။




နှင့်
ပါဝင်သော
သံပုရာသွား ပမဆို၊ ဈေးကို သွားမှာလား-မမရေ-
ဒီနေ့ ကျော်ကျော် မွေးနေ့ မဟုတ်လား။ မွေးနေ့သောကြော တနင်္လာ၊ မေမေ သိပ်ဖြတ်မယ်ပြောတဲ့၊ မောင်ဇော်တို့ကြော တခုခုဖြစ်မယ်၊ ကြိုးကြိုး ပြော နေမယ်၊
ဒီနေ့မှ အားလို့ပါ မမရေ၊ နက်ဖြန်ဆိုရင် မအားဘူး၊
ကျော်ကျော်သည် လမ်းတွင် ခလေးငယ်တဦးအား၊ ကားတိုက်ခံရမည့်ဘေးမှ ကယ်ဆယ်ခဲ့သည်၊
ဟေ့-ခလေး- မော်တော်ကား-မော်တော် ကား-
ထို့ကြောင့်၊ ခလေးငယ်၏ မိဘများက ကျေးဇူး တင်သဖြင့်၊ လက်ဆောင်ပစ္စည်းများကို၊ ကျော်ကျော်အား ပေးလိုက်သည်၊




ပြဿဒါးနေ့ကြီးမှာ လုပ်လို့၊ လက်ကိုတူနဲ့ထုမိတာ၊ သိလား-
ထိုနေ့ည ကျော်ကျော်တို့အိမ်တံခါးကို သူခိုး ကပ်ကြ၊ ဝရံတာ ပျက်နေသော ကျော်ကျော်တို့အိမ်ကို မဝင်နိုင်ဘဲ၊ ဝင်းခြံမရှိသော အိမ်နီးချင်း အိမ်သို့ ဝင်ခိုးသွားသည်။
အမယ်လေး- ညက သူခိုးဝင်ခိုးသွားလို့၊ တက်တက်စင်ပြောင်ပါပဲကော့- အဟီး-ဟီး-ဟီး-
ပျက်နေတဲ့ဝင်းခြံကို မပြင်မိဖို့ကြောင့်နော် တို့အိမ်ကိုလဲ သူခိုးဝင်ခိုးမှာပဲ နော်-
အေး ကွ၊
ကျော်ကျော်တို့ မနေ့က၊ ပျက်နေတဲ့ဝင်းခြံကို ပြင်မိလို့၊ သူခိုး-အခိုးမခံရတာကွဲ၊ ပြဿဒါးရက်ကြီးမှာ အလုပ်လုပ်မိပေမဲ့၊ အကျိုးပျက်တာမဟုတ်ဘဲ၊ အမှုအသကိုပါ ပယ်

# အလေးမ



အလေးမပြိုင်ပွဲ ဆိုသည်မှာ လူသန်ရွေးပွဲဖြစ်သည်။

ခေတ်သစ်အလေးမပြိုင်ပွဲကို ၁၉၂၀ ပြည့်နှစ် ကမ္ဘာ့အိုလံပစ် ပွဲတော်မှစ၍ထည့်သွင်းခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၉၀၅ ခုနှစ်လောက်မှစ၍ အလေးမခြင်း ခေတ်စားခဲ့သည်။ ဦးပါတူ၊ ဦးအောင်ကြီး၊ ဆန်ဒို ဦးဘသန်း၊ ကာယဗလဦးရှိန်စသော ပုဂ္ဂိုလ်တို့၏ စွမ်းဆောင်မှုကြောင့် ၁၉၂၆ ခုနှစ်တွင် “ဗမာပြည်အပျော်ထမ်း အလေးမအသင်းကြီး” ပေါ်ပေါက်လာသည်။


၁၉၃၅ ခုနှစ်တွင် အိန္ဒိယပြည်၌ကျင်းပသည့် အာရှတိုက်လုံးဆိုင်ရာ အလေးမပြိုင်ပွဲတွင် မြန်မာလူမျိုး ဦးဇော်ဝိတ်သည် ပေါင် ၃၀၀ အလေးကို မပြီး “အာရှတွင်အသန်ဆုံးလူ”ဘွဲ့ကို ဆွတ်ခူးခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဗီယင်နာမြို့၌ကျင်းပသောကမ္ဘာ့အလေးမ ဖိုလ်လုပွဲတွင် တပ်ကြပ်ကြီး ထွန်းမောင်သည် ၁၁၂ ပေါင် တန်းတွင် တတိယရရှိခဲ့၏။


ယခုခေတ်တွင် အနှေးမ၊ အမြန်မ၊ နှစ်ဆင့်အမြန်မဟု နည်းသုံးနည်းဖြင့်ယှဉ်ပြိုင်ကြရသည်။ ယှဉ်ပြိုင်ရာ၌ ကိုယ်အလေးချိန်အလိုက် အတန်း ခုနစ်တန်း ခွဲခြားထားသည်။

ကျော်ညွန့်မိုး

# စက္ကူသောက်ရေခွက် လုပ်ရအောင်




၅ လက်မခန့် ရှိသော လေးထောင့် စက္ကူမာမာ တရွက်ကိုပုံအတိုင်း ခေါက်ပြီး ထိပ်ဝကို လက်ညှိုးဖြင့်ချဲ၍ ဖွင့်ပါ။



ဇာတ်ရုံဆီမှဆိုင်းသံများကို ကျွန်တော် ကြားနေရပါသည်။ ဆိုင်းသံကြားလျှင် သွားကြည့်ချင်စိတ် ဖြစ်လာပါသည်။ ထို့ကြောင့် ဇာတ်ရုံရှိရာသို့ ကျွန်တော် လျှောက်လာခဲ့ပါသည်။

ဇာတ်ရုံမှာ ကျွန်တော့်အိမ်နှင့် မဝေးလှပါ။ ဇာတ်ရုံရှေ့သို့ ရောက်သောအခါ ဆိုင်းသံများ တိတ်ဆိတ်သွားပါသည်။ ရုံထဲမှ ခေါင်းလောင်း ထိုးသံ ကိုသာ ကြားရပါသည်။ ရုံခါခြင်း ဖြစ်ပါသည်။ ထိုဇာတ်ရုံသည် ဇာတ်ပွဲကောင်းလျှင် အစောကြီးရုံခါတတ် ပါသည်။ ကျွန် တော် နောက်ကျသွားပေပြီ။

ရုံထဲ ဖဝင်ရတော့ သဖြင့် ကျွန်တော်သည် ဇာတ်ရုံ ရှေ့မှ ဇာတ်မင်းသား ရုပ်ပုံ ကြီးကို ခေတ္တကြည့်ပြီးဈေးတန်းဖက်သို့ လျှောက်လာ ခဲ့ပါတော့သည်။ ပွဲဈေးတန်းအဆုံးရှိ ကလေး လူကြီးများဝိုင်းအုံနေသော နေရာသို့ ရောက်သောအခါ ရပ်လိုက်ပါသည်။ လူငယ်တစု လျှပ်စစ်အပ်ဖြင့် ဆေးမင်ကြောင်ထိုးနေကြသည်ကို တွေ့ရပါသည်။ကျွန်တော်လည်း ထိုးချင်ပါသည်။

ကျွန်တော် ကြည့်နေချိန်၌ လူငယ် တယောက်၏ လက်ခုံပေါ်တွင် 'ကျားနက်' ရုပ် တရုပ် ထိုးနေပါသည်။ အရုပ် ထိုး ခံသည့်လူငယ်သည် အံကိုကျိတ်ထားပါသည်။ အတော်ကလေး နာဟန် တူပါသည်။ ဆေးထိုး အပ်မှာ တကျွိကျွိဖြင့် အဆက်မပြတ် မြည်နေပါသည်။

အတန် ကြာသော အခါ 'ကျားနက်' ရုပ် ထိုး၍ ပြီးသွားလေသည်။ နောက်ထပ် ဆေးထိုးမည့်သူမှာ ကျွန်တော့် အရွယ် ကလေးငယ် တယောက် ဖြစ်ပါသည်။ သူသည် လက်မောင်း ပေါ်တွင် အသည်းကို မားစိုက်နေသောပုံ ထိုးခိုင်းပါသည်။ ဆေးထိုးသည့် လူကြီးက သူ့လက်မောင်း ပေါ်တွင် ပုံကြမ်းကိုအလျင်ရေးဆွဲပါသည်။ ပြီးလျှင် လျှပ်စစ် ခလုတ်ကို ဖွင့်လိုက်ပါသည်။ ဆေးထိုးအပ်မှ အသံများမြည်လာပြန်ပါသည်။

သူသည် မျက်နှာကို မရှုံ့မမဲ့ပဲ ဆေးထိုးခံပါသည်။ ကျွန်တော်သည် သတ္တိရှိစွာ ဆေးထိုးခံနေသော သူ့ကို ငေးကြည့် နေပါသည်။ စိတ်ထဲမှလည်း ချီးကျူးမိပါသည်။ သူသည် ကျွန်တော့်ထက်ပင် အသက်ငယ်ပါလိမ့်မည်။ထို့ကြောင့်ကျွန်တော်လည်း သူ့လို သတ္တိရှိရှိဖြင့် ဆေးမင်ကြောင် ထိုးဦးမည်ဟု ဆုံးဖြတ်လိုက်ပြီး အင်္ကျီ အိတ်ထဲမှ ပိုက်ဆံတမတ်ကို နှိုက်ထားလိုက်ပါသည်။

ထိုအချိန်၌ ကျွန်တော်တို့ အနီးသို့ လူကြီးနှစ်ယောက်လာရပ်ပါသည်။ တယောက်က –

"ချာတိတ် က မဆိုးဘူး၊ သတ္တိရှိသား" ဟု ချီးကျူးပါသည်။ ထိုအခါ အခြား တယောက်က –

"ဆေးမင်ကြောင်ထိုးရဲတာနဲ့ သတ္တိရှိတယ်လို့ မချီးကျူးသင့်ဘူး။ တော်ကြာ ဆေးမင်

ကြောင် ထိုးရဲယင် သတ္တိရှိတယ် ဆိုပြီး ကလေးတွေက အထင် ကြီးနေအုံးမယ်။ ဟိုခေတ်တုန်း ကတော့ ဗမာမှန်ယင် ဆေးမင် ကြောင် ထိုးကြတာဘဲ။ အခု ခေတ်တော့ မလိုတော့ဘူး။ အ ရေးတကြီးလိုအပ်တာက တိုင်း ပြည်နဲ့လူမျိုးအတွက် သတ္တိရှိရှိ၊ သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်း ဆောင်တတ်ဖို့အရေးကြီးတယ်။ ဆေးမင်ကြောင် မထိုး ပေမဲ့ တိုင်းပြည်နဲ့လူမျိုးအပေါ် သတ္တိ ရှိရှိ၊ သစ္စာရှိရှိ၊ တာဝန် သိသိ ကူညီ ထမ်းဆောင်နိုင်ယင် ပြီး တာဘဲ။ ဆေးမင်ကြောင် ထိုး တိုင်းသာ ချီးကျူးရမယ်ဆိုယင် ချီးကျူးရမဲ့ သူတွေ အများ ကြီးဘဲ။ လမ်းသရဲတွေ၊ ခါး ပိုက်နှိုက်တွေ၊ လူဆိုး ဓမြတွေ၊ သူတို့လဲ ဆေးမင်ကြောင် ထိုး ကြတာဘဲ” ဟု ပြန်ပြောလိုက် ပါသည်။

ထိုလူကြီး၏ စကားများကို ကျွန်တော် စဉ်းစားနေပါသည်။ ထိုအချိန်၌ ဇာတ်ရုံရှေ့မှပြေးသံ များ၊ အော်သံများ ဆူညံလာ ပါသည်။ကျွန်တော်လည်းဇာတ် ရုံရှေ့သို့ ပြေးသွားခဲ့ပါသည်။ ရဲ သား အချို့ကို တွေ့ပါသည်။ ကျားခေါင်း နှင့် အရိုးခေါင်း လမ်းသရဲအဖွဲ့ ရန်ဖြစ် ကြသည် ဟု သိရပါသည်။ ရဲသားများ က လူငယ်အချို့ကိုဖမ်းပြီး လက် မောင်းနှင့်လက်ခုံများကို ကြည့် ရှုနေကြပါသည်။ လူငယ် တ ယောက်၏ လက်ခုံတွင် ကျား ခေါင်းရုပ်ကိုတွေ့သဖြင့် ဖမ်းဆီး လိုက်ပါသည်။ လူငယ်က သူ သည် လမ်းသရဲအဖွဲ့ဝင် မဟုတ် ကြောင်း၊ အလှသက်သက် ထိုး ထားခြင်း ဖြစ်ကြောင်း ရှင်းပြ ပါသည်။ သို့သော်လည်း ရဲသား များက နောက်မှရှင်းဟု ဆိုကာ ခေါ်ဆောင် သွားပါ တော့ သည်။

ကျွန်တော်သည် ထိုလူငယ် အဖြစ်ကိုကြည့်ပြီး စဉ်းစားနေ ပါသည်။ ကျွန်တော့် နားထဲ တွင်လည်း ဆေး မင် ကြောင် ဝိုင်း၌ လူကြီးတဦး ပြောသွား သော စကားကို ကြားယောင် လာပါသည်။ လမ်းသရဲဟု အ ထင် ခံရခြင်းမှာ အလွန်ရှက်ဖို့ ကောင်း ပါသည်။ ထို့ကြောင့် ဆေးမင်ကြောင် မထိုးတော့ဟု ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်သည်ပွဲဈေးတန်း ထဲသို့ ပြန်လျှောက် လာခဲ့ပါ သည်။ ဆေးမင်ကြောင်ထိုးရန် ကြံစည်ထားသော ပိုက်ဆံ တ မတ်ဖြင့် မုန့်ဟင်းခါး ဝယ်စား လိုက်ပါသည်။

ကျွန်တော် ကြုံခဲ့ရသည့် အ ဖြစ်အပျက် များကို ဆေးမင် ကြောင်ထိုးချင်ကြသော ကျွန် တော့်သူငယ်ချင်းများအား ပြန် လည် ပြောပြပြီး ဆေးမင် ကြောင်မထိုးကြရန် တားဆီးရ ပါဦးမည်။

ကွန်းဇော်

ပုဂံမြေ


ရွှေဆည်းလည်းသံ
လေမှာညွှင်းလို့
ရွှေရောင်ဝင်းသည့် ပုဂံမြေ။
ဆည်မြောင်း တာတမံ
ရေကြည်ဖွေးတော့
ရွှေပြည်အေးချမ်း သာယာနေ။
ပန်းပုပန်းချီ ပန်းဆယ်မျိုးနှင့်
တိုးပွားမြင့်မား မြန်မာစာပေ။
တိုင်းခြားရန်သူကင်းကာဝေးလို့
အေးချမ်းစည်ကား
တေးသံဝေ။
စပါးတခက် ဝါးတလက်နှင့်
တိုးတက်စည်ကား ဖွံ့ဖြိုးနေ။
ပုဂံပြည်သူ တာဝန်ထမ်းလို့
ရှင်လန်းတက်ကြွ ညီခဲ့ပေ။
မြန်မာ့ဂုဏ်ဆောင် ပုဂံခေတ်က
အုတ်မြစ်ခိုင်မှာ တိုးတက်ပေ။
ကျက်သရေ တက်နေ။ ။

ပျဉ်းမနား–မောင်နီသင်း



R. 517

# ငှက်ပျောသီး







ငှက်ပျောသီးစိမ်း နုနုကို ဟင်းချက်စားနိုင်သည်။ ငှက်ပျောသီးစိမ်းအမှုန့် တပေါင်သည် ဂျုံမှုန့်နှစ်ပေါင်နှင့်ညီမျှသောအာဟာရဓာတ်ကို ပေးစွမ်းနိုင်သည်။ ငှက်ပျောသီးစိမ်းသည် အစွယ်ပျိုစေ၏။ ရေငတ်ခြင်း၊ အော့အန်ခြင်း၊ ပူလောင်ခြင်း၊ ဝမ်း သွားခြင်းများ ပျောက်ကင်းစေ၏။ ငှက်ပျောသီးမှည့် စားပြီး ရေအေး သောက်လျှင် အစာမကျေ ဟု မြန်မာဆေးကျမ်း များတွင် ပါရှိသည်။ ငှက်ပျောသီးမှည့်ကို ပြုတ်၍၎င်း၊ ကြော်၍၎င်း၊ မီးတွင်ကင်၍ ဖုတ်၍၎င်း စားနိုင်သည်။ ကြာရှည် စားလျှင်က နေလှန်း ထားနိုင်သည်။ ထင်ရှားသော ငှက်ပျောသီးအမျိုးအစားများမှာ ရေသီလဲ၊ ထောပတ်၊ နံ့သာပု၊ သီးမွှေး၊ ဝက်မလွတ်၊ ဖီးကြမ်း၊ သုငယ်စာ၊ ပျားရည်ဆမ်း၊ ရသာရုံ၊ မယားမန်၊ မယ်တော်လက်ညှိုး၊ ငှက်ပျောချဉ်၊ ရွှေနီ၊ စာကလေးနှင့် အလွန်ကြီးထွားသော ဆင်အံတို့ ဖြစ်ကြသည်။

မောင်မောင်မြင့်






ရန်ကုန်မြို့ ၁၉၉ – ၃၀၁ ကုန်သည်လမ်း စာပေဗိမာန် ထုပ်ဝေရေးအဖွဲ့၊
ထုပ်ဝေရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ကြောင်မိုက်ကလေး

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၂၁၊ ၂၄-၃-၆၉


[illegible]

သရုပ်ဖော်-ဦး[illegible]




ဒီအိမ်ဟာနေဖို့ မကောင်းဘူး-- ဒီထက်ကောင်းတဲ့အိမ် သွားရှာမယ်
ထိုနေ့ည ဒေါ်လှပု အိပ်ယာဝင်သော် ဖိုးကျားသည် တံခါးကြားမှ အသာ ထွက်လာခဲ့ရာ အိမ်တအိမ်သို့ ရောက်သွားသည်။
တယ် ဟုတ်ပါလား-- ငါ့ကို ကျွေးဖို့ထင်တယ်-- တကယ်သနားတတ်တဲ့ လူတွေဘဲ
သူသည် ဟင်းတဖတ်ကိုစားရန် စတင်ကိုက်လိုက်စဉ်....
ဟဲ့-ဘယ်ကကြောင်စုတ်လဲ
ငါ့သခင်က ငါ့ကို ဒီလောက် မရက်စက်ဖူး


အခြားအိမ်တအိမ်သို့ ရောက်သွား ပြီး ပွင့်နေသော ပြတင်းပေါက်မှ ဝင် သွားပြန်ရာ–
တယ်ဟုတ် ပါလား-- ဒီအိမ်မှာနေရင် ကောင်းမယ်
သို့သော် နို့ခွက်ကို တကြိမ် သာ လျက်လိုက်ရသည်။
ဗြော့ ကောင်-- ဒါငါ့အစာကွ---မင်းက ခိုးသောက်နေတယ်ပေါ့
ထိုအခိုက် မိန်းမကြီး တယောက် ဝင် လာပြီး ....
ဘယ်ကကြောင်စုတ်လဲ မသိဘူး
သူသည် စိတ်ပျက်စွာဖြင့် ထွက်လာခဲ့သည်။ မိုးရွာသဖြင့် စိုရွှဲစိုပေနေပေတော့သည်။ အိမ်ကြီးတအိမ်၏ ပြတင်းပေါက်မှ ခုန်ဝင်သွားပြီး မွေ့ယာပေါ်တွင် အမောပြေ အိပ်နေ လိုက်သည်။


သို့သော် လက်ကြီးတခုက သူ့ကို မ ယူ လွှင့်ပစ်လိုက်သည်။
ကြောင်စုတ်က--- ငါ့အိပ်ယာခင်းတော့ ရွှံ့တွေပေကုန်ပြီ--
တောက်
ထိုနောက် ဖိုးကျားသည် ပြတင်းပေါက်မှ ပစ်ချခံရလေသည်။
မည်သူမျှ သူ့ကို အလိုမရှိကြောင်း ဖိုးကျား သဘောပေါက်လာသည်။ သူသည် ဒေါ်လှပု၏ ကြင်နာယုယမှုများကို ပြန်လည် အမှတ်ရလာသည်။
ဟဲ့-- တကိုယ်လုံးလဲ စိုရွှဲနေပါလား---ငါ့ဖြူ စိတ်ပူနေရတာ
ဒေါ်လှပုနှင့်သာ ပျော်ပျော်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။
ငါဟာ သိပ်မိုက်ပါလား--- ဒီအိမ်ထက်ကောင်းတဲ့အိမ် ဘယ်မှာရှိနိုင်ပါ့မလဲ
နောင်တွင် ဖိုးကျား မမိုက်တော့ပေ။


လောင်းကစား - အစဉ်ရှောင်ရှား
ကျော်ကျော်
ခေါင်းလား ပန်းလား
ခေါင်းကွ ငါးပြားထိုးတယ်
ငါကပန်းဟေ့ ဆယ်ပြား
အခုနကဟာ ပန်းကွ မင်းလှန်လိုက်တာ ငါမြင်တယ်
မဟုတ်ဘူး ခေါင်းကွ
မင်းလိမ်ကစားတယ် ငါ့ပိုက်ဆံပြန်ပေး
ဘာလို့ပေးရမှာလဲ ငါနိုင်တာဘဲ
ကိုလတ်ကွ
မပေးယင်ချတယ်ကွာ
ဂျာရစ်ကွ
ဟဲ့ ကိုလတ် မျက်နှာမှာ ဒဏ်ရာတွေနဲ့ ပါလား ဘာဖြစ်ကြတာလဲ
ဂျာရစ်တို့နဲ့ လောင်းကစားပြီး ရန်ဖြစ်ကြတယ် မုံ့ဘိုးလဲ ကုန်သွားပြီ
လောင်းကစားတာ ငွေလဲကုန်တယ် ရန်လဲဖြစ်တတ်တယ် ကောင်းကျိုး မပေးဘူးကွ.
နောင်မကစား တော့ပါဘူး မေမေ


မေ့
သည်း
ချာ
အတတ်ပညာ ကြိုးစားကာ
သင်ပါ မေ့သားလှ။
ပညာတတ်လျှင် ကြီးအောင်မြင်
တွင်တွင် ဥစ္စာရ။
ဤလောကမှာ တတ်ပညာ
မှန်စွာ မိတ်ကောင်းပ။
ပညာအရောင်ထွန်းလင်းပြောင်
မြှားမြောင် အံ့ဩကြ။
ပညာခံ့ခိုင် မခိုးနိုင်
ကိုယ်ပိုင် စစ်ပါလှ။
ပညာမဲ့ဘိ ဉာဏ်မရှိ
အသိမလုပ်ကြ။
ပညာရှိလျှင် အရာတွင်
ခင်မင် အများက။
ပညာရဲရင့် ပွဲလယ်တင့်
ကြီးမြင့် အသရေတို့။


ဖိုးထူး
ပါဝင်သော
လှေပေါ်မှာ-မဆော့နဲ့
ဂေါလမ်းခရီးသွားတုန်း၊ လှေပေါ်မှာ၊ မဆော့နဲ့နော်၊
ဖိုးထူးသည်၊ သူ့ဦးလေးနှင့်အတူ၊ မြစ်တစ်ဖက်ကမ်းရှိ သပြေကန်ရွာသို့၊ လှေကလေးတစ်စင်းနှင့် ထွက်ခဲ့သည်။
အခုနေ၊ ငါသာ ရေတပ်ဗိုလ်ကြီး ဖြစ်ရင် ရန်သူသင်္ဘောတွေနဲ့ ဆိုင်တိုက်တဲ့အခါ ရန်သူတွေကို အပြုတ်ချမှာပဲ၊
ရှေ့က-ရန်သူသင်္ဘောတွေကို- ပစ်
ရန်သူတွေကို တိုက်ခိုက် မှန်ပြီ-
ဒိုင်း
ဒိုင်း
ဟာ- ရန်သူဖက်က အဖျက်ကျည်ဆံ တခု လာနေပါလား၊
အောင်မယ်လေး သေပါပြီဗျ
ဝုန်း
မင်းကို ငါပြောတယ် မှတ်လား၊ လှေပေါ်မှာ၊ မဆော့ပါနဲ့လို့၊ ခုကောင်းလို့ မသေတာပေါ့ကွာ၊
ဟုတ်- ဟုတ်ကဲ့၊ ကျွန်နော် ဖယောင်သွား ဆိုပါ၊

# ဆား

ရေးသူ၊ ကိုရင်ဖြ

အိမ်သုံး ဟင်းခတ်ဆားတွင် ဆိုဒီယမ်ဓာတ်နှင့် ကလိုရင်းဓာတ်တို့ ပါဝင်သည်။ ဆားကို ပင်လယ်ရေ၊ ဆားငန်အိုင်နှင့် မြေအောက်တို့မှ ရရှိသည်။ ဆားငန်ရေကို ကန်များတွင် နေလှန်းပြီး မီးဖြင့် ချက်ယူကြသည်။ ဆားငန်ရေကို နေလှန်းပြီး ဆားပွင့်များ သဲ့ယူသောနည်းဖြင့်လည်း ဆားကိုရရှိနိုင်သည်။ ထိုဆားကိုမူ နေလှန်းဆားဟု ခေါ်သည်။



- ချေး ထူနေသော ပန်းကန်များကို ဆားဖြင့် ပွတ်တိုက်ပေးလျှင် ချေးစင်သည်။



- ထုံးသုတ်ရာတွင် ဆားထည့်သုံးလျှင် ထုံးပိုစွဲသည်။



- ဆားဖြင့် သွားတိုက်လျှင် သွားကိုဖြူစင်စေပြီး၊ သွားဖုံးများကို ကောင်းစေသည်။




- လည်ချောင်းနာသော် ဆားရေဖြင့် ပလုတ်ကျင်းလျှင်ပျောက်ကင်းသည်။



- သွားနုတ်ပြီးသော် ဆားရေ ငုံလျှင် သွေးတိတ်လိမ့်မည်။

ဆားရေသည် အန်ဆေး
ကောင်းတခုဖြစ်၏။





– အကြော အခြင်
ကိုက် ခဲ သော်
ဆား ခတ် ထား
သောရေဖြင့် ရေ
ချိုးပါ။

– မျက် စိ နာ လျှင်
ဆား ရေကြည်
ခတ်ပေးပါ။



– ပိုးထည်များကို ဆားရေဖြင့် ဖွတ်လျှော်၍ မ
ခြောက်မီ မီးပူတိုက်ပေးပါက အရောင်အသွေး
လှလာသည်။



– အဆုတ်နှင့် အစာအိမ်တို့မှ သွေးယို
သော် ဆားနည်းနည်းချင်း တိုက်
ကျွေးလျှင် ပျောက်ကင်းမည်။





– ချွေး လွန်၍ မူး မော် လျှင်
ဆားအနည်းငယ်ကျွေးပါ။

– ဆားသည် အုန်းပင်များအတွက် အ
လွန် ကောင်းသော မြေဩဇာဖြစ်
သည်။


ဩ
သရုပ်ဖော်
ဒီပြိုင်ပွဲမှာ အလှဆုံး အချိုး
အကျဆုံး ကြက်တူရွေးရုပ်
ထုနိုင်တဲ့ကျောင်းသားကို ဆုပေး
မယ်
အတန်းသားများသည် ဆရာမှာသည့် အ
တိုင်း ကြက်တူရွေးရုပ် ကိုယ်စီထုလုပ်ပြီး
ပြိုင်ပွဲတင်ကြလေရာ....
ယှဉ်ပြိုင်သော အရုပ်များအနက်မှ....
လက်ရာတွေ သိပ်မဆိုးဘူး
အကောင်းဆုံး လက်ရာ နှစ်
ခုကို ရွေးထုတ်လိုက်၏။


ထိုနှစ်ခု အနက် တခုကို ပထမ ပေးရမည် ဖြစ်ရာ အကဲဖြတ်ဆရာမှာ မဝေခွဲနိုင် ဖြစ်ရ၏။
လက်မှုပညာ (ဖန်မှု)ပြိုင်ပွဲ ဆုနှင်းသဘင်
?!
အတူတူဘဲဟာ ကွာ- ဆုခွဲပေး ရောပေါ့!
နှစ်ခုစလုံး လက်ရာကောင်းပါလျက် တဦးကို ပထမဆုပေး လိုက်သဖြင့်
ဘာ့ကြောင့် ဤသို့ပေးသည်ကို သိလိုနေကြသည်။
ဆရာ ဘာကြောင့် ဒီလို ဆုံးဖြတ်တယ် ဆိုတာကို မင်းတို့ သိချင်ကြမယ် ထင်တယ်


ဆုမရတဲ့ ကျောင်းသားမှာ ထုးဆောက် တန်ဆာပလာ တွေအစုံ ရှိတယ်၊ လိုယင်လဲ သူ့မိဘတွေက ချမ်းသာတော့ ဝယ်ပေးနိုင်တယ်
ပထမဆုရတဲ့ ကျောင်းသားကတော့ ရှိစုမဲ့စု ကရိယာတွေနဲ့ လုပ်ရတယ်
ဒါကြောင့် ပစ္စည်းမစုံဘဲနဲ့ ထူးချွန်အောင်လုပ်နိုင်သူကို ပထမဆုပေးတာ။
ပစ္စည်းကရိယာမစုံတောင် ဇွဲနဲ့ လုံ့လနဲ့ လုပ်ယင် ထူးချွန်နိုင်တယ်ကွဲ့

# ကြက်တောင်ရိုက်



မြန်မာနိုင်ငံတွင် ကြက်တောင်ရိုက်ကစားခြင်းသည် ၁၉၁၀ ပြည့်နှစ်ခန့်မှ စခဲ့သည်။

ကြက်တောင်ရိုက်ကစားခြင်းကို အမျိုးသား အမျိုးသမီး မရွေး ကစားနိုင်သည်။ ကစားရာတွင် တယောက်ချင်းဖြစ်စေ၊ နှစ်ယောက်တတွဲ ဖြစ်စေ ကစားရသည်။

ကြက်တောင်ရိုက် ကစားခြင်းတွင် လိုအပ်သော ပစ္စည်းကရိယာများမှာ ပိုက်၊ ကြက်တောင်၊ ဘက်တံနှင့် ကစားကွင်းဖြစ်သည်။ ကြက်တောင်ရိုက်ကွင်းကို စည်းမျဉ်း ဥပဒေအတိုင်း စနစ်တကျ သတ်မှတ်ထားရသည်။


ကြက်တောင်ဟုခေါ်သော်လည်း အမှန်စင်စစ် ဘဲအတောင်များဖြင့် ပြုလုပ်ထားခြင်းဖြစ်လေသည်။

ကြက်တောင်ရိုက် ကစားနည်း၏ အခြေခံ အချက်များအနက် အရေးအကြီးဆုံးမှာ ကြက်တောင်ရိုက် ဘက်တံကို ကိုင်တွယ်နည်းပင် ဖြစ်သည်။ ကိုင်တွယ်နည်း မှန်ကန်မှသာ ကြက်တောင်ကို မိမိလိုရာသို့ ရောက်ရှိအောင် စနစ်တကျ ရိုက်နိုင်ပေလိမ့်မည်။ ထို့ပြင် လက်ကောက်ဝတ် လှုပ်ရှားမှုကို အထူးလေ့ကျင့်ပေးရန်လိုသည်။ ဘက်တံကို တင်းကျပ်စွာ မကိုင်ရပေ။ သက်တောင့်သက်သာနှင့် မြဲမြံစွာ ကိုင်ရသည်။

ယခုအခါ ကမ္ဘာပေါ်တွင် ကြက်တောင်ရိုက် အတော်ဆုံးနိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်၏။ မြန်မာနိုင်ငံမှ ဝေည္ဏန့်သည့် အာရှလူငယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မလေးရှားနိုင်ငံမှ ပြိုင်ဖက်ကို အနိုင်ရိုက်ခဲ့လေသည်။

ကျော်ညွန့်မိုး

မည်သည့်ကိုယ်နှင့် မည်သည့်ဦးခေါင်းသက်ဆိုင်သနည်း။




အဖြေ။ ။ ၁–ဂ။ ၂–ဆ။ ၃–င။ ၄–စ။ ၅–ဇ။ ၆–က။ ၇–ဃ။ ၈–ခ။



# မိုးသူဇာနှင့် ကပ္ပလီ

ဝဏ္ဏသိုက်မောင်အောင်ဆွေ

မိုးသူဇာသည် မေမေနှင့် အတူ ဈေးဝယ် လိုက်ခဲ့၏။ လမ်းတလျှောက်လုံး မေမေ့ လက်ကို ဆွဲလျက် ခြေထောက် တချွတ်တိုက် ဆွဲနေလေသည်။

"သမီးက လမ်းကောင်းကောင်း လျှောက်တာ မဟုတ်ဘူး"

"သမီး ဘိနပ်က ခဏခဏ သဲကြိုး ပြုတ်ထွက်နေလို့ပါ"

မိုးသူဇာက ရာဘာဘိနပ်ကို ပြန်ပြင် စီးနေသဖြင့် မေမေက ခဏစောင့်နေရ၏။

"ဘိနပ် သဲကြိုးလဲ ဆွေးနေပြီ။ ကဲ - တခါထဲ သားရေ ဘိနပ် ဝယ်ပေးမယ်"

မိုးသူဇာမှာ ဘိနပ် အသစ် ရမည်ဆိုသဖြင့် အလွန်ဝမ်းသာနေသည်။

"လာသမီး– ဒီဆိုင်ထဲ ခဏ ဝင်ကြရအောင်"

မေမေက ဒန်သတ္တု အိုးခွက်များ၊ ဖန်မီးအိမ်များ၊ အရုပ်များ ရောင်းသော ဆိုင်တဆိုင်ထဲသို့ ဝင်သွားလေ၏။ မေမေက ဈေးဝယ်နေစဉ် မိုးသူဇာသည် အရုပ် များ ထား သော မှန်ဘီဒိုသို့ လျှောက်လာပြီး အရုပ်များကို တခုစီ လိုက်ကြည့်နေလေသည်။

ဆိုင်မှ လူကြီးက ဘီဒိုထဲမှ ကပ္ပလီအရုပ်ကလေးကိုဆွဲထုတ်လျက် သံပတ်ပေးပြီး မှန်ပေါ်တင်လိုက်လျှင် "ဂျစ် – ဂျစ် – ဂျစ်" မြည်လျက် ကပ္ပလီကလေးမှာ လမ်းလျှောက်ရင်း မိုးသူဇာကို ခေါင်းညိတ် ပြ၏။ လျှာထုတ် ပြ၏။

"ဟီး–ဟီး – ဟီး – ကပ္ပလီကလေးက လျှာထုတ်ပြတယ်"

မိုးသူဇာသည် သဘောကျနေ၏။

"ဘကြီး – ကပ္ပလီလေးကို ရောင်းလားဟင်"

"ရောင်းတာပေါ့ကွဲ့"

မိုး သူ ဇာ သည် မေမေ့ဆီ ပြေးသွားလျက်

"ကပ္ပလီ လေးကို လို ချင် တယ်မေမေ။ ဝယ်ပေးပါနော်"

"မေမေ့မှာ ပိုက်ဆံအပိုမပါဘူးသမီး။ နောက်မှဝယ်။ ကဲ လာ ဘိနပ်ဆိုင်သွားရအောင်"

မေမေက လက်ကို အတင်းဆွဲလျက် ဆိုင်ထဲမှ ထွက်ခဲ့လေ၏။ မိုးသူဇာမှာ ကပ္ပလီကလေးကို လှည့်ကြည့် လှည့်ကြည့်နှင့် လိုက် လာ ရင်း–

"မေမေက သမီးကို မချစ်ဘူး။ ကပ္ပလီလေးကို ဝယ်ပေးပါ မေမေရယ်"

မျက်ရည်ဝိုင်းနေသော သူ့ကိုကြည့်ပြီး မေမေသည် စိတ်မရှည်ပဲ ဖြစ်လာ၏။

"မေမေ့မှာ တလ အသုံးစရိတ် နဲနဲဘဲရှိတယ်။ အခု သမီးကို ဘိနပ်အသစ် ဝယ်ပေးရအုံးမယ်။ ကပ္ပလီကလေး အတွက် ပိုက်ဆံအပို မရှိဘူး။ နောက်လမှ ဝယ်ပေါ့"

"ကပ္ပလီကလေးကို သူများဝယ်သွားမှာစိုးတယ်။ ဘိနပ်က စီးလို့ ရပါသေးတယ် မေမေရယ်"

"ကဲ – နား ငြီး လာ ပြီ။ ကပ္ပလီကလေးကို လိုချင်လား။ ဘိနပ်အသစ် လိုချင်လား။ ဒါဘဲ။ ကြိုက်တာတခုရွေး"

မိုးသူဇာသည် စိတ်ထဲ၌ဘာရွေးရမည်မသိ ဖြစ်နေ၏။ "ကပ္ပလီနဲ့ ဘိနပ်၊ ဘိနပ်နဲ့ ကပ္ပလီ၊ ကပ္ပလီ....ကပ္ပလီ"

"ကပ္ပလီကလေး ယူမယ်" ဟု အဖြေပေးလိုက်၏။

မေမေက အရုပ်ဆိုင်သို့ ပြန်လှည့်ခဲ့ပြီး ကပ္ပလီအရုပ်ကလေး

ကို ဝယ်ပေးလေ၏။ အိမ်ရောက်လျှင် မိုးသူဇာသည် ကပ္ပလီကလေးကိုသံပတ်ပေးပြီး ကြမ်းပြင်ပေါ် သို့ ချလိုက်၏။ "ဂျစ်ဂျစ်–ဂျစ်" နှင့် လမ်းလျှောက်ပြ၏။ လျှာထုတ်ပြ၏။ ခေါင်းညိတ်ပြ၏။

မိုးသူဇာသည် ကပ္ပလီ ကလေးနှင့် တနေကုန် ဆော့ ကစား လေသည်။ ည မိုးချုပ်၍ အိပ်ရာဝင်လျှင် ကပ္ပလီကလေးကို ရင်ခွင်ထဲပွေ့ပိုက်လျက် အိပ်လေ၏။

နောက်တနေ့နံနက်တွင် မေမေဟင်းချက်ရန် ဈေးဝယ်သွားစဉ် မိုးသူဇာသည် သူငယ်ချင်း ခိုင်ခိုင်၊ ဇော်မိုး၊ ကလျာတို့ကို ခေါ်၍ ကပ္ပလီကလေးနှင့် ကစားကြ၏။

"ဒီတခါ ကပ္ပလီ လေး ကို လမ်း မျှား မျှား လျှောက် ခိုင်းမယ်" ဟုပြောရင်း သံပတ်ကို တင်း ကျပ် စွာ ပေး လေ ၏။ "ဒတ်" ဟူသောအသံကို ကြားလိုက်ရ၏။ ကြမ်း ပြင် ပေါ် ချလိုက်သောအခါ ကပ္ပလီကလေး လမ်းမလျှောက်တော့ချေ။

"ကပ္ပလီလေးဘာဖြစ်သွားလဲမသိဘူး။ လမ်းမလျှောက်တော့ဘူး"

အထပ်ထပ်အခါခါ သံပတ်ပြန်ပေး၏။ မရချေ။ သံပတ်ပြတ်လေပြီ။ သူမျက်လုံးများ ရီဝေလာ၏။ ထိုစဉ် မေမေပြန်လာသဖြင့် အိမ်ပေါ်မှ ရာဘာဘိနပ်ကိုစီးပြီးအတင်းပြေးဆင်းလေသည်။ မေမေ့ဆီ မရောက်မီ ဘိနပ်ကြိုး ပြတ်ထွက်သွားလေ၏။

"မေမေရေ – ကပ္ပလီလေး လမ်းမလျှောက်တော့ဘူး။ ဘိနပ်လဲ စီးလို့မရတော့ဘူး"

"မငိုနဲ့မိမိုး။ ငိုယင် မေမေ ရိုက်မိလိမ့်မယ်။ စောစောက ဒီကပ္ပလီကို မဝယ်ပါနဲ့လို့ ပြောတာ မရဘူး"

"ကပ္ပလီ မလိုချင်ဘူး။ ပြန်ပေးလိုက်တော့။ ဘိနပ်အသစ်ဘဲ ဝယ်ပေးပါ"

"မ ဝယ် ပေး နိုင် ဘူး။ ဟိုချောင်မှာရှိတဲ့ ဘိနပ် အစုတ်ကိုဘဲ စီးပေတော့။ နောက်လမှ အသစ် ဝယ်ပေးမယ်။ နောင်ကို အသုံးကျတဲ့ပစ္စည်းကို ဝယ်ရတယ် ကြားလား"

မိုးသူဇာသည် ခဏမျှ စဉ်းစားပြီးနောက် –

"ဟုတ်ကဲ့ မေမေ" ဟု အဖြေပေးလိုက်သည်။

မိုးသူဇာသည် မျက်ရည်ကို လက် ဖ မိုး နှင့် သုတ် လိုက် ၏။ ကပ္ပလီ ကလေးကို နှုတ်ခမ်းစူကြည့်လိုက်၏။ ဘိနပ်အသစ်ကို ဒီလ မရနိုင်ပြီကိုလည်း သိလေ၏။ သူ့အပြစ်နှင့်သူ ခံနေရလေပြီ။ လေ့ခါးထစ်တွင် ငုတ်တုတ်ထိုင်ရင်း ခိုင်ခိုင်၊ ဇော်မိုး၊ ကလျာတို့ကိုပြောလိုက်လေ၏။

"နောက်ကို အသုံးကျတဲ့ ပစ္စည်းဘဲ ဝယ်ခိုင်းမယ်ဟယ်"

---

## ဗန်တိုလူကလေး

လူကလေး လူကလေး၊
ဗန်တိုလူကလေး။
လူကလေးက သိုင်းကွက်ဆင်၊
မိုးပျံငှက် အသွင်။
အားမာန်ဝင်လို့
လက်ကိုမြှောက်၊
ခြေနဲ့ ခုန်လို့ပေါက်။
မကြောက်တန်းဟော့
လက်ခြေမြန်၊
အရှောင်အတိမ်းမှန်။
ကိုယ်ဟန်ယိမ်းလို့ လက်ကိုတိမ်း၊
နောက်က ခြေကိုသိမ်း။
စိတ်ကိုထိန်းလို့ ကာကွယ်ပါ၊
ဆရာ မှာလိုက်ရှာ။
သည်ပညာ ကိုယ်ခံထား၊
ရန်သူ ဖယ်ကာရှား။
သူများကိုတော့ ရန်မလို၊
မေတ္တာ စိတ်တွေပို။
ပညာလိုတဲ့ လူကလေး၊
နေ့တိုင်း လေ့ကျင့်ပေး။ ။

ဗန္ဓုရဝင်း



R. 517

# မန်ကျည်းသီး








မန်ကျည်းသည် အချဉ်နှင့်အချိုဟူ၍ နှစ်မျိုးရှိသည်။ မန်ကျည်းသီးကို အစိမ်းရောအမှည့်ပါ ချဉ်ရေဟင်းချက်ရာ၌သုံးသည်။ မန်ကျည်းသီးစိမ်းနုနုကို ထောင်း၍ ကြက်သွန်၊ ငပိ၊ ပုဇွန်ခြောက် စသည်တို့ဖြင့် သုပ်စားကြသည်။ မန်ကျည်းသီးမှည့်ကိုမူ ထန်းလျက်ဖြင့်၎င်း၊သကြားဖြင့်၎င်းမန်ကျည်းတော်ဖီလုပ်၍ စားကြသည်။ မန်ကျည်းဖျော်ရည်သည် ပူအိုက်သော ရာသီတွင် သောက်သုံးရန် သင့်တော်သော အဖျော်ယမကာဖြစ်သည်။ ဆေးပေါ့လိပ် လုပ်ငန်းတွင် ဆေးရိုးကို မန်ကျည်းမှည့်ရည် ပက်ဖျန်းပြီးမှ ဆေးလိပ် လိပ်ကြသည်။ မန်ကျည်းရွက်နုနှင့် အဖူးအပွင့်တို့ကို ဖွယ်ဖွယ်ရာရာ ကြော်ချက်၍၎င်း၊ သုပ်၍၎င်း စားနိုင်သည်။ မန်ကျည်းမှည့်ကို တေဆေးခေါ် ဝမ်းနုတ်ဆေး ဖော်စပ်ရာ၌ သုံးရပြီး၊ မန်ကျည်းခေါက်ကို သာမန် မျက်စိနာအတွက် သွေးလိမ်းရသည်။ မန်ကျည်းသားသည် မာကျော ခိုင်ခံ့သဖြင့် စဉ်းတုံး၊ ဆန်ဖွပ်ကျည်ပွေ့၊ ဆီဆုံ၊ ထယ်တုံး၊စူးဆောက်ရိုး စသည်တို့ကိုပြုလုပ်ရာ၌ အသုံးဝင်သည်။

နိုးမြင့်








ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးတင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# လုပ်အားတာစ်ဖိုး ထားတတ်သူ

ပန်းချီ-ဦးဘကြည်

ဇာတ်လမ်း - သာညွှန့်


ဗေဒနေ့တိုင်းထုတ်ဝေသည်

ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၂၂၊ ၃၁-၅-၆၉





....ဒါပေမဲ့ မိဖုရား လုပ်မဲ့သူဟာ သတ္တိ ဗျတ္တိလဲ ရှိရမယ် — အရာရာကို စီမံခန့်ခွဲ တတ်ဖို့ လဲ လိုတယ် ကွဲ...
ကိုယ်တော် လေးပုရာ.
အမတ်ချုပ်ကြီး သမီးကတော့ ချောမှချော လှမှလှဘဲ —
အခယ်— မြို့တော် ဝန်သမီး ကမှ သိပ်ကို ယဉ် တာဘဲပုရာ.
မင်းသားလေးသည် တခါတရံ လူပျိုတော် သားများနှင့် တွေ့ရာ လေးပါး ဖျော်ဖြေရင်း ပျော်ရွှင်စွာ နေတတ် ၏..........
ဘယ် သူ့ဘာ ပြောပြော စစ်သူကြီး သမီးကတော့ အချိုး အကျဆုံးပုရာ.-ခါးသေး ရင်ချီ-ဟဲ-ဟဲ
မင်းသားလေးသည် တခါတရံ လူပျိုတော်သားများနှင့် တောကစားရန်ဆိုကာ ထွက်သွား လေ့ရှိ၏။ သို့သော် အမဲ သား ငါး ရသည်ဟူ၍ကား မရှိပေ၊ အဘယ်ကြောင့်ဟု မသိရချေ။
အမတ်ချုပ်ကြီး သမီးချော က တော့.......
ကျွန်တော်မှာ-စားရမဲ့ သောက်ရမဲ့ ဘဝပါ ခင်ဗျာ- အမိကြီးတို့ သနားမှ......
ဟဲ့-ခိတ္ထုး ဒီသူတောင်း စားကို ထမင်းကျန်ဟင်း ကျန်လေး ထုပ်ပေးလိုက်- အောက်လဲ ဒီကို မလါစေ နဲ့ — ကြားလား —
မှန်ပါ့ပုရာ.
....သူတောင်းစား လာတောင်းစဥ် ဘဝင်ကိုင်နေသော အမတ်ကြီးသမီးက ဟန်ကြီးပန်ကြီး လုပ်လွှတ်လိုက်၏။


မြို့တော်ဝန် သမီးနှင့် စစ်သူကြီး သမီးတို့လည်း ထိုနည်းအတူပင်
နှင်းပလဲရွာမှ လယ်သမားကြီး ဦးနော်၏ သမီး မနှင်းဥမှာချော၏။ သဘောကောင်း၏။ ဖခင်ကြီးကိုလည်း ကူညီလေ့ရှိ၏။
မနှင်းဥသည် သူတောင်းစားကို သေချာစွာကြည့်ပြီးနောက် -
ကျေနပ်ပါတယ် - ခိုင်းတာကိုလုပ်ပါ့မယ်ဗျာ
ကောင်းပါပြီခင်ဗျာ
အလုပ်ပြီးသောအခါ --
ဟုတ်ကဲ့
တနေ့သော် အလုပ်ထဲ၌ -
ဟာ - ဝမ်းသာလိုက်တာ


ထိုနေ့တွင်
မိဖုရားဖြစ်ရန်
ရည်မှန်းနေကြ
သောအထက်ရွာ
မှ သမီးပျိုများမှာ
ထိပ်ပွင့်တော့မည့်
အလား
ဖွံ့ဖြိုးမှုထွက်
ရှိ မင်းသား
လေးလိမ္မာသို့
လမ်းကို
မျှော်နေ
ကြတော့သည်
မင်းသားလေးသည်ပန်းတုံးတိုင်ဆောင်၍ ထွက်လာရာ..
ယောက်ခမလောင်းများကလည်း တပြုံးပြုံးနှင့်....
သို့သော်မင်းသား
လေးသည် မြို
တော်တွင်း၌မရပ်
ပဲ နှင်းပလဲ ရွာသို့
ဆက်သွားပြီး မ
နှင်းဥ အိမ်ရှေ့တွင်
ပန်းတုံးတိုင် စိုက်
လိုက်၏။
ငါ့အရှင် ဆိုပြီး ရွာသူသမီးပျို
တဦးကို ဒီလို သိမ်းပိုက်လို့ရတာမ
ဟုတ်ဘူး — မေးမြန်းစုံစမ်းအုံးမှပေါ့ —
သတ်ချင်သတ်ပစ်
လိုက် - -
မလိုက်
နိုင်ဘူး
......
မနှင်းဥသည်အပြေးကလေး
ထွက်လာပြီး မင်းသားအား--
သိပ်လဲ
ဒေါသမကြီး
ပါနဲ့လေ —
မောင်တော်ဖုရား
ဟာ ဝါးခွဲ - ထဲရဲ
ရက်ပြီး ထိုး
စားခဲ့တဲ့သူပါ
------
ထိုသို့ဆိုမှ....အကြောင်းစုံရိပ်မိပြီး
ဟာ!
ဪ - သူ ရုပ်
ပျက်လာ
တာကိုး
ဝမ်းသာလွန်း၍မျက်ရည်များ
ပင် လည် ကာ ခေါင်းညိတ်
လိုက်သဖြင့် မနှင်းဥအား —
မိ ဖု ရား ကြီး
မြှောက် လိုက်
လေသတည်း။


တာဝန်သိတဲ့
အိုက်စံ
သရုပ်ဖော်
ဒွား–တင်...
အိုက်စံသည် တောလမ်းတခုမှ အိမ်သို့ ပြန်လာစဉ်....
ညက လေပြင်းတိုက်လို့ သစ်ပင်လဲကျတာ ဖြစ်မှာဘဲ
လိုဏ်ခေါင်းအဝ၌မီးရထားလမ်းပေါ်သစ်ပင် အိုတပင် လဲကျနေသည်ကို တွေ့ရ၏။
မီးရထားလာယင် လမ်းအကွေ့မို့ မြင်မှာမဟုတ်ဘူး. တိုက်မိပြီး ချောက်ထဲကျသွားယင် ခရီးသည်တွေတော့ ဒုက္ခဘဲ
အိုက်စံသည် မီးရထားအတွက် စိုးရိမ်ပြီး....
ငါတယောက်ထဲ. မ. လို့ မရပါကလား
သစ်ပင်ကြီးကို ဖယ်ရှားရန် ကြိုးစားသော် လည်း မရချေ။
ဟော- မီးရထား လာနေပြီ- အမြန် သွားပြီး သတိ ပေးမှာဘဲ
တူ
တူ
အိုက်စံသည် တောင်ကုန်းကို ကျော်တက်၍ ပြေးလေတော့၏။


လူအများ အသက်
ချမ်းသာဘို့ ငါ အနာခံ
ပြီး စွန့်စားရမှာဘဲ
တောင်ကုန်းတဖက်သို့ ရောက်၍ မတ်စောက်
သော တောင်စောင်းမှဆင်းစဉ်....
ဒိုက်စံသည် ခြေချော်ပြီး အောက်သို့လိမ့်
ကျသွားလေသည်။
ရပ်ပါဗျို့
ရပ်ပါ
သို့သော် အမြန်ထပြီး မီးရထား ရပ်ရန်
အော်ဟစ်၍ သတိပေးသည်။
ဟေ့ ခလေး
ဘာကိစ္စလဲကွဲ့
စက်ခေါင်းမောင်းသူက မြင်၍ မီးရထားကို
ရပ်လိုက်သည်။
လှိုဏ်ခေါင်းရဲ့ ဟိုဘက်အဝက
ရထားလမ်းပေါ်မှာ သစ်ပင်ကြီး
လဲကျနေတယ်ဗျ
ဟုတ်လား - ဒါဖြင့်
မီးရထားကို ဖြေးဖြေး
မောင်းသွားမယ်
ကျွန်တော်
လိုက်ပြမယ်



ဟိုမှာ သစ်ပင်ကြီး
လိုဏ်ခေါင်းမှ အထွက်တွင် လဲကျနေသော သစ်ပင်ကြီးကို တွေ့ရလေသော် --
လမ်းပိတ်နေတဲ့သစ်ပင်ကြီးကို ဖယ်ရအောင် ကူညီကြပါခင်ဗျာ
ဟုတ်တယ် ကျုပ်တို့ပါ ခရီးထဲ သွားသူတွေမို့ လမ်းမှာအခက်အခဲရှိ ယင် ညီညွတ်စွာဆောင်ရွက်ရမှာဘဲ
ခရီးသည်များလည်း အားရ ဝမ်းသာ စွာဖြင့် အကူအညီပေးကာ
ညီညွတ်စွာ ဆောင်ရွက်ကြလို့ အခက်အခဲ ကလွတ်ကြရတာဘဲ
ဟုတ်တယ်
သစ်ပင်ကြီးကို ဝိုင်းဝန်း၍ ဖယ်ရှားလိုက်ကြလေသည်။
မီးရထားလည်း ခရီးသည်များနှင့်အတူ ချောမောစွာ ခုတ်မောင်းသွားနိုင်တော့၏။
တာဝန်သိတဲ့ အိုက်စံ ရဲ့ကျေးဇူးကြောင့် ပြည်သူ့ပစ္စည်းနဲ့ ပြည်သူတွေရဲ့ အသက် ပါ ချမ်းသာရပေတယ် - အိုက်စံလို ကလေးတွေ များများပေါ်ပေါက်ပါစေ
အိုက်စံလည်း မီးရထားဌာနမှ ဆုများဖြင့် ချီးမြှင့်ဂုဏ်ပြုခြင်းကို ခံရလေသည်။

# သံဖြူ

သံဖြူသည် အလွန်အသုံးဝင်သည့် သတ္တုတမျိုးဖြစ်သည်။ ရှေးပဝေဏီကပင် လက်နက်ကရိယာများ ပြုလုပ်ရာ၌ သုံးခဲ့ကြသည်။ သံဖြူထွက်သည့် နိုင်ငံများမှာ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်၊ ဩစတြေးလီးယား၊ ဗြိတိန်၊ တောင်အာဖရိက၊ နိုင်ဂျီးရီးယား၊ ကွန်ဂို၊ ဗိုလီးဗီးယားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ကယားပြည်နယ် မော်ချီးမိုင်းနှင့် တနင်္သာရီတိုင်း သထုံ၊ ကျိုက္ခမီ၊ ထားဝယ်၊ မြိတ်ခရိုင်တို့၌ သံဖြူထွက်သည်။ သံဖြူကို ကမ္ဘာ့အရပ်ရပ်၌ အောက်ပါအတိုင်း အသုံးပြုလျက် ရှိကြသည်။




စီးကရက်နှင့် ချော့ကလက်များကို ရစ်ပတ်သည့် အရောင်ပြားများ ပြုလုပ်ရာ၌ သုံးသည်။



သွားတိုက်ဆေးဗူးကဲ့သို့ ညှစ်၍ရသော ဗူးများ ပြုလုပ်ရာ၌ သုံးသည်။




စည်သွတ်ဗူးများ ပြုလုပ်ရာ၌ သုံးသည်။




အိမ်မိုး သွတ်ပြားများ ပြုလုပ်ရာ၌ သုံးသည်။




အိုးခွက်၊ ဇွန်း၊ ခက်ရင်း၊ ဓားများ
ပြုလုပ်ရာ၌ သုံးသည်။



သံဖြူဆရာများဂဟေဆော်ရာ၌
သုံးသည်။




ပုံနှိပ်ခဲစာလုံးများ သွန်း
လုပ်ရာ၌ သုံးသည်။




မော်တော်ကားဗယ်ရင်များ
ပြုလုပ်ရာ၌ သုံးသည်။





ရုပ်တုများ သွန်းလုပ်ရာ၌ သုံးသည်။

# အသိုင်းအဝန်း



နို့ကြောက်ယောက် အခုလိုတစုတဝေးထဲ သစ်ပင်ကြီးတွေဖြစ်တဲ့အထိ နေသွားကြရင်။ သိပ်ကောင်းမှာဘဲနော်။ ။ ။ ။ ။
အေးကွ။ သိပ်လဲပျော်စရာကောင်းမှာဘဲ။ ။ ။ ။
အိုး။ ဘာပျော်စရာကောင်းမှာလဲ။ စိတ်တောင်မှညစ်ရအုံးမယ်။ ။
တနေ့လာလဲ ဒီမျက်နှာတွေ။ ။ နှစ်နေ့လာလဲ ဒီမျက်နှာတွေ။ ။ ဘယ်လောက်ငြီးငွေ့စရာကောင်းမလဲ။ ငါ့မှာ ခြေထောက်သာရှိရင် ဒီအုပ်စုနဲ့ဝေးရာမှာ သွားပြီး ကင်းကင်းရှင်းရှင်းနေပစ်လိုက်မှာဘဲ။ ။
အခုအတိုင်းသာဆက်နေရင် မြေဆီမြေနှစ်တွေကိုလဲ ဝဝလင်လင် စုတ်ယူစားသုံးရမှာ မဟုတ်ဘူး။ ။
နို့တော့ မျှတမစားနိုင်ဘူးပေါ့။ ကိုယ့်ဝမ်းထက် သူများဝမ်းကို ဦးစားမပေးနိုင်ဘူး။ ဒါဘဲ။ ။
ထိုစဉ်
အလို။ ။ ကိုရွှေကျီးပါလား။ အခန့်သင့်လိုက်တာများ။ ။


ကျနော့်ကို၊ ဟိုဘက်နားခဏ ပို့ပေးပါလားဗျာ။ ကျနော် ဒီအုပ်စုရဲ့ အတူမှာ မနေချင်လို့ပါ။ ။ ။ ။
ကျီးသည် သစ်စေ့ကြီး၏ တောင်းပန်ချက်ကို လက်ခံလိုက်ကာ၊ သစ်စေ့ကြီး သွားလိုရာသို့ ပို့ပေးလေသည်။
စိတ်မကောင်းစရာ ပေါ့ကွာ။ ။ ဒါပေမဲ့၊ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ။ ကျန်တဲ့ ညီငါးယောက်သာ သွေးမကွဲအစုမပျက်ဘဲ၊ ချစ်ချစ်ခင်ခင် နေသွားကြတာပေါ့ကွာ။ ။
ထို့နောက်၊ ရက်တွေ၊ လတွေ၊ နှစ်တွေ ကြာညောင်းလာသည်နှင့်အမျှ ။ ။ ။
ဟားဟားဟား။ ။ ဟေ့ကောင်တွေ သေးလှ ညှက်လှ ချည်ကလားကွ။ ။ တယ်ဖြိုးအထွားနှေးကြတာကိုး။ အစာ မဝကြလို့ထင်တယ်။ ဟားဟားဟား။
စိတ်မဆိုးကြပါနဲ့ကွာ။ ဒို့ကသူ့လို တကိုယ်ကောင်းသမားမှ မဟုတ်ကြဘူးဟာ။ သည်းခံကြပါကွာ။ ။


ဤသို့ဖြင့် ။ မိုးရာသီလ၊ ။ တချိန်သောအခါသမယတွင် ။ ။ ။ ။
လေမုန်တိုင်းဟေ့ ။ ။ လေမုန်တိုင်း ။ ။၊ တယောက်ကို တယောက်ဖက်ထားကြဟေ့ ။ ။ မြဲမြဲဖက်ထားကြ ။ ။ ။
မုန်တိုင်း စဲလေသော်
အောင်မယ်လေး ။ သေပါပြီဗျ ။ ကျိုးပါပြီ ။ ။ ကျိုးပါပြီ ။ ။ ။
ဖြောင်း
။ ။ သူတို့တော့၊ ဘာမှမဖြစ်ကြပါကလား ။ ၊ ငါ့မှာသာ ဖက်စရာ၊ တွယ်စရာ မရှိလို့၊ အခုလိုအဖြစ်ဆိုးရတယ် ။ ၊
ဒါဟာ တကိုယ်ကောင်းဆန်ခဲ့တဲ့ ။ ငါ့ရဲ့ သဘောဆိုးအတွက် ရလဒ်ဘဲ ။ ။ ။ ၊
ကိုကြီးမှားပါပြီညီတို့ရာ ။ ၊ တကိုယ်ကောင်း စိတ်ဓါတ်ရဲ့ မကောင်းကျိုးနဲ့၊ အသင်းအဝန်း ကောင်းတွေကို ရှောင်ခွာခဲ့မိတဲ့ အပြစ်ကိုလဲ ကိုကြီးသိပါပြီ ။ ။ ၊ ကိုကြီးကို ခွင့်လွှတ်ကြပါကွာ ။ ၊ ကိုကြီးကို ခွင့်လွှတ်ကြပါ ။ ။ ။

# ဂျမ်း ဘား



ဂျမ်းဘား လေ့ကျင့်ကစားခြင်းဖြင့် ခန္ဓာကိုယ် လှုပ်ရှားရာတွင် အချိန်အဆမှန်ကန်မှု၊ စနစ်တကျ ထိန်းသိမ်းမှု၊ ဖျတ်လတ်ပေါ့ပါးမှု စသော အကျိုးတရားများကို ရရှိနိုင်၏။

ဂျမ်းဘား အားကစားသည် မြန်မာနိုင်ငံတွင် ၁၉၃၆ ခု နှစ်လောက်မှစ၍ ပေါ်ပေါက်ခဲ့လေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရသောအခါ မြန်မာနိုင်ငံ ဂျမ်းဘားအဖွဲ့ချုပ်ကြီးကို စနစ်တကျဖွဲ့စည်းပြီး ဂျမ်းဘားတံခွန်စိုက်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်။


ဂျမ်းဘားပြိုင်ပွဲဝင်လိုသူများကို အသက်အလိုက် အတန်းအစား အဆင့်ဆင့်ခွဲခြား၍ ထားသည်။ ပွဲစဉ်များမှာ မြေပြင်ပွဲ၊ နှစ်တန်းဘား၊ နှစ်တန်း နိမ့် မြင့်ဘား၊ တတန်းဘား၊ သံကွင်းဘား၊ ချိန်ဆဘား၊ မြင်းခုန်ဘားတို့ဖြစ်၏။

ဂျမ်းဘား မောင် မယ်များသည် ကိုယ်ခန္ဓာ ပျော့ပျောင်းနွဲ့နှောင်းစေရန် လေ့ကျင့်ပေးရသည်။ ဂျမ်းဘား အစွမ်းပြရာ၌ ပြကွက်တခုမှတခုသို့ ကူးပြောင်းသောအခါ လျင်မြန်ဖျတ်လတ်မှု၊ အနေအထား လှပမှု၊ စနစ်ကျမှုများ ရှိစေရသည်။

ဂျမ်းဘား၏ အသက်မှာ အချိန်အဆ ကောင်းမွန် မှန်ကန်ခြင်းပင်ဖြစ်၏။ ဤသို့ဖြစ်စေရန်မှာ ခြေလက်မြဲမြံဖို့လိုလေသည်။

မြန်မာ ဂျမ်းဘားလောကတွင် အမျိုးသား တဦးချင်းတံခွန်စိုက်ဆုရှင်မှာ စိုးမြင့်၊ အမျိုးသမီး တဦးချင်းတံခွန်စိုက်ဆုရှင်မှာ ရီရီဝင်းတို့ ဖြစ်လေသည်။

ကျော်ညွန့်မိုး



မီးခိုး၊ အပြာနု၊ လိမ်မော်နု၊ အနီ၊ အစိမ်းရောင် ဆေးများဖြင့် အရောင်ခြယ်ပါ။



# အင်္ကျီနီလေးတထည်

ပျင်းမနားမောင်နီသင်း

အမာစီသည် အင်္ကျီနီလေး တထည်ကို အလွန် လိုချင်နေ သည်။ ကျောင်း အ ပြန် လမ်း တွင် အင်္ကျီနီလေးများ ဝတ် သွားသော ရွယ်တူကလေးများ ကို ငေးကြည့်မိသည်။ စိတ်ထဲ တွင်လည်း "တက်ထရွန်အင်္ကျီ အနီလေး – အနီလေး" ဟူ၍ ဆိုနေမိလေသည်။

အမာစီတို့အဖေ ကိုထွန်း ခင်မှာ လက်သမားဆရာ ဖြစ် သည်။အမေမမြလေးမှာ အင်္ကျီ ကြယ်သီး အင်္ဂါးတပ်သူ ဖြစ် သည်။

အမာစီ အိမ်ရောက်ချိန်တွင် သူ့အမေသည် အင်္ကျီနီ တထည် ကို ကြယ်သီး တပ်နေသည်။ အမာစီ လိုချင်နေသည်မှာ ဂါ ဝန်နီလေး ဖြစ်သည်။ အတန်း ထဲတွင် တင်မိမိနှင့် သန်းသန်း အေးတို့ ဝတ်လာသော အင်္ကျီ နီလေးများကို မြင်ယောင်မိ နေသည်။

ထို့ကြောင့် အမေ့နားကပ် ကာ ခပ်တိုးတိုးလေး ပြောမိ သည်။

"သမီးကိုလဲ တက်ထရွန် ဂါ ဝန်အနီလေး တထည်လောက် ချုပ်ပေးပါလား အမေရယ်။ သူ များတွေတော့...."

အမာစီသည် ဆက်ပြော၍ မရတော့ချေ။ အမေက သက် ပြင်းချကာ "အေးကွယ်–ဝတ် ရမှာပေါ့။ သမီးအဖေကလဲ အခု တလော သိပ် နေမကောင်း တော့ အလုပ်က နည်းတယ်။ ပြီးတော့ တက်ထရွန်ဈေး ဆို တာကလဲ သိပ်ကြီးတယ်မဟုတ် လား။ ဖြေးဖြေးတော့ ဝတ်ရ မှာပေါ့ကွယ်။ ကဲ–ရေသွားချိုး ချေ"

အမာစီသည် အမေ၏ အ ဖြေကို မကျေနပ်ချေ။

ထို့ကြောင့် ထို နေ့ ည က တော်တော် နှင့် အိပ် မ ပျော် ချေ။ အိပ်ပျော်ပြန်တော့လည်း အင်္ကျီနီလေး ဝတ်နေရသည်ဟု အိပ်မက်မက်နေမိလေသည်။

နံနက်မိုးလင်း ခပ်စောစော တွင် အပြင်ဖက်၌ အဖေနှင့် အမေ စကားပြောသံများကို ကြားရလေသည်။

"ကဲ – ကိုထွန်းခင်ရယ်၊ က လေး မနေ့က ယောင်နေတာ ကြားတယ်မဟုတ်လား။ ကျွန်မ တော့ စိတ်မကောင်းဘူး။ သူ့ ဘို့ ဝယ်ပေးချင်တာပါဘဲ"

"အေးပါကွာ။ ငါလဲ ဝတ် စေချင်တာပါဘဲ။ သူ့ဒီလောက်

လိုချင်နေယင်လဲ မအုံးမေတို့ဆိုင်ကဘဲ အကြွေး ဝယ်ပေးလိုက်။ ဒီတပတ်ကုန်တော့ ဆပ်ပါ့မယ်လို့ပြော”

အမာစီသည် အတော်ပင် ဝမ်းသာသွားသည်။ အားရပါးရ အပြင်ဖက်သို့ ပြေးထွက်လာမိသည်။ အဖေသည် ထမင်းချမ်းစားပြီးလျှင် လက်သမားလွယ်အိတ်ကြီး လွယ်လျက် အလုပ် လုပ် ရန် ထွက် သွား လေသည်။

နေ့ခင်း၌ အမာစီနှင့် အမေသည် ဈေးထဲမှ တက်ထရွန်အနီရဲရဲတစကို အကြွေး ဝယ်လိုက်သည်။ အမာစီမှာ အင်္ကျီစကို ကိုင်ကြည့်ကာ သဘောကျနေသည်။

အမာစီတို့ သားအမိသည် ဈေးထဲမှပြန်လာသည်။ လမ်း၌ အမာစီအဖေ အလုပ် လုပ် နေသောအိမ်ရှေ့တွင် လူအများဆုညံနေကြလေသည်။ အမာစီတို့ သားအမိကို မြင်လျှင် လူများက အော်ခေါ်ကြသည်။ အမာစီတို့လည်း အလန့် တကြား နှင့် သွားကြသည်။

တယောက်က “ကိုထွန်းခင်ကြီး ခေါင်မိုးမိုးနေရင်း မူးပြီး လိမ့်ကျလို့” ဟု အော်ပြောလိုက်သည်။

အမာစီသည် ထိတ်လန့်သွားသည်။ လူများ ပွေ့သယ်လာသောအဖေ့ကို မြင်ရသည်။ အဖေ၏ ညာဖက် ခြေထောက်တွင် သွေးစက်သွေးစများစွန်းကွက်နီရဲလျက် တွေ့ရသည်။ အဖေသည် သူတို့အတွက် ဤသို့ပင်ပမ်းကြီးစွာ လုပ်ကိုင်နေရကြောင်း အမာစီ သဘောပေါက်လာသည်။ အဖေ့ လုပ်အားကို အရင်းစိုက်ပြီး အဖိုးကြီးစွာ ပေးရသော အင်္ကျီစကို အမာစီ မဝတ်ရက်တော့ပေ။

“အဖေ ရယ် တက်ထရွန်အင်္ကျီစကို သမီး ပြန်ရောင်းပစ်လိုက်ပါပြီ။ ဝတ်လဲ မဝတ်ချင်တော့ပါဘူး”



ဆေးရုံကုတင်ပေါ်တွင် လဲလျောင်း နေ သော အ ဖေ့ ကို ကြည့်ကာ အမာစီက ပြောလိုက်သည်။

“ဘာ ဆိုင် လဲ သ မီး ရယ်။ သမီး ဝတ်ချင်နေတာကို ဝတ်ပါ။ အဖေ့ဒဏ်ရာကလဲ သိပ်ပြီး မပြင်းထန်ပါဘူး”


အဖေ၏ စေတနာကိုသိရ၍ အမာစီမှာ ပို၍ ဝမ်းနည်းမိသည်။ အဖေ၏ ဒဏ်ရာမှာ မ ကြီးကျယ်သဖြင့် တော်သေးသည်ဟု ထင်မိလေသည်။ သို့သော် မည်သို့ပင် အဖေကပြောပြော အမာစီကား အင်္ကျီစနီနီကို ချုပ်ဝတ်တော့မည် မဟုတ်ချေ။ ။

## သရက်ပင်ပေါက်

မြေလွှာစောင်ကို ခြုံကာလေ၊
သရက်စေ့လေး အိပ်ပျော်နေ။
သရက်စေ့လေး ထပါစေ၊
ကိုရွှေမိုးရဲ့ နှိုးပါလေ။
သရက်စေ့လေး ထပါစေ၊
ရှင်နေမင်းရဲ့ နှိုးပါလေ။
သရက်စေ့လေး ထပါစေ၊
ကိုလေအေးရဲ့ နှိုးပါလေ။
မိုးရေ၊ နေ၊ လေ နှိုးတော့မှ၊
သရက်စေ့လေး အိပ်ရာထ။
မြေလွှာစောင်ကို အသာမ၊
သရက်ပင်ပေါက် ရှင်ပျပျ။ ။

မောင်တင်စိုး(သစ်ရာကောက်)

R. 517




# နာနတ်သီး






"အသီး ပေါ် အပင် ပေါက်၊ ခြေထောက်တချောင်းထောက်" ဤ စကားထာ အတိုင်းပင် နာနတ်သီးသည် အံ့ဘွယ် ကောင်း၏။ နာနတ်သီး အသီးဟု ဆိုသော်လည်း အမှန်မှာ အသီး မဟုတ်ပေ။ အသားထူပွနေသော နာနတ်ပွင့်၏ အညှာတံသာဖြစ်သည်။ နာနတ်သီး ဘေးပတ်လည်တွင် ရှိသော မျက်ကွင်းများမှာ နာနတ်ပွင့်များ ဖြစ်ကြသည်။




အမျိုး ကောင်းသော နာနတ်သီး၏အရသာမှာ ချိုသည်။ အချို့မှာ အချဉ်ဓာတ် ပိုများသည်။ အချိုဓာတ်များသောနာနတ်သီးမှာပို၍စားကောင်းသည်။ ထမင်းစားပြီးလျှင် နာနတ် သီးကို စားလေ့စားထ ရှိကြသည်။ မိုးတွင်း အခါတွင် နာနတ်သီးကို ပေါပေါများများ စားသုံးနိုင်သည်။



နာနတ်သီးမှည့်ကိုယိုထိုး၍ စားလျှင်ပို၍ အရသာ ထူးသည်။ နာနတ်သီး အမှည့်ကို ခါးဖြင့် နုပ်နုပ်ပေါက်ပြီး အိုးနှင့်ကျို၊ ခပ် ပျစ်ပျစ် ဖြစ်လာသောအခါ သကြား သင့်ရုံ ထည့်ပြီး မီးပိုပေါ်တွင် အပူသင့်ရုံ ပေးလျှင် နာနတ်ယို ဖြစ်လာသည်။ နာနတ်ယိုနှင့် ရေနွေးကြမ်းသည် အလွန်ဖက်မိသောအတွဲဖြစ်၍ ကြိုက်နှစ်သက်သူ များသည်။


နာနတ် သီးကို စားပေးခြင်း အားဖြင့် သွား၊ သွားဖုံးနှင့်အရိုးများကိုခိုင်မာတောင့် တင်း စေသည်ဟု ဆိုသည်။


စိန်တင်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ထာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စာပို့လုလင်
ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သာညွန့်
စနေနေ့တိုင်း ထုတ်ဝေသည်
ရှေ့သွား ဂျာနယ်
အတွဲ ၁၊ အမှတ် ၂၃၊ ၇-၆-၆၉
မြို့နယ်စာတိုက်ကလေးတခု၌ လူတိုင်းလူတိုင်း အလုပ်များနေစဉ် စာပို့လုလင်ငယ်တဦးသည် စိတ်ပျက်၍ ငိုင်နေသည်ကို တွေ့သဖြင့် စာတိုက်မှူးက ....
မောင်ဘိုးထင် မင့်ကြည့်ရတာ စိတ်ပျက်နေပုံဘဲ
ဟုတ်-ဟုတ်ပါတယ်ဆရာ ကျွန်တော်စာသွားဝေတဲ့ အခါလူတွေက အကူအညီမပေးချင်ကြဘူး၊ မေးမယ်လဲဝတ်တော တန်းတော သောက်သာ ပြောကြလို့ပါ ဆရာ။
သည်းခံရတာပေါ့ကွယ် ---- တဖြေးဖြေးပေါ့ သူတို့ရဲ့ အကျိုးဆောင်ရွက်နေတယ် ဆိုတာ သိလာကြမှာပေါ့ — စာပို့လုလင်အနေနဲ့ တိုင်းကျိုး ပြည်ကျိုး ဆောင်ရွက်တဲ့ နမူနာတွေရှိပါတယ်ကွယ်.
ဟုတ်လား ဆရာ မှတ်သားရအောင် ပြောပြပါအုံး
လွန်ခဲ့တဲ့ -၂၄- နှစ်လောက်ကပေါ့ကွယ် ---- ဂျပန်တော်လှန်ရေးအချိန်ကပေါ့ — စာပို့လုလင် ကလေးတယောက်ရှိတယ်၊ သူက မျိုးချစ်စိတ် ရှိလေတော့ မြေအောက်တော်လှန်ရေးအဖွဲ့ ဝင်တွေနဲ့ ပူးပေါင်းခဲ့တယ် -------
ကျွန်တော်လဲ တော်လှန်ရေးမှာ ပါဝင်ချင်ပါတယ်၊ သင့်တော်တဲ့ နေရာက ခိုင်းပါခင်ဗျာ —
ကောင်းပြီရဲဘော် — ဒါဒါဆယ် တော့ စစ်လေ့ကျင့်ရေးသင်အုံးပေါ့
တောတွင်း
တနေရာတွင်


တနေ့သော်...
ဒီမှာ-ရဲဘော်ကိုတာဝန် တခုပေးချင်တယ်၊ သစ္စာရှိရှိ-သတ္တိပြောင်ပြောင် နဲ့ဆောင်ရွက်ရမဲ့ကိစ္စဘဲ-
စိတ်ချပါ - ဆရာ
မြို့ငှပါက အာရှလူငယ်ဥက္ကဋ္ဌကို ဒီစာသွားပေး၊ အစက်အခဲ ကြုံယင် × × × × × × × × ×
.... တနေ့တော့ သူ့ကို တော်လှန်ရေးခေါင်း ဆောင်ကခေါ်ပြီး တာဝန်တခု ပေးလိုက်တယ်။
မြို့ရောက်တော့ အာရှလူငယ် ဥက္ကဋ္ဌ အိမ်ကို အရိပ်အခြေကြည့်ပြီး ဝင်သွားတယ်။ တံခါးပိတ်ထားတာတွေ့တယ်။ လူတယောက်မှ မတွေ့ဘူး။
ဒေါက်
ဒေါက်
ပြန်သွားပြီး တံခါးခေါက် ကြည့်လိုက်ရာ-----
မင်းဘယ်သူလဲ — ဘာလုပ်မလို့လဲ
ကျွန်တော် စာပို့လုလင်ပါ — ဒီအိမ်အတွက် မနေ့က လူကြုံနဲ့ စာတစောင် ပေးလိုက်မိတယ် — ရ၊မရ သိချင်လို့ ဝင်မေးတာပါ...
ဘယ်ကလူကြုံလဲ
ဒီအိမ်နားက လူတယောက်ပါ —
မြင်ယင် ဒီလူကို မှတ်မိသလား၊ အခု လိုက်ပြပါ
မြင်ယင် သိပါတယ် — ဘယ်အိမ်ကလဲ တော့ မသိဘူး
ခက်ကပြီ
အင်း — ဒီကောင်အလစ်မှာ ဖွက်ထားတဲ့ စာ ဖတ်ကြည့် မှဘဲ




အင်း - မှတ်မိပြီ - စာ ဖျောက်ပစ်မှဘဲ
ပါးစပ်ထဲ ထဲ့ပြီး
မျိုချလိုက်ရာ ....
ဂျပန် ကင်ပေတိုင် စစ်ပုလိပ်ရုံးသို့ခေါ်သွားပြီး ....
စစ်ဗိုလ်ကြီးကို တိုင်လိုက်တော့ စာပို့လုလင်ကို စစ်ဆေးမေးမြန်းလို့ မရတဲ့အဆုံးမှာ အကြမ်းဖက်ပြီး ....
တခုတော့ တခုခုဘဲ
ဒါမရိုးဘူး
ဒီငနဲတွေ ဘာများ ဂွတ်ဂွတ်- ဂွတ်ဂွတ် လုပ်မလဲ မသိဘူး
ဂျပန် စစ် ဗိုလ် ကြီး များ တိုင်ပင်ပြီး ....
.... မပေါ် ပေါ်အောင် အမျိုးမျိုး ညှင်းဆဲတော့တာဘဲ ...



မတ်လ-၂၇-ရက်နေ့ည
တော်လှန်ရေးတပ်သား များက ရဲဌာနနဲ့ ကင်ပေတိုင် ရုံးကို ဝင်စီး ကြတယ်။
ဒိုင်း
ဒိန်း
ဒက်
ဒိုင်း ဒေါင်း
ဝှီး
အင်း . . . . . မင်းကို ဖမ်းသွားတယ် လို့တော့ကြားတယ်
ဘယ်နဲ့ ရဲဘော် တော်တော် အညှင်းခံ လိုက်ရတယ် ထင်တယ်
မြေးမြေး ရောက် ရဲဘော်
လိလိ - ရဲဘော် သစ္စာ ရှိလို့ သာ ဒီသစ်း ဖြစ်တာ — ငါတို့ ဥကကဲ ဖြိုဖျဲ့ကာက် နေတာ
ဒါနဲ့ ဆရာ အဲဒီစာပို့လုလင်က ခုဘယ်ရောက်နေသလဲ ။
အဲ - - - အင်း ကျုပ်အဲ မောင်အိုးထင် စာပို့လုလင်ကလေး တမြေးမြေး ကြီးစားလါခဲ့တာပါအဲ ။
ရဲတော် စာပို့လုလင်ကို တွဲခေါ်ပြီး ဆေးကုရန် ဌာနချုပ်သို့ ခေါ်သွားတာတဲ။ ။
ဟင် - အဲဒီဆရာကို - မသေ လို့ပေါ့ — ကျွန်တော်တို့လဲ ဒီနေ့ကစပြီး ကြိုးစား ပါ့မယ်ဆရာ
အေးပေါ့ကွဲ


မောင်နှမ သုံးယော
ရေးသူ-စိန်ဝင်း
နုနု၊ လတ်လတ်နှင့် မောင်မောင်တို့ မောင်နှမသုံးယောက် ကျောင်းတက်ရန် အိမ်မှ ထွက်လာကြစဉ် ....
ဟောတော့
လမ်းတွင် ပိုက်ဆံအိတ်တခု ကို ကောက်ရလေ၏။
ဟာ ပိုက်ဆံ တွေလဲ အများကြီးပါလား
ပိုင်ရှင်ကို ပြန်ပေးမှာဘဲ
ပိုင်ရှင်ကို ပြန်ပေးမှာဘဲ
မောင်နှမသုံးယောက် ပြောဆိုသံကို နောက်မှလိုက်လာသော လူဆိုးက ကြားသွားရာ
ငါပိုင်ရှင်ဘဲ ငါကျကျန်ခဲ့တာ ငါ့ပြန်ပေး
ဟင်
ပြန်မပေးနိုင်ဘူး၊ ရှင်ဟာပိုင်ရှင်မဟုတ်နိုင်ဘူး၊ ဒါဟာ ဈေးကသွားတဲ့လူ ကျကျန်ခဲ့တာဘဲ၊ ရှင်ကကျမတို့ရဲ့ နောက်ကလိုက်လာတာဘဲ



ဒါပေမဲ့ငါအရင်မြင်တယ် ငါနဲ့သာဆိုင်တယ် ငါ့ပေးရမယ်
ကော့-အင့်
လူဆိုးက အတင်းလုရန် ကြံသောအခါ ဖျတ်လတ်သော နုနုက လတ်လတ်ထံသို့ ပိုက်ဆံအိတ်ကို ပစ်ပေးလိုက်၏။
လူဆိုးကြီးက လတ်လတ် ထံတွင် လိုက်ပြီးလုပြန်၏။
ကော့မောင်လေး
လတ်လတ်က မောင်မောင်ထံ ပစ်ပေးလိုက်ပြန်၏။
အိုး
မောင်မောင် ထံမှ ပိုက်ဆံအိတ်မှာ လူဆိုးလက်သို့ ပြန်ပါသွားလေ၏။
မြန်မြန်ပြေးမှဘဲ
လူဆိုးကြီး ထွက်ပြေးမည် အပြုတွင် နုနုက သိုင်းပညာဖြင့် -
ခြေထိုးခံလိုက်ရာ -
လူဆိုးကြီး ၠမ်းပစ်လဲသွားပြီး ပိုက်ဆံအိတ် လွင့်စဉ်သွားလေ၏။ လူဆိုးကြီး ပြန်မထနိုင်မီ -
ပိုက်ဆံအိတ်ကို ကောက်၍ ပြေးခဲ့ကြ၏။



ပိုက်ဆံအိတ်တခုလမ်းထဲကကောက်ရလာခဲ့လို့ဆရာမကြီးကိုလာပြီးပေးအပ်ပါတယ်ဆရာမကြီး
အေးအေးကောင်းတယ်
ကျောင်းသို့ ရောက်သောအခါ ဆရာမကြီးကို ပေးအပ်လိုက်လေသည်။
ပိုက်ဆံအိတ်ထဲကဘာတွေပျောက်ပါသေးလဲရှင်
မပျောက်ပါဘူးအားလုံးအစုံပါဘဲခင်ဗျာ
ဆရာမကြီးက ပိုင်ရှင်ကို စုံစမ်း၍ ပိုက်ဆံအိတ်ကို ပြန်ပေးလေသည်။
ရော့ ဦးဦးကမင်းတို့သုံးယောက်ကိုငွေနှစ်ဆယ်ဆုချတယ်ကွယ့်
သမီးတို့ငွေနှစ်ဆယ်ဆုရလာတယ်ဖေဖေ
အိမ် ပြန်ရောက် သော် မိဖ လက်သို့ ပေးကြပြန်၏။
ကဲကဲဒီငွေနှစ်ဆယ်ကိုသမီးတို့ဘာကြိုက်သလဲသုံးချေကြ
ဖခင်ကြီးက ငွေနှစ်ဆယ်ကို ပြန်ပေးသောအခါ –
ကဲဒီငွေနှစ်ဆယ်ကိုဒို့မောင်နှမသုံးယောက်ဘာလုပ်ကြမလဲ
ငွေနှစ်ဆယ်ကို အကောင်းဆုံးအသုံးချရန် စိတ်တူသဘောတူ တိုင်ပင်ကြလေသည်။ ထို့နောက် –
ကျောင်းစာကြည့်တိုက်၌ လိုနေသော စာအုပ်များကို ဝယ်၍ လှူဒါန်းလိုက်ကြလေသည်။

# အပင်နှင့်လူသား

ရေးသူ
ငမြ

လူသားတို့၏ ဘဝရပ်တည်ရေးသည် အပင်များအပေါ်၌ အဘယ်မျှ တည်
နေသည်ကို အောက်ပါအချက်များကို ထောက်ရှုခြင်းဖြင့် သိနိုင်ပေသည်။














သစ်၊ ဝါး၊ လျှော် ကဲ့သို့သော အပင်ထွက် ပစ္စည်းများဖြင့် အဆောက်အအုံများ ဆောက်လုပ်ကြသည်။




အပင်များမှထွက်သော ဓာတ်ပစ္စည်းများဖြင့် ဆေးဝါး ဖော်စပ်ကြသည်။




အပင်များမှတဆင့် ထုတ်လုပ်ရရှိသော စက္ကူသည် အသိဉာဏ် ပြန့်ပွားရေးတွင် အဓိက ဖြစ်သည်။





စက်မှုလက်မှုလုပ်ငန်းအချို့၌ အပင်များကို ကုန်ကြမ်းအဖြစ် သုံးသည်။ ။



တနေ့သောအခါ တက်ပုသည် သူတို့ရပ်ကွက်သို့ ပြောင်းရွှေ့လာသော ပန်းချီဆရာကြီး၏အိမ်ဖက်သို့ လမ်းလျှောက်ခဲ့ရာ ....
ပုံဆွဲနေတာကို ဝင်ပြီး ကြည့်အုံးမယ်
ဦးရွှေကျော် ပန်းချီဆရာ
သိပ်တော်တာဘဲ အရောင်တွေကလဲ လှလိုက်တာ
ပန်းချီဆရာကြီးသည် လှပသော ပုံများကို ရေးဆွဲနေလေ၏။
ဟာ.. ပန်းချီဆရာကြီးက ဆေးဟောင်း စုတ်ဟောင်းတွေကို လွှင့်ပစ်တယ်..
ဒီဆေးတွေကောက်ယူပြီး ပန်းချီဆွဲအုံးမှဘဲ
တက်ပုသည် ပန်းချီဆရာကြီး လွှင့်ပစ်သော ဆေးဟောင်း၊ စုတ်ဟောင်းများကို ကောက်ယူခဲ့ပြီးနောက် ....


အိမ်နံရံ ဖြူဖြူကလေးမှာ
ရုပ်ပုံတခု ဆွဲကြည့်
လိုက်အုံးမယ်
ဆေးဖြူသုတ်ထားသော သူ့ဒေါ်ကြီး၏ အိမ်
နံရံပေါ်တွင် ပန်းချီရေးဆွဲလေရာ -
ဟဲ့
အိမ်နံရံပေါ်မှာ ပုံဆွဲ
တဲ့အတွက် နင့်ကို
ရိုက်ရမယ်
မုန့်ဘိုးထဲက တနေ့
ဆယ်ပြားစုပြီး ပုံဆွဲ
စာအုပ်ဝယ်မယ်
အိမ်နံရံပေါ်တွင် ပန်းချီ ရေးဆွဲမိသဖြင့်
တက်ပု အရိုက်ခံရသည်။ ထိုနေ့မှစ၍ တက်
ပု ပိုက်ဆံ စုလေ၏။
ပုံဆွဲစာအုပ်နဲ့ဆေး
ရောင်စုံဘူး ရောင်းပါ
ဦးလေး


တက်ပုရေးဆွဲသော ပန်းချီကားသည် ပထမ
ဆုရသဖြင့် ကျောင်းဆရာကြီးက ချီးမြှင့်လေ
၏။
မင်းလက်ရာတွေကို ကမ္ဘာ့
ကလေးများပန်းချီပြိုင်ပွဲ
သွင်းရမယ်
သူရေးဆွဲသော ရုပ်ပုံများကို ကျောင်းမှ
ပုံဆွဲဆရာအား ပြသလေရာ....
မကြာမီ
ကျနော့်ပန်းချီကား
ပထမရလို့ ဆရာက
လာပြောသွားတယ်
မောင်တက်ပု-ပထမ
ဆု ရပါတယ်
တက်ပုသည် အားလပ်သည့်အခါ ပန်းချီ
ပုံများကို ရေးဆွဲလေ့ကျင့်လေ၏။
အိမ်နံရံပေါ်မှာ ပုံဆွဲ
ယင် ဒီလိုဆုမျိုးရမှာ
မဟုတ်ဘူး ကွဲ့
အိမ်နံရံပေါ်မှာသာပန်းချီ
ဆွဲမိယင်-ပြိုင်ပွဲကို ပို့လို့
ရမှာမဟုတ်ဘူးနော်
အော



# အစွမ်း ငါးမျိုးပြိုင်ပွဲ

အားကစားသမား တယောက်သည် ပြိုင်ပွဲအမျိုးမျိုး၌ ထူးချွန်စွာ ယှဉ်ပြိုင်နိုင်ခြင်းကို ပြသရန် အားကစားနည်း ငါးမျိုး ပြိုင်ပွဲကို ပြုလုပ်ပေးသည်။ ဤပြိုင်ပွဲကို အင်္ဂလိပ်ဘာသာဖြင့် ပင်တာသလွန် ဟုခေါ်သည်။

အစွမ်းငါးမျိုးကို ဂရိခေတ်က တနေ့အတွင်း အပြီး ယှဉ်ပြိုင်ကြရသည်။ ယင်းအားကစား ငါးမျိုးမှာ နပန်းသတ်ခြင်း၊ ပြေးခြင်း၊ ခုန်ခြင်း၊ သံပြားဝိုင်းပစ်ခြင်းနှင့် လက်ရွှေထိုးခြင်းတို့ဖြစ်၏။ နောင်တွင် နပန်းသတ်ခြင်းအစား လှံတံ ပစ်ခြင်းကို ပြောင်းလဲ သတ်မှတ်ခဲ့သည်။

ခေတ်သစ် ကမ္ဘာ့ အိုလံပစ် ပြိုင်ပွဲကြီး များတွင်မူ မြင်းစီး၊ ဓားခုတ်၊ သေနတ်ပစ်၊ ရေကူးနှင့် လေး ကီလိုမီတာ မြို့ဖြတ်ပြေးပွဲဟူ၍ ငါးမျိုးပြိုင်ကြရ၏။

အစွမ်းငါးမျိုး ပြိုင်ပွဲကို တဦးချင်းအလိုက် ယှဉ်ပြိုင်ရသည့်ပွဲနှင့် တနိုင်ငံနှင့်တနိုင်ငံ နိုင်ငံအလိုက် ယှဉ်ပြိုင်ရသည့်ပွဲ ဟူ၍ ထပ်မံခွဲခြားထားသည်။ ထို့ပြင် အမျိုးသား အားကစားသမားများအတွက် ငါးမျိုး ပြိုင်ပွဲရှိသကဲ့သို့ အမျိုးသမီးများ အတွက်လည်းရှိသည်။

ထိုငါးမျိုးကို တနေ့တမျိုး ငါးရက်တိုင်တိုင် ယှဉ်ပြိုင် ကြရသည်။ နိုင်ငံအလိုက် ယှဉ်ပြိုင်ပွဲတွင် လူ အပြောင်းအလဲ မပြုနိုင်ပေ။

စွမ်းရည် ငါးမျိုးစုံ ပြိုင်ပွဲသည် တနည်းအားဖြင့် ပြေးခုန်ပစ် သူ့ရဲကောင်း ရွေးချယ်သည့်ပွဲပင် ဖြစ်ပေသည်။

ငါးမျိုးစုံပြိုင်ပွဲသည် အမှတ်ပေး ဆုံးဖြတ်ရသည့်ပွဲ ဖြစ်၏။ အမှတ် အများဆုံး ရရှိသူသည် ပထမဖြစ်သည်။ ၁၉၆၃ ခုနှစ်မှစ၍ ၁၉၆၈ ခု မက္ကဆီကို ကမ္ဘာ့အိုလံပစ်အထိ နိုင်ငံအလိုက် ငါးမျိုးစုံပြိုင်ပွဲတွင် ဟန်ဂေရီ နိုင်ငံသည် အဆက်မပြတ် ဗိုလ်ဆွဲနေခဲ့လေသည်။ ကျော်ညွန့်မိုး




အဖြေ။ ၁။ လမ်းလျှောက်နေသူမှာ ဘယ်ခြေဘယ်လက် ဖြစ်နေသည်။ ၂။ ကျောင်းသားလေး၏ မျက်မှန်တွင် ကိုင်းမပါပဲ ဖြစ်နေသည်။ ၃။ မော်တော်ကားနံပတ်တွင် ဂဏန်း ငါးလုံး ဖြစ်နေသည်။ ၄။ ဆိုက်ကားဘေးတွဲ ညာဖက်ရောက်နေသည်။



# သတင်းပေးသူ

ကျော်သွန်းမိုး

ခွေးညိုတို့ရွာသည် မီးရထားလမ်းဆုံအနီးတွင် ရှိသည်။ အထက်အညာ မန္တလေးသို့ရှင်း၊ အောက်ပြည်အောက်ရွာ မော်လမြိုင်သို့ရှင်း သွားသော မီးရထား လမ်းများသည် သူတို့ရွာအနီးတွင် ပေါင်းဆုံ ဖြတ်သန်းသွားကြသည်။ ဘူတာရုံနှင့် ရွာသည်တမိုင်ခရီးနီးပါးဝေးသည်။

ညနေ ပိုင်း ပင် ဖြစ် သော်လည်း နေပူရှိန်မလျော့ပါးသေးပဲ ရှိလေသည်။ အဝေးရှိ ပဲခူးရိုးမ တောင်တန်းကြီးသည် ငြိမ်သက်လျက် ရှိသည်။ သို့သော် ဘူတာရုံတဝိုက်တွင်ကား လူတွေလှုပ်လှုပ်ရွရွ ဖြစ်နေသည်။

မကြာမီက ဆိုက်ရောက်လာသော မန္တလေး အစုန်ရထားကြီးတလျှောက်တွင် ဈေးသည်များ အော်ဟစ်ရောင်းချနေကြသည်။ ခွေးညိုသည်လည်း လက်ဆွဲ ခြင်းတောင်းကလေး တလုံးဖြင့် အမဲသားကြော်၊ ဘဲဥပြုတ်၊ ဆီထမင်း စသည့် မုန့်ပဲသရေစာများကို ရောင်းလျက်ရှိသည်။

"တူ – တူ – တူ"

ရထားကြီးသည် ဆက်လက်၍ ထွက်ခွာသွားသည်။ နောက်တနာရီခန့်အကြာတွင် မော်လမြိုင်ဖက်မှ ရထား လာဦးမည်။ သို့သော် ခွေးညိုသည် အိမ်မှာ အမေ နေ မ ကောင်း သဖြင့် မစောင့်နိုင်တော့ပေ။

မီးရထား သံလမ်းအတိုင်း ခွေးညို ပြန်လာသည်။ နေဝင်သွားပြီဖြစ်၍ မှောင်လျက် ရှိသည်။ သံလမ်း တဖက်တချက်တွင် တောတန်း ကလေးများ၊ ချုံဖုတ်များ ထူထပ်စွာ ပေါက်ရောက်နေကြသည်။

ရိုးကလေးအနီးသို့ ရောက်သောအခါ လူတစုကို လှမ်းမြင်ရသည်။ သူတို့သည် အမှောင်ထဲတွင် တစုံတခုကိုတိတ်တဆိတ်ပြု လုပ် နေ ကြ သည်။ ခွေး ညိုသည် အလွန်သိချင်သဖြင့် ချုံဖုတ်ကလေး တခုထဲမှ ချောင်းမြောင်း၍ ကြည့်နေမိသည်။

လက်နှိပ် ဓာတ်မီး ရောင် ကိုလည်း တွေ့ရသည်။ လူကြီး တယောက်၏လက်ထဲတွင် သေနတ်ကြီးတလက်ကိုင်ထားသည်။ အခြား တယောက်သည် သံကြိုးကြီးတခုကို မီးရထား သံလမ်းပေါ် သို့ ဆွဲယူလာပြီး တင်ထားခဲ့သည်။ သူတို့သည် မြန်မြန် ပြုလုပ်ကြပြီးနောက် တဖက်ရှိ ချုံဖုတ်များထဲသို့ ဝင်ရောက်ပုန်းအောင်း နေ ကြ သည် ကို တွေ့ရ၏။

မကြာမီ မော်လမြိုင်ရထားကြီး လာတော့မည်ကို ခွေးညိုသတိရ၏။ လွန်ခဲ့သော တနှစ်က အဖြစ်အပျက်တခုကို သူယခုတိုင် မမေ့သေးပါ။ သူ မြင်ယောင်နေပါသည်။ ထိုစဉ်က ယခုလို ညအချိန်ပင် ဖြစ်သည်။ အရှိန်ပြင်းစွာ ခုတ်မောင်းလာသော မီးရထားကြီးသည် ကျယ်လောင်သောအသံကြီးဖြင့် ရုတ်တရက် ပေါက်ကွဲခဲ့ဘူးသည်။ မီးရထားတွဲများသည် ဂျွန်းထိုးမှောက်ခုန် ဖြစ် ကုန် ကြ သည်။ အချို့တွဲများ တန်တားအောက်သို့ ဦးစိုက်ကျနေသည်။ ခရီးသည်များ၏ အော်ဟစ် ငိုညည်းသံများကိုလည်း ကြားရသည်။ အချို့ ခရီးသည်များမှာ တွဲနှစ်ခု အကြားတွင် ညှပ်လျက် မရှုမလှ သေနေကြသည်။

ယခုလည်း လူတစုသည် သံလမ်းပေါ်တွင် တစုံတခု လုပ်ထားကြလေပြီ။ မော်လမြိုင်ဖက်မှ မီးရထားကြီးလည်း လာတော့မည်။ ထို့ကြောင့် ခွေးညိုသည် ဘူတာရုံဖက်ဆီသို့ ပြန်ပြေးလာခဲ့သည်။

ခွေးညိုသည် ကျောက်ခဲလုံးများကို နင်းမိတိုင်း အလွန်စူးရှနာကျင်သွားသည်။ တနေရာတွင် ကိုယ်ကို မဟန်နိုင်တော့ပဲ ရှေ့သို့ ဟပ်ထိုး လဲကျသွားလေသည်။ သူ့ခြေထောက် အောက်ပိုင်းတွင် အရိုးခိုက်မျှ နာကျင်မှုကို ခံစားလိုက်ရသည်။ အချိန်ကုန် မခံနိုင်ပါ။ ခွေးညိုကြိုးစား၍ ထလိုက်သည်။ သို့သော် ပြန်လဲကျသွားသည်။ သူ၏ ညာခြေထောက် မျက်သွားသည်။

ခွေးညို အသာ ထရပ်ကြည့်သည်။ ထို့နောက် ခြေလှမ်းကြည့်သည်။ ခြေ လှမ်း လိုက်တိုင်း အလွန်နာနေသည်။

ခွေးညိုသည် အံကို တင်းတင်း ကျိတ် လိုက် သည်။ ထို့နောက် ထော့နင်းထော့နင်းဖြင့် အားတင်း၍ လာခဲ့သည်။ လမ်းတွင် အကြိမ်ကြိမ်လဲသဖြင့် ဒူးနှင့် လက်တွင် ပေါက်ပြဲကုန်သည်။

ဘူတာရုံသို့ ရောက်သောအခါ ရုံပိုင်ကြီးထံ အမြန်ပို့ပေးရန် ပြောသဖြင့် ခွေးညိုကို လူကြီးများက ရုံပိုင်ကြီးအခန်းထဲသို့ ပွေ့ချီသွားကြသည်။ ခွေးညိုသည် မောဟိုက် နေသဖြင့် စကားမပြောနိုင်သေးပါ။ ခဏကြာမှ

"ဟို – ဟို –" ဟု မီးရထားသံလမ်းဖက်သို့ လက်ညှိုးထိုးကာ သူ တွေ့မြင်ခဲ့ရသမျှကို ပြောပြလိုက်သည်။

ရုံပိုင်ကြီးသည် ချက်ခြင်း ပြေးထွက်သွားသည်။ သူနှင့်အတူ စစ်သားများလည်း ပါသွားသည်။

"ဒိုင်း – ဒိုင်း – ဒိုင်း"

မကြာမီ သေနတ်သံများကို ဆူညံစွာ ကြားရလေသည်။

"မီး ရ ထား လမ်း မိုင်း ဗုံး ထောင်နေတဲ့သူပုန်တွေပြေးပြီ" ဟု လူကြီးတယောက်က အော်၍ပြောသံ ကြားရပါသည်။

"မော်လမြိုင်ရထားကြီး ကံကောင်းလို့" ဟုလည်း ပြောဆိုနေကြသည်။

ထိုအတွင်း ရုံပိုင်ကြီး ပြန်ရောက်လာပြီး

"အခုလို အချိန်မှီသိရတာဟာဒီ သူငယ် လေး ကြောင့်ပေါ့" ဟု ခွေးညိုကို လက်ညှိုးထိုး၍ ပြောလေသည်။

ခွေးညို အလွန် ဝမ်းသာသွားသည်။ သူ့ကြောင့်မီးရထားကြီးနှင့်တကွ ခရီးသည်ပေါင်းများစွာ သေကြေပျက်စီးမည့်ဘေးမှ သီသီကလေး လွတ်မြောက်သွားခဲ့ပေသည်။

---

## ဘောလုံးပွဲ

ဘောလုံးပွဲ ဘောလုံးပွဲ၊
ငါတို့တတွေ နွှဲ။
သဲသဲမဲမဲ ငါတို့ယှဉ်၊
ရန်တော့ မဖြစ်ချင်။
ချစ်ချစ်ခင်ခင် ထာဝရ၊
တို့တွေ ကစားကြ။
လုံ့လနဲ့ဇွဲ အရင်းတည်၊
ငါတို့ လေ့ကျင့်မည်။
တို့တိုင်းတို့ပြည် အနာဂတ်၊
ငါတို့ ပိုင်မယ်မှတ်။
စိတ်ခေတ်မြင့်မား ကြံဖိုင်ရန်၊
နည်းစံနစ် မှန်မှန်။
ဘောလုံးကန်ကာ တို့အများ၊
ကစားကြစို့လား။ ။

မြကြီး (ရေနံ့သာ)






# မာလကာသီး

ရှေးလူကြီးများက "အိမ်ရှိလျှင် မာလကာပင် ရှိရမည်" ဟု ပြောလေ့ပြောထရှိသည်။ ထို စကားသည် အလွန်မှန်သည်ဟု ဆိုရပေမည်။ မာလကာပင်သည် ဒေသ မရွေး၊ မြေမရွေး စိုက်ပျိုးနိုင်သော အပင်ဖြစ်သည်။ သစ်ပင် စိုက်ရန် ဝါသနာပါသူများသည် အိမ်ဝင်းခြံ အတွင်း၌ တပင်စ၊ နှစ်ပင်စ စိုက်ထားလေ့ရှိ သည်။ အလုပ်မများပဲ အချိန်ကြာလျှင် စားရ သောအသီးပင် ဖြစ်သည်။

မာလကာသီး၏ အရသာသည် ဖန်၍ချိုသည်။ အနည်းငယ်ငန်သော အရသာလည်း ရှိသည်။ မာလကာသီးကို ကလေးလူကြီးမရွေး ကြိုက် ကြသည်။ မာလကာသီးတွင် အဖြူ-အနီ နှစ်မျိုး ရှိသည်။ အလွန်အမင်းစားလျှင်ကား ရင်ပြည့် ရင်ကယ် ဖြစ်တတ်သည်။

မာလာကာသီးကို စားပေးခြင်းအားဖြင့် လူ တို့၏ အရိုးနှင့်သွားများကို ခိုင်မာတောင့်တင်း စေသည်။ ကိုယ်ခန္ဓာ ကြီးထွားမှုကို ဖြစ်စေ သည်။

ပီနိုးခင်





ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

ရွှေသွေး
ဂျာနယ်


# ဖိုးဖိုး ချစ်ပုံပြဟာန်


ပန်းချီ – ဦးဘကြည်
ဇာတ်လမ်း – သာလွန်

အတွဲ ၁၊ အမှတ် ၂၄၊ ၁၄-၆-၆၉





မြို့ထဲမှာ ကျောက်ပေါက် နေတယ်တဲ့ — တဦး နှစ်ဦး တောင် ပျက်စီး သွားတယ် ကြားတယ်
ဟင် — ဟုတ်လား
သားသားရော မင်းတို့ပါ ကျောက် ဆေး သွားထိုးကြ၊ ငါတော့ ထိုးခဲ့ပြီ
ထနေ့တွင် ကိုပု သည် လာနေကျ အချိန် မဟုတ်ဝဲ ကားကြီး ထိုးရပ် ပြီး “မထွေး- မ ထွေး” ဟု ခေါ် လျက် အိမ်ပေါ် တက်လာသဖြင့် မေးမြန်းရာ....
မေမေ ရန်ကုန်က သီးသီးကို သေနတ် ဝယ် ခဲ့နော်...
အေး — ဝယ် ခဲ့မယ်
မေမေ သားသား ကျောက် ဆေး မထိုး ချင်ဘူး — ကြောက် တယ် — ကျောင်း မှာ ကောင်းစား တယောက် အနာကြီး ပေါ် လို့...
အို.... သားသား ကလဲကွယ် မနာပါ ဘူး၊ အပ် ကလေးနဲ့ ခြစ်ရုံခြစ်မှာ ပါ —
အို - ခုခေတ်ကလဲ — ကလေးကို နာကျင် အောင် မလုပ် ပါနဲ့ — ကျောက် ... စိတ်ချရတာပါဘဲ
အဖွားကြီးသည် အပ် ကလေးဖြင့် လက်တွင် ခြစ်ပေးလိုက်၏။
ဖြစ်ပါ့မလား အမေ ကိုပုပြန်လာယင် စိတ် ဆိုးနေ ပါအုံး မယ်
ဖြစ်ပါတယ် အေ.... ငါ့မြေး ကမေမေ မေးယင် ထိုးပြီးပြီ လို့ပြောပေါ့
ဟုတ်ကဲ့ ဖွါး ဖွါး
ကိုပု ရန်ကုန်မှ ပြန်လာသော်....
သားသား ကျောက်ဆေး ထိုးပြီးပြီလား
ဟုတ်ကဲ့ မေမေ — ထိုး ပြီးပါပြီ
ဟဲ ဟဲ
သီးသီး ကတော့....
သိပ်တော်တာ ဘဲ — အရွယ်နဲ့ မလိုက် ဘူး
လက်မြှောက်လိုက် — ဒိုင်းဒျောင် — ဒိုင်းဒျောင် —


နောက်နေ့တွင် ရွာထဲ၌ ရှင်ပြုပွဲရှိသဖြင့် —
မထွေးနှင့် သားမောင်လှတိုးတို့ သွားကြသည်။ လူတိုင်းက မောင်လှတိုးကို ချီးကျူးကြသည်။
ရှင်ပြုကပြန်လာပြီး ညနေဖက်တွင် မောင်လှတိုး အဖြင်းဖျားလေ၏။
အန်လည်း အန်သည်။
ခြောက်ရက်ခန့် ကြာသော် အဖုလေးများ စထွက်လာ၏။
နောက် သုံးရက်ခန့်ကြာသော်—


ကိုပု ရေ – သီးသီး ကို ကျောက်ဆေး မထိုး ရ သေးဘူး၊ ကျုပ်တို့ သိမ် ပြောတာ –
သားသား ကို လုပ် ပါဦး
ဟင် – ငိုနေလို့ တော့ မပြီး ဘူး၊ ဆရာခေါ် မှ ဖြစ် မယ်၊ ခု သွား ပင့် မယ်။
ကိုပုသည် ကျန်းမာရေးဌာနမှ ဆရာဝန်ကြီးကို ပင့်ခေါ်ပြသရာ ကလေးကို စမ်းသပ်ပြီးနောက်....
ဒီ – ကျောက်ကြီး ရောဂါဖြစ် တာဘဲ – – – ပေါ့ ဆဆ တော့ မနေ ကြနဲ့၊ ဆရာ့စကား နား ထောင်ရင် စိုးရိမ် စရာ မရှိ ပါဘူး
ကဲလေ – ဆေးလဲ ထိုးပြီးပြီ၊ အချိန်နဲ့သာ ဒီဆေးတွေကို တိုက် – ကလေးနဲ့ ကလေး အမေကို ခြံထဲမှာ တဲလေးတခု ထိုးပြီး သတ်သတ် နေပါစေ၊ အိမ်ကို မှုန်းမို့ ဆေးပေးမယ် ... လိုက်ယူပါ – ကျန်တဲ့ လူတွေကိုလဲ ကျောက်ကာကွယ်ဆေး ထိုးကြရမယ်
ဟုတ်ကဲ့ ဆရာ သီးလေး ကို ကယ် ပါဦး
ဆရာဝန်ကြီး ကြိုးစားကုသမှုကြောင့် ကျန်းမာလာသော မောင်လှတိုးမှာ...
ကျောက်ပေါက်မာအပြည့်နှင့် ရှိနေသဖြင့်–
ကိုပုရယ် – သီးသီး အမာရွတ်တွေ ပါ သေရာ ပါတော့မှာ ဘဲ
အေးပေါ့ ကွယ် အခုလို ဖြစ် ရတာ ဟာ အချစ် လွန်လွန်း လို့ဘဲ – ကံကောင်းလို့သာပေါ့ – ရေ တိမ်နစ်ပြီတောင် ဒေါက်မေ့တာ - - - -
မောင်ပု ရေ – အမှန် မတော့် ငါ့ အပြစ်ပါဘဲ ကွယ် – ငါက ငါ့ မြေး လေး နာရှာမှာ ကြောက် လွန်း လို့ - - - - - -
ရပ်ဆွေ ရပ်မျိုးများက ....
ဟေ့ ကိုပု – မင့် သား လေး သတင်း ကြားရတာ စိတ်မကောင်း ပါဘူး ကွာ – မွှားမွှား ချစ်ပုံ မဟန် လို့ ထို
ဩ – ဩ – အင်း ..... ကျုပ်တော် တို့ဟာ အမှားထဲက သင်ခန်းစာ ရကြတာ ပေါ့ဗျာ


အင်းဝခေတ် ရွှေနန်းကြော့ရှင် ဘုရင်နရပတိသည် အဆောင်တော်၌ အမှတ်မဲ့ စံနေစဉ် ....
ငါ့ညီတော်ကို လုပ်ကြံနိုင်ယင် သင့်အား ချီးမြှောက်မယ်
ဘုရင်နရပတိ၏ နောင်တော် ရွှေနော်ရထာ၏ တပည့် သောကြာက –
ရုတ်တရက်ထ၍ ဘုရင်ကို ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။
သို့ရာတွင် လူကို မထိဘဲ ထီးဖြူရိုးကိုသာ ခုတ်မိလေရာ ....
ထီးဖြူသည် ဘုရင်ကို အုပ်မိုးလျက် ရှိတော့၏။


ထိုအခါ အနီးရှိ ရေနံ့သာစား ငရွှေကျိုင်းက ပြေးလာပြီး -
ငသောကြာကို ဖက်၍ လုံးတော့၏။
နှစ်ယောက်သား အားချင်း တူနေ၍ အပေါ်နှင့် အောက် တပြန်စီဖြစ်နေစဉ် -
ဘုရင်နရပတိလည်း ထီးဖြူကို ဖယ်ပြီး ဓားဆွဲ၍ ထလာကာ -
ဟဲ့-ငရွှေကျိုင်း သင် ဖယ်လော့ ရန်သူကို ငါခုတ်မယ်
ရန်သူကိုသာခုတ်နိုင်ရန် ရွေး ချယ်နေလေသည်။



ရန်သူလွတ်သွားပါမယ် ရွေးမနေပါနဲ့-ကျွန်တော်မျိုး ကိုပါရော၍ ကွပ်မျက် တော်မူပါ
ထိုအခါ ရေနံ့သာစား ငရွှေကျိုင်းက နှစ်ယောက်စလုံးကို ခုတ်ပိုင်းလိုက်ရန် ပြောလေ၏။
သို့ရာတွင် ဘုရင် နရပတိသည် ရန်သူကို သာ ရွေး၍ ကွပ်မျက်လိုက်ပြီး-
သင်-ရဲရင့်ပါပေတယ် သတ္တိရှိပါပေတယ် သစ္စာရှိလှပါတယ်
ရေနံ့သာစားငရွှေကျိုင်းအား ဆုလပ်များပေး၍ ချီးမြှင့်လိုက်လေသည်။
ထိုကြောင့်ပင် "ရွှေနန်းကြော့ထံ အသေခံ ရေနံ့သာစားပွဲ" ဟူ၍ ပြောစမှတ် ကျန်ခဲ့လေသတည်း။

# အတူနေ သတ္တဝါများ

ပန်းချီ-ဦးဟေမာကိုအောင်



ပင်လယ်မှိုကောင်သည် ဝင်ကစွပ်ကောင်၏ အခွံပေါ်၌တွယ်ကပ်လိုက်ပါရင်း အစာရှာဖွေစားသောက်သည်။ သူ၏အဆိပ် ဦးမှင်များက ဝင်ကစွပ်ကောင်၏ ဘေးရန်ကို ကာကွယ်ပေးသည်။




ကျွဲက အိုင်လူးပေးသဖြင့် ပေါ်လာသော ငါးငယ် ဖားငယ်များကို ဗျိုင်းကအစာအဖြစ် စားရသည်။ ဗျိုင်းက ကျွဲကိုယ်ပေါ်ရှိ ပိုးမွှားများကို သုတ်သင်ပေးသည်။




ဦးခေါင်းပေါ်၌ စုတ်အင်္ဂါပါသည့် ရင်မိုရာငါး။

ရင်မိုရာငါးသည် ငမန်း ဝမ်းပိုက်တွင် တွယ်ကပ်လိုက်ပါရင်းအစာရှာစားသည်။ ထိုသို့ တွယ်ကပ်နေထိုင်သော်လည်း ငမန်းကို ထိခိုက်နစ်နာစေခြင်း မရှိပေ။




ပရွက်တွင်းအနီးရှိ ပန်းဖူးများပေါ်၌ လိပ်ပြာက ဥများဥချခဲ့သည်။ ဥမှပေါက်လာသော ပေါက်ဖတ်က ပန်းဝတ်ရည်ကို စားသည်။ ပရွက်က ပေါက်ဖတ်ထံမှ အချိုရည်ကို လျက်ယူစားသုံးသည်။ ထို့နောက် ပေါက်ဖတ်ကို မိမိတွင်းထဲသို့ သယ်ဆောင်သွားသည်။




မျိုးမတူသော သက်ရှိသတ္တဝါ နှစ်ဦးတို့ အတူတကွ ပေါင်းစပ် နေထိုင် ကြသည်ကို ထူးဆန်းစွာ တွေ့ရတတ်သည်။ အတူနေကြရာ၌ နှစ်ဦးနှစ်ဖက် အကျိုးရှိခြင်း၊ တဦးတွင် အကျိုးရှိ၍ ကျန်တဦး၌ နစ်နာမှုမရှိခြင်း၊ တဦး တွင် အကျိုးရှိသော်လည်း ကျန်တဦး၌ အကျိုးယုတ် နစ်နာခြင်း ဟူ၍ သုံးမျိုး ရှိလေသည်။


ပင်လယ်မှိုကောင်နှင့် ဝင်ကစွပ်ကောင်၊ မျိုင်းနှင့် ကျွဲ၊ ရင်မိုရာ ငါးနှင့် ငမန်း၊ ပေါက်ဖတ်နှင့် ပရွက်တို့သည် အထက်ပါ ထူးဆန်းသော အတူနေမှုတို့၏ သာဓကများပင် ဖြစ်ပေသည်။

ကိုရင်ဩ




ပရွက်တွင်းသို့ရောက်သော် ပေါက်ဖတ်သည် ပရွက် ပေါက်စကလေးများကိုစားသောက်ရင်းဖြင့် ကြီးပြင်းလာသည်။ ထို့နောက်လိပ်ပြာအဖြစ်သို့ ပြောင်းလဲကာ ပျံထွက်သွားတော့သည်။


ကော်ကော်နှင့် မော်မော်
ဒေါ်လေး မမြင်အောင် စီးနော်၊ တော်တော်ကြာ ဆူနေအုံးမယ်၊
ကြည့်စမ်း၊ မိန်းခလေးတန်မဲ့၊ စက်ဘီးစီး နေပြန်ပြီ၊ ဒီခေတ် မိန်းခလေးတွေကို ကြည့်ရတာ၊ မျက်စိ မရှိပါဘူးတော်၊ ဟွန်း-
မော်မော်သည် ကျောင်းအားလပ်ချိန်တွင် ရေကူးခြင်းကိုလည်း စနစ်တကျ သင်ကြားသည်။
ဒီလောက်ဆိုရင် မော်မော် ရေကူးနိုင်ပြီ ဆရာမ၊
တနေ့တွင်
မြို့ပြင်က၊ ကန်ဘက် လမ်းလျှောက် ရအောင် ဒေါ်လေး၊
ကောင်းသားဘဲ၊ လျှောက်လေ၊
အေးကွဲ့ - စိတ်တောင် အတော်လန်းလာတယ်၊


ဟာ- ဟိုမှာ ကလေးတယောက် ရေနစ်နေပြီ-
ရေနစ်နေတဲ့ ကလေးကို၊
မော်မော် ဆယ်ယူလာပါလား၊



မကြာမီဆေးရုံမှ သူနာပြုကား ရောက်လာပြီး၊ ခလေးအား ဆေးရုံသို့ ခေါ်ဆောင်သွားကြလေ၏။ ခလေးမှာ အသက်ချမ်းသာရသွားသည်။
ဒေါ်ဒေါ်သားလေး အသက်ချမ်းသာရတာပဲ။ ဟောဒီခလေးမ မော်မော်ကြောင့်ပါကွဲ။ မော်မော်ကို သိပ်ကျေးဇူးတင်ပါတယ်ကွယ်။
ဒီလို၊ မော်မော်က၊ အချိန်မီဆေးရုံ လာပြီး၊ အကြောင်းကြားလို့သာ၊ ခလေးကို ကယ်ပေးနိုင်တာပေါ့ခင်ဗျာ။
မော်မော်သာ ရေမကူးတတ်ရင်၊ ငါ့မျက်စိရှေ့မှာ ဒီခလေးတော့ ရေနစ်သေမှာ ကြိမ်းသေလေးပေမယ်။ ရေကူးတတ်ထားရင်၊ အကျိုးရှိတယ်ဆိုတာ၊ ငါသိပြီဟေ့။
ထို့နောက်
ဒေါ်ဒေါ်လေး ကိုယ်ကြီးက သိပ်လေးတာ အား- အား-
နင်းသာနင်းပါ၊ ငါစီးလိုက်ပါတယ် မော်မော်ရ- ဟိ-ဟိ-ဟိ-




အစွမ်း ဆယ်မျိုး ပြိုင်ပွဲကို ဒက်ကာသလွန်ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်သည်။

ကမ္ဘာ့အိုလံပစ် အစွမ်းဆယ်မျိုးပြိုင်ပွဲတွင် အမျိုးသားများသာ ယှဉ်ပြိုင် ကြရ၍ အမျိုးသမီးများ မပါပေ။ အဘယ်ကြောင့်ဆိုသော် ဤပြိုင်ပွဲသည် အလွန်ကြမ်းတမ်းခက်ခဲ ပင်ပန်းသဖြင့် အမျိုးသမီးများနှင့် မသင့်လျော်သောကြောင့် ဖြစ်သည်။

အစွမ်းဆယ်မျိုးပြိုင်ပွဲကို တဦးချင်းသော်၎င်း၊ နိုင်ငံအလိုက်သော်၎င်း ယှဉ်ပြိုင်ကြရ၏။

ပြေး ခုန် ပစ်ဟူ၍ ယှဉ်ပြိုင်ကစားရန် နယ်ကြီးသုံးနယ်ရှိရာ ယင်း အားကစား သုံးမျိုးလုံး၌ တံခွန်စိုက်ထူးချွန်သူ အားကစား သမားကို ရွေး ချယ် လေသည်။ယှဉ်ပြိုင်ရသောဆယ်မျိုးမှာ အပြေးတွင် မီတာ ၁၀၀၊ မီတာ ၄၀၀၊ မီတာ ၁၅၀၀ နှင့် မီတာ ၁၁၀ တန်းကျော်ပြေး ပြိုင်ပွဲများ၊ အခုန်တွင် အမြင့်ခုန်၊ အလျား ခုန်၊ တုတ်ထောက်ခုန် ပြိုင်ပွဲများ၊ အပစ်တွင် လှံတံပစ်၊ သံလုံးပစ်၊ သံပြားဝိုင်းပစ် ပြိုင်ပွဲများ ဖြစ်၏။

၁၉၆၈ ခုနှစ် မက္ကဆီကို ကမ္ဘာ့အိုလံပစ်တွင် အမျိုးသား တဦးချင်း စွမ်းရည် ဆယ်မျိုး ပြိုင်ကြရာ၌ အမေရိကန်မှ ဘီတူးမီက ၈၁၉၃ မှတ်ဖြင့် အိုလံပစ် စံချိန်သစ် တင်သွားသည်။ သို့သော် သူသည် ရှိပြီးသား ကမ္ဘာ့ စံချိန် ဖြစ်သော ၈၃၁၉ မှတ်ကိုမူ မချိုးနိုင်ခဲ့ပေ။

ကျော်ညွန့်မိုး

## ရှိသမျှ လိပ်ပြာ ရှာကြည့်ပါ။



အဖြေ။ ။ ၂၆ ကောင်။

# အိမ်မှုတာဝန်

နီလွင်



အစမ်းစာမေးပွဲလည်း ပြီး၊ စနေပတ် ကျောင်းလည်း ပိတ်လိုက်၍ ကျောင်းသူ ကျောင်းသားလေးများ ပျော်ရွှင်နေကြသည်။သူတို့အထဲတွင် ခင်ခင်က တော့ မပျော်နိုင်ချေ။ ခင်ခင်သည်အိမ်မှာထက်ကျောင်းတွင်ပို၍ပျော်သည်။ အိမ်မှာဆိုလျှင် အမြဲ အဆူခံနေရတတ်သည်။

ခင်ခင်တို့ မိသားစုတွင် ခင်ခင် အပါ အဝင် ညီအမ သုံးယောက် ရှိသည်။ ခင်ခင်က အကြီးဆုံးဖြစ်သည်။ဖေဖေနှင့် မေမေသည် ပြည်သူပိုင် စက်ရုံကြီးတရုံတွင် အလုပ် လုပ်ကြသည်။ ထို့ကြောင့် အိမ်မှု တာဝန်များကို ခင်ခင်က အများဆုံး လုပ်ကိုင်ရသည်။ အလုပ် များများ လုပ်ရ သော်လည်း အမြဲတမ်း အဆူအကြိမ်းခံရသည်။ သူလုပ်သမျှလည်း အပြစ်လွတ်သည်ဟူ၍ မရှိပေ။ ဘာကြောင့် အပြစ်ရှိနေသည်ကိုလည်း ခင်ခင် စဉ်းစား၍ မရချေ။ ထို့ကြောင့် ခင်ခင်သည် အိမ်မှာ နေရမှာကို ကြောက်နေသည်။

သို့သော်ကျောင်းပိတ်လိုက်၍ ခင်ခင်သည် အိမ်မှာသာ နေရတော့မည်။ အဆူ ခံရမှာကို ကြောက် နေ၍လည်း မဖြစ်တော့ချေ။

မေမေ အလုပ်က ပြန်လာသောအခါ ခင်ခင် အဆူခံရပြန်သည်။

"မေမေက သမီးကို အမြဲဆူနေတာဘဲ။ သမီး တနေ့လုံး အဝတ် တွေလဲ လျှော်ရတယ်။ ကြမ်းတိုက် တံမြက်စီး လှဲတော့လဲ သမီး တယောက်ထဲ လုပ်ရတာဘဲ။ အိုးတွေ ပန်းကန်တွေ တိုက်ရင်း ခဏကလေး သတိလစ်သွားလို့ ထမင်းပျော့သွားတာပါ မေမေရယ်။ သမီးဆော့နေလို့ မဟုတ်ပါဘူး"

သို့သော် မေမေက မေ့ရမလားဟု ဆူမြဲဆူနေသည်။

"အလုပ်တွေ များများလုပ်ရပြီး အဆူခံရလို့ ဝမ်းနဲ နေသလား သမီး။ အလုပ် လုပ်တဲ့လူဟာ အမှားတော့ တွေ့မှာဘဲ။ ဘာမှမလုပ်ယင် ဘာမှ မမှားဘူး။ ဘာမှလဲ မတတ်တော့ဘူး။ မေမေ ဆူတာတွေဟာ သမီး သတိထားနိုင်ဘို့၊ ပြုပြင်နိုင်ဘို့ သင်ခန်းစာတွေပါ"

ခင်ခင်သည် ဖေ့ဖေ့ စကားကို ဂရုစိုက်၍ နားထောင်နေသည်။

"သမီးကို ဖေဖေတခု ပြောရအုံးမယ်။ အိမ်တွင်းမှု လုပ်ငန်းဆိုတာဟာ မိသားစု အားလုံးနဲ့ သက်ဆိုင်နေတယ်။ အားလုံးမှာ တာဝန်ရှိတယ်။ တယောက်ထဲက အားလုံးမလုပ်နိုင်ဘူး။ လုပ်ယင်လဲ တနေရာရာမှာတော့ အပြစ် ရှိနေမှာဘဲ။ သမီးကလဲ ညီမလေး နှစ်ယောက် လုပ်နိုင်မယ့် အလုပ်ကို တဆင့်ခိုင်းပေါ့။ ဒါမှ သမီးလဲ သက်သာမယ်။သူတို့လဲ အိမ်မှု လုပ်ငန်းကို လုပ်တတ်မယ်"

"သူတို့ကို ခိုင်းလို့ မဖြစ်ပါဘူးဖေဖေရယ်။သူတို့မလုပ်တတ်တော့ သမီးဘဲ အဆူခံရတယ်"

“သူတို့မတတ်လို့ မခိုင်းဘဲ ထားယင် သူတို့ဘာမှ တတ်မှာ မဟုတ်ဘူး။ သမီးကော အစက ဘာလုပ်တတ်လို့လဲ။ သမီး မေမေက သမီးကို သင်လဲ သင်၊ ခိုင်းလဲခိုင်းလို့ အခု သမီးလုပ်တတ်လာပြီ မဟုတ်လား။ ညီမလေးတွေကိုလဲ ဒီလိုဘဲလုပ်ရမှာပေါ့။ ညီမလေးတွေ အိမ်မှုလုပ်ငန်း လုပ်တတ်လာအောင် သင်ပေးဘို့က သမီး တာဝန်ဘဲ။ သမီးက အကြီးဆုံး မဟုတ်လား။ ဒီတာဝန်ကို မေ့နေပြီး အလုပ်တွေ အားလုံး သမီး တယောက်ထဲ လုပ်တော့ အမှားတွေ များတာပေါ့။ မိသားစုနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ အားလုံးကို ညီညီ ညာညာ လုပ်ကြယင် အလုပ်လဲ မြန်မြန်ပြီးမယ်။ အပြစ်လဲ နဲမယ်။ သိပ်လဲ မပင်ပန်းဘူးပေါ့။ ဟောဟိုမှာကြည့်စမ်း သမီး။ အဲဒါဟာ စုပေါင်းပြီး လုပ်လို့ အောင်မြင်လာတဲ့ အကျိုးဘဲ”

ခင်ခင်သည် ဖေဖေ လက်ညှိုး ညွှန် ရာ သို့ ကြည့် လိုက်သည်။ ကြမ်းကြားမှ ပုရွက်ဆိပ်လေး ငါး ကောင်သည် သူတို့ကိုယ်ထက် ကြီးသော ထန်းလျက်ခဲကလေး တခုကို ဝိုင်း၍ ချီယူလာကြသည်။

နောက် တနေ့တွင် ခင်ခင်သည် ညီမလတ်အား အိုးခွက်ပန်းကန် များကို တိုက်ချွတ်ဆေးကြောစေသည်။ ညီမငယ်ကိုတံမြက်စည်းလှဲခြင်း၊ဖုန်သုတ်ခြင်းများကို ပြုလုပ် စေသည်။ စိတ်ရှည်လက်ရှည် သင်ပြသည်။ လုပ်ချင် အောင်လည်း ချော့မော့ ပြောဆိုသည်။ သူက ထမင်းအိုး တည်သည်။ အဝတ်လျှော်သည်။

ယနေ့သည် ခါတိုင်းနှင့်မတူသည်ကို ခင်ခင်သတိထားမိလာသည်။ အလုပ်တာဝန် နှစ်ခုလျော့သွား၍ တခြားလုပ်ငန်းပေါ်တွင် ပို၍ ဂရုစိုက်နိုင်သည်။ ယခင် နေ့များက အလုပ်အားလုံးသည် နေဝင်ခါနီးမှ ပြီးသည်။ ယနေ့တွင်မူ အစောကြီးပြီး နေ သည်။ ညီမ ငယ် များလည်း သိပ်မပင်ပန်းချေ။ သူကိုယ်တိုင်လည်း သိသိသာသာ သက်သာသည်။

ညနေစောင်းလျှင် ဖေဖေနှင့် မေမေ အလုပ်က ပြန်လာကြသည်။ ခင်ခင်သည် စိုးရိမ်စိတ်နှင့် မေမေ့ကို မသိမသာ ကြည့်နေသည်။ မေမေ့ထံမှ ဆူပူ ကြိမ်းမောင်းသံများ မကြားရချေ။သို့သော် ခင်ခင်စိတ်မချသေး။ အပြစ်ရှိဦးမည်လားဟု စိုးရိမ်နေသည်။ ထိုစဉ် ဖေဖေသည် ခင်ခင့်အနားကို ကပ်၍ မေးသည်။

“ကဲ အခု သမီး စုပေါင်းလုပ်တဲ့အကျိုးကို လက်တွေ့ ခံစားရပြီ မဟုတ်လား”

ခင်ခင်က ပြုံးလျက် ခေါင်းညိတ်ပြလိုက်လေသည်။ ။

## အမေ့စကား

ရွှေသွေးငယ် အမေ့သားတို့၊
ကျောင်းတက်သွားတော့
လမ်းမ အလယ်။
ပြေးကာ ဆော့ကာ မကစားကြနဲ့၊
မော်တော်ကားကြီး
တိုက်တတ်တယ်။
ကျောင်းကိုရောက်လျှင်
မော်မကြွားနဲ့၊
ကျောင်းသားချင်းချင်း
မုန်းတတ်တယ်။
ခေါင်းလောင်းတီးလျှင်
စာသင်ခန်းသို့
အမြန်လှမ်း၍ သွားရမယ်။
စာသင်ခန်းမှာ ဆရာတွေ့တော့၊
ခါးကိုညွတ်၍ ရိုသေကွယ်။
ဆရာပြတာ စာ မမှားဘို့၊
အမေ့သားသား သင်ပါကွယ်။
စာမေးပွဲမှာ အတန်းကျတော့၊
သားသား အရှက် ရလိမ့်မယ်။
ရှက်ဘွယ် ရှက်ဘွယ်။ ။

မောင်ပုည



R. 517

# ထန်းသီး




ထန်းသီးသည် အခိုင်လိုက် သီးသည်။ ထန်းစေ့ကို ကလေးလူကြီးမရွေး နှစ်သက်ကြသည်။ အရသာမှာ ချို၍ ဆိမ့်၏။

ထန်းရည်ကို ထန်းနို့မှရသည်။ ထန်းရည်ကို စနစ် တကျ ချက်ယူသော အခါ ထန်းလျက်ရသည်။ အချို့က ထန်းရည် အချိုကို ထန်းရည်အခါးအဖြစ် ပြုပြင်ပြီး သောက်ကြသည်။

ထန်းရွက်ကို အိမ်အမိုး လုပ်နိုင်သည်။ အကာအရံ အဖြစ်လည်း သုံးနိုင်သည်။ ထန်းလက်ကို ကြမ်းခင်းနိုင်သည်။

ထန်းလက်ပြား၏ အပေါ်ယံအကြောကို ခွာယူပြီးလျှင် ထန်းခေါက်ဖာ ပြုလုပ်ကြသည်။

ထန်းစေ့အရင့်များကို မြေကျင်းထဲမြှုပ်ထားလျှင် စားသုံးရန် ထန်းပင်မြစ်များဖြစ်လာသည်။

ထန်းသီးမှည့်၏အရည်ကို ညှစ်ယူပြီး ထန်းသီးမုံ့လုပ်ကြသည်။

ထန်းပင်ကို ခုတ်လှဲပြီး ပင်စည်ကို ခြံစည်းရိုးတိုင်၊ ရွာစည်းရိုးတိုင်နှင့် တန်တားတို့များ အဖြစ် အသုံးပြုကြသည်။

ထန်းစေ့ကို စားပေးခြင်းအားဖြင့် အကြောများကို သန်မာစေသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ကြီးထွားစေသည်။ အထူးသဖြင့် အရိုးနှင့်သွားများကို ခိုင်မာစေ၏။

ဇိန်တင်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ချုပ်ရေးအဖွဲ့၊
ထုတ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

မနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၁၊ အမှတ် ၂၅၊ ၂၁-၆-၆၉

## မောင်ရေချမ်း၏သတ္တိ







ဒီတော့ သူ့ဖိုးဖိုးက...
ငါ့မြေး.. ဖိုးဖိုး ပြောပြတဲ့ ပုံပြင်ထဲက ဘီလူးကြီးတွေ စုန်းမကြီးတွေကို ကြောက် မနေပါနဲ့ကွယ်
ပုံပြင်ထဲမှာဆိုတော့ နားထောင်လို့ ကောင်းအောင် ပြောရတာကွယ့်.. တကယ် တော့ လက်တွေ့ရှိတာ မဟုတ်ဘူး..ဒီတော့ ငါ့မြေး ဘာမှမကြောက်နဲ့
ဟုတ်.... ဟုတ်....ကဲ့
တညနေစောင်းမှာ မောင်ရေချမ်းတို့ရွာက လယ် သမားကြီးတဦးဟာ မြွေကိုက်ခံရတယ်။
ပိုး ထိလာ တယ်ဟေ့
မြွေကိုက်ခံရတဲ့လူကို အဆိပ်မပြန့်အောင်..ဦးတို့တတ် နိုင်သလောက် ပြုစုထားပြီးပြီ ဒါပေမယ့်.. ဟိုဘက် ရွာမှာ ရှိတဲ့ ဆရာဝန်ကို ခေါ်ဖို့က သိပ် အရေး ကြီးတယ်..
ဆရာဝန်ကို သွားခေါ် ဖို့ ကျနော် တာဝန် ယူပါတယ်
အင်မတန် ကြောက်တတ်တဲ့ မောင်ရေချမ်းဟာ မှောင်နဲ့မဲမဲ ဖြစ်နေတဲ့ညမှာ ဆရာဝန်ခေါ် ဖို့ ထွက်ခဲ့တယ်။



ညဥ့်နက်အချိန် ရွာနှစ်ရွာကြားက တောအုပ်ထဲ ရောက်လာတဲ့ မောင်ရေချမ်းဟာ ကြောက်စိတ်နဲ့ ကြောက်စရာတွေချည်း မြင်ယောင်နေတာပေါ့။
အမလေး အရဲကြီး
ငါ့စိတ်က လန့်ပြီး သစ်ပင်ခြောက်ကြီးကို သူရဲထင်ပြီး လန့်မိတာ ပါကလား
ကြောက်တယ်ဆိုတဲ့ စိတ်က ဖြစ်တာဘဲ... အမှန်တော့.. ကြောက်စရာ ဘာမှ မရှိဘူး
ဒီလိုနှင့်...
ရှေ့ကဟာ ဆရာဝန်ရဲ့ အိမ်ဘဲ... နှိုးပြီး ပင့်ခေါ်ရမယ်
ထို့နောက်
အချိန်မတော် နှိုးရလို့ အားနာ မနေပါနဲ့ကွယ်... ဆရာဝန်ဆိုတာ လူနာရှိယင် အချိန်မရွေး လိုက်ရမှာပေါ့


ကဲ.. လာဟေ့.. လူနာ့အသက်ဟာ ဦးအချိန်မှီရောက်တဲ့ အပေါ်မှာ မူတည်တယ်.. မြန်မြန်သွားစို့
ဟုတ်ကဲ့
မောပလားဟေ့
မမောပါဘူး ခင်ဗျာ
ရွာကို ပြန်ရောက်ပြီးတဲ့နောက်....
အချိန်မှီ ကုသနိုင်တဲ့ အတွက် လူနာအတွက် ဘာမှ ပူစရာ မလိုတော့ပါဘူး
ကျေးဇူးတင်ပါတယ်.. ဆရာရယ်... ဆရာသာ အချိန်မှီရောက်မလာခဲ့ယင်.....
ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး ဗျာ. ကျေးဇူးတင်ချင်ယင်...
ကျွန်တော့်ကို လူနာအတွက် ညဉ့်နက်သန်းခေါင်ကို မမှုဘဲ လာခေါ်တဲ့.. ဒီသူတို့ခဲလေး ကိုသာ ကျေးဇူးတင်ကြပါ..



ကာတွန်း
မောင်မောင်သက်
၏
မောင် ဉာဏ် ထက်
တခါတုန်းက ဘုရင်ကြီး တပါးတွင် ဆင်တကောင် ရရှိလေသည်။
ဒီဆင်ကြီးရဲ့ ကိုယ်အလေးချိန်ကို အမြန်ဆုံးသိလိုတယ် အမတ်ကြီး
ဆင်ကြီးကို ချိန်ခွင်နဲ့ချိန်ဘို့ ဘာမှမလွယ်ဘူး၊ဘယ် လိုများလုပ်ရပါ့မလဲ-
ဆင်ချိန်နိုင်တဲ့ သူကိုရှာခဲ့စမ်း
ကောင်းပါပြီ
အမတ်ကြီးသည် အကြံရ၏။
ဆင်ရဲ့ကိုယ် အလေးချိန်ကို ဖော်ပြနိုင်က ဆုတော်ငွေများ ပေးတော်မူမည်
နောက် တနေ့တွင်
ဆင်ရဲ့အလေးချိန်ကို ကျွန်တော်ဖော်ပြနိုင်ပါတယ်
ဖော်နိုင်ရင် ငါနဲ့လိုက်ခဲ့-
မောင်ဉာဏ်ထက် ရောက်လာပြီး....
ဒီဆင်ကြီးရဲ့ကိုယ် အလေးချိန်ကို ဖော်ပြစမ်း-
အမတ်ကြီးခေါ်ရာသို့ လိုက်ခဲ့လေသည်။


မောင်ဥာဏ်ထက်သည် ဆင်ကို လှေပေါ်သို့ ဆွဲတင်လိုက်သည်။
ဆင်ကြီး လှေပေါ်ရောက်သည့်အခါ လှေမှာ ဝမ်းပိုက်တဝက်ကျော်အထိ ရေထဲ၌ မြုပ်သွားလေသည်။
ဆင်တင်ထားတဲ့ လှေကြီး အနီး သွားကြည့်အုံးမယ်-
ထိုအခါ....
လှေကြီးနား ရောက်ပြီ....
ရေမြုပ်နေတဲ့ ဒီနေရာကိုမှတ်ထား အုံးမှဘဲ-
ထိုသို့မှတ်သားထားပြီး ဆင်ကိုကမ်းပေါ်သို့ ဆွဲတင်ပြန်သည်။
ကမ်းပေါ်သို့ဆင်ကြီးရောက်ရှိသော်....
လှေသည် ရေပေါ် ပြန်ပေါ်လာသည်။



လှေဝမ်းပိုက်မှ အမှတ် အသားလည်း ရေနှင့်ဝေးပြီး အထက်သို့ မြင့်သွားသည်။
ဒီ အမှတ်အသား ရေနှင့်ထိအောင်-
လှေထဲကို ကျောက်တုံးတွေ ထည့်လိုက်အုံးမယ်--
အမှတ်အသား တော့ ရေနှင့်ထိနေပြီ-
လှေထဲက ကျောက်တုံးတွေကမ်း ပေါ်ပြန်သယ်ရအုံးမယ်-
ကဲ-ကျောက်တုံး တွေတခုစီ အားလုံးချိန် ကြည့်ယင်--
ထိုနောက်....
ဆင်ကြီးရဲ့ကိုယ် အလေးချိန်သိရပါတယ်-
သူပြောတာ မှန်တာပေါ့ အာ.ခတ်ကြီး
ဉာဏ်ပညာထူးချွန်တဲ့မင်း ကိုဆုတော်ငွေနဲ့ ချီးမြှင့်ဂုဏ်ပြုပါတယ်။





ဝါးသည် လူတို့၏ အသုံးအဆောင်ပစ္စည်းဖြစ်သည်။




ဝါးဖြင့် လူသုံးကရိယာများ ပြုလုပ်နိုင်သည်။





ရေလုပ်သားကြီးများ၏ လုပ်ငန်းခွင်လည်း အသုံးဝင်လှ၏။




ဂီတဆိုင်ရာ ကရိယာများ ပြုလုပ်ရန်လည်း အသုံးကျသည်။




စားသောက်ရေးတွင်လည်း သုံးနိုင်သေးသည်။




ရပ်ရွာ ကာကွယ်
ရေးအတွက်လည်း
အသုံး ပြုနိုင်သည်။
ထို့ကြောင့် ဝါး
သည် လူတို့၏ အ
ကျိုးပြု ပစ္စည်းများ
တွင် တခုအပါအ
ဝင်ဖြစ်ပေသည်။


ခုံကောက်ချွတ်
ဒဂုန်ရွှေမျှား ရေးသည်
ပန်းချီ တင်ဝင်း
ကျော်သူသည် ဉာဏ်ကောင်း၏။ မည်သည့်အရာမဆို သိချင်လိုစိတ်ရှိ၏
ဘီးလည်ယဉ် လက်လှုပ်ရမယ်
ပိုးကောင်မွှားကောင်တို့နှင့် တခါတရံ ဆော့ကစားတတ်၏
တနေ့သ၌
ဟေ့ ကျော်သူ နောက်ဖေးမှာ ပုတ်သင်ညိုတွေ လိုက်ရိုက်နေတယ်ဆို
ဘယ်သူက ပြောလဲ- မေမေ-
ဖြူဖြူက ပြောတယ်
မီးဖိုထဲကို ဝင်လို့ ကျွန်တော် ခဲနဲ့ လိုက်ပေါက်တာ
သေရော့လား
မသေပါဘူး မေမေ ထိတောင်မထိဘူး
အိမ်နောက်ဖေး တောအုပ်တွင် မန်ကျည်းပင်တပင်ရှိ၏၊ ထိုအပင်၌ ရှိသော ပုတ်သင်ညိုများကို- ဂေါ်တ်ထိုးနှင့် မျှား၏၊
ပုတ်သင်ညိုသည် ဂေါ်တ်ထိုး ကြိုက်တတ်သဖြင့် ဂေါ်တ်ထိုး တောင့်ကိုလာ၍ ကိုက်လျှင်--



အပ်ချည်ကြိုးကို တဖြည်းဖြည်း ဆွဲ၏၊
ဟာ- ထွက်ပြေးပြီ-
မြမြသည်အခြားဖော်အေးမေနှင့် ကစားနေတတ်၏၊
တနေ့-
မေမေ- သမီးလက်စွပ်လေး ပျောက်သွားပြီ-
ဘယ်မှာထားလို့ပျောက်သွားတာလဲ လက်မှာ ဝတ်မထားဘူးလား
သမီးနဲ့ အေးမေ- မီးဖိုချောင်မှာ လက်သုပ် သုပ်စားနေတုန်းခဏချွတ်ထားတာ
ဒီကောင်မလေးဘဲ ဖြစ်မှာဘဲ-
ဟုတ်မယ် မထင်ဘူး သမီးရှေ့ကွင်း ပြန်သွားတာဘဲ-
ခိုင်းရှာသော်လည်းမတွေ့.


နောက်တနေ့ ကျော်သူသည် ဂုတ်သီးနှင့်ပုတ်သင်ညိုကို မျှားလျက်ရှိရာ ပုတ်သင်ညို တကောင်သည် သူ့အလစ်တွင်
ကျော်သူသည် ဦးခေါင်းကို တချက်ကုတ်၍ စဉ်းစားလိုက်ပြီး
ဩ သိပြီ----
ဩ သိပြီ----
ကျော်သူ၏ အကြံပေးချက်အရ သူငယ်ချင်းတစုသည် သစ်ခေါင်း ကို ထွင်းဖောက်ဖြို့ခွဲကြရာ-
အထဲတွင်
ဟောဒီမှာ ဖြူဖြူလဲ့ကျောက်ခဲ လက်ဆောင်ပါကလေး
ဟောဒီမှာမေမေ့ မမလက်ဆောင်
ထိုနေ့၌ ကျော်သူတို့ သူငယ်ချင်းတစုကို
ကဲ စားကြ ခမ်းပော့
အော် လက်ဆောင်အစာ ကောင်းတဲ့
ပြီး

# ဂျူဒို



ဂျူဒိုသည် ဂျပန်နပမ်းသတ်နည်းတမျိုးပင် ဖြစ်သည်။ တရုတ်ပြည်မှတဆင့် ဂျပန်ပြည်သို့ ရောက်ရှိလာခဲ့သော ပညာဖြစ်သည်ဆို၏။

မူလက ယင်း ကိုယ်ခံပညာကို "ဂျူဂျစ်ဆု"ဟု ခေါ်၏။ သိမ်မွေ့သော အတတ်ပညာဟု ဆိုလိုသည်။ ရှေးဟောင်း ဂျူဂျစ်ဆုပညာ နည်းအမျိုးမျိုးကို စုစည်းဖြည့်စွက်ပြီးနောက် "ဂျူဒို" ဟု နာမည်သစ် ပေးခဲ့ခြင်း ဖြစ်လေသည်။

ဂျူဒိုပညာသည် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မဖြစ်မီကစတင် ရောက်ရှိလာခဲ့သည်။ သို့သော် ၁၉၆၄ ခု အောက်တိုဘာလတွင်မှ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဂျူဒိုပညာ၏ မူရင်းသဘောမှာ လက်မောင်းအား အရှိန်နှင့် ချိန်သားကို စနစ်တကျတွက်ဆ အသုံးပြုရခြင်းဖြစ်သည်။ လက်မောင်းအရှိန်ဖြင့် ရန်သူကို ကိုင်ပေါက်ရာတွင် ပေါင်၊ တင်ပါးနှင့် ပခုံးအားကို အသုံးပြုရ လေသည်။ ဂျူဒိုပညာကို ကောင်းစွာ လေ့ကျင့် တတ်ကျွမ်း ထားသူတဦးသည် မိမိထက် ခွန်အားကြီးမားသော ရန်သူဖြစ်စေကာမူ အနိုင်ယူ တိုက်ခိုက် နိုင်စွမ်းရှိ၏။

ဂျူဒို ပြိုင်ပွဲများတွင် တဦးကိုတဦး ဖမ်းချုပ်ခြင်း၊ ရုန်းထွက်ခြင်း၊ ကိုယ်ကိုလှဲချခြင်း၊ ကိုင်ပေါက်ခြင်း၊ ချုပ်နှောင်ခြင်းတို့ဖြင့် ဂျူဒိုပညာအစွမ်းကို ထုတ်ဖော်ပြသသွားရလေသည်။

ဂျူဒိုပညာ၏ အကျိုးကျေးဇူးများကား ကိုယ်ကာယ ကြံ့ခိုင်မှု၊ စိတ်ဓာတ် ကြံ့ခိုင်မှု၊ မိမိကိုယ်မိမိ ယုံကြည်မှု စသည်တို့ ဖြစ်လေသည်။ ။

ကျော်ညွန့်မိုး

---

အဖြေမှန်သိပါစ

(၁)
လိမ်လိုလိမ်၊ ဖြတ်လိုဖြတ်၊
ညှပ်ချင်တဲ့ခါ ယူလို့ညှပ်။
(၂)
တက်လိုတက်၊ ဆင်းလိုဆင်း၊
ဘယ်တော့သူမငြင်း။
(၃)
မြေကိုဆွ၊ ပွပါပေ့၊
ကျောက်ကိုခွဲ၊ ကွဲပါပေ့၊
တောင်ကိုဖောက်၊ ပေါက်ပါပေ့။
(၄)
နေတော့ ဝိုင်းဝိုင်း၊
တိုင်းတော့ ဖြောင့်ဖြောင့်။

ဦးသုတ



းပြွဂ၁ (၅)    နှိလ်နှဖွ (၆)
ဉငယ၁ (၇)    ငကငလက (၄) ။ ။စျ၁ဏ

# လိပ်ပြာနှင့်ခူကောင်

ဇွထုဦးရွှေ



တခါတော့ သစ်ပင်တပင်က သစ် ရွက် တ ရွက် ပေါ် မှာ ခူမ တကောင်နဲ့ လိပ်ပြာမတကောင် ဆုံမိကြတယ်။

လိပ်ပြာမက သစ်ရွက်ပေါ် မှာ ဥကလေးသုံးလုံး ဥချပြီးစ အချိန်မှာပေါ့။ လိပ်ပြာမဟာ သူ့ဆီကို ရောက်လာတဲ့ ခူမကို မြင်တော့ ....

"ညီမရယ် ငါအပြင်ကို အစာရှာသွားချင်သေးလို့ ငါပြန်မလာခင် ငါ့ဥကလေးတွေကို တဆိတ်ကြည့်ထားစမ်းပါ၊ ငါ မကြာပါဘူး" လို့ သူမရှိတုန်း သူ့ဥကလေးတွေ စောင့်ရှောက်ထားဘို့ ခူမကိုပြောတယ်။

ဒီတော့ ခူမက "ကြည့်ထားရတာပေါ့။ ဝန်မလေးပါဘူး။ ဒါပေမယ့် ရှင်သိပ်မကြာနဲ့နော်" လို့ ပြန်ပြောလိုက်တယ်။

ခူမဆီက ကတိရတော့ လိပ်ပြာမကလေးဟာ ရွှင်မြူးပြီး အပြင်ကို ပျံသွားတယ်။

ခူမဟာ လိပ်ပြာမ မှာထားတဲ့အတိုင်း ဥ က လေး တွေ ကို စောင့်ရှောက်နေတယ်။ ဒါနဲ့ တနေသာ ကုန်သွားရော လိပ်ပြာမကလေးက ပြန်မလာဘူး။ နောက်တနေ့ရောက်တော့ လေပြင်းမုန်တိုင်းတိုက်လာတာနဲ့ ဥတွေကို စောင့်ရှောက်နေတဲ့ ခူမဟာ ဥကလေးတွေ အောက်ကို လိမ့်ကျမသွားအောင် သူ့ကိုယ်ကထွက်တဲ့ ချည်မျှင် တန်း ကလေးနဲ့ ရစ်ပတ်ပြီး ထားလိုက်တယ်။

လေပြင်းမုန်တိုင်းစဲသွားပြီး တနေ့တာ အချိန်ကုန်သွားတဲ့တိုင်အောင် မိခင် လိပ်ပြာမက ပြန်မလာသေးတာနဲ့ ဘယ်များ ဒါလောက်ကြာအောင် သွားနေရပါလိမ့်လို့တွေးပြီးဥကလေးတွေကို ဆက်စောင့် နေတယ်။ ဒီလိုနဲ့ ရက် တွေ အ တော် ကြာလာတဲ့အခါ ခူမဟာ ဥကလေးတွေအပေါ် သံယောဇဉ် တွယ်လာတယ်။

ဒါနဲ့ ခူမက "ဒီဥကလေးတွေထဲက ငါလိုခူကောင်ကလေးတွေပေါက်လာယင်သိပ်ကောင်းမှာဘဲ"လို့တွေးတယ်။ ပြီးတော့ "ငါတွေးတာကတော့ ဟုတ်ပါပြီ။နို့သော်လဲ ဘယ်လိုအကောင်ကလေးများ ထွက်လာမလဲဆိုတာ ဒီသစ်ပင်ပေါ် လာနားတဲ့ ငှက်ကလေးတွေကို မေးကြည့်ရအုံးမယ်"လို့ သူ့ကိုယ်သူ တိုးတိုးကလေး ပြောလိုက်တယ်။

ခူမဟာ ဥကလေးတွေ အပေါ် သံယောဇဉ် တွယ်ပြီး တောင်တောင်အီအီ တွေးနေတဲ့ အချိန်မှာ ဆက်ရက်ကလေး တကောင် သူနဲ့မနီးမဝေးသစ်ကိုင်းမှာ လာနားတယ်။

ဒီအခါ ခူမက လာနားတဲ့ ဆက်ရက်ကလေးကို သူသိချင်တာ မေးလိုက်ရယင် ကောင်းမလားလို့ ချိန်တယ်။ နောက်တော့ မဖြစ်သေးပါဘူးလေ၊ ဒီငှက်ဟာ ဒို့ခူကောင်တွေကို စားတဲ့ငှက်ဘဲ၊ နောက်ထပ် ငှက်တကောင်လာအနားကို စောင့်အုံးမှလို့ကြံပြီး အသာငြိမ်နေလိုက်တယ်။

ဆက်ရက်ကလေး ပျံသွားတော့ သစ်တောက်ငှက်မ တကောင် လာနားပြန်တယ်။

အဲဒီအခါ ခူမက သစ်

တောက်ငှက်ဟာလဲ ဒီလို အကောင်မျိုးတွေကို စားတဲ့ငှက်မျိုးဘဲလို့ စဉ်းစားပြီး မမေးဘဲနေပြန်တယ်။

သစ်တောက်ငှက် ပြန်သွားတော့ စာကလေးတကောင် လာနားတယ်။

ဒီတော့ ခူမက "စာကလေးကတော့ ဒီလို ခူကောင်တွေစားတတ်တဲ့ငှက်မျိုး မဟုတ်ဖူး၊ လူတွေကတောင် သူ့ကို ဗေဒင်မေးကြရတယ် လို့ကြားဘူးတယ်။ ဒီစာကလေးကိုတော့ ငါမေးမှဘဲ"လို့ ဆုံးဖြတ်ကာ –

"စာကလေး သင်ဟာ ဗေဒင်အတတ်မှာ အလွန်တတ်သိနားလယ်တယ်လို့ သိရပါတယ်။ အခုကျွန်မစောင့်နေတဲ့ လိပ်ပြာမရဲ့ ဥကလေးတွေက ဘယ်လို အကောင်ကလေးမျိုးတွေ ပေါက်လာမလဲဆိုတာ ဟောခဲ့စမ်းပါ"လို့ သူ့အင်မတန် သိချင်နေတဲ့ ကိစ္စကို မေးလိုက်တယ်။

ဒီအခါ စာကလေးက ဥကလေးတွေကိုကြည့်ပြီး –

"ဒီဥတွေက ခူကောင်ကလေးတွေ ပေါက်ပါလိမ့်မယ်"လို့ ဟောလိုက်တယ်။

ဒီလိုဟောလိုက်တော့ ခူမက ရယ်မောပြီး –

"လိပ်ပြာက ဥထားတဲ့ဥက ခူကောင်တော့ မပေါက်ပါဘူး" လို့ ပြန်ပြောလိုက်တယ်။

ဒီတော့ စာကလေးက –

"သင်မယုံချင် နေပါ။ ဒါပေမဲ့ ဒီဥကလေးတွေက ခူကောင်ကလေးတွေ ပေါက်မှာ အမှန်ဘဲ" လို့ ပြောပြီး ပျံသွားတယ်။

စာကလေး ပျံသွားပြီးတဲ့နောက် လေက ခပ်ပြင်းပြင်း တိုက်လာပြန်တယ်။ ဒီလို လေတိုက်လာတော့ ခူမဟာအအေးမိပြီး ဖျားချင်သလိုလို ဖြစ်တာနဲ့ သူ့ကိုယ်ကထွက်တဲ့ ချည်မျှင်ကလေးတွေနဲ့ သူ့ကိုယ်သူ ရစ်ပတ်ပြီး ထွေးထွေးနွေးနွေး ဖြစ်အောင် အိပ်နေလိုက်တယ်။

တရေးနိုးလို့ သူ့ကိုယ်သူ ကြည့်လိုက်တဲ့အခါကျတော့ သူ့ကိုယ်မှာ အတောင်တွေ ပေါက်လာတာကို တအံ့တသြ တွေ့ရတယ်။ ဥကလေးတွေကို ကြည့်ပြန်တော့လဲ စာကလေး ပြောထားခဲ့တဲ့အတိုင်း ခူကောင်ကလေးတွေ ပေါက်လာတာကို တွေ့ရတယ်။

ဒီအခါ ခူမဟာ အင်မတန်ဝမ်းသာပြီး သူ့ကိုယ်ကို ရစ်ပတ်ကာ ထွေးထွေးနွေးနွေး လုပ်ထားတဲ့ချည်မျှင်တွေထဲကထပြီး ပျံသန်းကြည့်တယ်။ ဒီတင် ကောင်းကောင်းကြီး ပျံသန်းနိုင်တာကို တွေ့ရတဲ့အခါ ခူကောင်ကလေးတွေဟာလဲ တနေ့ကျယင် သူ့လို အတောင်ပေါက်ပြီး ပျံသန်းနိုင်မှာဘဲ ဆိုပြီး သူ့အစာရှိတဲ့ ပန်းဝတ်ရည်တွေဆီကို ပျံသန်းသွားတယ်။

(တိုင်းရင်းသား အရှိုချင်း လူမျိုး၏ ပုံပြင်တပုဒ် ဖြစ်ပါသည်။)

---


## အညာမြေခရီး

ပုဂံ ညောင်ဦး ဘုရားဖူး၊
ပုပ္ပါးဘက်ကိုကူး။
ရှင်ကြည်မြူးမြူး ပျော်စဖွယ်၊
ကြက်မောက်ဆည်ဆိုလယ်။
မြင်းခြံနယ် တောင်တဝှမ်း၊
မန်းရွှေစက်ရာလမ်း။
စခန်းထိုလာ တခါဝင်၊
ကျောက်ဆည်သွားဖို့ပြင်။
ရေယဉ်ယဉ် ရစ်ခါဝိုင်း၊
ရွှေးမင်း မန္တလာတိုင်း။
စစ်ကိုင်းတန်တား ဖြတ်ကာကျော်၊
တောင်တော်ရိုးမှာပျော်။
ကောင်းမှုတော် ဖူးလို့နား၊
ဖိုးဝင်းတောင်ကိုသွား။
မိုးညှင်းဘုရား သမ္ဗုဒ္ဓေ၊
ရှိခိုးဦးခိုက် တို့တတွေ။
ပြည်ရွှေဘို တခါကျော်၊
အောင်မြေနန်းမှာပေါ်။ ။

ချိုမြနွယ်(မန်းတက္ကသိုလ်)



# ကနစိုးသီး




ရာသီစာ အသီးတမျိုးကို ညွှန်ပြပါဆိုလျှင် ကနစိုးသီးကို ညွှန်ပြရပေမည်။ ကနစိုးသီးကို တနှစ်မှတကြိမ်သာ စားခွင့်ရသည်။ မိုးဦးကျအချိန်တွင် ဈေးတကာတွင် တွေ့ရသည်။ ရာသီအလိုက်ပေါ်တတ်သောကြောင့် ကလေးလူကြီးမရွေး ကြိုက်နှစ်သက်ကြသည်။ "စားလို့မငြီး ကနစိုးသီး" ဟုပင် ဆိုစမှတ်ပြုကြသည်။

ကနစိုးပင်သည် မိုးများသော ဒေသ၌ အလေ့ကျပေါက်တတ်သည်။ ကနစိုးသီးသည် ခပ်ဝိုင်းဝိုင်း၊ ပုပုပုံသဏ္ဌာန်ရှိသည်။ ချို၊ ချဉ်၊ ဖန်သော အရသာရှိသည်။ ကနစိုးသီးကို မိုးတဖြိုက်နှစ်ဖြိုက်ကျပြီးမှ စားလျှင် ချိုသောအရသာရှိသည်ဟု ဆိုကြသည်။ ကနစိုးရွက် အနုများကို ဟင်းချိုချက်၍ စားကြသည်။ အချို့ကလက်သုပ် သုပ်စားကြသည်။ ကနစိုးပွင့်ကို ငါးနှင့်ရောကာ အရည်စပ်စပ်ချက်စားရလျှင် အရသာတမျိုး ထူးသည်။

ကနစိုးသီးကို စားပေးလျှင် လူတို့၏ အရိုးနှင့် သွားကို ခိုင်မာစေသည်။ သွေးကို သန့်ရှင်းစေပြီး ကိုယ်ခန္ဓာ ကြီးထွား သန်မာမှုကိုလည်း ဖြစ်စေသည်။

စိန်တင်










၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


R. 517

# ရွှေသွေး ဂျာနယ်

စနေနေ့တိုင်း ထုတ်ဝေသည်

# လက်မှတ် နှစ်စောင်


ဇာတ်လမ်း- သါဒွန့်

ပန်းချီ-ဦးဘကြည်

အတွဲ ၁၊ အမှတ် ၂၆၊ ၂၀-၆-၆၉




ဘယ်ကောင်း မလဲ ဦးလေးရဲ့ - သူတို့က မေတ္တာနဲ့ ဖိတ်ကြတာဘဲ၊ ပြီးတော့ ဒေါ်ညွှန့်ကလဲ သူပြန်အုံးမယ်ဆိုတော့ ကျွန်တော်တို့ အိမ်စောင့်ပါ့မယ်-
အေး အေး - သားနှင့် စိတ်ကျေး မဆိုးဘူး - ကွ
သတို့သား သတို့သမီး ရုပ်ရှင်သွားသော်....
အိမ်၌
ပါလေးရေ - မျင်းတယ်ကျော လမ်းဒေါင့်မှာ အငြိမ့် ရှိတယ်ကြားတယ် - ခဏ သွားကြည့်ရအောင်
အေး ကောင်းသားဘဲ
တံခါးတွေ လုံအောင် ပိတ်ပြီး - အပြင်က မီးတလုံး ဖွင့်ခဲ့တော့ စိတ်ချရတာပေါ့
အိမ်ရှေ့အပြင် မီးတပွင့်လင်းပြီး ဝင်းတံခါးပိတ်၍ စိတ်ချလက်ချ
အငြိမ့်ပွဲသို့ သွားကြလေသော်....
ချွေးကောင်လေးတွေ ထွက်ခဲ့လိုက်တာ
မတွက်လဲ ဒီကောင်တွေ တီးရမှာဘဲ
မှောင်ရိပ်ထဲမှ လူနှစ်ဦး လုံချည်ခြုံလျက် အိမ်ရှေ့ ခြံဝင်းတံခါးမှ ဝင်လာကြသည်။
ဖွဲ့နောက် ဖေးပေါက်က ထွက်ပေါက် မရှိဘူး ဟေ့
အိုကွာ - နောက်က ထွက် မရရင် ရှေ့ကဘဲ ထွက်တာပေါ့ - ဒါ အရေးမဟုတ်ပါဘူး
ဟေ့ ကောင်ဖြန့်ဖြန့် - ဟို ချွေးကောင်လေးတွေ ပြန်လာနေအုံးမယ်
အေး ပါ — ဒီထက်တော့လဲ မကောင်းဘူးကွ၊ ထုပ် - ထုပ်
သူခိုးနှစ်ဦးသည် အပြင်က မီးရောင်ဖြင့် ပစ္စည်းများကို ရှာဖွေယူကြလေသည်။


ဟာ – ဝင်းတံခါး ပွင့်နေတယ်၊ ဦးလေးတို့လဲ ပြန်မရောက်နိုင်သေးပါဘူး
သာဒွန်းတို့ ကောက်ညှင်းကျည်တောက် ကိုယ်စီကိုင်လျက် အငြိမ့်မှ ပြန် လာရာ –
တံခါးပွင့်နေသောကြောင့် စုံစမ်းလိုသဖြင့် ချွတ်နင်း၍ ဝင်လေသော် ....
ဟိုက်
ဟာ
အား
သူခိုး သူခိုး
ဒေါက်
အမယ်လေး ဗျ


အိမ်နီးနားမှလူများ ရောက်လာကြပြီး-
ဝိုင်းရိုက်နေစဉ် တယောက်က အကြံပေး၍ ရဲဌာနသို့ ခေါ်သွားကြသည်။
ထိုအချိန်၌
ဦးတောက်ထွန်းတို့ ပြန်ရောက်လာသောအခါ အိမ်ပိတ်ထားသည်ကို တွေ့ရ၏။ တံခါးဖွင့်၍ ဝင်လိုက်သောအခါ
စားပွဲပေါ်၌ စာတစောင် တွေ့ရ၍ ဖတ်ကြည့်လိုက်ရာ-
ထိုခဏတွင်
ရဲများနှင့်အတူ သာဌွန်းတို့ ပြန်ရောက်လာကြသဖြင့် ဦးတောက်ထွန်းတို့လည်း ဝမ်းသာမဆုံး ဖြစ်သွားကြလေသည်။


လူပေါင်း မှား၍
* ပန်းချီသရုပ်ဖော် လှစိန်
* ဇာတ်လမ်း ဆွေဝင်းကြည်
အောင်ခင်သည် ရိုးသား၍ စာတော်သဖြင့် သူ့ကို ဆရာမက တခြား ကျောင်းသားများထက် အရေးပေး၏။
တနေ့တွင် စိန်ဝင်းနှင့် ချစ်စံတို့ ကကျောင်းပြေး၍ ရုပ်ရှင် ကြည့်ရန် အောင်ခင်ကို လာဆွယ်ကြသည်။
ငါမလိုက်ချင်ဘူးကွာ ကျောင်းပြေးတာမကောင်း ပါဘူး၊ ဆရာမ သိမယ်ဆိုရင် အရိုက် ခံနေရဦးမယ်
အမေသိမှာ ကိုလဲစိုးတယ်
တခါတလေ သွားကြည့်တာပဲကွာ
သူတို့ မသိနိုင်ပါ ဘူးကွ
အောင်ခင်သည် လိုက်ချင်သလိုလို ဖြစ်လာ၏။ သို့သော် တခါမျှ ကျောင်းမပြေးဘူးသဖြင့် ကျောင်းပြေး ရမည်ကို ကြောက်နေသည်။



အောင်ခင်သည် စိန်ဝင်း ခနဲ့သော စကားကြောင့် မခံချင်ဖြစ်လာကာ....
ကျောင်းမှ ထွက်လာကြလေသည်။
မြို့ထဲ ရုပ်ရှင်ရုံသို့ ရောက်ကြသော် ....
LOOK UP!
LOOK DOWN!
LOOK OUT!
JAMES BOND DOES IT EVERYWHERE!
SEAN CONNERY
"THUNDERBALL"
PANAVISION
UNITED ARTISTS
အောင်ခင်သည် ရုပ်ရှင် လက်မှတ် တစောင် ရဖို့ အတွက် ဤမျှ အပင်ပန်း ခံ ရသည်ကို စိတ်ပျက် လာသည်။



အောင်ခင်သည် စိတ်ပျက်လာရာမှ ရုပ်ရှင်မကြည့်တော့ပဲ ကျောင်းသို့ပြန်ရန် ဆုံးဖြတ်လိုက်ပြီး ....
သူဝယ်ယူထားသော လက်မှတ်ကို အေးလူတယောက်အား ရောင်းလိုက်တော့၏။
ထိုစဉ် ရဲသားတယောက်က မှောင်ခိုလက်မှတ်ရောင်းသည် အထင်ဖြင့် အောင်ခင်ကို ဆွဲခေါ်သွားလေ၏။
ကျွန်တော် မှောင်ခို
သမား မဟုတ်ပါဘူး
ရဲအရာရှိသည် ကျောင်းသားမှန်းသိ၍ အတန်းပိုင် ဆရာမ ထံသို့ ဖုန်းဆက်လိုက်၏။
ဆရာမ ရောက်လာသော် ....
ဒါဒီလူပါဘဲ
ဆရာမ
အောင်ခင်သည် မှောင်ခိုလက်မှတ် ရောင်းသူဟု အထင်ခံရ၍ လွန်စွာရှက်နေသည်။ ဝမ်းလည်းနည်းမိသည်။
ဆရာမသည် အောင်ခင်ကို လှည့်ကြည့်၍–
ကတိပေးပါတယ်
ဆရာမ
အော -- ဒီလို
လိမ်မာမှပေါ့ကွာ




အစားအစာ
သရုပ်ဖော်....
မယဉ်ကျေးမီ အခါက လူတို့သည် သား
ကောင်များကို ရှာဖွေဖမ်းဆီး၏။
တောတောင်ထဲမှ အသီးအနှံတို့ကို
လည်း စားသောက်သည်။
အသားကို အစိမ်းလိုက်ပင် စား
သောက်ကြသည်။
မီးကို စတင်အသုံးပြုတတ်လာသောအခါ အသားတို့ကို ကင်၍ စားသောက်ကြသည်။







ချက်ပြုတ်စားသောက်ရန် ဟင်းသီးဟင်းရွက် သား ငါး စသည်တို့ကို စိုက်ပျိုးလုပ်ကိုင်






ဖန်တီးပေးသော လယ်သမား၊ ခြံသမား၊ ရေလုပ်သား၊ မွေးမြူရေး သမားတို့၏
ကျေးဇူးကြောင့် လူတိုင်းအစာကို စားသောက်ကြရပေသည်။


ဖိုးတာတေ
ဇာတ်လမ်း-မောင်ရွှေစွန်
သရုပ်ဖော်
သူက၊ အိပ်ပုတ်ကြီးဖြစ်တဲ့၊ ဖိုးတာတေ တစ်ယောက်၊ အင်မတန်အပျင်းထူလွန်းလို့၊ လူပျင်းကလေး ဖိုးတာတေ လို့တောင်၊ အမည်ရသူဖြစ်တယ်၊
ရေတွင်းကပြီးလို့ဝဆိုတဲ့ သိပ္ပံပညာရှင်ကြီးတစ်ယောက် ရှိတယ်၊ သူဟာ ဝဖြိုးပေမယ့် အနားမနေရပါဘူး အမြဲအလုပ် လုပ်သူဖြစ်တယ်၊
ဖေကြီးကျွှာတောင်ပျင်းလွန်းလို့၊ သူ့အနားကို ဘယ်သူမှ မကပ်ချင်ကြဘူး၊
ဟေ့-ဖိုးတာတေနားသွားမကပ်ကြနဲ့၊ ဝေးဝေး သိပ်နံတယ်၊
တစ်နေ့တွင်
တပတ်အတွင်း၊ ဖိုးဖိုးတို့ရွာအိမ်အဆောက်အအုံ ပတ်ဝန်းကျင်များ၊ အမှိုက်သရိုက်များ ရှင်းရမယ်တဲ့၊ အမှိုက်တစ်စေ့တွေ့ရင် ဒဏ်ငွေ တကျပ်ပေးရမယ်ဆိုပါလား၊
ဘုရင်မင်းမြတ်ရဲ့ အမိန့်ကြောင့်၊ တရွာလုံးသန့်ရှင်းရေး လုပ်ကြတယ်၊ မိမိတို့ရဲ့ အိမ်ပတ်ဝန်းကျင်သာမက မြို့ထဲက လမ်းမကြီးတွေပါ မကျန်၊ ရပ်ကွက်သန့်ရှင်းရေး လုပ်ကြတယ်၊
ဒါပေမယ့် လူပျင်းကလေး ဖိုးတာတေတစ်ယောက်ကတော့၊ ပျင်းမြဲပျင်းနေတုန်းပါ၊
ဟေ့-ဖိုးတာတေ မင်းရဲ့ ပတ်ဝန်းကျင်ကိုသန့်ရှင်းရေး မလုပ်သေးဘူးလား၊ တော်ကြာ ပြည့်ဖို့၊ သုံးရက်ပဲကျန်တော့တယ်နော်၊
အို-သုံးရက်သိုတာ၊ အဝေးကြီးပါဗျာ၊ လာ မနှောင့်ယှက်ပါနဲ့၊



သိပ္ပံပါရဂူကြီး ဦးလူဝ ဟာ၊ သူထွင်ထားတဲ့ အမှိုက်ရှင်း စက်လေးနဲ့၊ မြို့လူထုကို အကူအညီပေးနေတယ်၊
ကြည့်စမ်း၊ လူဆယ်ယောက်လောက်ရှင်းရမယ့် အမှိုက်ကို၊ ဦးလူဝ ရဲ့စက်လေးက၊ တမိနစ်အတွင်း ရှင်းပစ်လိုက်တယ်၊ အံ့ဩစရာပါပဲ၊
ထိုအချိန်တွင်
နက်ဖြန်ဆိုရင်နောက်ဆုံး နေ့ကွ၊ အမှိုက်ရှင်းရမှာ ပျင်းတယ်၊ ငါ့ကိုယ်စားလုပ်ပေးမယ့်သူကိုပါ မင်း-အဲ-အဲ-သိပြီ-ဦးလူဝရဲ့ အမှိုက်ရှင်းတဲ့ စက်ကို၊ ခိုးယူပြီး၊ ငါ့ခြံထဲရှင်းလိုက် မယ်၊ ပြီးတာပဲ၊
ဦးလူဝကို လာကြည့်သောက်ဖို့ အစရှာပိုင်းက ဖိတ်လို့၊ ထွက်သွားပြီ၊ သူမရှိတုန်း စက်ကို ဝင်ခိုးမှကွ၊
ထို့နောက်
ကဲ - ငါ့အိမ်ထဲဝင် အိပ်လိုက်အုံးမယ်၊ ငါအိပ်နေတုန်း ငါ့ခြံထဲက အမှိုက်တွေကို ရှင်းထားလိုက်စမ်း ဟေ့၊
မကြာမီ
အဲ့ - အိမ်ထဲမှာ ဘာတွေဖြစ်နေပါလိမ့်၊
ဝုန်း ဒိုင်း
ချွမ်
ဂျိမ်း
အား မယ်လေး - ငါ့ပစ္စည်းတွေ ကုန်ပါပြီဗျာ၊ ဟေ့ - နေအုံး - နေအုံး -






လက်ဝှေ့ကို တကိုယ်ရေ ကြံ့ခိုင်ရေး အနေဖြင့်၎င်း၊ ကိုယ်ခံပညာတရပ် အနေဖြင့်၎င်း လူငယ် များ စိတ် ပါ ဝင် စား စွာ လိုက်စားကြသည်။ လက်ဝှေ့အားကစားနည်းစနစ်သည် လူငယ်တဦးအား ယောကျ်ားပီသစေသည်။ သတ္တိ ရှိစေသည်။ အားကစားစိတ်ဓာတ်နှင့် ပြည့်ဝစေသည်။

လက်ဝှေ့၏ အခြေခံသည် ထိုးခြင်းဖြစ်သည်။ ထို့ကြောင့် မှန်ကန်၍ စနစ်ကျသော အနေအထားသည် ထိုးရာတွင်အလွန်ပင် အခွင့်အရေး သာစေသည်။ ထိုးသောအခါ ပခုံးမှရရှိသော ခွန်အားနှင့် ထိုးခြင်း မပြုရပဲ၊ ကိုယ်ခန္ဓာအင်အားကို အစွမ်းကုန် ဖိသုံး၍ ထိုးရသည်။


လက်ဝှေ့သမားကောင်း တယောက်သည်အရှောင်အတိမ်း၊ အဆုတ်အတက်တို့တွင် ကျွမ်းကျင်ရုံသာမက၊ လျှပ်တပြက်အတွင်း တိကျမှန်ကန်စွာ ဆုံးဖြတ်တတ်သောဦးနှောက် ရှိရလေသည်။

လက်ဝှေ့သမားသည် အမောစေ့စေရန် ကြိုးခုန်လေ့ကျင့်ရသည်။ အထွေထွေကြံ့ခိုင်မှုရှိရန် အအိပ်၊ အနေ၊ အစား အ သောက် တို့ ကို စည်း ကမ်း တကျ လိုက်နာသင့်သည်။

**ကျော်ညွန့်မိုး**

ခေတ်သစ်လက်ဝှေ့ထိုးသတ်နည်းစနစ်သည် အင်္ဂလန်ပြည်မှ စတင်ပေါ် ပေါက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဒုတိယ ကမ္ဘာစစ် မဖြစ်မီ ကာလကစ၍ အင်္ဂလိပ်လက်ဝှေ့ ထိုးသတ် ကစားနည်းသည် ထွန်းကားလျက်ရှိလေပြီ။

အမှား ခြောက်ခု တွေ့အောင်ရှာ



အဖြေ။ ၁။ နာရီဂဏန်းများ မှားနေသည်။ ၂။ ပင့်ကူမျှင် ခေါင်းကမထွက်ရပါ။ ၃။ ခွေးတွင် ကြွက်နှုတ်ခမ်းမွေး ရောက်နေသည်။ ၄။ ကြွက်တွင် နှုတ်ခမ်းမွေးမရှိပဲ ဖြစ်နေသည်။ ၅။ မိန်းကလေးလက်မှာ ညာလက်ချည်း ဖြစ်နေသည်။ ၆။ ရေနွေးကရား မီးမရှိပဲ ဆူနေသည်။




၁၆ လိုင်းကားသည် ကမ်းနားဈေး မှတ်တိုင်မှ ထွက်ခဲ့ပြီး နောက် "ရှူး" ဟူသော အသံပေါ် ထွက်လာပြီး ကား ရပ်တန့်သွားသည်။ ကားဘီးပေါက်၍ လူများ ကားပေါ်မှ ဆင်းနေကြသည်။

"ဟေ့ – ဖိုးထူး၊ ကားရပ်သွားပြီကွ။ ဟိုမှာကြည့်၊ လူတွေ ကားပေါ်က ဆင်းနေကြပြီ။ငါ့အကြံမကောင်းဘူးလား၊ ဟား–ဟား–ဟား" ဟု ပေသီးက သူ့အကြံ အောင်မြင် သွားသဖြင့် အတော် သဘောကျနေသည်။

"ဟုတ်တယ်ကွ။ဒို့လုပ်လိုက်တာ ဘယ်သူမှမသိကြဘူး။ လူတွေ နောက်ကား စောင့်နေရပြီ။ ဟိုအဒေါ်ကြီး ဒေါကန်နေတယ်။ သိပ်ရယ်ဘို့ ကောင်းတာဘဲ" ဟု ဖိုးထူးက ပြောလိုက်သည်။

ဇော်ဝင်းသည် လမ်းကြားထဲမှ မသိမသာထွက်ခဲ့သည်။ လူအရိပ်အခြေကို ကြည့်နေပြီး သံစိုက်ထားသော အာလူးသုံးလုံးကို ကားလမ်းပေါ် သို့ ပစ်တင်လိုက်သည်။

ထိုအချိန်တွင် မီးသတ် မော်တော်ကား တစီးသည် ဥဩသံပေး၍ အရှိန်ပြင်းစွာဖြင့် မောင်းလာနေသည်။ မီး သတ် ကားသည် ဇော်ဝင်းကို ကျော်လွန်သော အခါ "ရှူး....ရှူး" ဟူသော အသံများမြည်ပြီး ချက်ခြင်းဆိုသလိုရပ်တန့်သွားသည်။ မီးသတ်ကားသည် သံစိုက်ထားသောအာလူးများကို တက်နင်းမိ၍ ဘီးပေါက်လေပြီ။

လူအများသည် "မီးဟေ့– မီးမီး" ဟု အော်ဟစ်ကာ ဟိုမှသည်မှ ပြေးလွှားနေကြသည်။

"သရက်တော သုံးလမ်းမှာ မီးလောင်နေတယ်" ဟု အချို့က ပြောကြသည်။

"အရေးထဲမှာ မီးသတ်ကားကလဲ ဘီးပေါက်ရတယ်လို့။မြန်မြန် ဘီး လဲတပ်ကြပါ။ ကျွန်တော်တို့လဲ ဝိုင်းကူတပ်ပေးပါ့မယ်" ဟု လူကြီးတယောက်က ပြောရင်း မီးသတ်ကားအနီးသို့ ကပ်သွားသည်။

"ပေသီးရေ သရက်တော သုံးလမ်းမှာ မီးလောင်နေပြီတဲ့။ ဒုက္ခပါဘဲ။ ဘယ်လို လုပ်ကြမလဲ" ဟု ဇော်ဝင်းက စိုးရိမ်ကြီးစွာဖြင့် ပြောလိုက်သည်။

သူတို့သည် မီးလောင်သည့် နေရာသို့ ပြေးလာ ခဲ့ကြသည်။ လူများသည် မီးကို ဝိုင်းဝန်း၍ ငြိမ်းသတ်နေကြသည်။ မီးသတ်ကား တစီးသည် အရှိန်ပြင်းစွာ မောင်းလာပြီး မီးလောင်သောနေရာအနီးတွင် ရပ်လိုက်သည်။ မီးသတ်ရဲဘော်များသည် ဖျတ်လတ် ကျွမ်းကျင်စွာ ပိုက်များကို တပ်ဆင်ပြီး မီးကို ပက်ဖျန်းနေကြသည်။

"ဟာ – မီး တော် တော် လောင်နေတာဘဲ။ ဒို့ကျောင်းလဲ မီးလောင်နေပြီ" ဟု ပေသီးက ပြောပြီး စိတ်ချောက်ချားနေသည်။

မီးသည် အရှိန်ပြင်းစွာဖြင့် လောင်နေပြီး စာသင်ကျောင်းကို အားမာန်တကြီး ဝါးမြိုနေသည်။ လူများသည် ဟိုမှသည်

မှ ပြေးလွှားနေကြသည်။ မိန်းမကြီးများသည် အထုပ်ကြီးများကို မနိုင်မနင်း သယ်ပိုး၍ ပြေးလွှားနေကြသည်။

မီးသတ်ကားများ နောက်ထပ်ရောက်လာပြီး မီးကို ငြိမ်းသတ်နေပေပြီ။ မီးသည် အားပျော့လာသည်။ ထိုအချိန်ကျမှ စောစောကဘီးပေါက်သဖြင့် ဘီးလဲတပ်နေရသော မီးသတ်ကား ရောက်လာသည်။ မီးလည်း တဖြည်းဖြည်းငြိမ်းသွားတော့သည်။

မီးလောင်သည့်အတွက်အိမ်ငါးလုံး၊ အထည်အလိပ် ပြည်သူ့ဆိုင်တဆိုင်နှင့် စာသင်ကျောင်းတကျောင်း ဆုံးရှုံးခဲ့ရသည်။ မီးလောင် ခံရသော အိမ်ရှင်များသည် လမ်းဘေး ပလက်ဖောင်းပေါ်တွင် အထုပ်များ တောင်းများအကြား၌ အားငယ်စွာဖြင့် ထိုင်နေကြသည်။ အချို့က ငိုနေကြသည်။

မီးလောင်ကျွမ်းထားသော ကျောင်း၏တိုင်များသည် ပြာပုံပေါ်တွင် ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်။ ကျောင်းပစ္စည်း အချို့သာ မီးလောင်ခြင်းမှ ကင်းလွတ်ခဲ့သည်။

"ဟာ– ဟိုမှာ စောကဲ မဟုတ်လား၊ သူတို့အိမ် မီးထဲ ပါသွားတယ်ထင်တယ်"ဟု ဖိုးထူးက ပြောလိုက်သည်။

စောကဲသည် ငိုမဲ့မဲ့ ဖြစ်နေသည်။ အဝတ်ထုပ် ကြားတွင် ငုတ်တုတ် ကလေး ထိုင်နေပြီး မျက်နှာမှာ ညှိုးငယ်နေသည်။

"မင်းအိမ် မီးထဲပါသွားလို့ ငါတို့အားလုံး စိတ်မကောင်းပါဘူးသူငယ်ချင်းရာ"ဟု ပေသီးက ဝမ်းနည်းစွာဖြင့် ပြောလိုက်သည်။

"မီးစလောင်တုန်းက သိပ်မများဘူး။ နောက်မှ လူတွေ မငြိမ်းနိုင်လို့ တအိမ်ပြီးတအိမ် မီးကူးသွားတယ်။ မီးသတ်ကားတစင်းတော့ အချိန်မီ လာရှာသားဘဲ။ ဒါပေမဲ့ လမ်းမှာ ဘီးပေါက်နေလို့ ဒီကို ချက်ခြင်း မရောက်နိုင်ဘူး။ အဲဒီ မီးသတ်ကားသာ အချိန်မီရောက်လာခဲ့ယင် အိမ် တလုံးနှစ်လုံးဘဲ မီးလောင်ခံရမှာ။ အခုတော့ စာသင်ကျောင်းရော ပြည်သူ့ဆိုင်ရော တို့အိမ်တွေပါ မီးလောင်ခံရတော့တာဘဲ" ဟု စောကဲ၏အမေက ပြောပြနေသည်။

"ဒို့ကျောင်း မီးထဲ ပါသွားပြီ။ နေရာမရှိလို့ စာသင်တော့မှာ မဟုတ်ဘူး။ ငါ့စာအုပ်တွေလဲ မီးထဲပါသွားပြီ"ဟု စောကဲက ငိုမဲ့မဲ့နှင့် ပြောလိုက်သည်။

ပေသီးတို့လူသိုက်သည် အတော့ကို စိတ်မကောင်း ဖြစ်နေကြသည်။ သူတို့ပူခဲ့သော အပြစ်ကို တသက်လုံး မေ့နိုင်တော့မည် မဟုတ်ပေ။ သူတို့သည် ယခင်ကလို မပျော်နိုင်တော့ချေ။ သူတို့သည် ညှိုးငယ်စွာဖြင့် သူတို့၏အပြစ်ကို နောင်တရနေကြလေသည်။



တိုင်းပြည်တိုးတက်ရေး

ဖိုးလမင်း ဖိုးလမင်း၊
ကြယ်ပေါင်းရံလို့ ထိန်ထိန်လင်း။
ဖိုးလမင်း ကင်းကွယ်လျှင်၊
ကြယ်တွေ ရှိတာပင်။
ကောင်းကင်ပြင် မှောင်မှောင်မဲ၊
ကြယ်ရောင် လက်လက်ရဲ။
ရပ်ထဲရွာထဲ လူကြီးတွေ၊
ပြည်ကျိုး ဆောင်ရွက်နေ။
သည်လူကြီးတွေ ကွယ်လွန်တော့၊
တို့တွေ ရှိတာပေါ့။
ပေါ်ကြော့နေလို့ မဖြစ်ပါ၊
ပြည် တိုးတက်ရေးမှာ။
ညီညာညာ ပေါင်းစုနွဲ၊
ရပေါ့ တို့အောင်ပွဲ။ ။


အောင်လှိုင်ထွန်း

R. 517




ရွှေဖရုံသီးသည် မိကျောင်းသီးမျိုးခေါ် ရှည်မျောမျောအမျိုးနှင့် အဝိုင်းမျိုးဟူ၍ နှစ်မျိုးရှိသည်။ ရွှေဖရုံသီးကို မှန်မှန်စားသုံးလျှင် အရေပြားပေါ်၌ကြက်ဆူးနာခေါ် အဖုကလေးများ ထွက်လာခြင်း၊ အသားအရေနှင့် ဆံပင်ခြောက်ခြင်း၊ ရောဂါဝေဒနာ အလွယ်တကူ စွဲကပ်ခြင်းတို့မှ ကာကွယ်သည်။ မျက်စိကိုလည်း ကြည်လင်စေသည်။ ရွှေဖရုံရွက်နုအညွန့်တို့ကို ဟင်းချို၊ဟင်းခါး၊ ကြော်ချက် စသည်ဖြင့် ချက်ပြုတ်စားသောက်နိုင်သည်။ ပြုတ်၍လည်း တို့နိုင်သည်။ ရွှေဖရုံသီးအမှည့်ကို သင့်ရုံမျှတုံးပြီး အမဲသား၊ ငါး၊ ပုဇွန်ခြောက် ကြိုက်ရာနှင့်ရော ချက်စားလျှင် အလွန်ထမင်းမြိန်သည်။ ရွှေဖရုံသီး အစိမ်းနုနုကို ချဉ်ရည်ဟင်းချက်၍၎င်း၊ အသားတမျိုးနှင့် ကြော်ချက်၍၎င်း စားနိုင်သည်။အညာဒေသများ၌ ရွှေဖရုံသီးအမှည့်ကို ပြုတ်ပြီး ဆီဆားနှင့်တို့၍၎င်း၊ ထန်းလျက်နှင့် ပြုတ်၍၎င်း သားရေစာအဖြစ် စားသုံးတတ်ကြသည်။ဖရုံစေ့ကို ဆားဖြင့်လှော်၍ အပျင်းပြေဝါးရန် လူအများ နှစ်သက်ကြသည်။ ရွှေဖရုံသီးနှင့်နို့ရည် ရောစားလျှင် အဆိပ်ဖြစ်သည်ဟု ဆိုသည်။

နိုးမြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။







# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်

အတွဲ ၁၊ အမှတ် ၁ မှ ၂၆





Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/